www.burmeseclassic.com

မြန်မာ့ရတနာ

# ဘဝ အမောများ ငြိမ်းဝေ သတည်း

မြတ်ငြိမ်း

DAVID DUNN

TRY GIVING YOURSELF AWAY

မိတ်ဆွေအပေါင်းအသင်းများထံမှ
ချီးကျူးဂုဏ်ပြုလွှာကလေး
တစ်စောင်တလေ ရောက်လာလျှင်
ဘယ်လောက်ဝမ်းသာကြည်နူးရကြောင်း
ကျွန်တော်တို့အားလုံး သိကြပါသည်။
သို့သော် ကျွန်တော်တို့က အပေါင်းအသင်း
မိတ်ဆွေများထံ စာတိုကလေးတစ်စောင်
ရေးပို့ပေးဖို့ကျတော့ မေ့မေ့လျော့လျော့
နေကြ၏။ အမှုမဲ့အမှတ်မဲ့ နေကြ၏။



photo & design kyaw khaing 2009

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး - ၁၅၀၀ ကျပ်

မြန်မာ့ရတနာ
စာပေ

စာအုပ်အမှတ် (၂၁)

# ဘဝအမောများ ငြိမ်းစေသတည်း မြတ်ငြိမ်း

# TRY GIVING YOURSELF AWAY

BY

**DAVID DUNN**

မြန်မာ့ရတနာစာပေ

အမှတ် ၁၈ (B)၊ ၅၆ လမ်း (လမ်းတို)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၁၃၉

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၄၀၀၄၁၉၀၅၀၉
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၀၉၂၀၀၈၀၉
**မျက်နှာဖုံးသရုပ်ဖော်**

ကျော်ခိုင်
**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်ယဉ် (၀၇၈၄၃)၊ ဇမ္ဗူမော်ပုံနှိပ်တိုက်၊
၂၈၄၊ ၃၉ လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်သူ**

ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်၊
၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့နယ်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ။
**အုပ်ရေ - ၁၀၀၀**

၈၀၈.၈၄
မြတ်ငြိမ်း
ဘဝအမောများ ငြိမ်းစေသတည်း / မြတ်ငြိမ်း။
ရန်ကုန်၊ ချိုတေးသံစာပေ၊ ၂၀၀၉။
၂၄၀ စာ၊ ၁၈ x ၁၂ စင်တီ။
မူရင်းစာမူအမည် - Try Giving Yourself Away
(၁) ဘာသာပြန်သူ - မြတ်ငြိမ်း
(၂) ဘဝအမောများ ငြိမ်းစေသတည်း

BURMESE CLASSIC .com

# မာတိကာ

| | | |
|---|---|---|
| * | ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်မည့် စာတစ်အုပ် | က |
| ၁။ | အရေးကြီးသော ဉာဏ်အလင်းပွင့်မှုတစ်ရပ် ရရှိခြင်း | ၁ |
| ၂။ | စွန့်လွှတ်ပေးအပ်ခြင်းအမှုပြုပြီး ပျော်ရွှင်နေထိုင်ခြင်း | ၇ |
| ၃။ | သင့်နှလုံးသား၏ တစ်စိတ်တစ်ပိုင်း | ၁၇ |
| ၄။ | သင့်နှလုံးသားမှာ ဖြစ်ထွန်းလာသည့် အကြင်နာတရား၏ ဆန္ဒကို လိုက်နာပါ | ၂၅ |
| ၅။ | ဝါသနာတစ်ခုနှင့် စီးပွားရေးသမား | ၃၇ |
| ၆။ | စွန့်လွှတ်ပေးအပ်ခြင်း | ၄၃ |
| ၇။ | 'အလားတူ'ပေးအပ်ခြင်း | ၅၁ |
| ၈။ | မိနစ်ပိုင်းကလေးများသည် လှပသော လက်ဆောင်မွန်များ ဖြစ်လာစေ၏ | ၅၉ |
| ၉။ | သင်၏ ပေးအပ်ခြင်းအမှုကို သုံးဆပွားပစ်ပါ | ၇၃ |
| ၁၀။ | ငွေဖြင့် ဝယ်ယူလို့ မရသည့် လက်ဆောင်များ | ၈၁ |
| ၁၁။ | တန်ဖိုးမဖြတ်နိုင်သော စွမ်းရည် 'သည်းခံခြင်း' | ၉၁ |
| ၁၂။ | သုံးဆင့်တန် လက်ဆောင်မွန် | ၉၉ |

www.burmeseclassic.com

www.burmeseclassic.com


၁၃။ ပျှမ်းမျှ ဆယ်ယောက် –တစ်ယောက်နှုန်းကို
တိုးမြှင့်ဖို့ အားထုတ်စို့ ၁၀၃
၁၄။ ကျေးဇူးတင် အသိအမှတ်ပြုခြင်း
အမှတ်သညာကလေးများ ၁၁၁
၁၅။ ကျေးဇူးစကား လေးလေးနက်နက် ပြောခြင်း ၁၁၅
၁၆။ သင်သည် 'သတိပြုတတ်သူ'လား ၁၂၁
၁၇။ စိတ်ဝင်စားမှုပေးအပ်ခြင်း
လက်တွေ့စမ်းသပ်ချက်များ ၁၂၇
၁၈။ သူကြွယ်၏ ဆင်းရဲမှုနှင့်
ထိပ်တန်းရောက်၏ အထီးကျန်မှု ၁၃၅
၁၉။ ကမ္ဘာပေါ်မှာ အစွမ်းအထက်ဆုံး
နှလုံးအားတိုးဆေး ၁၄၅
၂၀။ သင့်ကိုယ်သင် လူတစ်စုသို့ ပေးအပ်ခြင်း ၁၅၃
၂၁။ နိုင်ငံသားအဖြစ်ပေးအပ်ခြင်း ၁၅၇
၂၂။ သင် ချီးကျူးစကား ပေးအပ်သူလား ၁၆၉
၂၃။ ပိုလျှံပစ္စည်းများ ပေးဝေခြင်း ၁၇၃
၂၄။ ယဉ်ကျေးသိမ်မွေ့စွာ လက်ခံယူခြင်း
အနုပညာ ၁၈၃
၂၅။ ဩဇာလွှမ်းမိုးမှု ရင်းနှီးမြှုပ်နှံခြင်း ၁၉၃
၂၆။ အရေးမထား ငြင်းပယ်ခြင်းနှင့်ပတ်သက်၍ ၁၉၉
၂၇။ အပျော်သည် ရင်တွင်းမှလာသည် ၂၀၉
၂၈။ ပိုမိုထူးကဲသော ပျော်ရွှင်မှုကို ယခုပဲ ခံစားပါ ၂၁၅


# ခေတ်ကာလနှင့်
# လိုက်လျောညီထွေဖြစ်မည့် စာတစ်အုပ်

လွန်ခဲ့သည့် နှစ်အတန်ကြာတုန်းက စွန့်လွှတ်ပေးအပ်ခြင်းအမှုကို *ကြိုးစားကျင့်ကြံကြည့်ပါ* ဟူသော ဆောင်းပါးတိုကလေးတစ်ပုဒ်ကို Forbes Magazine တွင် ကလောင်အမည်မဖော်ပြဘဲ ကျွန်တော် ရေးသားခဲ့၏။ ၎င်းဆောင်းပါးကိုပင် ပိုမိုကျစ်လျစ်သော ပုံစံဖြင့် *ရီးဒါးစ်ဒိုင်ဂျက်* မဂ္ဂဇင်းက ထပ်ဆင့်ပုံနှိပ်ဖော်ပြခဲ့၏။ ၎င်းမဂ္ဂဇင်း ထုတ်ဝေသူများ၏ ခွင့်ပြုချက်အရလည်းကောင်း၊ စာဖတ်ပရိသတ် တော်တော်များများ၏ မေတ္တာရပ်ခံချက်အရလည်းကောင်း အထက်ဖော်ပြပါ ဆောင်းပါးတိုကလေးကို စာအုပ်တစ်အုပ်အဖြစ် ချဲ့ထွင်ပြုစုလိုက်ပါသည်။ ယခု ဤစာအုပ်တွင် စွန့်လွှတ်ပေးအပ်ခြင်းအနုပညာအကြောင်းကို အသေးစိတ် ဖွယ်ဖွယ်ရာရာ တင်ပြထားပါသည်။ ဤစာအုပ်ထဲတွင် ကျွန်တော်၏ မိတ်ဆွေအပေါင်းအသင်းများက မေးမြန်းသည့် မေးခွန်းများနှင့် ကမ္ဘာတစ်ဝန်းမှ စာဖတ်ပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com



စာရေးပြီး လှမ်းမေးထားသည့် မေးခွန်းတော်တော်များများကို ကြိုးစားပြီး ဖြေကြားထားပါသည်။

ခေတ်ကာလက ဘေးကျပ်နံကျပ်ခေတ်ကြီး။ ကမ္ဘာကြီးတွင် ကြီးစွာသော ဆင်းရဲဒုက္ခများနှင့် စိတ်နှလုံး ညှိုးချုံးစရာဖြစ်ရပ်များ ပြည့်လျှမ်းနေ၏။ နေရာဒေသတိုင်းမှ လူယောက်ျားများနှင့် လူမိန်းမများသည် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းရာ ငြိမ်းချမ်းကြောင်းကို တမ်းတရှာဖွေကြ၏။ လူသားမျိုးနွယ်တစ်ရပ်လုံးကို ဖိစီးနှိပ်စက်နေသော စိတ်အားငယ်မှုနှင့် ကြောက်စိတ်ခြုံလွှာကမ္ဘာကြီးကို လူသားတစ်ဦးအနေဖြင့် ဆွဲမ ဖယ်ရှားပစ်ဖို့ တစ်စုံတစ်ရာ စွမ်းဆောင်နိုင်ချင်စမ်းပါဘိဟု လူယောက်ျားစွမ်းဆောင်နိုင်ချင်စမ်းပါဘိဟု လူယောက်ျားတွေရော လူမိန်းမတွေပါ အသည်းအသန် ဆုတောင်းကြ၏။ အသည်းအသန်ဆန္ဒပြုကြ၏။

သူတို့၏ ပြင်းပြဆန္ဒတွေ ပြည့်မြောက်အောင်မြင်ဖို့ သင်နှင့် ကျွန်တော်တို့ ဝိုင်းဝန်းဖေးမ ကူညီနိုင်ကောင်း ကူညီနိုင်ပါလိမ့်မည်။ ခံစားနေရသော ဆင်းရဲဒုက္ခများမှ ပျောက်ကင်းချမ်းသာဖို့ ယနေ့ကမ္ဘာကြီး လိုအပ်နေသည်မှာ ရိုးစင်းပြီး စွမ်းပကားကြီးမားလှသော အကြင်နာတရား ဖြစ်၏။ လူ့သဘာဝဖြစ်သော မနာလို သဝန်တိုမှုများ၊ တစ်ကိုယ်ကောင်းဆန်မှုများ၊ လောဘကြီးမှုများကို ဖယ်ရှားပစ်ဖို့ဖြစ်၏။ ကျွန်တော်တို့သည် လူသားတာဝန်ကျေပွန်သော လူသားတစ်ဦးချင်းအနေဖြင့် အထက်ဖော်ပြပါ စိတ်ဓာတ်မျိုးတွေ အဟုန်ပြင်းစွာ ရှန်းကြလာအောင် အစပျိုးပေးရပါမည်။ ထိုသို့သော စေတနာ၊ မေတ္တာ



တရားတွေ ပေါ်ပေါက်လာရေးသည် ကမ္ဘာကိုအုပ်စိုးသူများ၊ နိုင်ငံခေါင်းဆောင်များ၏ ဩဇာအာဏာဖြင့် ဖန်တီးလို့ မရပါ။ ၎င်းတို့၏ အရှိန်အဝါနှင့် ယခုပြောခဲ့သည့် စေတနာ သဒ္ဓါတရားတို့မှာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပါသည်။ ကျွန်တော်တို့သည် သာမန်လူသားများအနေဖြင့်ပင် ကျွန်တော်တို့ နိစ္စဓူဝ ကျင်လည်နေထိုင်သည့် နေ့စဉ်ဘဝများတွင် အကြင်နာတရား ထွန်းကားလာအောင် ဖော်ဆောင်ကြရပါမည်။ ကျွန်တော်တို့ နေထိုင်သည့် ကမ္ဘာကြီးကို အကြင်နာတရား လွှမ်းခြုံသည့် ကမ္ဘာကြီးဖြစ်လာအောင် ကြိုးစားကြရပါမည်။

ကျွန်တော်တို့၏ အတ္တတရားများကို စွန့်လွှတ်ပြီး ပေးအပ်ခြင်းတရားဖြင့် လောကကြီးကို အလှဆင်ဖို့ ယခုထက် သင့်မြတ်လျော်ကန်မည့် အချိန်ကာလမျိုး ရှိနိုင်ပါသေးသလား။ လူသားတစ်ဦးတစ်ယောက်ချင်းအနေဖြင့် ပိုမိုငြိမ်းချမ်းသောကမ္ဘာကြီးဖြစ်လာအောင် စွမ်းဆောင်ဖို့ ယခုထက်သင့်မြတ်လျော်ကန်မည့်အချိန်ကာလမျိုး ရှိနိုင်ပါသေးသလား။ သို့မဟုတ် အတ္တကိုစွန့်ပယ်ပြီး ပေးအပ်ခြင်းတရားကို ဦးထိပ်ပန်ဆင်ခြင်းဖြင့် ကြည်နူးပီတိကို ရယူခံစားဖို့ ယခုထက် သင့်မြတ်လျော်ကန်သည့် အချိန်ကာလမျိုး ရှိနိုင်ပါသေးသလား။ ကျွန်တော်ကတော့ ရှိနိုင်မည်မထင်။

သည်တော့ ကျွန်တော့်ဝါသနာလုပ်ငန်းတွင် သင်လက်တွဲပါဝင်ဖို့ သင့်အား ဖိတ်ခေါ်ပါသည်။

**ဒေးဗစ်ဒန်း**

www.burmeseclassic.com

www.burmeseclassic.com

# ၁

# အရေးကြီးသော ဉာဏ်အလင်းပွင့်မှုတစ်ရပ် ရရှိခြင်း

လောကတွင် လူများစုနည်းတူ ကျွန်တော်သည်လည်း 'ဘဝဟူသည် ရယူခြင်းမည်သော ဖြစ်စဉ်တစ်ရပ်ဖြစ်သည်' ဆိုသော လောကအမြင်ကို စွဲကိုင်ပြီး အသက်ရှင်ကြီးပြင်းလာခဲ့၏။ 'ဘဝဟူသည် ပေးအပ်စွန့်လွှတ်ခြင်း' ဆိုသော အတွေးကိုတော့ မတော်တဆ ရလာခြင်း ဖြစ်၏။

တစ်ည ... လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်လောက်က ချီကာဂိုမှ နယူးယောက်သို့ ခုတ်မောင်းသွားသည့် နှစ်ဆယ်ရာစုနှစ် လီမိတက် မီးရထားကြီး၏ အိပ်စင်ပေါ်တွင် ကျွန်တော် မျက်စိကြောင်စွာ လဲလျောင်းနေမိ၏။ ထိုသို့ လဲလျောင်းနေရင်း အမှတ်မထင်စဉ်းစားမိသည်မှာ သည်ညအဖို့ အရှေ့သို့ တူရူပြု

www.burmeseclassic.com

www.burmeseclassic.com



ခုတ်မောင်းနေသော ရာစုနှစ်ရထားနှင့် အနောက်သို့ တူရူပြုခုတ်မောင်းနေသော ရာစုနှစ်ရထားနှစ်စီးသည် တစ်စီးနှင့်တစ်စီး ဘယ်နေရာ ဘယ်ဒေသတွင် ဆုံစည်းဖြတ်ကျော်ကြမည်လဲ ဟူ၏။

"ဒီစိတ်ကူးဟာ နယူးယောက်စင်ထရယ် မီးရထားကုမ္ပဏီရဲ့ကြော်ငြာတွေထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတစ်ရပ် ဖြစ်သွားနိုင်တယ်" ဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြောမိ၏။ ထိုညက 'ရာစုနှစ်တွေ ဘယ်နေရာမှာ ဖြတ်ကျော်ကြမည်လဲ' ဟူသောအတွေးကို တစိမ့်စိမ့်တွေးရင်း ကျွန်တော် အိပ်ပျော်ခဲ့၏။

နောက်နေ့နံနက်တွင် ထိုစိတ်ကူးအကြောင်း စာတစ်စောင်ရေးပြီး နယူးယောက်စင်ထရယ် မီးရထားကုမ္ပဏီသို့ စေတနာသန့်သန့်ဖြင့် ပို့ပေးလိုက်၏။ ထိုစိတ်ကူးအတွက် ကျွန်တော် ဘာအခွင့်အရေးမျှ မတောင်းခဲ့။ ရက်အနည်းငယ်ကြာသောအခါ ကျွန်တော့်စာကို လက်ခံရရှိကြောင်း ယဉ်ကျေးရည်မွန်စွာ ပြန်ကြားသည့်စာတစ်စောင် ကျွန်တော်ရရှိသည်။ ထိုစာထဲတွင် ရာစုနှစ်ရထားနှစ်စီးသည် ဘတ်ဖလိုးမြို့၏ အနောက်ဘက်ကိုးမိုင်အကွာရှိ အက်သောလ်စပရင်းဆိုသည့် မြို့ကလေးအနီးတွင် တစ်စီးနှင့်တစ်စီး ဆုံစည်းဖြတ်ကျော်မည်ဖြစ်ကြောင်း သတင်းစကားပါးထား၏။

နောက်လအနည်းငယ်အကြာတွင် ကျွန်တော့်ထံ ဒုတိယစာတစ်စောင် ရောက်လာပြန်သည်။ စာတွင်ဖော်ပြထားသည်မှာ 'ရာစုနှစ်တွေ ဘယ်နေရာမှာ ဖြတ်ကျော်ကြမည်လဲ'



ဆိုသော စိတ်ကူးကို ၁၉၂၄ ခုနှစ်အတွက် နယူးယောက်စင်ထရယ် ကုမ္ပဏီက ထုတ်ဝေမည့် ပြက္ခဒိန်တွင် အသုံးပြုမည် ဟူ၏။ ထိုနှစ်ပြက္ခဒိန်တွင် ဖော်ပြထားသည့် ဓာတ်ပုံမှာ ညဥ့်အမှောင်ထဲတွင် ပြက္ခဒိန်ကြည့်သူ တည့်တည့်သို့ မျက်နှာချင်းဆိုင်ခုတ်မောင်းလာသည့် ရာစုနှစ်ရထားကြီးတစ်စီးနှင့် စက်ခေါင်းအခန်းတွင် မီးတွေ ထွန်းညှိထားသည့် အခြားရာစုနှစ်ရထားကြီးတစ်စီး ကွေ့တစ်ကွေ့တွင် တစ်စီးနှင့်တစ်စီး ရင်ဆိုင်ဖြတ်ကျော်ခုတ်မောင်းနေပုံ ဖြစ်၏။ ထိုပုံကား အရောင်အသွေး စိုပြည်ပြီး လွမ်းမောဖွယ် မီးရထားလမ်းရှုခင်းတစ်ခုပါတည်း။

ထိုနှစ်အတွေ့ကာလတွင် ကျွန်တော် တော်တော်များများ ခရီးထွက်ဖြစ်သည်။ အမိနိုင်ငံမှာရော ဥရောပမှာပါ ကျွန်တော်ဝင်သွားသမျှ မီးရထားဘူတာရုံတိုင်းနှင့် ဟိုတယ်ဧည့်ခန်းတိုင်းတွင် ကျွန်တော်၏ ရာစုနှစ်ပြက္ခဒိန် ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။ ထိုပြက္ခဒိန်ကို တွေ့လိုက်ရ မြင်လိုက်ရတိုင်း ကျွန်တော့်မှာ ကြည်နူးကျေနပ် ပီတိဖြာရပါသည်။

တကယ်တော့ ဤလောကကြီးသည် အလိုရမ္မက်တွေ လွှမ်းပြီး ရယူခြင်းနောက်သို့ ကောက်ကောက်ပါ လိုက်နေသည့် လောကကြီးပါတည်း။ ထိုသို့ ရှုပ်ရှက်ဆုပ်ဖွယ်နှင့် ငြီးငွေ့ဖွယ် အတိပြီးသည့် ကမ္ဘာလောကကြီးထဲတွင် ကြည်နူးပီတိကလေး တစ်ချက် ဖြာခွင့်ရဖို့အရေးမှာ ဘယ်လောက် ရှားပါးလိုက်ပါသလဲ။ ပြောရမည်ဆိုလျှင် ထိုသို့သော ရင်မှာပီတိဖြာမှုကလေးတစ်ချက်ကို ငွေကြေးဖြင့် တွက်ချက်တိုင်းတာလို့ မရနိုင်ပါကလား။ ဤအရေးကြီးသော ဉာဏ်အလင်းပွင့်မှုကလေးကို

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ 'ရာစုနှစ်တွေ ဘယ်နေရာမှာ ဖြတ်ကျော်ကြမည်လဲ' ဆိုသည့်အတွေးမှ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြင့် ပေးအပ်ခြင်းအမှုကို ကျွန်တော် လက်တွေ့ကျင့်သုံးကြည့်ခဲ့၏။ ဤလုပ်ရပ်သည် စိတ်ကြည်နူးဝမ်းသာ ပီတိဖြာရသည့် လုပ်ရပ်ဖြစ်ကြောင်းလည်း ဖော်ထုတ်သိမြင်ခဲ့၏။ ထိုအချိန် ထိုကာလကစပြီး ကျွန်တော့်ဘဝသည် စိတ်လှုပ်ရှားတက်ကြွဖွယ် စွန့်စားမှုကလေးများ ပြည့်လျှမ်းနေတော့၏။ နောက်ပြီး ကျွန်တော့်တွင် မိတ်သစ်ဆွေသစ်များ ဒီရေအလား တိုးပွားလာသည်ကိုလည်း တွေ့ရ၏။

ထိရောက်သော ပေးအပ်ခြင်းအမှုကို ကျွန်တော်တို့ အကျင့်လုပ်ပျိုးထောင်ရမည်ဖြစ်ကြောင်းကိုလည်း သိမြင်သဘောပေါက်လာသည်။ အောင်မြင်စွာ ရယူခြင်းအမှုကိုပြုသည့်နည်းတူ ထိရောက်အောင်မြင်သော ပေးအပ်ခြင်းအမှုပြုရာတွင်လည်း သူ့အထာနှင့်သူ ရှိပါသည်။ ပျော်ရွှင်ကြည်နူးမှု အသီးအပွင့်များကို ခူးဆွတ်ခံစားနိုင်ခွင့်များသည် ဖျိုးခနဲ ဖျပ်ခနဲ ပေါ်လာပြီး၊ ဖျိုးခနဲ ဖျပ်ခနဲ ပြန်ပျောက်သွားတတ်ပါသည်။ ခုမြင်ခုပျောက်၊ ဖြစ်လွယ်ပျက်လွယ် ရှိလွန်းလှ၏။ သို့ဖြစ်ရာ သင့်အနေဖြင့် လျင်မြန်သွက်လက်ဆောင်ရွက်ရပါမည်။ မဟုတ်လျှင် ပျော်ရွှင် ကြည်နူးဖွယ် အခွင့်အလမ်းကလေးများက သင့်အား ကျေ့ပတ်ရှောင်တိမ်းသွားပါလိမ့်မည်။ သို့သော် ထိုအဖြစ်မျိုး ကြုံရလေ ကြည်နူးပီတိဖြစ်မှုကို သင် လိုလားစိတ် ထက်သန်လာလေ ဖြစ်လာပါလိမ့်မည်။



ကျွန်တော်သည် အမှန်တကယ် စုဆောင်းသူကြီးတစ်ဦးဖြစ်နေပါပေါ့လားဟူသော အသိအမြင်ဖြင့် တစ်နေ့တွင် ကျွန်တော်အိပ်ရာမှ နိုးလာသည်။ ကျွန်တော် စုဆောင်းသည့်အရာများမှာ ကြည်နူးပီတိများနှင့် ပီတိကို ဖန်တီးပေးသည့် ဖြစ်ရပ်များ။ ဤကား စွဲမက်စရာကောင်းသည့် ဝါသနာအလုပ်တစ်ခုပါတည်း။ အခြားအခြားသော အရာများကို စုဆောင်းသကဲ့သို့ပင် သင်စုဆောင်းထားသည့် ပီတိဖြာစရာများ စာရင်းတွင် ထပ်တိုးလို့ရအောင် သင်သည် ပေးအပ်ခြင်း အတွေ့အကြုံအသစ်များကို အမြဲတစေ ရှာဖွေနေတော့၏။ သို့ဖြစ်သော်လည်း အခြားအခြားသော ပစ္စည်းစုဆောင်းရေးပုံစံများမှာကဲ့သို့ သင့်ရတနာများကို စုဆောင်းသိမ်းဆည်းထားဖို့ ဗီရိုကြီး မလို၊ မီးခံသေတ္တာကြီး မလို။ နောက်ထပ် စုဆောင်းရန် ပစ္စည်းတွေရဖို့ သင်နိစ္စဓူဝ သွားလာလှုပ်ရှားမှုတွေဖျက်ပြီး တကူးတက စီမံဆောင်ရွက်နေဖို့ မလို။ သင့်အနေဖြင့် ဘယ်နေရာ ဘယ်ဒေသသို့ရောက်နေသည်ဖြစ်စေ သင့်ဝန်းကျင် သင့်ဘေးဘီကို လှည့်ပတ်ကြည့်တတ်ဖို့ပဲ လိုသည်။ သင်၏ ပေးအပ်ခြင်းအမှု ပြုလုပ်လို့ရမည့် အခွင့်အလမ်းကလေးများကို ရှာတတ်ဖို့သာ လိုပါသည်။

စွန့်လွှတ်ပေးအပ်ခြင်းအမှုသည် စိတ်လှုပ်ရှားတက်ကြွစရာကောင်းပြီး စိတ်ကြည်နူးကျေနပ်မှု အပြည့်အဝရစေသည့် ဝါသနာအလုပ်ဖြစ်ကြောင်း ကျွန်တော် ထောက်ခံတင်ပြပါရစေ။ တကယ်တော့ စွန့်လွှတ်ပေးအပ်ခြင်းအမှုကို သင် ထိထိရောက်ရောက် ကြိုးစားကျင့်ကြံကြည့်လျှင် သင် ပိုမို ပျော်ရွှင်ချမ်းမြေ့

www.burmeseclassic.com

www.burmeseclassic.com



သော ဘဝတစ်ခုကို ပိုင်ဆိုင်လာလိမ့်မည်ဖြစ်ကြောင်း ကျွန်တော် အာမခံပါသည်။ ကဲ ... သည်တော့ ထိုဘဝမျိုး ရရှိအောင် ခုပဲ စတင်ကျင့်ကြံကြရအောင်ပါ။

၂

# စွန့်လွှတ်ပေးအပ်ခြင်းအမှုပြုပြီး ပျော်ရွှင်နေထိုင်ခြင်း

ကျွန်တော်တို့၏ စွန့်လွှတ်ပေးအပ်ခြင်း အလိုဆန္ဒကို အကောင်အထည်ဖော် ဖြည့်ဆည်းရာ၌ သင်ပေးအပ်မည့် အရာများပေါ်မူတည်ပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ့်စိတ်ကြိုက် ပြုလုပ်သင့်၏။ ကံအားလျော်စွာပင် ကျွန်တော်တို့တစ်ဦးချင်းစီ၌ ကွဲပြားခြားနားသော ပင်ကိုစွမ်းရည်များ ရှိနေကြ၏။ သို့ဖြစ်ရာ စွန့်လွှတ်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ပုံသေစံပြနည်းဟူ၍ သတ်မှတ်ထားလို့မရနိုင်ပါ။ ကျွန်တော်တို့ထဲမှ တချို့လူတွေတွင် အချိန်အပိုရှိ၏။ အခြားသူများတွင် စိတ်စွမ်းအင် သို့မဟုတ် ရုပ်စွမ်းအင်များ ပိုပိုလျှံလျှံ ရှိ၏။ အခြားသူများတွင်တော့

www.burmeseclassic.com

www.burmeseclassic.com



သီးသန့်အနုပညာ၊ ကျွမ်းကျင်မှု သို့မဟုတ် ပါရမီ တစ်ခုခု ရှိ၏။ အခြားအခြားသောသူများတွင်မူ စိတ်ကူးတွေ၊ စိတ်ကူးပုံရိပ်တွေ၊ စည်းရုံးနိုင်စွမ်း၊ ခေါင်းဆောင်နိုင်စွမ်းတွေ ရှိကြ၏။

ကျွန်တော်တို့အားလုံးပင် တန်ဖိုးထားလေးစားမှုကို ပေးနိုင်ကြ၏။ ကြင်နာမှု၊ စိတ်ဝင်စားမှု၊ သစ္စာရှိမှု၊ နားလည်မှု၊ အားပေးမှု၊ သည်းခံမှု၊ ... နောက်ပြီး ကျွန်တော်တို့ ကိုယ်တိုင်၏ အခြား အစိတ်အပိုင်းကလေးပေါင်းများစွာကို ပေးအပ်လို့ ရပါသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် ကျွန်တော်တို့ ပိုင်ဆိုင်ထားသော ထူးခြားစွမ်းရည်များ အဓိကထားပြီး အခြားပိုင်ဆိုင်မှုများနှင့် ဖြည့်စွက်ပေးအပ်သင့်ကြ၏။

ဆိုပါစို့၊ နီးနားဝန်းကျင်ရှိ စတိုးဆိုင်တစ်ဆိုင်ရှေ့မှ ကျွန်တော် ဖြတ်လျှောက်သွားခိုက် ဆိုင်ပြတင်းပေါက်တွင် လူအများ သတိထားမိလောက်အောင် ထူးထူးခြားခြား လှလှပပ ခင်းကျင်းပြင်ဆင်ထားသည်ကို သတိပြုမိ၏။ "ဒီပြတင်းပေါက် အခင်းအကျင်းကလေး လှလှပပ ဖြစ်လာအောင် တစ်ယောက်ယောက်ကတော့ ဦးနှောက်သုံးပြီး ပြင်ဆင်ထားပုံပဲ။ သူ့ရဲ့ ပြင်ဆင်မွမ်းမံမှုကို ယုတ်စွအဆုံး ဖြတ်သွားဖြတ်လာတစ်ယောက်ကတော့ သဘောကျနှစ်သက်တယ်ဆိုတဲ့အကြောင်း ပြင်ဆင်မွမ်းမံသူကို အသိပေးသင့်တာပေါ့" ဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြောမိ၏။

သို့ဖြင့် ကျွန်တော်ဆိုင်ထဲဝင်သည်။ မန်နေဂျာကို တွေ့ခွင့်တောင်းသည်။ ပြီးတော့ ပြတင်းပေါက် အပြင်အဆင် အခင်းအကျင်းမှာ ဆွဲဆောင်မှုရှိလှကြောင်း ချီးကျူးစကား ပြောခဲ့၏။



သူတို့၏ အပြင်အဆင် အခင်းအကျင်းတွေ လှပကြောင်း၊ ဆွဲဆောင်မှုရှိကြောင်း ကြားရသည့် ဆိုင်ရှင်တိုင်း ဝမ်းသာပီတိဖြစ်ကြကြောင်း ကျွန်တော်တွေ့ရ၏။ သူတို့ရောင်းသည့်ပစ္စည်းကို ကျွန်တော် တစ်ပြားတစ်ချပ်ဖိုးမျှ ဝယ်ယူခြင်းမပြုသည့်တိုင် သူတို့၏ အားထုတ်မှုကို ချီးပစကားကလေးကြားရလျှင် ကျေနပ်ဝမ်းသာ ပီတိဖြာကြတာပါပဲ။ တစ်ခါတွင်မူ ပြတင်းပေါက် ခင်းကျင်းပြင်ဆင်မှု တာဝန်ယူရသော အရောင်းစာရေးတစ်ဦးသည် ကျွန်တော့် ချီးမွမ်းထောပနာပြုမှုကြောင့် လခတိုးပေးခြင်းခံရကြောင်း ကြားသိခဲ့ရပါသည်။

• • •

စာအုပ်တစ်အုပ်၊ မဂ္ဂဇင်းထဲပါသည့် ဆောင်းပါးတစ်ပုဒ် သို့မဟုတ် ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီး ကြိုက်ပြီဆိုလျှင် ကျွန်တော်က စာရေးဆရာထံသို့ စာကလေးတစ်စောင် ရေးပို့တတ်သည်။ သူ့စာကို ဖတ်ပြီး ကျွန်တော် နှစ်ထောင်းအားရဖြစ်မိကြောင်း ရေးသားဖော်ပြသည်။ တစ်ခါတစ်ခါတွင် သူတို့ထံမှ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်ကြားစာများ ကျွန်တော်ရ၏။ သူတို့ စာပြန်သည်ဖြစ်စေ၊ စာမပြန်သည်ဖြစ်စေ အကြောင်း မဟုတ်။ ကျွန်တော်က အမှတ်တရ လက်မှတ်များ စုဆောင်းသိမ်းဆည်းသူမှ မဟုတ်ဘဲ။ ကျွန်တော်က ကျွန်တော်၏ စွန့်လွှတ်ပေးအပ်ခြင်းယန္တရားကြီး ပုံမှန်လည်ပတ်နေအောင် အားထုတ်သူတစ်ဦးလေ။ ကျွန်တော့်ဝါသနာအလုပ် ပုံမှန်လည်

www.burmeseclassic.com

www.burmeseclassic.com



ပတ်နေလျှင် ပြီးတာပါပဲ။

● ● ●

တစ်နေ့ညနေခင်းတစ်ခုတွင် ကျွန်တော့်အိမ်ဥယျာဉ်ထဲ အလုပ်လုပ်ရင်း စိတ်ကူးကောင်းကလေးတစ်ချက် ခေါင်းထဲ ပြိုးပြက်ဝင်းလက်လာသည်။ သည်စိတ်ကူးကလေးသည် နယူးယောက် ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင် အတွက်ဆိုလျှင် အရမ်းတန်ဖိုးရှိမည် ဟုစဉ်းစားမိသည်။ ထို့ကြောင့် ကျွန်တော့် စိတ်ကူးကို အကြမ်းဖျင်း ဖော်ပြပြီး ၎င်းကုန်ပဒေသာတိုက်ကြီးသို့ ပို့လိုက်၏။ ကျွန်တော့်ထုံးစံအတိုင်း စာထဲတွင် 'စေတနာ သန့်သန့်ဖြင့် ပို့ပေးခြင်း ဖြစ်ကြောင်း၊ ဤစိတ်ကူးအတွက် အနှောင်အဖွဲ့ မပါကြောင်း' လည်း ထည့်ရေးပေးလိုက်၏။ ကျွန်တော့်စိတ်ကူးကို သူတို့က ကျေးဇူးတင်ဝမ်းမြောက်စွာ လက်ခံကြ၏။ သည်အတွက် ကျွန်တော် ခံစားရသည့် အကျိုး ကျေးဇူးမှာ ကျွန်တော့်မိတ်ဆွေစာရင်းထဲတွင် ရောမကုန်တိုက်ကြီး တစ်တိုက် တိုးလာခြင်းပင် ဖြစ်တော့၏။

● ● ●

ကျွန်တော့်ခေါင်းထဲသို့ စိတ်ကူးကောင်းကလေးတစ်ခု ဖျိုးခနဲ ဖျပ်ခနဲ ပေါ်လာသည် ဆိုပါစို့။ ၎င်းစိတ်ကူးသည် ဒေသ ဆိုင်ရာ ဘုန်းကြီးတစ်ပါး၊ တရားဟောဆရာတစ်ဦး၊ ဆရာဝန် တစ်ယောက်၊ ရှေ့နေတစ်ယောက်၊ သို့မဟုတ် ကုန်သည်တစ်ဦး အတွက် အသုံးတည့် အကျိုးရှိမည်ထင်လျှင် ထိုသူသည်



ကျွန်တော်နှင့် ဘယ်လောက်စိမ်းနေသည်ဖြစ်စေ ကျွန်တော်က စာတစ်စောင် ရေးပို့လိုက်သည်သာ ဖြစ်၏။

ကျွန်တော် စာဖတ်ရင်း တွေ့မိကြုံမိသည့် ဆောင်းပါး တစ်ပုဒ်၊ စာတ်ပုံတစ်ပုံ၊ ကာတွန်းတစ်ကွက် သို့မဟုတ် ကဗျာ တစ်ပုဒ်သည် ကျွန်တော့်မိတ်ဆွေထဲက တစ်ယောက်ယောက် သဘောကျနှစ်သက် စိတ်ဝင်စားနိုင်သည်ထင်လျှင် ၎င်းစာမျက် နှာကိုဖြတ်ပြီး ထိုသူထံသို့ ပို့ပေးသည်။ တစ်ခါတစ်ခါ ကျွန်တော် နှင့် မသိမကျွမ်းသည့် သူစိမ်းပြင်ပြင်များထံသို့ပင် ပို့ပေးတတ် သည်။

● ● ●

နွေဦးညနေခင်းတစ်ခုတွင် ပြောင်းဖူးပေါက်ပေါက် ရောင်းသည့် လှည်းတစ်စီးရှေ့တွင် ကျွန်တော် ရပ်လိုက်၏။ ဈေးသည်က လတ်လတ်ဆတ်ဆတ် ဖောက်ပေးထားသည့် ပြောင်းဖူးပေါက်ပေါက်များပေါ်သို့ အရည်ပျော်နေသော ထော ပတ်များ ဆမ်းပေးသည်။ ဤအခြင်းအရာကို သွားရည်တမြား မြားနှင့် ငေးကြည့်နေသည်မှာ လေလွင့်လူငယ်ကလေး နှစ် ယောက်။ ကျွန်တော်က သူတို့ကို မသိကျိုးကျွန်ပြုလျက် ပြောင်း ဖူးပေါက်ပေါက် နောက်ထပ်နှစ်အိတ် မှာလိုက်သည်။ ငွေပေး ချေသည်။ ပြီးတော့ ကောင်လေးနှစ်ယောက်အား တစ်ယောက် တစ်အိတ်ပေးသည်။ နောက်ပြီး လက်တွန်းလှည်းနားမှ ခြေလှမ်း ကျဲကြီးများဖြင့် လှမ်းထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤပေးအပ်ခြင်း စွန့်စားခန်းကလေးက ထိုညနေအဖို့ လူလေးယောက်၏ ဘဝကို နေပျော်ဖွယ်ကောင်းအောင် ဖန်တီးပေးလိုက်၏။ လူလေးယောက်၏ ဘဝကို စိတ်လှုပ်ရှားတက်ကြွဖွယ်ကောင်းအောင် ဖန်တီးပေးလိုက်၏။ ထိုလေးယောက်မှာ ကျွန်တော်၊ လေလွင့်ကောင်လေးနှစ်ယောက်နှင့် ပြောင်းဖူး ပေါက်ပေါက်သည်တို့ ဖြစ်ပါသည်။

● ● ●

စီးပွားရေး မဂ္ဂဇင်းတစ်စောင်ထဲတွင် ကုမ္ပဏီတစ်ခု၏ ကြော်ငြာပါလာသည်။ ကြော်ငြာ ဖွဲ့စည်းရေးသားထားပုံမှာ တော်တော်ကောင်းသည်။ လက်ရာမြောက်သည်။ ကျွန်တော် အံ့ရမ်းကြိုက်သွားသည်။ သို့ဖြင့် သက်ဆိုင်ရာ ကုမ္ပဏီသို့ ချီးကျူးစာတစ်စောင် ရေးပို့လိုက်သည်။ ကျွန်တော်သည် ထိုကုမ္ပဏီ လုပ်ကိုင်နေသည့် စီးပွားရေးနယ်ပယ်မှ မဟုတ်သည့်အတွက် ကုမ္ပဏီကို မည်သို့မျှ အလုပ်အကျွေး မပြုနိုင်ကြောင်း၊ သို့သော် ကျွန်တော်ဖတ်ရသည့် ကြော်ငြာမှာ စွဲမက်ဖွယ်ကောင်းလှသည့်အတွက် ယခုကဲ့သို့ ချီးကျူးစာ ရေးပို့ခြင်းဖြစ်ကြောင်း စာထဲတွင် ထည့်ရေးပေးလိုက်၏။

ရက်အနည်းငယ်အကြာတွင် ကျွန်တော့်ထံ ဖိလဒဲလ်ဖီးယားမှ စာတစ်စောင်ရောက်လာသည်။ ကျွန်တော် ချီးကျူးလိုက်သည့် ကုမ္ပဏီကြော်ငြာရေးသူထံမှ ပြန်ကြားစာ။ ကျွန်တော့် ချီးကျူးစာက သူ့အား အတိုင်းအဆမရှိ အားတက်စေကြောင်း၊ ထိုသို့ အားတက်မှု၏ အကျိုးဆက်အဖြစ် နောက်ထပ် ဆန်းသစ်



သောစိတ်ကူးစိတ်သန်းများရလာကြောင်း သူ့စာထဲတွင် ဖော်ပြသားသည်။

ဘာပဲဖြစ်ဖြစ် ဖိလဒဲလ်ဖီးယားတွင် ကျွန်တော့်မိတ်ဆွေ တစ်ဦး တိုးလာပြီ။ ထိုစဉ်ကစပြီး သူ့ထံမှ ခင်မင်နှစ်လိုဖွယ်စာများ ကျွန်တော် လက်ခံရရှိနေပါသည်။

● ● ●

တစ်ညခင်းတွင် ဘော့စတွန်ရှိ ဟိုတယ်တစ်ခု၌ ကျွန်တော်တစ်ယောက်တည်း ညစာစားနေသည်။ ထိုအချိန်အတွင်း ဟိုတယ်သံစုံတီးဝိုင်းမှ တီးခတ်ဖျော်ဖြေနေသည့် လက်ရွေးစင် တေးသွားများမှာ ကျွန်တော့်စိတ်ကြိုက်နှင့် ကွက်တိ ခွင်ကျဖြစ်နေ၏။ ညစာစားခန်းထဲမှအထွက်တွင် တေးသွားတစ်ပုဒ်နှင့် တစ်ပုဒ်အကြား ခေတ္တနားနေသည့် ဂီတပညာရှင်များအား ကိုယ်တိုင်ကိုယ်ကျ ချီးကျူးစကားပြောချင်စိတ် ရင်ထဲ ရှန်းကြွလာသည်။ သို့ဖြင့် သူတို့နားနေသည့် စင်မြင့်ဆီသို့ သွားသည်။

"ဆရာသမားတို့၊ ခင်ဗျားတို့ရဲ့ အစီအစဉ်ကို ကျွန်တော်တော့ တော်တော် သဘောကျတယ်ဗျို့။ ခင်ဗျားတို့ ရွေးတီးသွားတဲ့ တေးသွားတချို့ဆိုရင် ကျွန်တော် အစွဲမက်ဆုံး တေးသွားတွေ ဖြစ်နေတာကလား။ နောက်ပြီး ခင်ဗျားတို့က နှလုံးသားနဲ့ တီးမှုတ်ကြတာလေ။ ခင်ဗျားတို့ကို ကျေးဇူးတင်စကား ပြောပါရစေဗျာ" ဟု ကျွန်တော် စိတ်ပါလက်ပါ ပြောလိုက်၏။

ကျွန်တော့်စကားကြားရတော့ သူတို့မျက်နှာတွေ ခင်းပသွားသည်။ ပြုံးသွားသည်။ သူတို့ တူရိယာပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်တွယ်ရင်း ကြည်နူးပီတိဖြာနေသော သူတို့ကို ကျွန်တော် ကျောခိုင်းခဲ့၏။ ကျန်ရှိနေသေးသော ထိုညချမ်းတွင် ကျွန်တော် စိတ်လက်ပေါ့ပါး ပျော်ရွှင်ကြည်နူးမှုကို ခါတိုင်းထက် ပိုမို ခံစားခဲ့ရပါသည်။

● ● ●

တစ်ခုသော တနင်္ဂနွေ မွန်းလွဲပိုင်းတွင် ကျွန်တော့် မိတ်ဆွေ အဘိုးကြီးတစ်ဦးကို ဖျပ်ခနဲ သတိရမိ၏။ အဘိုးကြီး က ကျန်းမာရေး တော်တော် ချို့ယွင်းနေပြီ။ နောက်ပြီး ကျွန်တော် နှင့် မတွေ့ဖြစ်သည်မှာလည်း တော်တော်ကြာပြီ ဖြစ်၏။

"သူ တအံ့တသြ ဖြစ်သွားအောင် သူ့ဆီ တယ်လီဖုန်း ဆက်ကြည့်ရ ကောင်းမလား" ဟု ကျွန်တော် တစ်ကိုယ်တည်း တွေးမိ၏။

သူ တယ်လီဖုန်းလာကိုင်သောအခါ "အဘကို သတိရ နေတာနဲ့ ဆက်လိုက်တာပါ။ အဘနဲ့ အာလာပသလ္လာပစကား လေးလည်း ပြောချင်တာနဲ့ အဘရေ" ဟုရှင်းပြရသည်။ ပြီးတော့ ကျွန်တော်တို့ ငါးမိနစ်လောက်ကြာအောင် စိတ်ရောကိုယ်ပါ စကားပြောဖြစ်ကြ၏။

နောက်ရက်အနည်းငယ်ကြာသောအခါ သူ့ဇနီးက ကျွန်တော့်ထံ တယ်လီဖုန်း ဆက်သည်။ ကျွန်တော် တယ်လီဖုန်း ဆက်ပြီး သတိတရနှုတ်ဆက်မှုသည် သူမ၏ ယောကျ်ားအတွက် အားဆေးတစ်ပုလင်းစာထက်ပင် ခွန်အားတိုးပွားစေကြောင်း ပြောသည်။



"သိတယ် မဟုတ်လား၊ သူ့ဆီကို နောက်ထပ် တယ်လီ ဖုန်း မလာတော့သလိုကို ဖြစ်သွားတာပေါ့" ဟု သူမက ရှင်းပြ ပါသည်။

● ● ●

သည်ဖြစ်ရပ်တွေက အားလုံး သေးသေးဖွဲဖွဲ ဖြစ်ရပ် ကလေးတွေပါ။ သို့ပေမဲ့ စွန့်လွှတ်ပေးအပ်ခြင်းမည်သော ကျွန်တော့်ဝါသနာအလုပ်တွင် သည်ဖြစ်ရပ်ကလေးများက ရှာဖွေ စုဆောင်းသူများ အမြတ်တနိုး သိမ်းဆည်းထားမည့် ဖြစ်ရပ် ကလေးများပါ။

ထိုသို့သော လုပ်ရပ်ကလေးများကို သင် အလို အလျောက် လုပ်ဆောင်သွားပါလိမ့်မည်။ ထိုအရာများသည် 'လက်ဆောင်မွန်များ' ပါကလားဟု သင်ရပ်ပြီး စဉ်းစားနေလိမ့် မည် မဟုတ်။ ထိုသို့ဖြစ်နေပြီဆိုလျှင်တော့ သင့်ကို ချီးကျူးထော ပနာစကားပြောရပါတော့မည်။ သို့သော် ကျွန်တော့်အတွေ့အကြုံ အရ ပြောရမည်ဆိုလျှင် ထိုသို့သော လုပ်ရပ်မျိုးတွေ ဆတက် ထမ်းပိုး တိုးပြီး လုပ်လို့ရပါသေးသည်။ စွန့်လွှတ်ပေးအပ်ခြင်း အမှုကို သင်၏ ဝါသနာအလုပ်အဖြစ် အမှန်တကယ် ပြုလုပ် တော့မည်ဟု သန္နိဋ္ဌာန်ချထားလျှင်ပေါ့။ ထိုသို့မှ စိတ်ပိုင်းဖြတ် ထားပြီဆိုလျှင် သင်ပေးအပ်သည့် အတိုင်းအတာနှင့် အချိုးညီ သော ပျော်ရွှင်မှုတွေ ပြန်လည်ရရှိလိမ့်မည်ဖြစ်ကြောင်း ကျွန်တော် အာမခံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးသည့် နှစ်ကာလများအတွင်း ကျွန်တော်သည် တစ်ကြိမ်တစ်ခါတည်းသာ ကျွန်တော်၏ ပေးအပ်ခြင်း ဒသနကို ချိုးဖောက်ဖြစ်ခဲ့၏။ ကျွန်တော်သည် ဖိနပ်ထုတ်လုပ်သူတစ်ဦးအား စိတ်ကူးကောင်းတစ်ခု တင်ပြအကြံပြုခဲ့၏။ ကျွန်တော့်စိတ်ကူးကောင်းအတွက် တုံ့ပြန်သည့်အနေဖြင့် ဖိနပ်တစ်ရန်ပေးလျှင် စိတ်မဆိုးပါဘူးဟု အရိပ်အမြွက် ပြောခဲ့၏။ ကျွန်တော့်စိတ်ကူးကို သဘောကျနှစ်သက်သည့် ဖိနပ်ထုတ်လုပ်သူက သူထုတ်လုပ်ခဲ့သည့် ဖိနပ်တွေထဲမှ ကြိုက်ရာတစ်ရန်ကို အခမဲ့ရယူခွင့်ပြုသည့် လက်မှတ်တစ်စောင် ကျွန်တော့်ထံ ပို့ပေးခဲ့၏။ သို့ဖြင့် ထိုပုဂ္ဂိုလ်၏ နောက်ဆုံးထုတ်ပုံစံတွေထဲမှ တန်ဖိုးအကြီးဆုံးဖိနပ်တစ်ရန် ရွေးချယ်ကာ ဟိတ်ဟန်အပြည့်ဖြင့် စီးပြီး အိမ်သို့ ကြော့ကြော့မော့မော့ ပြန်ခဲ့သည်။

သို့ပေမဲ့ ကျွန်တော်၏ မတော်လောဘစိတ်အတွက် နောင်တရမဆုံး ဖြစ်ခဲ့ရပါသည်။ နောက်ဆုံးပေါ် ထိုဖိနပ်သည် ကျွန်တော့်ခြေထောက်နှင့် မတော်တရော် ဖြစ်နေသည်။ ထိုဖိနပ်ကို စီးပြီး ပြန်ခဲ့သည့်အတွက် ခံစားခဲ့ရသည့် ခြေထောက်ဒဏ်ရာ ပျောက်ကင်းအောင် လပေါင်းများစွာ အချိန်ယူ ကုသခဲ့ရ၏။ သည်တော့ ယခုအခါ ကျွန်တော့်စိတ်ကူးထဲပေါ်လာသည့် အကြံကောင်း ဉာဏ်ကောင်းကလေး တစ်ခုတလေ ပေးအပ်တော့မည်ဆိုလျှင် ကျွန်တော့်ပေးအပ်မှုတွင် အနောင်အဖွဲ့ဆိုလို့ ဆံခြည်တစ်မျှင်စာမျှပင် နှောင်ဖွဲ့ထားခြင်း မပြုတော့ပါ။

# ၃

# သင့်နှလုံးသား၏ တစ်စိတ်တစ်ပိုင်း

ရော့ဖ်ဝေါလ်ဒို အင်မာဆန်သည် အလွန်အခြေကြီးသည့် အတွေးအမြင် အဓိက ဝါဒီတစ်ဦး ဖြစ်၏။ သို့ဖြစ်သော်လည်း လူ့သဘာဝကို စူးစူးရှရှ ထွင်းဖောက်သိမြင်တတ်သူတစ်ဦးလည်း ဖြစ်၏။ အဆိုပါ ဆရာကြီးက ရေးသားခဲ့သည်မှာ "လက်စွပ်တွေ ကျောက်မြတ်ရတနာတွေဟာ လက်ဆောင်တွေ မဟုတ်ပါဘူး။ ဒါပေမဲ့ ဝန်ချတောင်းပန်စကားတွေကတော့ လက်ဆောင်မွန်တွေ ပါ။ တစ်ခုတည်းသော လက်ဆောင်မွန်ဟာ သင့်နှလုံးသားရဲ့ တစ်စိတ်တစ်ပိုင်းပါပဲ" ဟူ၏။

ကမ္ဘာပေါ်ရှိ အရာရာတိုင်းနီးပါးကို ငွေကြေးဖြင့် ဝယ်ယူလို့ ရနိုင်၏။ အဲ ... လူသား၏ နွေးထွေးလှိုက်လှဲသော နှလုံးခုန်သံများကလွဲလို့ပေါ့။ ၎င်းနှလုံးခုန်သံကလေးတွေကြားရဖို့ဆိုလျှင်တော့ သင့်ဘက်က စွန့်လွှတ်ပေးအပ်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းနှလုံးခုန်သံကလေးများ၏ စွမ်းအားက ကြီးမားလှပါသည်။ တန်ဖိုးဖြတ်လို့ မရအောင် စွမ်းအားကြီးပါသည်။ ငှင်းနှလုံးခုန်သံကလေးများက လက်ခံရရှိသူနှင့် ပေးအပ်သူနှစ်ဦးစလုံးကို ပျော်ရွှင်ကြည်နူးစေပါသည်။

သူတို့နှလုံးသား၏ အစိတ်အပိုင်းများကို စွန့်လွှတ်ပေးအပ်လိုသော်လည်း ရှက်နေ၊ ကြောက်နေ၊ တွန့်ဆုတ်နေသူ တော်တော်များများထံမှ စာများ ကျွန်တော့်ထံ ရောက်လာသည်။ သူတို့နှလုံးသားထဲက ယိုစိမ့်ထွက်လာသော ရိုးရိုးစင်းစင်း လက်ဆောင်မွန်ကလေးများကို ဟားတိုက်ရယ်မောခံရမှာ၊ သရော်လှောင်ပြောင်ခံရမှာ သူတို့ စိုးရိမ်ကြသည်။ "တစ်ဦးတစ်ယောက်ကို ပေးအပ်ရလောက်အောင် အရေးပါအရာရောက်တဲ့ လက်ဆောင်မျိုး ကျွန်မမှာ မရှိပါဘူး" ဟု စာရေးသူတစ်ဦးက အားငယ်စွာ ဖော်ပြထားသည်။

သူမ ထင်နေတာ မမှန်ပါ။ သင်ပေးအပ်ဖို့ ကမ်းလှမ်းနေသည့် အရာသည် လောက်လောက်လားလား တန်ဖိုးမရှိဟု သင်က ထင်မြင်ကောင်း ထင်မြင်နေမည် ဖြစ်သော်လည်း ထိုအရာသည် အခြားတစ်ဦးတစ်ယောက်၏ ဘဝလိုအပ်ချက်ကို ဖြည့်ဆည်းပေးသလို ဖြစ်ကောင်းဖြစ်နေပါမည်။ ထိုသို့ ဖြည့်ဆည်းပေးလိုက်သလို ဖြစ်သွားလျှင် သင့်လုပ်ရပ်ကလေးက ကမ္ဘာ့လူသားများ၏ ပျော်ရွှင်ချမ်းမြေ့မှုကို စက္ကန့်ပိုင်းစာလောက်ကလေး ဖြစ်ဖြစ် ထပ်ဖြည့်ပေးလိုက်သည့်နှယ် ဖြစ်သွားပါမည်။

တကယ်တော့ ယနေ့ကမ္ဘာကြီးသည် ကြောက်ရွံ့စိုးရိမ်မှုတွေ၊ သံသယတွေ လွှမ်းနေ၏။ ကမ္ဘာ့လူသားများ၏ စိတ်



နှလုံးများ ညှိုးချုံးနေ၏။ သောကတွေ ဖိစီးနေ၏။ ဤသို့သော ကယောက်ကယက်ခေတ်ကြီးတွင် ကျွန်တော်တို့ စွမ်းအားဖြင့် နှင်းဆက်ပေးအပ်နိုင်သော တန်ဖိုးအကြီးဆုံး လက်ဆောင်မွန်မှာ စိတ်ချမ်းသာမှုသာဖြစ်ပါသည်။

သင့်နှလုံးသား၏ တစ်စိတ်တစ်ပိုင်းကို နှင်းဆက်ပေးအပ်နည်းတွေ မြောက်မြားစွာရှိ၏။ သို့သော် ထိုသို့ ပေးအပ်ခြင်းအမှုအားလုံးသည် တစ်နေရာတည်းမှ စတင်စီးဆင်းပါသည်။ ထိုနေရာကား သင့်နှလုံးသားပါတည်း။ ပြင်သစ်စကားပုံတစ်ခုက ဆိုထားသည်မှာ "*သူ့နှလုံးသားကို ပေးအပ်သမှု မပြုသူသည် ဘာမျှ ပေးအပ်ရာမရောက်*" ဟူ၏။

သို့ဖြစ်ရာ သင့်နှလုံးသား၏ တစ်စိတ်တစ်ပိုင်းသည် သင့်ဝန်းကျင်မှ လူအများ၏ ပျော်ရွှင်ချမ်းမြေ့မှုကို ထပ်ဖြည့်ပေးမည့် လက်ဆောင်မွန် ဖြစ်၏။ ထိုလက်ဆောင်မွန်သည် သင့်ရင်ထဲ မှာ အသင့် သိုလှောင်ပြီးသား ရှိနေ၏။ သင့်ဝန်းကျင်မှ လူအများ၏ ပျော်ရွှင်မှုကို ဖြည့်ဆည်းပေးခြင်းဖြင့် သင်ကိုယ်တိုင်၏ ဘဝသည်လည်း ပျော်ရွှင်တက်ကြွဖွယ် ကောင်းလာမည်။ လှုပ်လှုပ်ရှားရှား စိတ်ဝင်စားဖွယ် ကောင်းလာမည်။ ထိုသို့ ဘဝမျိုး ပိုင်ဆိုင်လိုသည်ဆိုလျှင် သင့်ရင်ထဲက သင့်လက်ဆောင်မွန်တွေကိုသာ ပေးအပ်နှင်းဆက်ပါလေ။ လူတစ်ဖက်သားအား ပျော်ရွှင်ကြည်နူးစေသည်မှာ စိတ် ဖြစ်ပါသည်။ ရုပ်ဝတ္ထုများ မဟုတ်ပါချေ။

သင့်မှာ ရုပ်ပစ္စည်းများ ချို့တဲ့လို့ သို့မဟုတ် ငွေကြေး မဖူလုံလို့ သင့်အနေဖြင့် ပူပင်သောကဖြစ်ရန်အကြောင်း လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ သင့်အနေဖြင့် သင်၏ နှလုံးသား အစိတ်အပိုင်းများကို ရက်ရက်ရောရော ဖောဖောသီသီ ပေးလိုသည်ဆိုလျှင် ပေးလို့ ရ၏။ ပြီးတော့ သင်၏ စေတနာ၊ သင်၏ ရက်ရောမှုအတွက် သင်ပြန်ရနိုင်သည်မှာ ပီတိဝေဖြာ စိတ်ချမ်းသာမှုဖြစ်၏။ ထိုသို့ စိတ်ပျော်ရွှင်မှုရရေးအတွက် သင်၏ပိုက်ဆံအိတ်ကို စမ်းကြည့် နေဖို့ မလိုပါ။

"သင့်မှာရှိတာကို ပေးအပ်စွန့်ကြဲပါ။ သင်ပေးအပ် လိုက်သည့်အရာသည် တစ်စုံတစ်ဦးအတွက် သင်ထင်ထားသည် ထက် ပိုပြီးတန်ဖိုးရှိနေပါလိမ့်မည်" ဟု စာဆိုတော်ကြီး လောင်း ဖဲလိုးက ရေးသားခဲ့ပါသည်။

• • •

လူတစ်ဦးက ပေးအပ်နှင်းဆက်လို့ရသည့် အရာတွေ များစွာများစွာ ရှိ၏။ ထိုအရာတွေက လက်ခံရရှိသူကို ပျော်ရွှင် ကြည်နူးမှု ဖြစ်ပေါ်စေ၏။ ထိုသို့ ပေးအပ်လို့ရသည့် အရာအား လုံးထဲတွင် ငွေကြေးသည်လည်း တစ်မျိုးအပါအဝင် ဖြစ်၏။ တစ်ခုတော့ရှိသည်။ လက်ခံရရှိသူ ခံစားရသည့် ပျော်ရွှင်ကြည်နူး မှုတွေထဲတွင် ပိုက်ဆံ သို့မဟုတ် ငွေကြေးက ဖော်ဆောင်ပေး သည့် ပျော်ရွှင်ကြည်နူးမှုသည် သက်တမ်းအတိုဆုံးဖြစ်နေနိုင်၏။ နောက်ပြီး ပေးအပ်သူကို ပြောင်းပြန်ရလဒ် ဖြစ်ပေါ်စေတတ်သည် မှာလည်း ငွေကြေးပင်ဖြစ်၏။ မကြာမကြာ တွေ့ရတတ်သည်မှာ ငွေကြေးက အထင်မှား အမြင်မှား အာရုံမှားမှုများ ဖြစ်ပေါ်စေ ခြင်းပင်။ တစ်ခါတစ်ရံတွင် ခင်မင်ရင်းနှီးမှုများပင် ပျက်ပြားစေ



နိုင်၏။ သင်သည် ငွေကြေးပေးကမ်းခြင်း မပေးမဖြစ် ပေးရမည် ဆိုလျှင် မီဂဲလ်ဒီယူနာမူနို၏ စကားကို နှလုံးသွင်းထားပါလေ။ ဆရာကြီးက အမြော်အမြင်ကြီးစွာ မိန့်ကြားသွားခဲ့သည်မှာ "သင် ပေးလိုက်သည့် ငွေအသပြာစကလေးက အဓိက မဟုတ်။ အဓိက မှာ ထိုငွေအသပြာစက သယ်ဆောင်သွားသည့် စေတနာ သဒ္ဓါ တရားသာဖြစ်သည်" ဟူ၏။

နယူးအင်္ဂလန်သားတစ်ယောက် ရေးသားခဲ့သည်မှာ "သိသိသာသာ တန်ဖိုးရှိသည့် ဥစ္စာပစ္စည်းတစ်ခုခုအစား သင့် နှလုံးသား၏ အစိတ်အပိုင်း သေးသေးကလေးတစ်ခု ပေးအပ်ဖို့ ဆိုသည်မှာ သတ္တိရှိဖို့လို၏။ သို့သော် ကျွန်တော့်တွင် သုံးစွဲဖို့ ငွေအသပြာမရှိသည့်တိုင် ကျွန်တော့်ကိုယ်ကျွန်တော် သုံးစွဲလို့ ရနိုင်မည့် နည်းလမ်းတော်တော်များများကိုတော့ ပျော်ရွှင်တက်ကြွ ဖွယ် စိတ်ကူးလို့ရခဲ့၏" ဟူ၏။

'တစ်ဦးတစ်ယောက်၏ နှလုံးသားကို သုံးစွဲဖို့' ဆိုသည့် အယူအဆကို ကျွန်တော်နှစ်ခြိုက်သည်။ သို့သော် နှစ်တွေ ကြာ ညောင်းလာတော့ သုံးစွဲခြင်းဆိုသည့် အယူအဆအစား ရင်းနှီး မြှုပ်နှံခြင်းဆိုသည့် အယူအဆကို ပိုပြီး သဘောကျလာသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက အမျိုးသမီးတစ်ဦး ထံမှ စာတစ်စောင် ကျွန်တော် လက်ခံရရှိသည်။ စာထဲတွင် စွန့်လွှတ် ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကျွန်တော် ရေးထားသည့် ဆောင်းပါးတစ်ပုဒ်ကို ဒေါသဖြင့် ထောက်ပြဝေဖန်ထားသည်။ သူမက ထောက်ပြသည်မှာ သူမ၏ ခင်ပွန်းသည် သည် ပေးကမ်းစွန့်ကြဲသူတစ်ဦးဖြစ်ကြောင်း၊ သူမ၏ခင်ပွန်းသည်က

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ငွေတွေ၊ သူတို့၏ အစားအစာတွေ၊ သားသမီးများ၏ အဝတ်အစားတွေ၊ ကုန်ကုန်ပြောရလျှင် သူတို့၏ အိမ်သုံးပစ္စည်းကိရိယာများကိုပင် ပေးကမ်းပစ်ခဲ့ကြောင်း၊ ယခုဆိုလျှင် သူတို့မိသားစုသည် ဆင်းရဲမွဲတေသည့် အဆင့်သို့ပင် ရောက်နေပြီဖြစ်ကြောင်း ဖိုညည်းဖော်ပြထား၏။

ထိုသို့သော ပေးအပ်နည်းမျိုးကိုတော့ ကျွန်တော်သည်းမခံနိုင်ပါ။ ငွေကြေးနှင့် ပစ္စည်းကိရိယာများသည် တစ်ဦးတစ်ယောက်၏ အိမ်ထောင်စုအတွက် ထိပ်တန်းဦးစားပေးအဖြစ်ထားဝစဉ် သတ်မှတ်ထားရမည်ဟု ကျွန်တော် ယုံကြည်သည်။ လူတစ်ဦးသည် အခြားသူများ ပိုင်ဆိုင်သည့် ပစ္စည်းပစ္စယများကို စေတနာရေစီးကမ်းပြိုလိုက်လို့ပဲဖြစ်ဖြစ်၊ တခြားဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ပေးကမ်းစွန့်ကြဲပစ်ခွင့် မရှိပါ။ ဤစာအုပ်သည် သင့်ကိုယ်သင် ပေးဆက်အပ်နှင်းခြင်းအကြောင်း ဖြစ်ပါသည်။

သင်သည် တစ်စုံတစ်ဦးအား ပျော်ရွှင်ကြည်နူးမှု ဖော်ဆောင်ပေးဖို့ အားထုတ်နေသည်။ နောက်ပြီး စာမဖွဲ့လောက်သော အသေးအဖွဲကိစ္စလေးများက သင့်အား ပျော်ရွှင်ကြည်နူးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်းကို အတွေ့အကြုံများအရ သင်သိထားသည်။ သင့်အိမ်အကြောင်း သို့မဟုတ် သင့်ကလေးတွေအကြောင်း သို့မဟုတ် သင့်ဦးထုပ်အသစ်ကလေးအကြောင်း ချီးကျူးစကားလေးတစ်ခွန်း၊ စာတိုကလေးတစ်စောင်၊ တယ်လီဖုန်းတစ်ချက် လှမ်းဆက်ခြင်း ဆိုသည့် အပြုအမူများက ရိုးစင်းပါသည်။ သေးဖွဲပါသည်။ ငွေကြေးတန်ဖိုးဖြင့် တိုင်းတာလျှင် ဘာမျှ မဖြစ်လောက်။ သို့ပေမဲ့ ထိုအပြုအမူကလေးများက သတိ



တရ ရှိခြင်း၊ လေးလေးနက်နက် သဘောထားတတ်ခြင်း တို့ကို ဖော်ပြနေ၏။ ခင်မင်ရင်းနှီးခြင်း၊ ထောက်ထားစာနာတတ်ခြင်းတို့ကို ဖော်ကျူးနေ၏။ ဤသို့သော ရိုးရိုးစင်းစင်း လက်ဆောင်မွန်ကလေးတစ်ခုက သင့်အား အနည်းဆုံး တစ်နာရီလောက်တော့ ကြည်နူးနေစေလိမ့်မည်။ သို့မဟုတ် တစ်နေ့တာလုံးပင် အပြုံးဝင်းပဖြင့် ပီတိဖြာချင်ဖြာနေပါလိမ့်မည်။ ဤပေးဆက်နည်းများကား အစစ်မှန်ဆုံး ပေးဆက်နည်းများပါတည်း။ ဘာကြောင့်ဆို ဤအပြုအမူများသည် နှလုံးသားမှ ယိုစီးလာသောကြောင့် ဖြစ်၏။ စကားအဖြစ် ပြောရလျှင် ဤအပြုအမူများသည် ပေးဆက်သူ နှလုံးသား၏ အစိတ်အပိုင်းများ ဖြစ်နေသောကြောင့်ပါ။

ပျော်ရွှင်မှုကို တစိမ့်စိမ့် စုပ်ယူသောက်သုံးရပါမည်။ ပျော်ရွှင်မှုတွေ ဘဝထဲတွင် ခန်းခြောက်သွားလောက်အောင် တစ်ကျိုက်ပြီးတစ်ကျိုက် အငမ်းမရ မသောက်သုံးရပါ။ ထိုနည်းတူစွာပင် ဘုံပိုင်ခေါင်းမှ ရေတွေ တသွင်သွင် အလျှဉ်မပြတ် စီးကျနေသလိုလည်း မဖြစ်သင့်ပါ။

သင့်နှလုံးသား၏ တစ်စိတ်တစ်ပိုင်းသည် တစ်စုပ်မျှသော ပျော်ရွှင်မှု ဖြစ်၏။ ၎င်းပျော်ရွှင်ကလေးအတွက် ရင်းနှီးပေးဆပ်ရခြင်းမရှိ။ ကုန်ကျစရိတ်မရှိ။ သို့သော် ကျေနပ်နှစ်သိမ့်မှုတော့ အများကြီး ရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

# သင့်နှလုံးသားမှာ ဖြစ်ထွန်းလာသည့် အကြွင်နာတရား၏ ဆန္ဒကို လိုက်နာပါ

သင့်ကိုသင် အောင်မြင်စွာ ပေးဆက်ခြင်း၏ လျှို့ဝှက်ချက်မှာ ကြိုတင်တွက်ချက်ထားသော လုပ်ဆောင်ချက်များနှင့် မဆိုင်ပါ။ ဥပမာ တစ်စုံတစ်ယောက်နှင့် မိတ်ဆွေဖြစ်အောင် ကြိုတင်စီစဉ် မိတ်ဖွဲ့ခြင်းမျိုးနှင့် မဆိုင်ပါ။ သို့သော် သင့်နှလုံးသားမှာ ဖျိုးခနဲဖျပ်ခနဲ ဖြစ်ပေါ်လာသည့် ထောက်ထားစာနာစိတ်ကလေးအတိုင်း လိုက်နာကျင့်ကြံခြင်းမျိုးနှင့်တော့ ဆိုင်၏။ ထိုသို့သော ထောက်ထားစာနာစိတ်ကလေး ပြန်ပြီးသွေးအေးမသွားမီ ထိုဆန္ဒအတိုင်း ချက်ချင်း ကောက်ကာငင်ကာ လုပ်ကိုင်ဆောင်ရွက်တတ်ရေးကိုမူ သင့်ကိုယ်သင် လေ့ကျင့်ပေးရပါမည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ဆန္ဒအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်နောက်ကိုယ်ပါ ပေးအပ်မိပြီဆိုလျှင် သင့်ရင်တွင်းတွင် တစ်စုံတစ်ခု ဖြစ်ထွန်းလာ၏။ ဖြစ်ထွန်းလာသော ထိုတစ်ခု တစ်ခုက သင့်အား ပီတိကိုပေး၏။ ၎င်းပီတိသည် တစ်ခါတစ်ရံ နာရီပေါင်းများစွာကြာအောင် သင့်ရင်ထဲ ဖြာဝေနေပါလိမ့်မည်။

စိတ်နောက်ကိုယ်ပါ ပေးအပ်ခြင်းက မိတ်သစ်ဆွေသစ်များ မကြာမကြာ ရစေ၏။ သို့မဟုတ် စိတ်ဝင်စားဖွယ် စွန့်စားခန်းလေးများ ကြုံရစေ၏။ စစ်အတွင်း ဓာတ်ဆီပြတ်လတ်နေသည့်ကာလ မွန်းလွဲပိုင်းတစ်ခုတွင် မတ်ဆောက်သော တောင်ကုန်းပေါ်ရှိ ကျွန်တော့်အိမ်ဆီသို့ ကားမောင်းပြန်လာသည်။ လမ်းနံဘေးတွင် တွေ့ရသည်မှာ စားသောက်ကုန်များ ထည့်ထားသည့် ဈေးခြင်းတောင်းကြီးနှစ်လုံး ဆွဲလာသည့် အမျိုးသမီးတစ်ဦး။ ကျွန်တော့်စိတ်ထဲ ဖျပ်ခနဲပေါ်လာသည့် ဆန္ဒမှာ ကားကိုရပ်ပြီး သူမ ကားကြုံလိုက်လိုသလားဟု မေးဖို့ဖြစ်၏။ တစ်ခုရှိတာက ကျွန်တော့်ကားကို မတ်ဆောက်သော တောင်တတ်လမ်းပေါ်မှာ ရပ်ရမည်။

“ဒီတောင်ကုန်းပေါ် ရှေ့တစ်ဖြတ်လောက်မှာရှိတဲ့ လမ်းတစ်လမ်းထဲမှာ ဒီအမျိုးသမီး နေတာ ဖြစ်ချင်ဖြစ်မှာပေါ့” ဟု ကျွန်တော် တစ်ကိုယ်တည်း ဖြေတွေး တွေးသည်။ သို့ပေမဲ့ ကျွန်တော့်စိတ်ဓာတ ကျွန်တော့်ဆင်ခြေကို ချေမှုန်းပစ်လိုက်သည်။ သို့ဖြင့် ကျွန်တော် လမ်းနံဘေးတွင် ကားထိုးရပ်လိုက်၏။

“ကျွန်တော် ကားနဲ့ လမ်းကြုံတင်ခေါ်သွားရမလား” ဟု ကျွန်တော်မေးလိုက်သည်။



အမျိုးသမီး ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် ကားပေါ်တက်သည်။ သူမသည် ဟင်းစားတွေဝယ်ဖို့ တစ်ပတ်နှစ်ကြိမ် ဈေးရှိသည့် ရွာရှိရာသို့ နှစ်မိုင်မျှ ခြေကျင်သွားခဲ့ရပြီ။ ယခု ထိုရွာမှ ဈေးဝယ်ပြီး ခြေကျင်ပြန်လျှောက်လာရခြင်း။ ထိုသို့သော အခြေအနေတွင် ယခုလို ကားဖြင့်တင်ခေါ်မည့်သူ မိုးပေါ်ကကျလာသလို ကြုံရတော့ သူမ လှိုက်လှဲဝမ်းသာမဖြစ်ဘဲ နေနိုင်ပါမည်လား။

နောက်ဆုံးတော့ သူမသည် ကျွန်တော့်အိမ်ရှိသည့် လမ်း၏ လမ်းထိပ်ကွေ့ကလေးတွင်နေသူ ဖြစ်နေသည်။ ထိုအိမ်သို့ သူမ ပြောင်းရွှေ့လာသည်မှာ သိပ်မကြာသေး ဟုဆိုသည်။ သည်တော့ ကျွန်တော့်နှလုံးသားမှာ ဖြစ်ထွန်းလာသည့် အကြင်နာတရား၏ ဆန္ဒကို ကျိုးနွံလိုက်နာခြင်းအားဖြင့် အိမ်နီးနားချင်း မိတ်သစ်ဆွေသစ်တစ်ဦး ရခဲ့ပါတော့သည်။

• • •

များမကြာသေးမီက ကျွန်တော် ရထားတစ်စီးပေါ်တွင် ညစာစားနေသည်။ ကျွန်တော် သောက်ရသည့် စွပ်ပြုတ်မှာ ကောင်းလိုက်သည့်ဖြစ်ခြင်း။ စိတ်နောက်ကိုယ်ပါပင် စားပွဲထိုးအားခေါ်ပြီး ပြောလိုက်မိ၏။

“စားဖိုမှူးကို တစ်ဆိတ်လောက် ပြောလိုက်စမ်းပါကွာ၊ နို့စွပ်ပြုတ်က အရမ်း အရသာရှိတာပဲ လို့”

စားပွဲထိုး ပထတော့ အံ့အားသင့်နေသည်။ နောက်တော့ ဝမ်းသာကြည်နူးသွားသည်။ စားပွဲထိုးနည်းတူ စားဖိုမှူး

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည်နူးကျေနပ်မှာ သေချာပါသည်။ ဘာကြောင့်ဆို အချိုပွဲအတွက် သစ်ခွနံ့သက် ရေခဲမုန့်တစ်ခွက် ကျွန်တော် မှာလိုက်သောအခါ တည်ခင်းလာသည့် ရေခဲမုန့်ပေါ်တွင် ချေထားသည့် စတော်ဘယ်ရီသီးတွေ ထပ်အုပ်ပေးလိုက်သောကြောင့် ဖြစ်၏။ စင်စစ် အစားအသောက်စာရင်းတွင် ထိုသို့သော အတွဲအဖက်နှင့် ရေခဲမုန့်မျိုး မပါရှိပါချေ။ စားဖိုမှူးသည်လည်း သူ၏နှလုံးသားဆန္ဒကို နာခံလိုက်လျောခဲ့ခြင်းအားဖြင့် ကျွန်တော့်ကို အံ့သြဝမ်းသာစေခဲ့လေသည်။

သင်သည် နှလုံးသား၏ တောင်းဆိုမှုကို ကျိုးနွံနာခံပြီး နှင်းဆက်ပေးအပ်ခြင်းအမှုကို ပြုသောအခါ ဘာတွေဖြစ်ပြီး ဘာတွေပျက်လာမည် ဆိုသည်ကို ဘယ်သူမျှ သေချာတပ်အပ် မပြောနိုင်ပါချေ။

• • •

"ခင်ဗျား ... စိတ်နောက်ကိုယ်ပါ လုပ်တဲ့အခါတွေကျတော့ စိတ်မြန်လက်မြန် လုပ်လွန်းရာ ရောက်ပြီး စိတ်ကသိကအောက် ဖြစ်ရမယ့် အနေအထားမျိုးတွေ ရောက်မသွားတတ်ဘူးလား"

ဤမေးခွန်းကို ကျွန်တော် မကြာခဏ အမေးခံခဲ့ရ၏။

ဟုတ်ကဲ့၊ ထိုအနေအထားမျိုးတွေ မကြာမကြာရောက်သွားတတ်ပါသည်။ သို့ပေမဲ့ ရောက်တော့ကော ဘာဖြစ်သေးလဲ။ ကျွန်တော်တို့သည် ဘဝမှ ပျော်ရွှင်မှုတွေ ထုတ်ယူရမည်ဆို မဟုတ်လား။ ကျွန်တော်တို့ စိတ်နောက်ကိုယ်ပါ မလုပ်ဆောင်ကြသောကြောင့် ဆုံးရှုံးနစ်နာခဲ့တာတွေ များလှပါပြီကော။ ထို့ကြောင့် စွန့်စားခန်းလေးတွေ တွေ့လိုတွေ့ငြားဆိုပြီး အရဲကိုးစွန့်စားမှုကလေးတွေ အနည်းအကျဉ်းတော့ လုပ်ကြည့်ဦးမှပါဟု ကျွန်တော် စဉ်းစားကြံဆခဲ့ပါသည်။



• • •

စိတ်နောက်ကိုယ်ပါ ပေးအပ်ခြင်းအမှုတွင် လေးနက်သော သွင်ပြင်လက္ခဏာရပ်လည်း ရှိပါသည်။ ကျွန်တော်တို့၏ စိတ်နောက်ကိုယ်ပါ အပြုအမူတစ်ခုသည် ကျွန်တော်တို့၏ မိတ်ဆွေတစ်ဦး သို့မဟုတ်၊ အိမ်နီးနားချင်းတစ်ဦး၏ ဘဝတွင် အရေးပါသော ဖြစ်ရပ်တစ်ခု ဖြစ်သွားမည်လား မဖြစ်ဘူးလား ဆိုတာကို ကျွန်တော်တို့ ဘယ်တော့မျှ ကံသေကံမ မပြောနိုင်ကြပါ။

ကျွန်တော်နှင့် သိကျွမ်းသည့် သွားစိုက်ဆရာဝန်တစ်ဦးသည် ဘော့စတွန်တွင် ဆေးခန်းဖွင့်ထားသည်။ သူ့လုပ်ငန်း အောင်မြင်ဖို့ အနိုင်နိုင် ကြိုးစားနေရသည်။ သို့ပေမဲ့ မအောင်မြင်။ သူ့မှာ ခြူးတစ်ပြားမျှ မရှိတော့။ ဘိုင်အကျကြီး ကျနေပြီ။ ဖေဖော်ဒါရီလ၏ အေးစက်ပြီး မှောင်ကုပ်ကုပ် နံနက်ခင်းတစ်ခုတွင်တော့ သူဆုံးဖြတ်ချက် ချလိုက်သည်။ ဘော့စတွန်တွင် ဝမ်းကျောင်းလုပ်ငန်းတစ်ခု ထူထောင်ဖို့ စိတ်ကူးယဉ် အိပ်မက်တွေကို စွန့်လွှတ်လိုက်တော့မည်။ မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က သူ့မိတ်ဆွေတစ်ဦးသည် သူ ဆေးခန်းဖွင့်ထားသည့် နိုညိုရောင် သဲကျောက်အဆောက်အဦကြီးရှေ့မှ ဖြတ်လျှောက်သွားသည်။ သူတို့နှစ်ဦး လွန်ခဲ့သည့် တနင်္ဂနွေနေ့ကပင် ဘုရားကျောင်းမှာ ဆုံခဲ့ကြသေးသည်။ ထိုစဉ်က သူငယ်ချင်းဖြစ်သူ သွားဆရာဝန်ကို ကြည့်ရတာ မျက်နှာ သိပ်မကောင်း။ စိတ်ဓာတ်ကျနေပုံရသည်ဟု သူ ထင်ခဲ့သည်။ ဆရာဝန့်သူငယ်ချင်းသည် စိတ်ထဲ ဖျိုးခနဲဖျပ်ခနဲ ပေါ်လာသည့် စာနာစိတ်ကလေးကြောင့် သူ့သူငယ်ချင်းကို ဝင်တွေ့လိုက်ဦးမည် ဟုဆုံးဖြတ်သည်။ ထိုအဆောက်အဦကြီး၏ လှေကားထစ်များအတိုင်း တက်သွားတော့ လှေကားထစ်များအတိုင်း ဆင်းလာသည့် သွားနှင့်ခံတွင်းဆရာဝန်နှင့် ပက်ပင်းတိုးနေတော့၏။

"နေစမ်းပါဦး … မနက်စောစောစီးစီး အချိန်ကြီးမှာ ခင်ဗျားက ဘယ်ကိုသွားမလို့လဲဗျ" ဟု မိတ်ဆွေဖြစ်သူက ရွှင်လန်းတက်ကြွစွာ မေးသည်။

သည်တော့ သူ့ဆေးခန်းကို ပိတ်ဖို့ဆုံးဖြတ်ထားပြီဖြစ်ကြောင်း၊ ယခု သူ့ပစ္စည်းများကို ဓာတ်မြို့ကလေးသို့ တင်ပို့ဖို့ စီစဉ်နေကြောင်း ဆရာဝန်က စိတ်ပျက်လက်လျှော့ ဝန်ခံစကားဆိုသည်။ "ဘော့စတွန်မှာ ဆက်နေလို့ မဖြစ်တော့ဘူးဗျ၊ လုပ်ငန်းက လုံးဝမအောင်မြင်ဘူး" ဟုလည်း ကြေကွဲဝမ်းနည်းစွာ ညည်းသည်။

ထိုအခါ သူငယ်ချင်းဖြစ်သူက ဆရာဝန်၏ ပခုံးကို ဖက်သည်။ နောက်ဘက်သို့ ဆွဲလှည့်သည်။ ပြီးတော့ လှေကားထစ်များအတိုင်း တွန်းတင်သွားသည်။



"အဲဒီတံခါးကို သော့ဖွင့်" သူငယ်ချင်း အမိန့်ပေးသည်။ "မီးတွေဖွင့်ကွာ … မီးတွေ အကုန်ဖွင့်။ တစ်ခန်းလုံး လင်းရှင်းတောက်ပပြီး လန်းဆန်းတက်ကြွနေအောင် ခင်းကျင်းထားကွာ။ မင်း နှစ်ရှည်လများ ဒီဆေးခန်းထဲမှာ ရင်းနှီးမြှုပ်နှံလာခဲ့ပြီး ခုချိန်ကျမှ လက်မြှောက် အရှုံးပေးရမယ်လို့ကွာ။ ကဲကဲ … လုပ်စရာ ရှိတာဆက်လုပ်။ တာ့တာ"

သူငယ်ချင်းဖြစ်သူက သွားဆရာဝန်၏ ကျောပြင်ကို တရင်းတနှီး ပုတ်သည်။ ပြီးတော့ လှည့်ထွက်သွားသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် မိတ်ဆွေတစ်ဦး၏ ထောက်ခံချက်ကြောင့် သွားဆရာဝန့်ထံ အမျိုးသမီးတစ်ဦး ရောက်လာသည်။ အမျိုးသမီး၏ သွားကို ရက်သတ္တပတ်ပေါင်း တော်တော်ကြာအောင် ကုသပေးရသည်။ ထိုအမျိုးသမီးတစ်ဦးတည်းကပင် ဆေးကုသခ ဒေါ်လာ ၃၀၀ ပေးရသည်။ နောက်ပိုင်း ထိုအမျိုးသမီး၏ အားတက်သရော ထောက်ခံမှုကြောင့် အခြားအခြားသော သွားဝေဒနာရှင်တွေ တဖွဲဖွဲ လာရောက်ကုသကြသည်။ အခြေအနေက ရေစီးတစ်ခါ ရေသာတစ်လှည့် ဖြစ်သွားလေပြီ။ များမကြာမီအတွင်း သွားဆရာဝန်ကလေး အောင်မြင်လာသည်။ ဆေးခန်း မပိတ်ရတော့။ သူ၏ ဝမ်းကျောင်းလုပ်ငန်းကို စွန့်ပစ်ခြင်းလည်း မပြုရတော့။ နောက်တော့ သူသည် နာမည်ကြီးထိပ်တန်း သွားနှင့်ခံတွင်းရောဂါကု ဆရာဝန်တစ်ဦး ဖြစ်လာတော့၏။ ဤကား မှောင်ကုပ်ကုပ် ချမ်းချမ်းစီးစီး နံနက်ခင်းတစ်ခုတွင် သူငယ်ချင်းတစ်ဦး၏ စိတ်နောက်ကိုယ်ပါ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ချက်ကလေးသည် သွားဆရာဝန်၏ ဘဝတွင် အရေးပါသော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်စေခဲ့သည့် သာဓကေပါတည်း။

တစ်နေ့တွင် အင်္ဂလန်မှ အမျိုးသမီးတစ်ဦး ရေးပို့လိုက်သည့် စာတိုကလေးတစ်စောင် ကျွန်တော့်ထံ ရောက်လာသည်။

*ဒီနေ့ ကျွန်မစိတ်တွေ လေးလံထိုင်းမှိုင်းနေတယ်။ စိတ်ပျက်ညှိုးငယ်နေတယ်။ အိမ်တွင်းရေးပြဿနာတွေက ပူပင်သောကပွားစရာတွေ ဖြစ်နေတယ်လေ။ ဒါနဲ့ စာရင်းတွေတွက်ဖို့ စာရေးစားပွဲမှာ ထိုင်လိုက်တယ်။ ဒါပေမဲ့ ဘာအလုပ်မှ မစရသေးမီ စားပွဲပေါ်က ရီးဒါးစ်ဒိုင်ဂျက် စာအုပ်ကို ကောက်ကိုင်ပြီး ရှင်ရေးထားတဲ့ ဆောင်းပါးကို ဖတ်မိတယ်။ ဖတ်လို့လည်း ပြီးရော "ဟာ ... တယ်ကောင်းပါလားဟ" လို့ တစ်ကိုယ်တည်း ကျိတ်ပြီး ရေရွတ်မိတယ်ရှင့်။ စောစောက ကျွန်မ ခံစားနေရတဲ့ စိတ်ပျက်အားငယ်မှုတွေ ပျောက်သွားပြီး တော်တော်ကလေး ရွှင်လန်းတက်ကြွလာတယ်။ "လူတစ်ယောက်ဟာ စိတ်ထဲ ရုတ်ချည်းဖြစ်ပေါ်လာတဲ့ စေ့ဆော်မှုကလေး သွေးအေးမသွားမီ မြန်မြန်ထက်ထက် အကောင်အထည်ဖော်ရမယ်" လို့ ရှင်ရေးထားတယ် မဟုတ်လား။ ဒီတော့ ကျွန်မရဲ့ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဖော်ပြတဲ့ စာကို ချက်ချင်းလက်ငင်းပဲရေးပြီး ပို့ပေးလိုက်တယ်လေ။*

အတ္တလန်တစ် သမုဒ္ဒရာကြီးကို ဖြတ်ကျော်ပေးပို့လိုက်တဲ့ သူမရဲ့ စိတ်နှောက်ကိုယ်ပါ စာတိုကလေးသည် ကျွန်တော် စိတ်ဓာတ်ကျနေချိန်တွင် ရောက်လာပြီး ကျွန်တော့်ကို အားရရွှင်ပျအောင် လုပ်လိုက်နိုင်ကြောင်းကိုတော့ သူမ သိနိုင်မည် မဟုတ်ပါ။ တကယ်တော့ ကျွန်တော့်ဆောင်းပါးက သူမ၏ ဓိတ်ဓာတ်ကို ဆွဲတင်ပေးခဲ့သလို သူမ ရေးလိုက်သည့် စာတိုကလေးကလည်း ကျွန်တော့်ကို တက်ကြွရွှင်လန်းလာအောင် စွမ်းဆောင်နိုင်ခဲ့ပါပေသည်။



ထိုဆောင်းပါးကိုပင် ဖတ်မိပြီး နှစ်ထောင်းအားရဖြစ်သူ တစ်ဦးထံမှ စာတစ်စောင်လည်း ကျွန်တော့်ထံ ရောက်လာ၏။

*ကျွန်တော်က စာတစ်ပုဒ်ဖတ်ပြီးရင် မေ့မေ့ပျောက်ပျောက် နေလိုက်တာ အကျင့်ကြီးဖြစ်နေသူတစ်ဦးပေါ့။ ဒါပေမဲ့ ဆရာ့ဆောင်းပါးကို ဖတ်ရပြီးချိန်မှာ ဖြစ်ပေါ်လာတဲ့ ပထမအတွေးက ဆရာ့ဆောင်းပါးကို ကျွန်တော် ဘယ်လောက်သဘောကျနှစ်ခြိုက်ကြောင်း စာတစ်စောင် ရေးပို့ဖို့ပါပဲ။ နောက်တော့ ဆရာ့ဆောင်းပါးရဲ့ အသက်ဖြစ်တဲ့ သဘာဝစေ့ဆော်မှုအတိုင်း ကျွန်တော် မလိုက်နာမိပါကလားဆိုတာ သိလာတယ်။ အရင်ကဆို ဒီဆန္ဒမျိုးကို ရှေ့တန်းတင် မစဉ်းစားမိခဲ့ပါကလားဆိုတာလည်း သိမြင်လာတယ်လေ။ ကျွန်တော့်မိတ်ဆွေတချို့ဆိုရင် စေတနာသဒ္ဓါတရားထက်သန်သူတွေရယ်လို့ ကျွန်တော် အမြဲတမ်း သတ်မှတ်ခဲ့ရသူတွေပါ။ ဒါပေမဲ့ သူတို့အကြောင်း နောက်တစ်ကြိမ် ထပ်စဉ်းစားမိပြီးတဲ့အခါမှာတော့ သူတို့ဟာ 'ပေးအပ်ခြင်း' အမှုပြုရာမှာ တကယ်အောင်မြင်သူတွေပါကလားလို့ ကျွန်တော် ယုံကြည်လာပါတော့တယ်။*

ဤစာကို စာရေးသူသည် အမှန်တရားကို တွေ့သွားသည်။ ပေးအပ်ခြင်းသည် ရက်ရောခြင်း မည်ကာမတ္တ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်ခြင်းသည် ဘဝတစ်ခု အမှန်တကယ် အောင်မြင်ခြင်း၏ အခြေခံအကြောင်းတရား ဖြစ်ပါသည်။

ကျော့မတ်သယူးအဒမ်က သူ၏ သတင်းစာဆောင်းပါး တစ်ပုဒ်တွင် လူတိုင်းလူတိုင်း သီတင်းတစ်ပတ်လျှင် အံ့ဖွယ်နေ့ တစ်နေ့ သတ်မှတ်ထားသင့်ကြောင်း၊ ထိုနေ့ရောက်လျှင် မိတ်ဆွေ အပေါင်းအသင်း သူငယ်ချင်းများအတွက် အံ့သြဝမ်းသာစရာ လုပ်ဆောင်ချက်ကလေးများ ဆောင်ရွက်ပေးသင့်ကြောင်း ရေးသား အကြံပြုထား၏။

ဘာကြောင့် သီတင်းတစ်ပတ်လျှင် အံ့ဖွယ်နေ့ တစ်နေ့တည်း သတ်မှတ်ပါသလဲ။ ဘာကြောင့်နေ့စဉ်နေ့တိုင်းကို အံ့ဖွယ်နေ့အဖြစ် မသတ်မှတ်ပါသလဲ။ သင်သာ ကြည့်တတ်မြင်တတ်၊ ရှာဖွေတတ်လျှင် အံ့ဖွယ်ပေးအပ်ခြင်းအမှု ပြုရန် အခွင့်အလမ်းတွေ ဒုနဲ့ဒေး ရှိပါသည်။

ပျော်ရွှင်ကြည်နူးမှု ပေးသည့် အရာများဟု လူတွေ မျှော်လင့်ထားသည့် အရာများသည် အချိန်ကာလ ကြာညောင်းလာသောအခါ ပျော်ရွှင်ကြည်နူးမှု ပေးနိုင်စွမ်း မရှိတော့။ ထိုသို့သော အချိန်မျိုးတွင် ဖန်တီးပေးလိုက်သော အသေးဖွဲဆုံး အံ့ဖွယ်အပြုအမူကလေးတစ်ရပ်က လတ်ဆတ်သည့် ဘဝအတွယ်အတာကလေး ပွင့်လန်းလာစေ၏။ ဤကား အံ့ဖွယ်ပေးဆပ်ခြင်း၏ ကြီးမားသော အားသာချက်ပါတည်း။



စိတ်နောက်ကိုယ်ပါ ပေးဆပ်ခြင်းသည် ပေးဆပ်ခံရသူကိုရော ပေးဆပ်သူကိုပါ အလွန်မတန် စိတ်ရွှင်လန်းတက်ကြွစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

# ဝါသနာတစ်ခုနှင့် စီးပွားရေးသမား

တချို့လူတွေက သူတို့ကိုယ်သူတို့ တစ်ကိုယ်ကောင်းမဆန်သူများ၊ အတ္တမကြီးသူများအဖြစ် ထုတ်ဖော်ပြသကြ၏။ အခြားအခြားသော သူများကမူ ပေးအပ်ခြင်းအမှုကို အသိစိတ်ကြောင့် သို့မဟုတ် လိပ်ပြာသန့်လိုစိတ်ကြောင့် ပြုမူကြခြင်းဖြစ်၏။ နောက်ထပ် အခြားသူများကတော့ ပေးကမ်းစွန့်ကြဲခြင်းကို ဘာသာရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြသည်။

ယင်းစိတ်စေတသိက်အားလုံးကို ကျွန်တော် လေးစားပါသည်။ တန်ဖိုးထားပါသည်။ သို့ပေမဲ့ ကျွန်တော်ကတော့ ပေးအပ်ခြင်းကို ဝါသနာတစ်ခုအဖြစ် မွေးမြူသည်။ ဘာကြောင့်ဆို ပေးအပ်ခြင်းက ကျွန်တော့်ဘဝကို အသက်ဝင်လှုပ်ရှားစေသောကြောင့်၊ စိတ်လှုပ်ရှားစရာ တက်ကြွစရာ ကောင်းစေသောကြောင့်။ ပေးအပ်ခြင်းဝါသနာကြောင့် ကျွန်တော်မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်း နယ်ကျယ်လာသည်။ ကျွန်တော် ပိုပြီး စိတ်ချမ်းသာသူတစ်ဦး ဖြစ်လာသည်။

ကျွန်တော် ပေးအပ်ခြင်းအမှု ပြုခြင်းသည် တာဝန်ကျေချင်သောကြောင့် မဟုတ်။ လိပ်ပြာသန့်လိုသောကြောင့် မဟုတ်။ ဘာသာရေးတာဝန်ကို ထမ်းဆောင်နေခြင်းလည်း မဟုတ်။ တစ်ကိုယ်ကောင်းမဆန်ကြောင်း ပြသလိုသောကြောင့်လည်းမဟုတ်။ တစ်ကိုယ်ကောင်း မဆန်ခြင်း ဆိုတာကိုပင် ကျွန်တော် စိတ်မဝင်စား။ တစ်ကိုယ်ကောင်းမဆန်ဆိုတာ ကောင်းသော အတွေးအမြင်ကလေးပါ။ လူတွေ ကိုယ့်ကိုယ်ကိုယ် တော်တည့်မှန်ကန်အောင် ထိန်းကျောင်းစေတာပေါ့။

သို့သော် ...

တစ်ကိုယ်ကောင်း မဆန်ခြင်း သို့မဟုတ် အတ္တမကြီးခြင်း၏ ဆန့်ကျင်ဘက် သဘောတရားဖြစ်သည့် တစ်ကိုယ်ကောင်းဆန်ခြင်းကို သေသေချာချာ စေ့ငုကြည့်လျှင် တစ်ကိုယ်ကောင်း မဆန်ခြင်း၏ လုံးဝခြားနားသော သွင်ပြင်လက္ခဏာရပ်တွေ့မြင်ရပါမည်။ အကြောင်းမှာ လုံးလုံးလျားလျား တစ်ကိုယ်ကောင်းဆန်သူ ဘယ်သူမျှ စစ်မှန်သော ပျော်ရွှင်မှုနှင့် ကြာရှည်ခံသော ပျော်ရွှင်မှုကို မခံစားရသောကြောင့် ဖြစ်၏။ ထိုသို့ အတ္တတရား ထိပ်တန်းတင်ပြီး တကယ့်ပျော်ရွှင်မှုကို ကြာတောင့်ကြာရှည် ခံစားခွင့်ရသွားသူ ဟူ၍ ရာစုနှစ်ပေါင်းများစွာ ရှည်လျားသည့် ကမ္ဘာ့သမိုင်းကြောင်းတွင် ရှာမတွေ့နိုင်ပါချေ။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ပြည့်ပြည့်ဝဝနှင့် အနှောင်အတွယ်မဲ့ပေးအပ်သောအခါတွင်မှ ကျွန်တော်တို့ စိတ်ရောကိုယ်ပါ



ချမ်းသာကြသည်မှာ ဘဝ၏ နိယာမတရားတစ်ခုကဲ့သို့ ဖြစ်နေပါပြီ။

အခြားတစ်ဖက်တွင် တစ်ကိုယ်ကောင်းဆန်ခြင်းကတော့ အဆိပ်ရည်ကို တတိတိ သောက်သုံးနေသည်နှင့် တူ၏။ တစ်ကိုယ်ကောင်းဆန်မှုသည် တစ်မျိုးမှ နောက်တစ်မျိုးသို့ ကူးစက်သွားသည်။ နောက်ဆုံး တစ်ကိုယ်လုံး အတ္တတရားတွေ ဖုံးလွှမ်းပြီး ဘဝသည် တဖြည်းဖြည်း ခါးသီးနာကြည်းစရာ၊ စိတ်ပျက်ငြီးငွေ့စရာ ဖြစ်လာ၏။ တစ်ကြိမ်တစ်ခါ တစ်ကိုယ်ကောင်းဆန်လိုက်သူသည် နောက်တစ်ကြိမ်တွင် ပို၍ တစ်ကိုယ်ကောင်းဆန်လာသည်။ နောက်အကြိမ် နောက်အကြိမ်များတွင် ပို၍ပို၍ အတ္တကြီးလာသည်။ အကျိုးအမြတ် ကြီးကြီးမားမားရအောင် ပို၍ ကြီးမားသော အတ္တတရားကို ရှေ့တန်းတင်လာသည်။ ဘယ်သူ့သေသေ ငတေမာအောင် လုပ်ဖို့ ကြိုးစားသည်။ သို့သော် သူတို့ ပြင်းပြင်းထန်ထန် လိုချင်သည့် ရလဒ်များကို အပြည့်အဝရသည် ဟူ၍ မရှိကြ။ နောက်ဆုံး ဓာတ်သိမ်းကတော့ ခါးသီးနာကြည်းမှုတွေ၊ စိတ်ဆင်းရဲမှုတွေသာ ဖြစ်တော့၏။

ပေးအပ်ခြင်းအမှုကတော့ အတ္တအဆိပ်ကို ပျက်ပြယ်စေ၏။ ပျော်ရွှင်ကြည်နူးမှု ဖြစ်ပေါ်စေပြီး နွေးထွေးပျူငှာသော စိတ်ဓာတ်ရင့်သန်စေ၏။

သည်တော့ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် "တစ်ကိုယ်ကောင်းမဆန်သူ"၊ သို့မဟုတ် "စေတနာသဒ္ဒါတရား ထက်သန်သူ"၊ သို့မဟုတ် "ကိုယ်ကျိုးစွန့် အနစ်နာခံသူ" ဟူ၍ မယူဆချင်ပါ။ ကျွန်တော်က ဝါသနာတစ်ခုရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးသမားတစ်ဦးသာ ဖြစ်ပါသည်။

• • •

သင်သည် စွန့်လွှတ်ခြင်းအမှုကို အားတက်သရော ပြုမှုသူတစ်ဦး မဟုတ်သေးလျှင် သင့်ဘဝတွင် ကွက်လပ်တစ်ခု ဟာနေပါသေးသည်။ ၎င်းကွက်လပ်ကို ဤဝါသနာအလုပ်ဖြင့် စိတ်အားထက်သန်စွာ၊ စွန့်စားစွာ ဖြည့်ဆည်းပေးပါလေ။

ဤဝါသနာအလုပ်ကို သင် တကယ်တမ်း လေးလေးနက်နက် လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားလျှင် သင် တာထွက်ကောင်းစေမည့် စည်းမျဉ်းနှစ်ရပ်ကို တင်ပြပါရစေ။

၁။ ရုတ်တရက် ဖြစ်ပေါ်လာသော စေ့ဆော်မှုကလေးများသည် ကြီးမားသော စေ့ဆော်မှုများကဲ့သို့ပင် အရေးပါအရာရောက်ကြောင်း ဘယ်တော့မှ မမေ့ပါနှင့်။ ပြောရမည်ဆိုလျှင် စေ့ဆော်မှုကလေးများက ပို၍ အရေးပါ သေးသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတွန်းအားကလေးများက သင့်တွင် စွန့်လွှတ်ပေးအပ်သည့် အလေ့အထတစ်ခု ရင့်သန်လာအောင် အထောက်အကူ ပြုသောကြောင့်ပင်။ ဤအလေ့အထသည် သင်၏ အကျင့်၊ သင်၏ဝါသနာ ဖြစ်မလာမချင်း စွန့်လွှတ်ပေးအပ်ခြင်း၏ အကျိုးကျေးဇူးကို အပြည့်အဝ ခံစားရမည် မဟုတ်ပါချေ။

၂။ စွန့်လွှတ်ပေးအပ်ခြင်းအမှုကို နံနက်မိုးလင်းသည်နှင့် စောနိုင်သမျှ စောစီးစွာ စတင်ပြုလုပ်ပါ။ နေ့ရက်တွေကို တောင်းလွန်းပါသည်။ သည်တော့ သင်၏စိတ်ကို စောစောစီးစီး ဖြူစင်မွန်မြတ်အောင် ပြင်ဆိုင်နိုင်လေ သင်စွန့်လွှတ်ပေးအပ်ဖို့ စောစောစီးစီး အသင့်ဖြစ်လေပေ့။ သို့မှ သင် အိပ်ရာထဲ ခြေပစ်လက်ပစ် လဲချိန်တွင် သင်ပျော်ရွှင်မှု ဖော်ဆောင်ပေးခဲ့သည့် လူအရေအတွက် များနေလေ ဖြစ်မည် မဟုတ်လား။ ထိုသို့သော လူအရေအတွက်များသောအခါ သင်၏ တစ်နေ့တာ အတွေ့အကြုံသည်လည်း ပိုမိုပျော်ရွှင်တက်ကြွဖွယ် ကောင်းလာမည်ဖြစ်တော့၏။



• • •

www.burmeseclassic.com

www.burmeseclassic.com

# ၆

# စွန့်လွှတ်ပေးအပ်ခြင်း

စွန့်လွှတ်ပေးအပ်ခြင်းကို ဝါသနာတစ်ခုအဖြစ် ကျွန်တော် သတ်မှတ်ကျင့်ကြံခဲ့၏။ ထိုသို့ ကျင့်ကြံပြီး နောက်ပိုင်းများမကြာမီ အသိတစ်ခု ရလာသည်။ သင် ပေးသည့် အတိုင်းအတာထက် ပိုမိုများပြားသော အတိုင်းအတာကို ပြန်ရနေမှ ဖြစ်မည်။ ထိုသို့မှ မဟုတ်လျှင် သင့်ကိုယ်သင် စွန့်လွှတ်ပေးအပ်ခြင်းအမှုကို ပြုလုပ်လို့ အလျှဉ်းမရသလောက် ဖြစ်လိမ့်မည် ဟူသော အသိဖြစ်၏။ တစ်ခုတော့ရှိသည်။ ပေးအပ်မှုပြုခြင်းမှ ဆုလာဘ်တစ်ခုခု ပြန်လည်ရကောင်းစေဟု မျှော်လင့်မထားလျှင်တော့ သင် စွန့်လွှတ်ပေးအပ်ခြင်းအမှုကို အောင်မြင်စွာ ပြုနိုင်ပါလိမ့်မည်။ ထို့ကြောင့် ရောမအတွေးအခေါ်ပညာရှင် ဆင်နက်ကာက ပြောခဲ့ခြင်း ဖြစ်မည်။ "လက်ချောင်းကလေးများထွင် ကာပ်နေသည့် အကတ်အသတ်ကလေးများကို ပေးရျှေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် စေတနာ ကရုဏာပါသော အပြုအမူ မဟုတ်" ဟူ၍။

ထုံးစံအတိုင်း အကျိုးကျေးဇူးသည် လုံးဝ ထင်မှတ်မထားသည့် ပုံစံတစ်မျိုးမဟုတ်တစ်မျိုးဖြင့် ပြန်လည်ဝင်ရောက်လာတတ်၏။ စွန့်လွှတ်ပေးအပ်ခြင်းအမှုပြုပြီး အချိန်ကာလများစွာကြာမှ၊ ၎င်းဖြစ်ရပ်ကို သင့်မေ့လျော့နေလောက်မှ အကျိုးကျေးဇူးက သင့်ထံ တစ်ဖုံတစ်နည်း ရောက်လာလေ့ရှိ၏။

သာဓကပြရလျှင် တနင်္ဂနွေ မနက်ပိုင်းတစ်ခုတွင် ကျွန်တော့်အိမ်သို့ အရေးကြီးသည့် စာတစ်စောင် ရောက်လာသည်။ စာအိတ်ပေါ်တွင် ကျွန်တော့်နာမည် တပ်ထားသည်တော့ အမှန်။ သို့ပေမဲ့ လိပ်စာက ရုံးလိပ်စာ ဖြစ်နေသည်။ မည်သို့ဆိုစေ သက်ဆိုင်ရာစာတိုက်က ကျွန်တော့်စာမှန်း သိသည့်အတွက် အထူးတလည် အိမ်တိုင်ရာရောက် လာပို့ပေးခြင်း ဖြစ်၏။ သူတို့၏ စေတနာအတွက် ကျွန်တော် အံ့ဩဝမ်းသာသည်။ ကျေးဇူးတင်သည်။ ထို့ကြောင့် သူ့လုပ်ရပ်ကို တန်ဖိုးထားလေးစားကြောင်း၊ ကျေးဇူးတင်ကြောင်း စာတိုကလေးတစ်စောင် ရေးပြီး စာတိုက်မှူးထံ ပို့ပေးလိုက်သည်။

နောက်တစ်နှစ်ကျော်ကျော် ကြာသောအခါ ကျွန်တော် စတင်တည်ထောင်သော လုပ်ငန်းသစ်တစ်ခုအတွက် စာတိုက်သေတ္တာတစ်လုံး မဖြစ်မနေလိုအပ်နေသည်။ ကျွန်တော် စာတိုက်သို့ သွားသည်။ စာတိုက်သေတ္တာတစ်လုံးရရေး စုံစမ်းမေးမြန်းသည်။ ရသည့်အဖြေမှာ စာတိုက်သေတ္တာ မရှိတော့ကြောင်း၊ လိုချင်သည်ဆိုလျှင် တန်းစီစောင့်ရမည် ဖြစ်ကြောင်း၊ ကျွန်တော့်ရှေ့တွင် တန်းစီထားသူတွေ အများကြီးရှိကြောင်း။



သို့ဖြင့် လက်ထောက်စာတိုက်မှူးထံ အသနားခံသည်။ ဝင်တွေ့သည်။ အဖြေက ထူးမခြားနား။ ကျွန်တော် စိတ်ဆင်းရဲခြင်း ကြီးစွာဖြင့် လက်ထောက်စာတိုက်မှူး၏ ရုံးခန်းထဲမှ ထွက်လာသည်။ ထိုအခိုက် ကပ်လျက်ရုံးခန်းထဲမှ ထွက်လာသည့် စာတိုက်မှူးနှင့်ဆုံသည်။ ကျွန်တော်တို့ ပြောဆိုနေသံများကို ကြားသည့်အတွက် ကျွန်တော့်ကို ထွက်တွေ့ခြင်း။

"ဟိုး တစ်ခါက တနင်္ဂနွေ မနက်ပိုင်းမှာ အထူးစာပို့ပေးတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ကျွန်တော့်ဆီ စာရေးပို့ခဲ့တဲ့ ဒေးဗစ်ဒန်း ဆိုတာ ခင်ဗျားလား" ဟု သူက မေးသည်။ ကျွန်တော်က ဟုတ်မှန်ကြောင်း ဖြေသည်။

"အင်း ... အဲဒီလို စာကလေးတစ်စောင်ဟာ ကျွန်တော်တို့အတွက် ဘယ်လောက် ပီတိဖြစ်ရတယ်ဆိုတာ ခင်ဗျား သိမှာမဟုတ်ဘူး။ ကျွန်တော်တို့ ကြုံရနေကျက ဆဲစာတွေ၊ ကြိမ်းစာတွေ၊ တိုင်စာတွေချည်းပဲလေ။ ကျွန်တော်တို့ လုပ်ပေးမှ ရမယ်ဆိုရင် ခင်ဗျားအတွက် စာတိုက်သေတ္တာတစ်လုံး ရအောင် ကျွန်တော်တို့ လုပ်ပေးမှာပေါ့ဗျာ" ဟု သူကပြော၏။

ရက်အနည်းငယ်အကြာတွင် ကျွန်တော် စာတိုက်သေတ္တာတစ်လုံး ရလိုက်သည်။ စေတနာရောင်ပြန်ဟပ်ပါသည်။

● ● ●

ဗာဂျီးနီးယားပြည်နယ်၊ အလက်ဇန်းဒီးရီးယားမြို့ရှိ အမျိုးသမီးတစ်ဦးနှင့် သိကျွမ်းသည့် ကလေးမကလေး တစ်ဦးသည် ဝက်သက်ပေါက်သည့်အတွက် အိပ်ရာထဲ အတော်ကြာနေ

www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်ရာ အမျိုးသမီးက ကလေးမကလေးအား တစ်နည်း တစ်ဖုံ ကူညီချင်သည်။ ထို့ကြောင့် ကလေးမလေးထံသို့ စိတ်ကူး ပေါက်ရာ စာတွေ နေ့စဉ်ရေးပို့သည်။ သူ့စာနှင့် လိုက်လျော ညီထွေဖြစ်မည့် သရုပ်ဖော်ပုံကလေးများလည်း ကျွမ်းကျွမ်းကျင် ကျင် ရေးထည့်ပေးသည်။ သို့ပေမဲ့ သူမ၏ နာမည်ရင်းကို မဖော် ပြဘဲ ရေးသူနေရာတွင် 'ဆူဇီ ကုကမ်းဘား' ဟုသာ ဖော်ပြသည်။ ဆူဇီကုကမ်းဘားဆိုသည့် နာမည်မှာ အိမ်နီးနားချင်းကလေးတွေ အားလုံးက ချစ်ခင်သည့် တယ်ရီယာခွေးကလေးတစ်ကောင်၏ နာမည် ဖြစ်၏။

ကလေးမကလေး ရောဂါပျောက်၍ အပြင်ထွက်ခွင့် ရသောအခါ သူမက ဆူဇီကုကမ်းဘား၏ စာများအကြောင်း အပေါင်းအသင်းများကို ပြောပြသည်။ ထိုအခါ အပေါင်းအသင်း အားလုံးက သူတို့ထံသို့လည်း 'ဆူဇီ' က စာတွေရေးပို့လျှင် သိပ်ကောင်းမှာဟု တောင့်တကြ၏။ ထိုသို့ ဆူဇီကသာ စာတွေ ရေးပို့ပေးလျှင် ဆူဇီ၏ ကြိုးစားအားထုတ်မှုအတွက် ကလေး များ၏ အဘိုးအဘွားတွေ၊ မိဘတွေ၊ ဦးလေးတွေ၊ အဒေါ်တွေက ဉာဏ်ပူဇော်ခ ပေးကြမည် ဖြစ်၏။

ယနေ့အချိန် ယနေ့အခါမှာတော့ ထိုအမျိုးသမီးသည် မြိုးမြိုးမြက်မြက် အမြတ်အစွန်းရသည့် လုပ်ငန်းတစ်ခု လုပ်ကိုင် နေပြီ။ သူမထံသို့ စာရင်းပေးမှာကြားထားသည့် ကလေးငယ်များ ထံသို့ စာတွေရေးပို့ပေးသည့်လုပ်ငန်း။ ယခုအခါ သူမသည် တစ်နှစ်လျှင် စာပေါင်း ၁၀၀,၀၀၀ အထိရေးသားပေးပို့နေရပြီ။



သူမထံ စာရင်းသွင်း မှာကြားထားသည့် ကလေးသူငယ်များသည် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ဖြစ်၏။

စွန့်လွှတ်ပေးအပ်သည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုမှ လုံးဝ မျှော်လင့်ထားခြင်း မရှိသည့် အကျိုးအမြတ် အသီးအပွင့်များ ဖြစ်ထွန်းလာခြင်း။

● ● ●

ရီးဒါးစ်ဒိုင်ဂျက် မဂ္ဂဇင်းထဲတွင် ပုံနှိပ်ဖော်ပြထားသည့် စာတစ်စောင်ကို ဖတ်ရသည်။ စာရေးသူမှာ အာရ်ဝက်ဘာ အငယ် ဆိုသူ ဖြစ်၏။ ချီကာဂိုဘတ်စကားတစ်စီးပေါ်တွင် လက် မှတ်ရောင်းသူတစ်ဦးက ခရီးသည်များအား ပြောဆိုဆက်ဆံရာ၌ ယဉ်ကျေးပျူငှာရှိလွန်းသဖြင့် အလွန် အံ့အားသင့်ခဲ့ရကြောင်း၊ ကျေနပ်ဝမ်းသာလည်း ဖြစ်မိကြောင်း၊ ခရီးသည်များ ပါးသွားချိန် တွင် အဆိုပါလက်မှတ်ရောင်းနှင့် စကားစမြည် ပြောကြည့်ခဲ့ရာ ၎င်းလက်မှတ်စစ် ပြန်ပြောသော စကားများကို စာထဲတွင် ဖော်ပြ ထား၏။

"အဲ ... လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက လူတစ် ယောက်အကြောင်း သတင်းစာထဲမှာ ဖတ်ရတယ် ခင်ဗျ" ဟု ဘတ်စကား စပယ်ယာက ရှင်းပြသည်။ "အဲဒီလူဟာ ယဉ်ကျေး ပျူငှာ ဆက်ဆံပြောဆိုမိတဲ့အတွက် ကျေးဇူးတင် ဝမ်းသာခဲ့သူ တစ်ဦးက သေတမ်းစာထဲမှာ ထည့်ရေးပြီး အမွေခံစားခွင့်ရသူ တွေ စာရင်းထဲမှာ သူ့နာမည်ကို ထည့်သွင်းပေးခဲ့တဲ့အကြောင်း ကျွန်တော် ဖတ်ရတယ်ဗျ။ ဒီတော့ ကျွန်တော် တွေးမိတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဒီလိုလုပ်ရင် ဒီလိုခံစားခွင့် ရနိုင်တာပဲလို့။ ဒါနဲ့ ခရီးသည်တွေကို လူတွေလို တန်ဖိုးထားပြီး လေးလေးစားစား ကျွန်တော် ဆက်ခံခဲ့တယ် ခင်ဗျ။ အဲဒီလို ပြုမူဆက်ဆံရတဲ့ အတွက် ကျွန်တော် အရမ်း စိတ်ချမ်းသာတယ်၊ ပျော်ရွှင်ကြည်နူး ရတယ်။ ဒီအတွက် အမွေတွေ ဒေါ်လာ သန်းချီပြီး မရလည်း ကျွန်တော် ဂရုမစိုက်တော့ဘူးလေ”

ကျွန်တော် ဖော်ထုတ်တွေ့ရှိရသည်မှာလည်း ထို အတိုင်း အတိအကျပင် ဖြစ်တော့၏။ အခြားသူများ၏ ဘဝတွေ ပိုမို နေပျော်စရာ ဖြစ်လာအောင် ကိုယ်တတ်စွမ်းသမျှ ဖြည့်ဆည်း ပေးခြင်းအားဖြင့် မိမိကိုယ်တိုင်၏ ဘဝသည်လည်း ပိုမို အဓိပ္ပာယ် ရှိလာသည်။ ပိုမို နေချင်စဖွယ် ဖြစ်လာသည်။

မိတ်ဆွေအပေါင်းအသင်းတွေ ဆပွားတိုးတက်လာ မည်။ သင့်ထံသို့ ကောင်းချီးမင်္ဂလာတွေ ဘက်ပေါင်းစုံမှ ဝင်လာ လိမ့်မည်။ စွန့်လွှတ်ပေးအပ်သူများအနေဖြင့် အကျိုးအမြတ် မျှော် ကိုးပြီး လက်ဖြန့်ခံမထားဘူးဆိုလျှင် သူတို့၏အရှုံးအမြတ် စာရင်းကို တစ်နည်းတစ်ဖုံ ကိုက်ညီပေးဖို့ ကမ္ဘာလောကကြီးတွင် နည်းလမ်းများ ရှိပါသည်။

• • •

အသက်ရှစ်ဆယ်ကျော် အဘိုးကြီးတစ်ဦး မက်မွန်ပင် စိုက်ပျိုးနေသည်ကို မြင်သော အိမ်နီးချင်းတစ်ဦးက စပ်စုသော အခါ အဘိုးကြီး ပြန်ပြောသည့် စကားကို သောမတ်ဒရီယာက အောက်ပါအတိုင်း ပြန်လည်ဖေါက်သည်ချထား၏။



“အဲဒီအပင်ကသီးတဲ့ မက်မွန်သီးတွေကို စားရလိမ့်မယ် လို့ အဘက မျှော်လင့်ထားလို့လားဟင်” ဟု အိမ်နီးချင်းက မေးသည်။

အဘိုးကြီးက သူ့ဂေါ်ပြားကိုထောက်လျက် နားပြီး “ဟင့်အင်း ... အဘရဲ့ အသက်အရွယ်နဲ့ဆို မျှော်လင့်လို့မရဘူး ဆိုတာ အဘ သိတာပေါ့ကွယ်။ ဒါပေမဲ့ အဘတစ်သက်လုံး မက်မွန်သီးတွေ စားခဲ့ဝါးခဲ့တယ်လေ။ အဲဒီ စားခဲ့ဝါးခဲ့တဲ့ မက်မွန် သီးတွေဟာ အဘကိုယ်တိုင် စိုက်တဲ့ မက်မွန်ပင်က သီးတာ တစ်လုံးမှ မပါဘူး။ အခု အဘ အပင်စိုက်သလို အခြားလူတွေ ကသာ မစိုက်ခဲ့ကြဘူးဆိုရင် အဘ မက်မွန်သီးတွေ စားခဲ့ရမှာ မဟုတ်ဘူးပေါ့ကွယ်။ အဘ စားလို့ရအောင် မက်မွန်ပင်တွေ စိုက်ခဲ့ပျိုးခဲ့ကြတဲ့ တခြားလူတွေရဲ့ ကျေးဇူးကို အခု ပြန်ဆပ်ဖို့ ကြိုးစားနေတာလေကွယ်” ဟုပြန်ပြောလိုက်သည် ဆို၏။

ကျွန်တော်တို့တစ်တွေ စွန့်လွှတ်ပေးအပ်ခြင်းအမှု ပြု နေခြင်းသည် ကျွန်တော်တို့ မက်မွန်ပင်များ စိုက်ပျိုးခြင်းကိုရော မက်မွန်သီးများကို စားခြင်းကိုပါ ပြုနေရာ ရောက်ပါသည်။ ကျွန်တော်တို့၏ ထောက်ထားစာနာမှုကလေးများမှ သီးပွင့်လာ သည့် အကျိုးကျေးဇူးများကို ကျွန်တော်တို့ တစ်ခါတစ်ခါ သတိ မမူမိတတ်ကြပါ။ ထိုနည်းတူစွာပင် လွန်ခဲ့သည့် နှစ်ပေါင်း တော်တော်ကြာကြာတုန်းက ပြုမူခဲ့သော အခြားသူများ၏ ထောက်ထားစာနာမှုများမှ သီးပွင့်လာသည့် အကျိုးကျေးဇူးများ ကိုလည်း အမှုမဲ့ အမှတ်မဲ့ နေတတ်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ စွန့်လွှတ်ပေးအပ်လိုက်ခြင်းသည် အနာဂတ်ပျော်ရွှင်မှုအတွက် မသေချာ မရေရာသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်၏။ ၎င်းပျော်ရွှင်မှုသည် ဘယ်အချိန် ဘယ်အခါတွင် ဘယ်နေရာ၌ ဖြစ်ပေါ်လာမည် ဆိုသည်ကို ဘယ်သူမျှ ကံသေကံမ မပြောနိုင်ပါချေ။

ဤသည်မှာလည်း ရွှင်မြူးစရာ အကွက်ကလေးတစ်ကွက်ပင် မဟုတ်ပါလား။

# ၇

## 'အလားတူ' ပေးအပ်ခြင်း

'အလားတူ' ဆိုသော အသုံးအနှုန်းတစ်ရပ် ကုန်သွယ်ရေး လောကတွင် ရှိ၏။ ပေးအပ်ခြင်းအမှုကို တစ်မျိုးတစ်မည် ပြုလုပ်ခြင်း ဖြစ်၏။ ရှေးယခင်ခေတ်ကဆိုလျှင် လယ်သမားတစ်ဦးသည် ရွာထဲရှိ ကုန်စုံဆိုင်မှ စားသောက်ကုန်များ ဝယ်ယူသုံးစွဲသည်။ ကျသင့်ငွေများ ပေးချေရမည့် အချိန်တွင် 'အလားတူ' ပစ္စည်းများဖြင့် ပေးချေ၏။ ဆိုလိုသည်မှာ သူ၏ လယ်ယာထွက်ကုန်များကို တန်ဖိုးသင့်၍ ပေးအပ်ခြင်း၊ သို့မဟုတ် သူ ပေးချေစရာ ရှိသည်များကို ငွေသားဖြင့် မပေးချေဘဲ လုပ်အားဖြင့် ပေးချေခြင်းမျိုး။

ကျွန်တော်တို့၏ ပေးအပ်ခြင်း လက်ဆောင်မွန်ကို အခြားသူများအတွက် ဝယ်ပေးမည့်အစား 'အလားတူ' နည်းဖြင့် ပေးအပ်ခြင်းကို လူတွေက ပိုမို လိုလားနှစ်သက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ မိတ်ဆွေများ၊ အိမ်နီးနားချင်းများအား ပေးအပ်သည့် 'အလားတူ'လက်ဆောင်မွန်များကို ကျွန်တော်တို့က ပေါ့ပေါ့တန်တန် သဘောထားလွန်းကြသည်။

ကျွန်တော်တို့ တစ်ဦးချင်းစီတွင် ပေးအပ်လို့ရသည့် စွမ်းရည်ထူးတွေ အလျှံပယ်ရှိ၏။ ၎င်းစွမ်းရည်ထူးသည် လက်မှုပညာပုံစံဖြင့် ဖြစ်ချင်ဖြစ်၏။ သို့မဟုတ် ကျွမ်းကျင်လိမ္မာမှုတစ်မျိုးမျိုး ဖြစ်ချင်ဖြစ်မည်။ အခြားသူများအား ဖျော်ဖြေနိုင်စွမ်းရှိခြင်း၊ စည်းရုံးနိုင်စွမ်းရှိခြင်း၊ သင်ကြားပေးနိုင်စွမ်းရှိခြင်း၊ ... တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်နိုင်သည်။ ၎င်းစွမ်းရည်ထူးသည် ကျွန်တော်တို့မှာ ရှိနေသည်။ အခြားတစ်ပါးသူများ စိတ်ချမ်းသာအောင် လုပ်ဆောင်ပေးနိုင်စွမ်းလည်း ရှိသည်။ သို့သော် ၎င်းစွမ်းရည်ထူးကို ကျွန်တော်တို့က အလေးအနက် သဘောမထားခြင်း၊ တန်ဖိုးမထား မဖော်ထုတ်ခြင်းသာ ဖြစ်မည်။ ဥပမာ အချိန်ပိုကလေးနည်းနည်းရှိနေသော်လည်း ၎င်းအချိန်ကို အခြားသူများအတွက် အသုံးချဖို့ သတိမရခြင်းမျိုး။ အဓိပ္ပာယ်ကတော့ ၎င်းအချိန်ပိုကလေးကို မိမိကိုယ်တိုင်က တန်ဖိုးမထားခြင်း သို့မဟုတ် တန်ဖိုးရှိအောင် အသုံးချရကောင်းမှန်း မသိခြင်း။

အထက်ဖော်ပြပါ စွမ်းရည်ထူးမျိုးတွေ သင့်မှာ တစ်မျိုးမှ မရှိဘူး ဆိုပါစို့။ သင့်တွင်ရှိသည်မှာ လိုက်လှဲပျူငှာ ချိုသာသော စကားလုံးကလေးများ ဖြစ်နေလျှင်ကော။ တစ်ခါတစ်ခါကျတော့ ငွေကြေးအသပြာစများရရေးထက် နှလုံးသားမှ စီးဆင်းလာသော ကြည်နူးအားရဖွယ် စကားလုံးများ ကြားရရေးကို ပိုမိုမျှော်လင့်တောင့်တနေသူများ ရှိပါသည်။ သင်က ထိုသို့ 'အလားတူ'



လက်ဆောင်တွေ ပေးအပ်မည် ဟုဆုံးဖြတ်လိုက်ပြီဆိုလျှင် ထိုသို့သော လက်ဆောင်တွေ သင့်မှာ အပြည့်အလျှံရှိကြောင်း သင်တွေ့ရပါလိမ့်မည်။

'အလားတူ' လက်ဆောင်မွန်သည် အမှန်တကယ်ပင် သင့်နှလုံးသား၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

တစ်ခုသော ခရစ်စမတ်အခါသမယတွင် ကျွန်တော်တို့အိမ်သို့ ခရစ်စမတ်လက်ဆောင်ဘူးတစ်ဘူး ရောက်လာသည်။ ယာသမားမိသားစုတစ်စုက ပေးပို့လိုက်သည့် လက်ဆောင်။ သူတို့ နေထိုင်သည့် နေရာသည် မြို့ကြီးပြကြီးနှင့် နီးစပ်သောနေရာ မဟုတ်။ သည်တော့ ခရစ်စမတ်လက်ဆောင် ဝယ်လို့ရမည့် ဆိုင်ရယ်လို့ နီးနီးနားနားမှာ ရှိမည်မဟုတ်ဆိုတာ ကျွန်တော်တို့ သိနေသည်။ သည်တော့ သူတို့ ဘာလက်ဆောင်တွေများ ပေးပို့ပါမည်လဲ။

ခရစ်စမတ်နေ့ နံနက်ကျတော့ သူတို့၏ လက်ဆောင်ဘူးကို ဖွင့်ကြသည်။ အထဲတွင် ထည့်ပေးလိုက်သည်မှာ ဖန်ပုလင်း ၁၂ ပုလင်း။ တစ်ပုလင်းတွင် ခြံထွက်ပစ္စည်းတစ်မျိုးစီကို အချိုရည် အချဉ်ရည် စိမ်ထားပေးခြင်း။ ပုလင်းတိုင်းပေါ်တွင် မည်သည့် အစားအစာဖြစ်ကြောင်း ယာသမား၏ ဇနီးကိုယ်တိုင်၏ လက်ရေးဖြင့်ရေးပြီး ကပ်ပေးလိုက်သည်။ ထိုနှစ်က ရသည့် ခရစ်စမတ်လက်ဆောင်တွေထဲတွင် ထိုလက်ဆောင်များကို ကျွန်တော်တို့မိသားစု သဘောကျ အနှစ်သက်ဆုံး ဖြစ်သွားသည်။ ဘာကြောင့်ဆို အထူးတလည် ဂရုတစိုက်နှင့် ချင့်ချင့်ချိန်ချိန် ပေးပို့လိုက်သော ပစ္စည်းများ ဖြစ်သောကြောင့်။

www.burmeseclassic.com

www.burmeseclassic.com



ဤလက်ဆောင်များကား သူမ၏ တကူးတက ကြိုတင်စီစဉ်မှုနှင့် သူမယောကျ်ား၏ ကြိုးစားပမ်းစား လုပ်အားကို ဖော်ပြသော လက်ဆောင်များပါတည်း။

● ● ●

တစ်ဦးတစ်ယောက်၏ လက်မှုပညာကို လက်ဆောင်အဖြစ် ပေးအပ်ခြင်းနှင့်ပတ်သက်၍ စံပြုထိုက်သော ဥပမာမှာ အစည်းအဝေး သဘာပတိများ ကိုင်သည့် အသေးစားတူများ ထုတ်လုပ်သူ အေအီးရှော၏ ဇာတ်လမ်းကို ပြောရပါမည်။

တစ်နေ့တွင် ဆန်ဖရန်စစ်စကိုမြို့၌ ကုလသမဂ္ဂ အစည်းအဝေးတစ်ခု ကျင်းပနေသည်ကို ရှောက ရေဒီယိုမှ တစ်ဆင့် နားထောင်နေသည်။

"ကုလသမဂ္ဂ အစည်းအဝေးအခမ်းအနား ပိတ်ပွဲ ကျင်းပတာကို ကျွန်တော် ရေဒီယိုဖွင့်ပြီး နားထောင်နေတယ်။ အဲဒီမှာ အစည်းအဝေး သဘာပတိဖြစ်သူ စတက်တီနိယပ်က သူရဲ့ သဘာပတိတူကို ထုတော့တယ်။ တစ်ချက်–နှစ်ချက်–သုံးချက်။ ပထမတစ်ချက်ထုတော့ အသံက ကောင်းတယ်။ ပုံမှန်ပဲ။ ဒါပေမဲ့ တတိယတစ်ချက်လည်း ထုရော "သွားပြီ၊ ဒီတူမကောင်းဘူး" လို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြောမိတော့တာပဲ"

စိတ်ထဲမှာ ဖျပ်ခနဲ ပေါ်လာတဲ့ စေ့ဆော်မှုအရ ရှောက စတက်တီနိယပ်ထံသို့ စာတစ်စောင် လှမ်းရေးသည်။ သဘာပတိမင်း ကိုင်သည့် တူမှာ ယိုယွင်းနေပြီဖြစ်သဖြင့် တူအသစ်တစ်လက် ပြုလုပ်ပြီး ပို့ပေးပါရစေဟု စာထဲ ထည့်ရေးထား



သည်။ သူ့ကမ်းလှမ်းချက်ကို စတက်တီနိယပ်က လက်ခံလိုက်သည်။ ထိုအခါရှောက သဘာပတိကိုင် တူတစ်လက်ကို သူ ဘတ်မြောက်ထားသည့် ပညာအစွမ်းကုန်သုံးပြီး စိတ်ရောကိုယ်ပါ ပြုလုပ်တော့၏။ ပြီးတော့ လက်ရာမြောက်လှသော တူ အကောင်းစားကလေးကို ပို့ပေးလိုက်၏။ ပြောရမည်ဆိုလျှင် ရှောသည် ကုလသမဂ္ဂသို့ သူ့နှလုံးသားနှင့် 'အလားတူ' လက်ဆောင်မွန်ကို ပေးခဲ့ခြင်း ဖြစ်တော့၏။

● ● ●

ဆရာဝန်အများစုသည် သူတို့ဆေးကုသပေးသင့်သည် ထင်သူများကို ဆေးကုသပေးကြ၏။ ထိုလူနာများသည် ထိုက်သင့်သော ဆေးကုသစရိတ် မပေးနိုင်သည့်တိုင် စေတနာရှေ့ထားပြီး အခမဲ့ကုသပေးကြ၏။ ထိုအထဲတွင် နာမည်ကျော် အထူးကုဆရာဝန်ကြီးများပင် ပါဝင်၏။ သူတို့ ဆင်းရဲနွမ်းပါးသူများအား အခမဲ့ ဆေးကုပေး၊ ခွဲစိတ်ကုသပေးသော်လည်း ပြည့်စုံကြွယ်ဝပြီး ငွေကြေးတတ်နိုင်သူများကိုတော့ သူတို့၏ ဝန်ဆောင်မှုအတွက် အခကြေးငွေကို စိုစိုပိုပို တောင်းတတ်ကြ၏။ သူတို့က ဤနည်းဖြင့် သူတို့၏ 'အလားတူ'ပေးအပ်ခြင်းနှင့် ဗမ်းကျောင်းပညာနှင့်ပတ်သက်သော ရယူခြင်းကို စာရင်းညှိကြ၏။

သူတို့၏ စာရင်းညှိပုံညှိနည်းသည် အမြော်အမြင်သည်းကြီး၊ မျှတမှုလည်းရှိသည်ဟု ကျွန်တော် အမြဲတမ်း ယုံကြည်ခဲ့၏။ လောကတွင် သူတို့ကိုယ်သူတို့ ရက်ရက်ရောရော

www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်းစွန့်ကြဲသူများဟု ကင်ပွန်းတပ်ထားသူတွေရှိ၏။ ထိုသို့သောသူတွေကို ကျွန်တော်က စိတ်ရှည်သူမဟုတ်။ သည်းခံတတ်သူမဟုတ်။ နောက်ပြီး အထင်ကြီးသူလည်း မဟုတ်။ တကယ်တော့ သူတို့သည် ပေးကမ်းစွန့်ကြဲမှု ရက်ရောလွန်း၊ လက်ဖွာလွန်းသည့်အတွက် ကျန်မိသားစုများနှင့် ဆွေမျိုးသားချင်းများက နိုးရိမ်သောကပွားနေရသူတွေ ဖြစ်၏။ သူတို့သည် ထိုမျှလောက်ထိ လက်ဖွာရလောက်အောင် ဝင်ငွေကောင်းသူများ မဟုတ်။ ဤ 'အလားတူ'ပေးအပ်ခြင်းမျိုးကား ပေါသွပ်သော ပေးကမ်းခြင်းမျိုး၊ ကျပ်မပြည့်သော ပေးအပ်ခြင်းမျိုးပါတည်း။

ကျွန်တော်တို့အားလုံးသည် ဆရာဝန်များ မဟုတ်။ သို့သော် ကျွန်တော်တို့ တော်တော်များများသည် ဖွမ်းရည်ထူးတချို့၊ ကျွမ်းကျင်မှုတချို့ကို အသုံးချပြီး အသက်မွေးဝမ်းကျောင်းနေသူများ ဖြစ်၏။ ဤနည်းဖြင့် ကျွန်တော်တို့၏ ရယူခြင်းနှင့် ပေးအပ်ခြင်းကို ဟန်ချက်ညီအောင် စာရင်းညှိနေသူများ ဖြစ်၏။ ဤနည်းဖြင့် ကျွန်တော်တို့၏ ဝန်ဆောင်မှုများအတွက် ကိုယ့်သိက္ခာကိုယ် လေးစားလောက်သည့် ဝန်ဆောင်ခကို တောင်း၏။ သို့သော် ကျွန်တော်တို့၏ အကူအညီကို လိုအပ်နေသူများ၊ ကျွန်တော်တို့ ကူညီသင့်ကူညီထိုက်သူများကိုမူ 'အလားတူ' ပေးအပ်ခြင်းများကို လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့ကင်းစွာ ပေးအပ်ကြ၏။

ထို့ကြောင့် အင်မာဆင်က 'အလားတူ'လက်ဆောင်မွန်များအကြောင်း ရည်ညွှန်းရေးသားရာ၌



"ထို့ကြောင့် ကဗျာဆရာက သူ့ကဗျာကို ယူလာ၊ သိုးထိန်းသမားက သူ့သိုးကို မောင်းလာ၊ ယာသမားက သူ့ယာထွက်ပြောင်းကို သယ်လာ၊ သတ္တုတူးဖော်သူက သူ့တွင်းထွက်ကျောက်ကလေးတစ်လုံး ဆောင်လာ၊ သင်္ဘောသားက သူစုထားတဲ့ သန္တာကျောက်နဲ့ ခရုခွံကလေးတွေ နှင်းအပ်၊ ပန်းချီဆရာက သူ့ပန်းချီကားကို ပေးအပ်၊ လုံမငယ်က သူမကိုယ်တိုင် ချုပ်ထားတဲ့ လက်ကိုင်ပဝါကလေးတစ်ထည် ပေးဆက်၊ ..." ဟု ဖော်ပြထားခြင်း ဖြစ်၏။

နောက်ဆုံးတော့ မိမိကိုယ်တိုင်၏ လက်ရာ၊ သို့မဟုတ် မိမိကိုယ်တိုင်၏ စိတ်ရင်းမှန်ဖြင့် ပေးဆက်သော လက်ဆောင်မွန်လောက် သင့်မြတ်လျော်ကန်သော လက်ဆောင်မွန် အခြားဘယ်မှာ ရှိနိုင်ပါဦးမည်လဲ။

ထို့ကြောင့် ကော်ရင်းယူဝဲလ်က ရေးသားခဲ့သည်မှာ "သင့်အနေဖြင့် ရက်ရက်ရောရော အလှူကြီး အတန်းကြီးဆးနေဖို့ မလိုပါ။ သင့်မှာ စစ်မှန်သော ပေးကမ်းကူညီချင်စိတ်ရှိနေဖို့ပဲ လိုပါသည်။ သင့်မှာ ရက်ရက်ရောရော ကူညီချင်စိတ်အမှန်တကယ် ရှိသည်ဆိုလျှင် တဲကုပ်ထဲမှ သူဆင်းရဲတစ်ဦးကလည်း နန်းတော်ပေါ်မှ ဘုရင့်သားတော်တစ်ပါးနယ် ရက်ရောစွာ စွန့်လွှတ်ပေးအပ်လို့ ရပါသည်" ဟူ၏။

ကျွန်တော်တို့ တစ်ဦးချင်းစီတွင် 'အလားတူ' လက်ဆောင်မွန်ကလေးပေါင်း မြောက်မြားစွာ ရှိနေ၏။ ၎င်းလက်ဆောင်မွန်ကလေးများဖြင့် ကျွန်တော်တို့၏ ကမ္ဘာကလေးကို သာယာပျော်ဘွယ် ကမ္ဘာလေးဖြစ်အောင် နေ့စဉ်နေ့တိုင်း ဖန်တီးလို့

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ထိုမှတစ်ဆင့်တက် ဆင့်ပွားပြီး ကမ္ဘာကြီးတစ်ခုလုံးကို ပျော်ရွှင်ကြည်နူးဖွယ် နေရာဌာနကြီး ဖြစ်လာအောင် စွမ်းဆောင်လို့ရပါသည်။

 

၈

# မိနစ်ပိုင်းကလေးများသည် လှပသော လက်ဆောင်မွန်များ ဖြစ်လာစေ၏

ဤကမ္ဘာလောကကြီးတွင် ကျင်လည်နေထိုင်ကြသော ကျွန်တော်တို့ တစ်ဦးချင်းစီသည် ညီမျှသော အချိန်အတိုင်းအတာကို ဝေပုံကျရကြ၏။ တစ်နှစ်လျှင် ၃၆၅ ရက်၊ တစ်ရက်လျှင် ၂၄ နာရီ လူတိုင်းရ၏။ လောကတွင် အလုပ်အများဆုံးဆိုသူများသည်ပင် တစ်နေ့လျှင် မိနစ်အနည်းငယ်မှသည် တစ်နာရီလောက်အထိ အချိန်ပိုရကြ၏။ ၎င်းအချိန်ပိုင်းကလေးများကို အခြားသူများအတွက် တန်ဖိုးရှိ အသုံးတည့်သော အလုပ်အကျွေးပြုမှုများအဖြစ် ပုံစံပြောင်းပစ်လို့ရ၏။ အချိန်ပေးအပ်မှု အခွင့်အလမ်းများကို ကျွန်တော်တို့ ဝန်းကျင်တွင် များစွာများစွာ တွေ့ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တော်တော်များများတွင် တစ်စုံတစ်ရာကို ဆောင်ရွက်ဖို့ 'အထာ'များ ကိုယ်စီရှိကြ၏။ ကျွန်တော်တို့ရသည့် အချိန်ပိုကလေးများတွင် အခြားသူများအတွက် ဆောင်ရွက်ပေးဖို့ ၎င်း'အထာ'ကို သုံးလို့ရ၏။ ထိုသို့ပေးအပ်မည်ဆိုလျှင် ကမ္ဘာလောကတွင် အခြားသူများ မပေးနိုင်သည့် အရာကို သင်က ပေးရာရောက်၏။ သင်ပေးသည့် လက်ဆောင်မွန်ကို တစ်ဖက်လူကလည်း လိုလိုလားလား လက်ခံကြပါလိမ့်မည်။

ဘော့စတွန်မှ စီးပွားရေးသမားတစ်ယောက်က ကလေးအလွန်ချစ်တတ်သည်။ သူက ဗုဒ္ဓဟူးနေ့ဆိုလျှင် ညနေ ငါးနာရီနှင့် ခြောက်နာရီအတွင်း အိမ်ကလေးတစ်အိမ်တွင် ဝင်နားသည်။ ပြီးတော့ ကလေးများနှင့် အတူဆော့သည်။ ကလေးများ ပျော်ရွှင်ကြည်နူးအောင် ထိန်းပေးသည်။ ဆရာမကြီးနှင့် သူမ၏ အဖော်များကို ဤနည်းဖြင့် တစ်နာရီတိတိ လွတ်လပ်ခွင့်ပေးသည်။ တစ်နာရီတိတိ နားနေခွင့် ဖန်တီးပေးသည်။

သူကား လူကောင်ကြီးကြီးနှင့် တည်ကြည်လေးနက်သော မျက်နှာပေးရှိသူ။ သို့ပေမဲ့ ကလေးအားလုံးက သူ့ကို ချစ်သည်၊ ခင်သည်။ ကလေးများ ကစားခန်းထဲ သူဝင်လိုက်သည်နှင့် ကလေးအားလုံးက သူ့ပတ်လည်သို့ ဝိုင်းအုံလာကြသည်။ မြူးတူးစွာ ခုန်ပေါက်နှုတ်ဆက်ကြသည်။ ဟစ်ကြွေးကြသည်။ သူ ထိုသို့လာတိုင်း သူ့အိတ်ထဲ အမြဲထည့်လာတတ်သည်မှာ သကြားချောင်းတွေ၊ ရုပ်ပုံကားချပ်ကလေးတွေ၊ သို့မဟုတ် အပေါစား လက်ဝတ်တန်ဆာကလေးတွေ။ သူ့မှာ ဘာတွေပဲ ပါလာသည်ဖြစ်စေ ကလေးတစ်ယောက်ကို တစ်ခုစီ



တော့ ရအောင်ဝေပေးသည်သာ။ ထို့ကြောင့် ကလေးတိုင်းက သူ့လက်ဆောင်များကို မက်မောကြသည်။ တန်ဖိုးထားကြသည်။ သူက ကြမ်းပြင်ပေါ်တွင် တင်ပြင်ခွေထိုင်ပြီး သူ့လက်ဆောင်များကို ပေးဝေသည်။ ထို့နောက်မှာတော့ ပုံပြင်တစ်ပုဒ်ကို စပြောတော့၏။

သူ့နာမည်ရင်းကို ထုတ်မပြောဖို့ ဆရာမကြီးအား မေတ္တာရပ်ခံထားသည်။ ထို့ကြောင့် သူ့ကို 'ဘဘကြီး' ဟူသော နာမည်ဖြင့်သာ ကလေးများက သိထားကြသည်။ ထိုသို့ မိဘမဲ့ကလေးများနှင့် တစ်ပတ်လျှင် တစ်နာရီတိတိ လက်ပွန်းတတီး ပျော်ရွှင်စွာ နေထိုင်သည်ကို သူ့လုပ်ဖော်ကိုင်ဖက်များ တစ်ယောက်မျှ မသိစေချင်။ "သူတို့ ကျုပ်ကို စိတ်ကူးယဉ်ဆန်လွန်းတဲ့ ငပေါကြီးလို့ မထင်စေချင်ဘူးလေ" ဟု သူက ရှင်းပြသည်။

ရက်သတ္တ တစ်ပတ်လျှင် ထိုတစ်နာရီသည် မိဘမဲ့ကလေးသူငယ်များအား ကြီးမားသော ပျော်ရွှင်ကြည်နူးမှုပေးသော အချိန်ကာလကလေးပါတည်း။ မိဘမဲ့ကလေးသူငယ်များသာ မဟုတ်၊ အလုပ်ပိနေသည့် အမျိုးသမီးသုံးဦးကလည်း လှိုက်လှဲပျူငှာကြိုဆိုသော အချိန်ကာလကလေး ဖြစ်၏။

ယခုတော့ သူ မရှိတော့။ ကွယ်လွန်ရှာပြီ။ သို့ပေမဲ့ ထိုကျောင်းရှိ မိဘမဲ့ကောင်လေးနှင့် ကောင်မလေး တော်တော်များများကတော့ သီတင်းတစ်ပတ်လျှင် တစ်နာရီတိတိရောက်လာပြီး ပျော်ရွှင်ကြည်နူးမှုတွေ ဖန်တီးပေးသော 'ဘဘကြီး'ကို မေ့မရနိုင်ကြသေးပေ။ တကယ်တော့ 'ဘဘကြီး'သည် ကလေးများအတွက် တစ်ပတ်လျှင် တစ်နာရီတိတိ သူ့နှလုံးသားတစ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်စကို ဖဲ့ပေးခဲ့ခြင်း ဖြစ်၏။ ထိုသို့ နှလုံးသားကို ပေးအပ်ရင်း နိုကိုးရာမဲ့ ကလေးသူငယ်များအား သူ၏ မွန်မြတ်သော မေတ္တာတရားကို ပေးအပ်သွားလေသည်။

သို့တိုင် ...

ကျွန်တော်တို့ တော်တော်များများက မေးကြသည်။ "တစ်ပတ်မှာ တစ်နာရီလောက်နဲ့ ကျုပ်က ဘာများ တန်တန်ရာရာ ဆောင်ရွက်ပေးနိုင်မှာမို့လဲ" ဟူ၍။

● ● ●

လုပ်ငန်းခွင်မှ အငြိမ်းစားယူထားပြီဖြစ်သော မီးရထားလမ်း အင်ဂျင်နီယာတစ်ဦး၏ ဇာတ်လမ်းကတော့ တစ်မျိုး။ သူ့မှာ အချိန်ပိုတွေရှိနေသည်။ သည်တော့ သူ့အိမ်နှင့် မနီးမဝေးရှိ မုဆိုးမတစ်ဦး ဖွင့်ထားသည့် ကုန်စုံဆိုင်တွင် နေ့လယ် ဆယ့်နှစ်နာရီမှ မွန်းလွဲတစ်နာရီအထိ ဆိုင်ထိုင်ပေးသည်။ ထိုမုဆိုးမတွင် ကလေးငယ်နှစ်ယောက်ရှိရာ အမျိုးသမီးက ကလေးများအတွက် နေ့လယ်စာ ပြင်ကျွေးနေချိန်တွင် အငြိမ်းစားအင်ဂျင်နီယာကြီးက ကူပြီး ဆိုင်ထိုင်ပေးသည်။ တကယ်တော့ အင်ဂျင်နီယာကြီးက သူတစ်သက်လုံး ဆန္ဒပြင်းပြခဲ့သော ကုန်စုံဆိုင် ဖွင့်ချင်စိတ်ကို အာသာပြေ လာရောက်ဖြေဖျောက်နေခြင်းလည်း ဖြစ်၏။

"အဲဒီ တစ်နာရီဟာ တစ်နေ့တာအတွင်း စိတ်ကြည်နူးစရာ အကောင်းဆုံး အချိန်ပိုင်းကလေးပဲဗျ" ဟု သူကပြောပြသည်။ "နောက်ပြီး တစ်နာရီလောက် အလုပ်တွေ မနားမနေလုပ်လိုက်ရတော့ ကျုပ်ကိုယ်တိုင် နေ့လယ်စာ စားတဲ့အခါ ဗိုက်အရမ်းဆာနေပြီ။ ပုံမှန်ထက် နှစ်ဆလောက် စားနိုင်တော့တာပါပဲဗျာ"



စင်စစ်တော့ သူ့နေ့လယ်စာတွင် ပေးအပ်ခြင်းတည်းဟူသော ဟင်းခတ်အမွှေးအကြိုင်ကလေးတွေ ခတ်လိုက်ခြင်းသာ ဖြစ်တော့၏။

● ● ●

သူမကိုယ်တိုင် ဘွားအေဖြစ်နေသည့် ကျွန်တော့်အသိ အဘွားကြီးတစ်ဦးသည် ရာသီဥတု သာယာသည့် နံနက်ခင်းတိုင်း မြို့၏ ပန်းခြံရှိရာသို့ သွားသည်။ ပြီးတော့ တစ်ခုသော ခုံတန်းတွင်ထိုင်ကာ ကလေးလက်တွန်းလှည်းသုံးစီးမှ ခြောက်စီးအထိကို ကြည့်ရှုစောင့်ရှောက်ပေးသည်။ သက်ဆိုင်ရာ မိခင်များ စီဘ်ချလက်ချ ဈေးဝယ်ရန် သို့မဟုတ် ဆံပင်အလှပြင်ဆိုင်သို့ သွားနိုင်ရန် ဖြစ်၏။ ဤသို့ဖြင့် ပိုနေသည့် သူ့အချိန်များကို ကသီလင်တဖြစ်နေသည့် အခြားအမျိုးသမီးများအား စိတ်ရင်းဆေတနာကောင်းဖြင့် ပေးအပ်ခဲ့လေသည်။

● ● ●

တခြားအမျိုးသမီးတစ်ဦးကတော့ သူ့အိမ်နှင့် မလှမ်းမကမ်းရှိ ဘိုးဘွားရိပ်သာမှ အဘွားကြီးတစ်ဦးကို ကြည့်ရှုစောင့်ရှောက်ထားသည်။ သူမက အဘွားကြီးကို တစ်ပတ်တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့သည်။ အဘွားကြီးဆီသို့ နောက်တစ်ခေါက် မရောက်မီ အတွင်း အဘွားကြီးအတွက် မှတ်စုများရေးပေးသည်။ အဘွားကြီး၏ မွေးနေ့ကို အမှတ်တရ သတိပေးသည်။ အဘွားကြီးနှင့် အဘွားကြီး၏ အပေါင်းအသင်းတချို့ကိုခေါ်ပြီး မော်တော်ကားဖြင့် လျှောက်လည်ကြသည်။ နောက်ပြီး သူမ၏ စာအုပ်များကို ငှားသည်။ အဘွားကြီး၏ ဝေယျာဝစ္စများ ဆောင်ရွက်ပေးချိန်မှာ တစ်ပတ်လျှင် နှစ်နာရီမှ သုံးနာရီအထိ ရှိသည်။

သင့်ဝန်းကျင်မှာ ကြည့်ပါ။ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှာ ကြည့်ပါ။ တစ်စုံတစ်ဦးက 'မွေးစား'လျှင် သူတို့ဘဝတွေ လင်းလက်သာယာလာမည့် သက်ကြီးရွယ်အိုတွေ၊ နာမကျန်းသူတွေ၊ ဒုက္ခိတတွေ တော်တော်များများ ရှိသည်ကို သင် တွေ့ရပါလိမ့်မည်။

• • •

အချိန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ဟောဇယ် အိုင် ဒန်နက်ကာက ရီးဒါးစ်ဒိုင်ဂျက် မဂ္ဂဇင်းထဲတွင် အောက်ပါ ဇာတ်လမ်းကလေးကို ရေးပြထားပါသည်။

စင်စီနက်တီရှိ ယူနီယံဘူတာရုံတွင် အချိန်ကြာမြင့်စွာ ရထားစောင့်နေရင်း ဆယ်ကျော်သက်ရွယ် ကောင်မကလေးတစ်ယောက်ကို သတိပြုမိသည် ဆို၏။ ဆယ်ကျော်သက်ရွယ် ကောင်မကလေးက အမျိုးသမီးတစ်ဦး အနီးသို့ ကပ်သွားသည်။ အမျိုးသမီးကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပုံ။ နားပူသော၊ ပွေလီသော ကလေးနှစ်ယောက်ကို ထိန်းသိမ်းရင်း ခြေကုန်



လက်ပန်းကျနေသည့် မိခင်ကြီး။ ကောင်မကလေးက ဖော်ရွေစွာ ပြုံးပြပြီး အမျိုးသမီးကြီးကို မေးသည်။ "အဒေါ်ကြီး ခဏတစ်ဖြုတ် အနားယူတုန်း အဒေါ်ကြီးရဲ့ ကလေးနှစ်ယောက်ကို သမီး ထိန်းပေးရမလား" တဲ့။

ကောင်မကလေးက တစ်နာရီနီးပါးကြာအောင် ကလေးနှစ်ယောက်ကို ထိန်းပေးသည်။ ရထားဆိုက်လာတော့ မိခင်ကြီးနှင့် ကလေးနှစ်ဦးကို ရထားပေါ်သို့ ဖေးဖေးမမ တင်ပေးသည်။ ကသီလင်တ ဖြစ်နေသည့် မိခင်သုံးဦးကိုလည်း ကလေးမကလေး ထိရောက်စွာ၊ ကြင်နာစွာ ဝိုင်းကူဖေးမသည်။ သူမ၏ အပြုအမူကို မြင်နေကြည့်နေသည့် ဒန်နက်ကာက သူမလည်း ရထားစောင့်နေတာလားဟု ကလေးမကလေးအား စကားရောဖောရော မေးကြည့်သည်။

"မဟုတ်ဘူးရှင့်၊ သမီးက သမီးအဒေါ်နဲ့ ဒီအနားမှာ နေတယ်လေ။ ကျောင်းဆင်းပြီးပြီဆိုရင် သမီးမှာ ဘာမှ လုပ်စရာ မရှိတော့ဘူးရှင့်။ အားလပ်နေရော၊ သိတယ်မဟုတ်လား၊..." ပြောရင်း ကလေးမ၏ အသံ အက်ကွဲသွားသည်။ "အရင်က သမီးတို့ မိသားစုငါးယောက် ရှိတယ်ရှင့်။ သမီးတို့ ခရီးသွားကြရင် မေမေ့ခမျာ အရမ်း ပင်ပန်းရှာတာကလား။ ဖေဖေက စစ်ထဲမှာ။ လွန်ခဲ့တဲ့ သီတင်းပတ် အနည်းငယ်တုန်းကတော့ မေမေ ကွယ်လွန်သွားတယ်။ သမီးက ကလေးထိန်းတတ်တယ်။ ကလေးထိန်းတော်တယ်လို့ မေမေက အမြဲပြောခဲ့တယ်လေ။ ဒါနဲ့ သမီး အားလပ်ချိန်မှာ ဒီကိုလာလာပြီး ပင်ပန်းနွမ်းနယ်နေကြတဲ့ မိခင်တွေကို ကူညီတာ၊ ကလေးတွေ ထိန်းပေးတာပါ" ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ရွယ် ကောင်မကလေးက ရှင်းပြသွားလေသည်။

ကျွန်တော်တို့ ဘဏ်တွင် ငွေစုသလို အချိန်ကာလများကို ဘဏ်တွင် စုထားလို့ မရ။ ထို့ကြောင့် အခြားသူများအား စွန့်လွှတ်ပေးအပ်စရာ အချိန်ပိုများမရှိဟု ကျွန်တော်တို့ တွေးလေတွေးထ ရှိကြ၏။ မည်သို့ဖြစ်စေ ထိရောက်စွာ၊ အသုံးတည့်စွာ ရင်းနှီးမြှုပ်နှံလိုက်သည့် မိနစ်ပိုင်းကလေးများသည် တန်ဖိုး အနန္တ ထိုက်တန်သော လက်ဆောင်မွန်များ ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ကျွန်တော့်အသိအကျွမ်း အလုပ်အများဆုံး အမျိုးသမီးတွေထဲမှ တစ်ဦး ရှိ၏။ သူမက သူမတို့ ရပ်ကွက်မှ ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသည့် စစ်သည်တော်များထံ စာတွေရေးသည်။ စာတွေ တသွင်သွင် ရေးပို့သည်။ စစ်သည်တော်တွေကို သူမ ရင်းရင်းနှီးနှီး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မိမိတို့ ရပ်ကွက်၊ မိမိတို့ အသိုက်အဝန်း အကြောင်း နောက်ဆုံးသတင်းများ ရေးသားပေးပို့စမြဲ။

စစ်အတွင်းကာလတစ်လျှောက်လုံး ပင်ပန်းဆင်းရဲစွာ ကြိုးစားအားထုတ်ခဲ့သည့် သူမ၏ စွမ်းဆောင်မှုများအကြောင်းနှင့် သူမ ရေးသားပေးပို့ခဲ့သည့် စာများကို စုပြီး စာတစ်အုပ်အဖြစ် ကျွန်တော် တင်ပြခဲ့၏။ နံနက်ခင်းတစ်ခုတွင် သူမနှင့်အတူ ကားစီးပြီး ကျွန်တော် မြို့ထဲသို့ သွားဖြစ်သည်။ ထိုစဉ်မှာပင် သူမက သူမ သုံးခဲ့သည့် လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောပြခဲ့၏။



သူမက သူမ၏ လက်ကိုင်အိတ်ကို ဖွင့်ပြသည်။ အထဲတွင် စာရေးစက္ကူတစ်ထုပ်နှင့် တံဆိပ်ခေါင်းကပ်ထားသည့် စာအိတ်များ၊ ဖောင်တိန်တစ်ချောင်းနှင့် စစ်သည်တော်များ၏ နာမည်များ၊ လိပ်စာများ ပါသည့် စာရင်းစာရွက်တစ်ရွက် ပါသည်။

“ကျွန်မ ရထားစောင့်ဖို့၊ ဒါမှမဟုတ် ချိန်းထားတာ တစ်ခုခုစောင့်ဖို့ လေးငါးမိနစ်လောက် အချိန်ရတယ်ဆိုရင်တောင် ကျွန်မက စာအိတ်တစ်အိတ်ပေါ်မှာ လိပ်စာရေး၊ ပြီးတော့ စာတစ်စောင် စရေးတော့တာပဲ။ စာကို ပထမပိုဒ် စရေးပြီးပြီ ဆိုမှတော့ နောက်ထပ် လေးငါးမိနစ်အချိန်ရတာနဲ့ နောက်တစ်ပိုဒ် ဆက်ရေးဖို့ မခဲယဉ်းတော့ဘူးလေ။ ပျမ်းမျှအားဖြင့် တစ်နေ့ကို စာခြောက်စောင်လောက် ရေးဖြစ်တယ်။ အဲဒီလို စာတွေရေးဖို့ အချိန်ဆယ်မိနစ် ဆက်တိုက်ရတယ်ဆိုတာ အလွန် ရှားပါတယ်။ အဲ ... သူတို့ဆီက ပြန်ရေးပို့လိုက်တဲ့ စာတွေကို ရှင် မြင်စေ့ချင်တယ်။

“နောက်တော့ စစ်သားကလေးတွေဆီ စာတွေ ရေးပို့နေဖို့ ကျွန်မ လက်တွန့်လာတယ်” ဟု သူမက ရှင်းပြသည်။ “ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ရေးပို့တဲ့ အကြောင်းအရာတွေဟာ သူတို့အတွက် စိတ်ဝင်စားစရာတွေ မဟုတ်မှာ စိုးရိမ်လို့ပဲပေါ့။ ဒါပေမဲ့ သူတို့က ကျွန်မ ရေးစရာတွေ အများကြီးပေးကြပါတယ်”

ဤနောက်ဆုံး ပြောပြချက်က အခြားသူများအား ဘာတွေပေးရမည်ဟု စိတ်ကူးလို့ မရသူများအတွက် ကြီးမားသော အထောက်အကူတစ်ရပ် ဖြစ်ပါသည်။ သင်က စောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သင့်နှလုံးသားကို အလွန်ရိုးစင်းစွာ ပေးအပ်လိုက်ပါ။ ထိုအခါ သင့်စိတ်ရင်းစေတနာကို ကမ္ဘာလောကကြီးက ရှုမြင်အကဲခတ်ပါလိမ့်မည်။ ပြီးတော့ သင် ဖြည့်ဆည်းပေးလို့ရမည့် လိုအပ်ချက်တချို့ကို ညွှန်ပြပါလိမ့်မည်။

သင့်အနေဖြင့် မပျက်မကွက် ပေးအပ်လို့ရသည့် အချိန်ပိုင်းကလေးတွေ များစွာများစွာ ရှိပါသည်။ အဆိုပါ သင်၏ အချိန်ပိုင်းကလေးများ ပေးအပ်ခြင်းသည် အခြားသူ တစ်စုံတစ်ယောက်အတွက် ကြီးမားသော ဟာကွက်ကြီး ပြည့်သွားခြင်း ဖြစ်နိုင်ပါသည်။

• • •

ကျွန်တော်သိကျွမ်းသည့် အမှုဆောင်အရာရှိတစ်ဦး ရှိသည်။ သူက သူရေးမည့် စာပေါင်းမြောက်မြားစွာကို နှုတ်တိုက်ချပေးတတ်သူ။ နေ့စဉ် နံနက်တိုင်း စီးပွားရေးလုပ်ငန်းပြင်ပမှ သတင်းများကို သူ့မိတ်ဆွေများထံ စာရေးဖို့ ပထမဦးဆုံး စာပိုဒ်ကို နှုတ်တိုက်ချပေးသည်။ သူ စပေးထားသည့် စာပိုဒ်ကို သူ့အတွင်းရေးမှူးက ဆက်ရေးရသည်။ အတွင်းရေးမှူးက သူ့စာများကို သင့်တင့်လျောက်ပတ်သော လိုတိုးပိုလျှော့မှုများ ပြုလုပ်ပေးသည်။

ထွက်ပေါ်လာသည့် ရလဒ်မှာ ခင်မင်နှစ်လိုဖွယ်ကောင်းပြီး လိုက်လှဲပျူငှာသော စာများ၊ စီးပွားရေးလောကတွင် ရှားရှားပါးပါး နွေးထွေးသော စာများ ထွက်ပေါ်လာခြင်း၊ သို့ဖြစ်သည့်တိုင် ထိုစာတွေ ပေါ်ထွက်လာဖို့ သူ့အလုပ်ချိန်ထဲက တစ်မိနစ်



မျှပင် မသုံးခဲ့ရပါ။ အဘယ်ကြောင့်ဆိုသော် သူရေးမည့် ပထမဆုံးစာပိုဒ်ကို သူနေထိုင်သည့် ဆင်ခြေဖုံးရပ်ကွက်မှ မြို့တွင်းသို့ ရထားစီးလာရင်း တစ်ကိုယ်တည်း စာစီလာသောကြောင့်ဖြစ်၏။

• • •

ထူးဆန်းသည်မှာ ကျွန်တော်တို့ဝန်းကျင်တွင် အလုပ်အများဆုံး ပုဂ္ဂိုလ်တွေက စွန့်လွှတ်ပေးအပ်ခြင်းအမှုကို အထိရောက်ဆုံး လုပ်တတ်ကြခြင်း ဖြစ်၏။ သူတို့က အလုပ်များလွန်းသည်။ သည်တော့ သူတို့အနေဖြင့် ဖျိုးခနဲဖျပ်ခနဲ ပေါ်လာသည့် စေ့ဆော်စိတ်ကို မြန်မြန်ဆန်ဆန် တိတိကျကျ အကောင်အထည်ဖော်ရသည်။ ပြီးတော့ သူတို့၏ ကိစ္စဝိစ္စများကို ဆက်လက်လုပ်ဆောင်ကြရသည်။

ကျန်တစ်ဖက်တွင် အချိန်တွေ အများကြီး ပိုနေသူများကျတော့ စိတ်က မပြတ်သား။ တစ်ခုခု လုပ်တော့မည်ဆိုလျှင် ချီတုံချတုံဖြင့် လုပ်သင့် မလုပ်သင့် တွေဝေနေသည်။ "ဒါကို ငါလုပ်သင့်သလား၊ မလုပ်သင့်ဘူးလား" ဟု အချေအတင် စဉ်းစား၏။ "ဒီကိစ္စက အချိန်မရွေး လုပ်လို့ရပါတယ်လေ" ဟု အချိန်သူဌေးပီပီ အချိန်ဆွဲ၏။ သူတို့ စိတ်ပြတ်ပြီ၊ ဆုံးဖြတ်ချက်ကျပြီ ဆိုသည့်အချိန်တွင် အခွင့်အလမ်းက မရှိတော့။ ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

• • •

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ နေ့စဉ် အလုပ်လုပ်ချင်းနှင့် နေ့စဉ် အလုပ်ရှုပ်ခြင်းကို ရောထွေးယှက်တင် ဖြစ်စေဖို့ အလွန်လွယ်ပါသည်။ ကျွန်တော်တို့တစ်တွေသည် စားဝတ်နေရေးအတွက် အလုပ်လုပ်ပြီး စီးပွားရှာကြသည်။ သို့ပေမဲ့ ကျွန်ုပ်သူ တော်တော်များများကတော့ အချိန်တော်တော်များများကို အလုပ်ရှုပ်ခြင်းဖြင့် ဖြုန်းတီးပစ်နေကြ၏။ တကယ်တော့ အလုပ်ရှုပ်ခြင်းက ကျွန်တော်တို့အား အကျိုးအမြတ်ကလေး မဆိုစလောက်ကိုသာ ပေးပါသည်။

ကျွန်တော်တို့ လူသားအားလုံး အသုံးပြုခံစားဖို့ အချိန်ဆိုတာ ရှိသည်။ ကျွန်တော်တို့ အလုပ်လုပ်ဖို့၊ ပူပန်သောကဖြစ်ဖို့၊ ရထားအမီ ပြေးဖို့၊ ချိန်းထားချိန်အမီ ပြေးဖို့ ဆိုတာမကလောက် အတွက်သာ အချိန်ကို သုံးစွဲရမည် မဟုတ်။ ကျွန်တော်တို့ 'ပျော်ရွှင်မှုကို ရှာဖွေဖို့' လည်း အချိန်ကို အသုံးပြုသင့်ပါသည်။

မှန်ပါသည်။ ကျွန်တော်တို့ အလုပ်မလုပ်လျှင် စားဝတ်နေရေး ဖူလုံမည် မဟုတ်။ မိသားစုများကို ထိန်းသိမ်းနိုင်မည် မဟုတ်။ ထိုအခါ ကျွန်တော်တို့ စိတ်ချမ်းသာမည် မဟုတ်။ ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့ အခက်အခဲ တွေ့ပါလိမ့်မည်။

သို့သော် ...

ကျွန်တော်တို့ ထိုမှုလောက်ဖြင့် တင်းတိမ်ရောင့်ရဲနေလို့ မဖြစ်ပါ။ ထိုအဆင့်ကို ကျော်လွန်ပြီး ကျွန်တော်တို့၏ ရည်မှန်းချက်သည် စွန့်လွှတ်ပေးအပ်ခြင်း ဖြစ်သင့်၏။ စွန့်လွှတ်ပေးအပ်ခြင်းအမှုကို ပြုရင်း ကျွန်တော်တို့ဘဝများတွင် တစ်မိနစ်လျှင်



ခက္ကန့်ခြောက်ဆယ်စလုံး အကြီးမားဆုံးသော ပျော်ရွှင်ကြည်နူးမှုတွေ ရအောင် အစွမ်းကုန် ကြိုးစားဖန်တီးနေရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ ကိုယ်ပိုင်အတွေ့အကြုံအရပြောရလျှင် အမှန်တကယ် သေချာပေါက် ပြန်ရသည့် ပျော်ရွှင်မှုသည် ပေးအပ်ခြင်းမှ ပြန်ရသည့် ပျော်ရွှင်မှု အတိုင်းအတာသည် ရယူဖို့အားထုတ်ခြင်းမှ ပြန်ရသည့် ပျော်ရွှင်မှု အတိုင်းအတာထက် ကြီးမားကြောင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ၆

# သင်၏ ပေးအပ်ခြင်းအမှုကို သုံးဆပွားပစ်ပါ

သင် ဆန္ဒရှိသည်ဆိုလျှင် သင်၏ ပေးအပ်နိုင်စွမ်းကို သုံးဆပွားယူလို့ ရပါသည်။

ပွားများစေသည့် ပထမအကြောင်းတရားမှာ သင်၏ စိတ်ရင်းစေတနာ ဖြစ်၏။ ပေးအပ်ခြင်း၏ နောက်ကွယ်ရှိ စိတ်ရင်းစေတနာသည် ပေးအပ်သည့် လက်ဆောင်မွန်ထက် အမြဲတမ်းနီးပါး ပိုမိုအရေးကြီးတတ်ပါသည်။ သင်ပေးအပ်သည့် လက်ဆောင်မွန်သည် သင့်နှလုံးသားမှ ယိုစီးထွက်လာသည့် အရာဖြစ်နေလျှင် ထိုလက်ဆောင်မွန်သည် ရိုးစင်းလှသော 'ကျေးဇူးတင်ပါတယ်' ဆိုသည့်စကားကလေးတစ်ခွန်း၊ စိတ်အားထက်သန်စွာ ရေးပို့လိုက်သည့် ဝမ်းမြောက်ဂုဏ်ယူစာလေးတစ်စောင်၊ သို့မဟုတ် အိမ်မှာထိုးသည့် သဘော်ယိုကလေးတစ်ပုလင်းသည် များစွာတာသွား၏။ ထိုသို့သော လက်ဆောင်မွန်များသည်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်အရ ဖျစ်ညှစ်ပေးရသော အဖိုးတန်ပစ္စည်းများထက် ပိုမို နှစ်လိုဖွယ်ကောင်း၊ ပိုမို ကြည်နူးဖွယ်ကောင်းပါသည်။ အလုပ်သဘောအရ မလွှဲသာမရှောင်သာ ပေးခြင်းများကို လက်ခံရယူသူကလည်း အမြဲလို ရိပ်မိခံစားမိသည်သာဖြစ်၏။

သို့ဖြစ်ရာ စိတ်ရင်းစေတနာသည် သင့်နှလုံးသား၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

ပေးအပ်ခြင်း တိုးပွားစေသည့် ဒုတိယအကြောင်းတရားမှာ အချိန်သင့်မှု ဖြစ်၏။ မကြာမကြာ ကြုံရတတ်သည်မှာ အခြားသူတစ်စုံတစ်ဦး ပျော်ရွှင်ရေးကို မိမိဆောင်ရွက်နိုင်စွမ်းရှိနေချိန်တွင် မဆောင်ရွက်မိဘဲ အချိန်အခါ လွန်သွားတတ်ခြင်း ဖြစ်၏။ တစ်ဖက်သား စိတ်ချမ်းသာပျော်ရွှင်စေမည့်အချိန် တစ်ရက်သို့မဟုတ် တစ်နာရီ သို့မဟုတ် မိနစ်အနည်းငယ်မျှပင် နောက်ကျသွားသည်ဆိုပါလျှင် ယင်းအပြုအမူကပင်လျှင် ပျော်ရွှင်မှုကို အပြည့်အဝ ပေးနိုင်စွမ်း မရှိတော့။ ထို့ကြောင့် ရုတ်ချည်းဖြစ်ပေါ်လာသည့် ပေးအပ်ခြင်း စိတ်စေတနာကို ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ဖို့ ထောက်ခံတင်ပြရခြင်း ဖြစ်၏။

သင့်အပြုအမူသည် တိုင်း၍ယက်တဲ့ ပဏ္ဏလာ မိုးရွာသည်နှင့် အခန့်သင့်ဆိုသကဲ့သို့ ဖြစ်နေရပါမည်။ ထိုသို့ အချိန်သင့် အခါသင့် ဖြစ်နေမှလည်း သင့်စေတနာသည် ပိုမို ထိရောက် ပိုမို တာသွားမည် ဖြစ်၏။ ဗိုက်ဟောင်းလောင်းဖြစ်ပြီး ဆာလောင်မွတ်သိပ်နေချိန်တွင် ပေါင်မုန့်တစ်ဖဲ့ကျွေးခြင်းက ဗိုက်ပြည့်ပြီး ဆာလောင်မွတ်သိပ်ခြင်း မရှိချိန်တွင် ထမင်းစားပွဲကြီးနှင့် ဟီးနေအောင် ကျွေးမွေးခြင်းထက် ပိုပြီး ထိရောက်ပါ



သည်။ တစ်ဖက်မှ အကျွေးခံရသည့် ကာယကံရှင်အနေဖြင့်လည်း ပျော်ရွှင်ကြည်နူးမှု ပိုမို ရနိုင်ပါသည်။

စွမ်းအားအကြီးဆုံးဖြစ်သည့် တတိယအကြောင်းတရားအား စိတ်အားထက်သန်မှု ဖြစ်၏။

ကျွန်တော်တို့ ကျင်လည်နေသည့် နေ့စဉ်ဘဝများမှ ပျော်ရွှင်ဝမ်းသာ စိတ်ဓာတ်တက်ကြွစရာတွေ မဖြစ်စလောက်ကလေးသာ ရနေကြခြင်းမှာ ကျွန်တော်တို့၏ ကျင်လည်နေထိုင်မှုထဲသို့ စိတ်အားထက်သန်မှု ထည့်ဝင်အား နည်းလွန်းသောကြောင့် ဖြစ်၏။ ကျွန်တော်တို့ အမှန်တကယ် စိတ်အားထက်သန်သူတစ်ဦးဦးနှင့် တွေ့ဆုံရတိုင်း ကျွန်တော်တို့ ပျော်ရွှင်ရသည်။ ကြည်နူးရသည်။ စိတ်ဓာတ် တက်ကြွ ရွှင်လန်းကြရသည်။ ထိုသို့သောသူများသည် သူတို့၏ စိတ်ရင်းစေတနာကောင်းကို ပေးအပ်သူများပါတည်း။ သူတို့လို လူစားများသည် ဘယ်နေရာမှာမဆို ဝင်ဆံ့သည်။ ဘယ်လိုလူမျိုးကမဆို ကြိုဆိုတတ်ခေါ်သည်။ ဘာကြောင့်ဆို သူတို့က ဘဝကို ပိုမို စိတ်ဝင်စားနေရာ ကောင်းအောင် ဖန်တီး ပေးသာကြောင့်ပင်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည်လည်း အခြားသူများ၏ ဘဝတွေ ထိုအခြေအနေမျိုး ဖြစ်လာအောင် ဖန်တီးပေးလို့ ရနိုင်ပါသည်။

ထိုသို့ပြုလုပ်ဖို့ ပင်ပန်းတကြီး အားစိုက်ရန် မလိုပါ။ သို့သော် လေးလေးနက်နက် တွေးတတ်ဖို့၊ သတိတရ ထောက်ထားစာနာတတ်ဖို့ပဲ လို၏။ ဆိုလိုသည်မှာ သင်က စွန့်လွှတ်ပေးအပ်ပြီဆိုလျှင် သင့်အပြုအမူထဲတွင် စိတ်အားထက်သန်မှုကို ပေါင်းထည့်ပေးရန် သတိတရရှိဖို့ပင် ဖြစ်၏။ သင်က ပေးအပ်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ သင့်အသံထဲတွင် စိတ်အားထက်သန်မှု ပေါင်းထည့်ပေးပါ။ ထိုသို့ ဆက်ဆံခံရသည့် လက်ခံရယူသူသည် ပျော်ရွှင်ကြည်နူးမှုကို နှစ်ဆရတတ်၏။ ဘာကြောင့်ဆို ကျွန်တော်တို့ ဝန်းကျင်ရှိ လူများနှင့် ဆက်ဆံသောအခါ ကျွန်တော်တို့၏ ဆက်ဆံရေးများတွင် ကျွန်တော်တို့၏ နှလုံးသားများ၊ မျက်စိများနှင့် အသံများပါ ပေါင်းထည့်တတ်သူ ရှားပါးလှသောကြောင့်ပင်။

အဓိက အရေးကြီးသည်မှာ စကားလုံးများသာ ဖြစ်သည်ဟု ကျွန်တော်တို့ တော်တော်များများက မှတ်ယူထားတတ်ကြ၏။ သို့သော် စကားလုံးများက ကျွန်တော်တို့ ပြောသမျှဆိုသမျှ၏ သေးငယ်သော အစိတ်အပိုင်းကလေးကိုသာ သယ်ဆောင်သွားနိုင်၏။ ၎င်းစကားလုံးများကို ကျွန်တော်တို့ ပြောသည့် လေသံသည် လိုက်လှဲပျူငှာ ဖြစ်နေရမည်။ စာနာထောက်ထားမှု အပြည့်ရှိနေရမည်။ ထိုသို့သော စိတ်ရင်းစေတနာမှန်များက နှုတ်ဖျားမှ ထွက်လာသည့် စကားလုံးများထက် ပိုမို အရေးပါ အရာရောက်ပါသည်။

• • •

ကျွန်တော်တို့အထဲမှ တချို့တွေက မပွင့်လင်းကြ။ မိမိသဘောထားကို လက်တွေ့ထင်ရှား မပြတတ်ကြ။ ထိုသို့ ဖြစ်ရသည်မှာ အခြားသူများက ကိုယ့်ကို ‘လေအိုး’ဟု ထင်မှာစိုးသောကြောင့် ‘စကားတွေ ရှန်းရှန်းဝေအောင်ပြောသူ”ဟု အထင်ခံရမှာ စိုးသောကြောင့်။ သို့ပေမဲ့ အားတက်သရောရှိသူတစ်ဦးဖြစ်ခြင်းသည် လေအိုးဖြစ်ခြင်း မဟုတ်။ အားတက်သရောရှိသူနှင့်



လေများသူတို့အကြား စရိုက်လက္ခဏာ ကွာခြား၏။

တချို့လူတွေက အခြားသူများနှင့် ပြောဆိုဆက်ဆံရာ၌ အရာရာတိုင်းနှင့် လူတိုင်းအား အရှိကိုအရှိအတိုင်း ပြောတတ်ကြ၏။ ဝတ်ကျေတမ်းကျေ ဟန်မျိုးဖြင့် ပြောတတ်ကြ၏။ သူတို့၏ ခံစားချက်ကို တစ်ဖက်လူတွေ နားလည်လိမ့်မည်၊ သဘောပေါက်လိမ့်မည်ဟု မှတ်ယူထားတတ်ကြ၏။ သူတို့သည် အေးတိအေးစက်နိုင်လွန်းပြီး တစ်ဖက်သားအား အသိအမှတ် မပြုတတ်သူများဖြစ်သည်ဟု သူတို့နှင့် အရင်းနှီးဆုံး မိတ်ဆွေများကပင် သတ်မှတ်ကြောင်း ကြားသိရလျှင် ထိုလူတွေ အံ့သြတကြီး ဖြစ်ကြမှာ သေချာပါသည်။

ကျွန်တော့်အသိအကျွမ်းတစ်ဦး ရှိ၏။ သူက ဘယ်တော့မျှ စကားကို ဝေဝေဆာဆာ မပြောတတ်သူ။ ထိုသို့ ‘လေအိုး’ မဟုတ်ခြင်းအတွက် သူ့ကိုယ်သူ နှစ်သိမ့်ကျေနပ်ဂုဏ်ယူနေသူ။ ထိုသူက ကျွန်တော့်အား ပြောပြခဲ့သည်မှာ ကျေးဇူးတင် အသိအမှတ်ပြုခြင်းနှင့် ပတ်သက်သည့် သူ၏အတွေးအမြင်မှားယွင်းနေကြောင်းကို သူ့အသက် လေးဆယ့်ငါးနှစ်ကျမှ တုန်လှုပ်စွာ သိမြင်သဘောပေါက်ခဲ့ရသည် ဟူ၏။

“လူတွေက ကျွန်တော့်အတွက် ဆောင်ရွက်ပေးတဲ့ အခါတိုင်း ကျွန်တော့်ရင်ထဲ အသည်းထဲက ကျေးဇူးတင် တန်ဖိုးထားတာပါ။ ကျွန်တော့်ခံစားချက်ကို သူတို့သိလိမ့်မယ်လို့လည်း ထင်ခဲ့တယ်လေ” ဟု သူကရှင်းပြသည်။

“ဒါပေမဲ့ တစ်နေ့မှာတော့ ကျွန်တော် ကျိန်းသေရမယ်လို့ မျှော်မှန်းထားတဲ့ ရာထူးတစ်ဆင့်တိုးရေးမှာ ကျွန်တော် မရဘဲ

www.burmeseclassic.com

www.burmeseclassic.com



တခြားလူတစ်ယောက် ရသွားတာကလား။ ဒီတော့ ကျွန်တော် လျှောက်မေးတာပေါ့။ ကျွန်တော် ဘာဖြစ်လို့ ကျန်ခဲ့ရသလဲပေါ့။ ကျွန်တော် ရလာတဲ့ အဖြေက ကျွန်တော်ဟာ အရာရာတိုင်းနဲ့ လူတိုင်းကို စိတ်ထဲကကျိတ်ပြီး မနှစ်သက်သဘောမကျဖြစ်နေသူ တစ်ဦးလို့ အထက်လူကြီးတွေက ယူဆတဲ့အကြောင်း၊ အဲဒီလို သဘောထားမျိုးရှိသူတစ်ဦးဟာ ဘယ်တော့မှ ခေါင်းဆောင် မဖြစ်နိုင်ကြောင်း၊ ဒါကြောင့် ရာထူးတိုးပေးရေးမှာ ချန်ထားခဲ့ရကြောင်း ပေါ့ဗျာ။ နောက်ထပ် ဆက်ပြီး မေးမြန်းစုံစမ်းကြည့်တော့ ကျွန်တော်နဲ့ အရင်းနှီးဆုံး မိတ်ဆွေအပေါင်းအသင်းတွေက တောင် ကျွန်တော်ဟာ ဘာကိုမှ အားတက်သရောမရှိတဲ့ မြဲစိစိ လူတစ်ယောက် ဖြစ်တယ်လို့ ယူဆကြကြောင်း သိလာရတော့ တယ်ဗျို့"

ထိုပုဂ္ဂိုလ်ကား ကျေးဇူးတင်တန်ဖိုးထားခြင်းကို သိမှတ်နားလည်သူ ဖြစ်၏။ သို့သော် သူက သူ့ခံစားချက်ကို ထုတ်မပြ၊ ထုတ်မပြော။ အဘယ်ကြောင့်ဆိုသော် မဟုတ်သည့်နေရာမှာ ထိန်းသိမ်းနေလာသောကြောင့် ဖြစ်၏။

ပင်ကိုကိုက အနေအေးသူများ၊ မွေးရာပါ ဗီဇကိုက အားတက်သရော မပြောဆို မဆက်ဆံတတ်သူများအတွက် သတင်းကောင်းတစ်ရပ် ရှိပါသည်။ 'စိတ်အားထက်သန်မှုကို လေ့ကျင့်ပျိုးထောင်ယူလို့ရသည်'ဟူသည့်သတင်းကောင်းပါ။

လူတွေနှင့် ဖြစ်ရပ်တွေ၊ အကြောင်းကိစ္စတွေကို အသိအမှတ်ပြု ချီးကျူးတော့မည်ဆိုလျှင် သင့်စကားလုံးတွေထဲတွင် သင့်မျက်စိတွေ၊ သင့်အသံနှင့် သင့်စိတ်ရင်း စေတနာတို့ကို



ပေါင်းစည်းထည့်ဝင်ဖို့ သိမှတ်စွာ အားထုတ်ပါ။ စကားတစ်လုံးတည်းဖြင့် ပြောရလျှင် သင့်စကားလုံးများတွင် သင့်အသည်းနှလုံးကို ပေါင်းစည်းထည့်ဝင်ပါ ဟူ၏။

ဤအားထုတ်မှုကို သင့်အိမ်မှာ၊ သင့်လုပ်ငန်းခွင်မှာ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆက်ဆံရိုန်မှာ ကျင့်သုံးပါ။ ထိုအမှုအကျင့်သည် ဘယ်လောက်ထိလျင်မြန်စွာ သင်၏ ဓလေ့စရိုက်ဖြစ်လာကြောင်း သင် အံ့အားတသင့် တွေ့ရပါလိမ့်မည်။ သင်က အခြားသူများအား စိတ်အားထက်သန်မှုကို ပေးအပ်၏။ ၎င်းစိတ်အားထက်သန်မှုများသည် သင့်ထံသို့ ရောင်ပြန်ဟပ်လာပါလိမ့်မည်။ ထိုအခါ သင်သည် ပိုမို ယဉ်ကျေးပျူငှာ စိတ်အားထက်သန်သော ကမ္ဘာတစ်ခုထဲတွင် ရှင်သန်နေထိုင်လျက်ရှိကြောင်း အံ့သြဖမ်းသာစွာ တွေ့ရပါလိမ့်မည်။

စိတ်ရင်းစေတနာမှန်၊ အချိန်အခါသင့်မှု၊ စိတ်အားထက်သန်မှု၊ ဤအရာများသည် ကြီးမားသော ဆပွားခြင်း အကြောင်းတရား သုံးရပ်ပါတည်း။ စွန့်လွှတ်ပေးအပ်ခြင်း အနုပညာတွင် ဤအကြောင်းတရား သုံးပါးသည် အရေးပါ အရာရောက်သော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၀

# ငွေဖြင့် ဝယ်ယူလို့ မရသည့် လက်ဆောင်များ

ငွေဖြင့် ဝယ်ယူလို့ မရသည့် လက်ဆောင်မွန်တွေ လောကမှာ အများအပြား ရှိ၏။ ယင်းသို့သော လက်ဆောင်တွေ ဘာတွေလဲဆိုတာ တွေးချင့်ကြည့်ပါ။ ပမာ တင်ပြရသော် ကြင်နာမှု၊ ထောက်ထားစာနာမှု၊ လောကဝတ်ကျေပွန်မှု၊ လေးလေးနက်နက် သဘောထားမှုနှင့် စေတနာကောင်းမှု စသည်ဖြင့်။

ကျွန်တော့်ဆိုလိုရင်းကို မထင်မလွဲလိုက်ပါနှင့်။ အစိပ္ပာယ်ကောက် မလွဲလိုက်ပါနှင့်။ ကရုဏာရှင်မကလေး 'ပေါလီယာနာ'၏ ကိုယ်ရည်ကိုယ်သွေးမျိုး မွေးမြူကြပါဟု ကျွန်တော် လျှောက်လဲနေခြင်း မဟုတ်၊ ယင်းကဲ့သို့သော အကျင့်အကြံမျိုး ကျင့်ကြံသင့်သည်ဟု ကျွန်တော် တင်ပြနေခြင်းမဟုတ်။ ပေါလီယာနာ၏ အပြုအမူများမှာ ယဉ်ကျေးဖွယ်ရာရှိခြင်း၊ ထောက်ထားစာနာခြင်း၊ ကြင်နာခြင်း၊ အလေးအနက် သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းနှင့် စိတ်ရင်းကောင်းခြင်းတို့သာဖြစ်၏။ ကြင်နာမှုနှင့် ပတ်သက်သည့် သာဓကတစ်ခုကို ကြည့်ပါ။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည့် ညတစ်ညတွင် လက်ကာဝဏ္ဏအမည်ရှိ ကူးတို့သင်္ဘောကြီးသည် ဆိုက်ကပ်နေကျ ဟိုဘိုကင်သင်္ဘောဆိပ်သို့ ဆိုက်ကပ်လာသည်။ သင်္ဘောခန်းထဲမှ ခရီးသည်တွေအားလုံး တံခါးဝဆီသို့ စုပြုံတိုးဝှေ့ကြသည်။ ထိုအထဲတွင် တစ်ဦးသော ခရီးသည်ကတော့ ကြမ်းပြင်ပေါ်မှာ ခွေခွေကလေး။ အရက်မူးလွန်ပြီး အိပ်ပျော်နေသည်။

တံခါးပေါက်ဆီသို့ သူ့ထက်ငါ ဦးအောင်သွားနေသည့် ခရီးသည်တွေထဲမှ ခရီးသည် အယောက်နှစ်ဆယ်လောက်ကတော့ သူ့ကို သတိပြုမိကြသည်။ သူ့ကို စောင်းငဲ့ကြည့်သွားကြသည်။ သူတို့မှာ ကိုယ့်အရေးနှင့်ကိုယ် အရေးကြီးနေကြသည် မဟုတ်လား။ သူတို့အထဲမှ အဘိုးကြီးတစ်ဦးကတော့ သူတို့ ဦးတည်နေသည့် လမ်းကြောင်းမှ ခွဲထွက်သည်။ အမူးသမားဆီသွားသည်။ အမူးသမားကိုဆွဲလှုပ်သည်။ "ဟိုဘိုကင်ကို ရောက်ပြီ" အမူးသမား၏ နားအနီးသို့ကပ်ပြီး အကြင်နာကဲသော လေသံဖြင့် ခပ်ကျယ်ကျယ် ပြောသည်။

သူ့အသံကြောင့် လူပေါင်းတစ်ခါဇင်လောက်က လှည့်ကြည့်ကြသည်။ အမူးသမားအား ကြင်နာစွာ လှုပ်နေသည့် အဘိုးကြီးကို မြင်လိုက်ရသူများမှာ သူတို့အချင်းချင်း တီးတိုးစကားပြောကြသည်။ ပြီးတော့ သူတို့မျက်နှာတွေပေါ်တွင် ရှက်သွေးဖြန်းသွားကြသည်။ ဘာကြောင့်ဆို သူတို့တွေ့လိုက်ရသည့် အဘိုးကြီးသည် သောမတ်အက်ဒီဆင် ဖြစ်နေသော



ကြောင့်ပင်။ တကယ်တော့ အမူးသမားကို ကြင်နာဖေးမ လှုပ်နှိုးနေရမည့်သူမှာ သူတို့ထဲက တစ်ယောက်မဟုတ်တစ်ယောက် ဖြစ်နေရမည် မဟုတ်ပါလား။

"ခင်ဗျားရေးတဲ့ 'သင့်နှလုံးသားကို ပေးဆက်ဖို့ ကြိုးစားပါ' ဆိုတဲ့ စာအုပ်ဖတ်ပြီးမှပဲ လူတစ်ယောက်ဟာ ရိုးစင်းလှတဲ့ အကြင်နာတရားကို ပေးအပ်ခြင်းဆိုတဲ့ ဝါသနာအလုပ်တစ်ခု အဖြစ် ခံယူလို့ရတယ်ဆိုတာ သဘောပေါက်လာတော့တယ်ဗျာ" ဟု မိတ်ဆွေတစ်ဦးက ကျွန်တော့်ထံ စာလှမ်းရေးသည်။

ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ ဤအလေ့အကျင့်သည် ဝါသနာ အကောင်းစားကလေး တစ်မျိုးမျှသာ မဟုတ်။ ဤအလေ့အကျင့်သည် မိတ်ဆွေအပေါင်းအသင်းများ တိုးပွားအောင် လုပ်ဖို့ အလွန်ကောင်းသော နည်းလမ်းလည်း ဖြစ်၏။ ဤအလေ့အကျင့်သည် နှလုံးသားမှ ပေါက်ဖွားလာပြီး နှလုံးသားချင်း စကားပြောပါသည်။

• • •

လူများတွင် ရှားရှားပါးပါး တွေ့ရခဲသည့် ပင်ကိုမှမ်းရည်တွေထဲတွင် သတ္တိသည် တစ်ခုအပါအဝင် ဖြစ်၏။ လူစုသုဝေးတစ်ခု သို့မဟုတ် အစည်းအဝေးတစ်ခုတွင် အခက်အခဲအကျပ်အတည်းများ ကြုံရတတ်၏။ ထိုသို့သော အခြေအနေမျိုးတွင် သတ္တိရှိရှိ ပြတ်ပြတ်သားသားနှင့် မှန်ကန်သော၊ အများလည်း လက်သင့်ခံသော ဆုံးဖြတ်ချက်များ ချရတတ်၏။ ထိုသို့ ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိသည့် ယောက်ျားတချို့ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတချို့ကို တွေ့တောင့်တွေ့ခဲ တွေ့ရတတ်ပါသည်။ ထိုသို့သော စွမ်းရည်ထူးသူမျိုး ဘယ်နှဦးလောက် သင် တွေ့ဖူးကြုံဖူးပါသလဲ။

ကျွန်တော် အမှုဆောင်ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီတစ်ခုတွင် ဂုဏ်သိက္ခာကြီးမားသော ဒါရိုက်တာတစ်ဦး ရှိခဲ့၏။ သူသည် များမကြာသေးမီက ကွယ်လွန်သွားရှာပြီ။ ထိုပုဂ္ဂိုလ်အား အောက်မေ့တမ်းတခြင်း အခမ်းအနားတွင် ကုမ္ပဏီဥက္ကဋ္ဌက သူ၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ချီးကျူးရာ၌ "ကျွန်တော်တို့ ဘုတ်အဖွဲ့မှာ ဆောင်ရွက်ခဲ့တဲ့ ဝေါလ်တာဟာ အမြဲတမ်း ကျွန်တော်တို့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ခဲ့သူပါ။ ပြဿနာတစ်ခုကြုံလို့ ပြတ်ပြတ်သားသား သတ္တိရှိရှိ ဆုံးဖြတ်ချက်ချရတော့မယ်ဆိုရင် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ရဲရဲဝံ့ဝံ့ ချမှတ်ဖို့ ကျွန်တော်တို့ကို အမြဲအားပေးခဲ့သူဟာ ဝေါလ်တာပါပဲ။ ပြောရမယ်ဆိုရင် သူဟာ ကျွန်တော်တို့ အားလုံးကို သတ္တိတွေ သွင်းပေးခဲ့သူပေါ့ဗျာ" ဟု ထည့်ပြောသွားခဲ့၏။

မိမိ၏ သတ္တိကို မိမိအပေါင်းအသင်း ရောင်းရင်းများနှင့် မိမိကျင်လည်နေထိုင်သည့် လောကဝန်းကျင်အား ပေးအပ်ခြင်းသည် သူတို့သူတို့အား တန်တန်ရာရာ လက်ဆောင်တစ်ခု ပေးအပ်ရာ ရောက်ပါသည်။

• • •



သင်သည် ပုံမှန်အားဖြင့် တစ်ဖက်သားကို အရေးထားလေးစားတတ်သူဖြစ်မှာ သေချာပါသည်။ ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ထိုအတိုင်းပင် မှတ်ယူခဲ့၏။ သို့ပေမဲ့ ကျွန်တော်နှင့် တွေ့ဆုံရသူတိုင်းအား စိတ်ရောကိုယ်ပါ အရေးထား လေးစားခြင်းကို ဓလေ့စရိုက်အဖြစ် မွေးမြူလို့ရကြောင်း၊ ထိုအခါ ကျွန်တော်သည် အရေးထားလေးစားတတ်သူ ပိုမို ပီပြင်လာကြောင်း အံ့သြဖွယ်တွေ့ရ၏။ ထိုသို့ဖြစ်လာဖို့ တစ်ဖက်သားအား စက္ကန့်ပိုင်းကလေးမျှ ပိုမို အရေးထား လေးစားလိုက်ရုံဖြင့် ရပါသည်။ တစ်ဖက်သားအား အရေးထား လေးစားရာရောက်သည့် အပြောအဆိုကလေးနည်းနည်း၊ သို့မဟုတ် အပြုအမူကလေးနည်းနည်း ပြုလုပ်လိုက်ရုံဖြင့် တစ်ဖက်လူရင်ထဲ နွေးသွားပါမည်။ တစ်ဖက်လူ ကြည်နူးဝမ်းသာသွားပါမည်။ ဤနည်းစနစ်ကို သုံးခြင်းအားဖြင့် ထိုသို့ ပြုမူပြောဆိုလို့ရသည့် အခွင့်အလမ်းတွေ မြောက်မြားစွာရှိကြောင်း သင် တအံ့တသြ တွေ့လာပါလိမ့်မည်။

သင့်အနေဖြင့် အသံတိတ်လျက်ပင် အရေးထားလေးစားသမှု ပြုနိုင်၏။ ရထားတွဲထဲတွင် လူပြည့်နေပြီ။ နေရာလွတ်ပင်မရှိတော့။ သင်သည် လွတ်လွတ်လပ်လပ် တစ်ကိုယ်တည်းနေထိုင်ခွင့်ရဖို့ ထိုင်ခုံပေါ်တွင် ခြေဆန့်လက်ဆန့် ကျယ်ကျယ်ဝန်းဝန်း နေရာယူထားမည့်အစား သင့်နံဘေးတွင် ဖင်တစ်နေရာစာကလေး လွတ်အောင် ကိုယ်ကို ကျုံ့ထိုင်ပေးထားလို့ရ၏။ ထိုသို့ ပြုမူခြင်းသည် တစ်ဖက်သားအား အသံတိတ် အရေးထားလေးစားရာ ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်၏ အသံတိတ် ညှော်ဝတ်ကျေပွန်မှုအတွက် ရထား စီးခရီးသွားဖော်က သင့်အား ကျေးဇူးတင်ပါလိမ့်မည်။ ကြည်နူး ဝမ်းသာ ခံစားရပါလိမ့်မည်။ ထိုသို့မျှဝေပေးအပ်လိုက်ရသည့် အတွက် သင့်ရင်ထဲမှာလည်း ကျေနပ်ပီတိ ဖြာရပါလိမ့်မည်။

• • •

ထောက်ထားညာတာမှုသည် အရေးထားလေးစားမှုနှင့် အမြွှာညီအစ်ကို သို့မဟုတ် အမြွှာညီအစ်မ ဖြစ်၏။ အမေရိက တစ်ခွင်တစ်ပြင်တွင် အလုပ်အများဆုံးနှင့် အအောင်မြင်ဆုံး ပုဂ္ဂိုလ်တွေထဲမှ ကျွန်တော်သိသည့် ပုဂ္ဂိုလ်တစ်ဦးကတော့ ထောက်ထားညာတာစိတ် အရှိဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း တွေ့ရ၏။

သင့်အနေဖြင့် သူ့ရှေ့သို့သာ အရောက်သွားလိုက်ပါ။ သင့်ကို သူက ကြည့်ရှုစောင့်ရှောက်နေပါကလား ဆိုသော ခံစား ချက်တစ်ရပ် သင့်ရင်ထဲ ဖြစ်ထွန်းလာပါလိမ့်မည်။ တကယ် တော့ သူက ဘာမျှကြီးကြီးကျယ်ကျယ်တွေ ဆောင်ရွက်ပေးနေ ခြင်း မဟုတ်။ သင့်အား သူပြောဆိုလုပ်ကိုင်ပေးသည်မှာ သေး သေးဖွဲဖွဲ ကိစ္စကလေးတွေသာ ဖြစ်၏။ သို့ပေမဲ့ သူ၏ ဆက်ဆံ ရေးကြောင့် သင် စိတ်ရောကိုယ်ပါ သက်သောင့်သက်သာ ခံစား လာရမည်။ စိတ်လက်ပေါ့ပါးလာမည်။

ထိုပုဂ္ဂိုလ်သည် နံနက်မိုးလင်းအိပ်ရာထချိန်မှ ညဉ့် မိုးချုပ် အိပ်ရာဝင်ချိန်အတွင်း ကြုံရတွေ့ရသည့် ထောက်ထား ညာတာရန် အခွင့်အလမ်းတိုင်းကို ပစ်ပယ်လိမ့်မည် မဟုတ်ဟု



ကျွန်တော် လေးလေးနက်နက် ယုံကြည်သည်။ သူနေထိုင် ကျင်လည်ရာ သူ့မိသားစု၊ သူ့ထံအလုပ်အပ်သူများ၊ သူ၏ ဝမ်း ကျောင်းပညာလုပ်ဖော်ကိုင်ဖက်များ၊ သူ၏ အပေါင်းအသင်း မိတ်ဆွေများအပြင် သူနှင့်ဆုံရသည့် သူစိမ်းတစ်ရံဆံများ အားလုံး ကို သူက ထိုအတိုင်းပင် ပြုမူပြောဆိုဆက်ဆံမည် ဖြစ်၏။

သို့ဖြစ်သည့်တိုင် သူ့အား ချွဲလွန်းနွဲ့လွန်းသူ ဟူ၍ ဘယ်သူကမျှ မစွပ်စွဲ။ သူသည် စကားတွေ ရွှန်းရွှန်းဝေ၊ ရေပက် မဝင်အောင် ပြောတတ်သူလည်း မဟုတ်။ ပြောရမည်ဆိုလျှင် သူသည် မဆိုစလောက်ကလေးပင် စည်းကမ်းကြီးနေသေးသည်။ သို့သော် သူနှင့် ဆက်ဆံမိသူအားလုံးက သူ့ကို ချစ်ကြ လေးစား ကြသည်ကို တွေ့ရပါသည်။

• • •

စိတ်ရင်းစေတနာကောင်းခြင်းဆိုသည့် သဘာဝ နှမ်းရည်ကတော့ ကမ္ဘာလောကကြီးကို ရှင်မြူးတက်ကြွစေ၏။ ပြီးတော့ ၎င်းရှင်မြူးတက်ကြွမှုသည် ပေးအပ်သူထံသို့ ရောင်ပြန် ဟပ်လာတတ်၏။

လွန်ခဲ့သည့် နှစ်ပေါင်းအတန်ကြာတုန်းက ကြေညာ သည်မှာ ချားလ်ရှဝပ်၏ စိတ်ရင်းစေတနာကောင်းပြီး သွက်လက် ချက်လတ်သော အပြုံးအတွက် ဒေါ်လာတစ်သန်း ဆုပေးမည် ဟူ၏။ အမှန်တော့ သူ့အနေဖြင့် ထိုသို့ ဆုချနေဖို့ မလိုပါ။ ... ဆင်းရဲစရာ အနေအထားမျိုးတွေနှင့် ကြုံဆုံရတိုင်း ပြုံးပြ ... အောင် မိမိကိုယ်မိမိ လေ့ကျင့်သင်ယူလိုက်လျှင်ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ထိုသို့ ပြုံးနေတတ်သည်မှာ စိတ်ရင်းစေတနာ ကောင်းခြင်းကြောင့်ဟု ကင်ပွန်းတပ်လို့ ရပါသည်။

နွေးထွေးလိုက်လှဲသော အပြုံးတစ်ပွင့်သည် ဘယ်လို အခြေအနေမျိုးနှင့်မဆို သင့်မြတ်လျော်ကန်၏။ သင် ပေးအပ်လိုက်သည့် အပြုံးပွင့်သည် သင့်နှလုံးသားထဲက စိတ်ရင်းစေတနာစကားကို နမူနာထုတ်ပြလိုက်ခြင်းပင် ဖြစ်၏။ သည်တော့ သင်သည် သင့်နှလုံးသား တစ်စိတ်တစ်ပိုင်းကို ပေးအပ်ရာရောက်ပါသည်။

ကမ္ဘာပတ်ရေလမ်းခရီးစဉ်များ မပေါ်မီက ကျွန်တော့်မိတ်ဆွေတစ်ဦးသည် ကမ္ဘာပတ်သည့်ခရီး ထွက်ခဲ့၏။ သူက ပြောပြသည်မှာ "နိုင်ငံတိုင်းက လူတွေအားလုံ နားလည်တဲ့ ကိုယ်ဟန်မူရာတစ်ခုကတော့ အပြုံးပဲဗျ။ ဒီတော့ ကျွန်တော် ကမ္ဘာပတ်ခရီးထွက်နေတုန်း ရောက်လေရာတိုင်းမှာ ပြုံးပြတာပဲ။ ရောက်ခဲ့တဲ့နိုင်ငံတိုင်းမှာ ကျွန်တော် အဲဒီနည်းနဲ့ မိတ်ဆွေဖွဲ့ခဲ့တယ်လေ။ စကားပြန်ရဲ့ အကူအညီတောင်မလိုဘူး" ဟူ၏။

သူ့လောက် ဝေးဝေးလံလံ မဟုတ်သည့်တိုင် ကျွန်တော်လည်း အတိုင်းအတာတစ်ခုထိ ခရီးထွက်ခဲ့ပါသည်။ ဘာသာစကား တိုးမပေါက်သည့် နယ်မြေများတွင် စားပွဲထိုးများ၊ အထမ်းသမားများ၊ မီးရထားလက်မှတ်စစ်များ၊ ဟိုတယ်စာရေးများနှင့် အရောင်းဆိုင်ဝန်ထမ်းများအား အပြုံးကလေးတစ်ပွင့် ပေးဆက်ခြင်းသည် အောင်မြင်ရေးဂါထာ ရွတ်လိုက်သလို အစွမ်းထက်လှကြောင်း တွေ့ရ၏။



ကမောက်ကမ ကသောင်းကနင်း ဖြစ်နေသည့် လက်ရှိကမ္ဘာ့အခြေအနေဆိုးကြီးထဲတွင် တိုင်းပြည်တိုင်း နိုင်ငံတိုင်းသည် တစ်ဦးကိုတစ်ဦး အမျက်စောင် မာန်ကြီးစွာဖြင့် မျက်မှောင်ကြုတ်ပြီး မာန်ဖီနေကြမည့်အစား ခင်မင်ရင်းနှီးစွာ အပြုံးချင်းဖလှယ်ကြမည်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ခြေတစ်လှမ်း ပိုနီးလာမည် ဖြစ်ပါသည်။ နောက်ပြီး သူတို့တစ်တွေ ရယူဖို့ကို အသည်းအသန် ကြိုးစားနေတာတွေ ရပ်တန်းကရပ်ပြီး ပေးအပ်ခြင်းအမှုကို နည်းနည်းပါးပါး ပြုကြမည်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး ရလာပါလိမ့်မည်။

လွန်ခဲ့သည့် နှစ်ပေါင်းတော်တော်ကြာကြာတုန်းက ကျွန်တော် ဘယ်တော့မှ မေ့လို့မရသည့် ကမ္ပည်းစာတစ်ပုဒ်ကို တစ်နေရာမှာ ဖတ်ခဲ့ရ၏။ ၎င်းကမ္ပည်းစာမှာ 'စိတ်ရင်းစေတနာကောင်းမှုက အပြုံးများ ဖြစ်ပေါ်စေသည်။ အပြုံးများက မိတ်ဆွေများ ဖြစ်ပေါ်စေသည်။ တကယ်တော့ မိတ်ဆွေများသည် ငွေသည်းစိမ်ဥစ္စာ တစ်ပုံတစ်ပင်ကြီးထက် သာလွန်ကောင်းမွန်သည်" ဟူ၏။

• • •

ဤကဏ္ဍတွင် ဖော်ပြခဲ့သည့် ရိုးရိုးစင်းစင်း စွမ်းရည်များကို ပင်ကိုစွမ်းရည်များ သို့မဟုတ် လက်ဆောင်မွန်များ ဟူ၍ လုံးဝ စဉ်းစားမိချင်မှ စဉ်းစားမိခဲ့ပါမည်။ ကျွန်တော်တို့ ... တွေ ပြဿနာပေါ်နေသည်မှာ အဲသည်အရာပဲ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်မွန်ဆိုလျှင် ဝယ်လို့ရသည့်အရာတစ်ခုခု၊ ကြည့်လို့ မြင်ရ ပြီး ကိုင်တွယ်လို့ရသည့် ရုပ်ဝတ္ထုတစ်ခုခုသာ ကျွန်တော်တို့ စဉ်းစားကြ၏။ အမှန်တော့ နှလုံးသားတွင် သူ့နည်းသူ့ဟန်ဖြင့် ချိန်နည်း၊ တိုင်းထွာနည်းရှိသည်။ နောက်ပြီး သူ့သတ်မှတ်ပုံ၊ သတ်မှတ်နည်းဖြင့် သတ်မှတ်လို့ရသည့် တန်ဖိုးများလည်းရှိပါ သည်။

၁၁

## တန်ဖိုးမဖြတ်နိုင်သော စွမ်းရည် 'သည်းခံခြင်း'

ဒေါက်တာ ချားလ် ဒဗလျူ အဲလီယော့သည် ဟားဗတ် တက္ကသိုလ်ဥက္ကဋ္ဌဖြစ်စဉ်က ဟောပြောပို့ချချက်တစ်ခု ပြုလုပ်ခဲ့ ၏။ ၎င်းဟောပြောချက်ထဲတွင် "ဂုဏ်သရေရှိပုဂ္ဂိုလ်ဆိုတာ ရက်ရက်ရောရော ရှိရမယ်။ ရက်ရက်ရောရော ဆိုတဲ့နေရာမှာ ငွေကြေးအရသာမဟုတ်ဘူး။ ဆိုလိုတာက တခြားယောက်ျားတွေ မိန်းမတွေနဲ့ ပတ်သက်တဲ့ သူ့ရဲ့ အကဲဖြတ်ချက်တွေ ရက်ရောမှု ရှိရမယ်လို့ ဆိုလိုတာ" ဟုထည့်ပြောခဲ့၏။

သူ့ဆိုလိုချက်ကို အနှစ်ချုပ်လိုက်သောအခါ 'သည်းခံ ခြင်း' ဟူသည့် စကားတစ်လုံးတည်း ဖြစ်ပေါ်လာ၏။

ကျွန်တော်တို့ သွားလာလှုပ်ရှားနေသည့် နေ့စဉ်ဘဝ များတွင် တွေ့ကြုံရသူတိုင်း၊ အိမ်နီးချင်းများနှင့် မိတ်ဆွေအပေါင်း အသင်းများအား နှင်းဆက်ပေးအပ်လို့ရသည့် လက်ဆောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



မြောက်မြားစွာရှိ၏။ ထိုထိုသော လက်ဆောင်မွန်တွေထဲတွင် 'သည်းခံခြင်း' လောက် ရှားပါးသည့် လက်ဆောင်မွန် မရှိပါချေ။ အခြားလူများအပေါ် မှုမှုတတ အကဲဖြတ်တတ်ဖို့နှင့် သည်းခံတတ်ဖို့ ခက်ခဲလှသော်လည်း သည်းမခံခြင်း၊ သဘောထားသေးသိမ်ခြင်း၊ အပြစ်ရှာခြင်းများ ပြုလုပ်ဖို့ လွယ်ကူလှ၏။

သို့ဖြစ်သော်ငြားလည်း ကျွန်တော်တို့တွေထဲက ဘယ်သူမဆို သည်သည်းခံခြင်းကို စွန့်လွှတ်ပေးအပ်ခြင်း ဝါသနာအလုပ်၏ ခိုင်မာတိကျသော အစိတ်အပိုင်းတစ်ရပ် အဖြစ် ဖန်တီးလို့ ရပါသည်။ ထိုသို့ ဖန်တီးဖို့အတွက် နှလုံးသားရော ဆင်ခြင်တုံတရားပါ စုံညီအားစိုက်ဖို့လို၏။ လူတစ်ယောက်အား အကဲဖြတ်တော့မည်ဆိုလျှင် နှလုံးသားက ပြောမည်။ "နေပါဦး၊ မင်း အကဲမဖြတ်မီ ဒီလူ ဘာဖြစ်လို့ ဒီလို ပြုမူနေထိုင်သလဲ ဆိုတာ သိအောင်စုံစမ်းပါဦး" ဟူ၍။ ဆင်ခြင်တုံတရားက အပေါ်ယံမျက်နှာပြင်အောက်တွင် ဘာတွေ ရှိနေသလဲဆိုတာ ရှုးစမ်းဖော်ထုတ်မည်။ တိကျသော အချက်အလက်များကို မသိမချင်း အကဲဖြတ်ခြင်းကို ငြင်းဆန်လိမ့်မည်။

ကျွန်တော်တို့ဘဝများ နောက်ကွယ်ရှိ အဖြစ်မှန်များနှင့် အမှန်တရားများကိုသာ လူတွေ သိကြမည်ဆိုလျှင် ကျွန်တော်တို့ကို သူတို့ ပို၍ ညှာညှာတာတာ အကဲဖြတ်ကြပေမည်။ လူတွေက ကျွန်တော်တို့အကြောင်း ဘာတွေပြောသည်၊ နောက်ပြီး သူတို့၏ အကဲဖြတ်ချက်တွေ ဘယ်လောက်မမှုတကြောင်း သိကြရလျှင် ကျွန်တော်တို့ကိုယ်တိုင် အပြောအဆို အနေအထိုင် ဆင်ခြင်လာတော့မည် ဖြစ်၏။ လူတွေ၏ ဘဝများနောက်ကွယ်မှ အဖြစ်



မှန်များကို မသိရသေးဘဲ သူတစ်ပါးအပေါ် အကဲဖြတ်ဝေဖန်ရာ၌ ချင့်ချင့်ချိန်ချိန်နှိုင်းနှိုင်းဆဆ ကျင့်ကြံတတ်လာမည်။

သူတို့၏ ဘဝဇာတ်ကြောင်းအမှန်များကို မသိရသည့်နောက်မှတော့ ဘာကြောင့် သူတို့အပေါ် သည်းခံညှာတာစိတ်ဖြင့် အကဲမဖြတ်ရမည်လဲ။ သူတို့အပေါ် သက်ညှာမှုကလေးတွေ ဆက်ဆံရပါမည်။ သူတို့အကြောင်း စဉ်းစားရာ၌၊ ပြောရာ၌ ညှာတာရပါတော့မည်။ သို့မဟုတ် သူတို့အကြောင်း အခြားသူများက ပြောလာလျှင်လည်း မိမိက စာနာထောက်ထားစိတ်ဖြင့် ထောင်ကြရပါမည်။ ဤသို့ ပြုကျင့်ရသည့်အတွက် မိမိဘက်က ပေးဆပ်ရတာ တစ်ပြားတစ်ချပ်မျှ မရှိ။ သူတို့အား ပျော်ရွှင်မေ်းသာစရာ အကောင်းဆုံး လက်ဆောင်မွန်တစ်ခု နှင်းဆက်လိုက်ရာသာရောက်ပါသည်။

• • •

ဘော့စတွန် ဆင်ခြေဖုံးရပ်ကွက်တွင် နေထိုင်သူတစ်ဦးသည် သူ့သဘောထားနှင့် သူ့အပြုအမူများကြောင့် နီးနားချင်းက ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာပြီ ဖြစ်၏။ သူ့အား လူမှုရေးအရ လူအများက သည်းခံဆက်ဆံနေကြသည်မှာ ခင်မင်နှစ်လိုဖွယ်ကောင်းသော ဇနီးကြောင့် ဖြစ်၏။ သူ့ဇနီးကိုတော့ လူတိုင်းက လက်သင့်ခံကြသည်။ နောက်ပြီး အရက် အလွန်အကျွံ သောက်တတ်သူ၊ ဒေါသဘမ်းရိုင်းစိုင်းသည့် စရိုက်ရှိသူ၊ လူတောမတိုးသည့်သူကို

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်း တော်နေရရှာသည့် သူမကို သနားကြသည်။ ကရုဏာ သက် ကြသည်။

တစ်နေ့တွင်တော့ ဆိုင်းမဆင့်ဗုံမဆင့် ဆိုသလို သူတို့ လင်မယား အိမ်ပြောင်းသွားကြသည်။ ခင်မင်ရင်းနှီးသည့် မိတ်ဆွေများကိုပင် ပြောင်းသွားသည့် လိပ်စာ ပေးမထားခဲ့ကြ။ သူတို့ ပြောင်းသွားပြီး နောက်နေ့တွင် အိမ်နီးနားချင်းများ စုကားသည့် ဖဲဝိုင်းတွင် လူမုန်းများသည့် ခင်ပွန်းသည်ဖြစ်သူကို ပျစ်ပျစ်နှစ်နှစ် ဝိုင်းပြီး ဝေဖန်ကဲ့ရဲ့ အပြစ်ဆိုကြသည်။ အိမ်နီးနားချင်းများအား နှုတ်ဆက်စကားကလေးပင် တစ်ခွန်းတလေ ပြောဖော်မရဘဲ ပြောင်းရွှေ့သွားသည်မှာ သည်လူ၏ ရိုင်းစိုင်းသော စရိုက်ဖြစ်ကြောင်း ပြောကြ၏။ သည်လူပြောင်းသွားတာ သူတို့ အသိုင်းအဝိုင်းအတွက် ကောင်းကြောင်း အားလုံးက သဘောတူသည်။ တစ်ခုတော့ ရှိသည်။ ချစ်စရာကောင်းသည့် သူ့မိန်းမကိုတော့ သတိရ တမ်းတကြမည်ပေါ့။

သူတို့အထဲတွင် သူတို့နှင့် ဝင်မဆွေးနွေးဘဲ ခပ်ရှောင် ရှောင်နေတတ်သူတစ်ဦး ရှိ၏။ ထိုသူက လူငယ်ရှေ့နေတစ်ဦး။ ခပ်အေးအေး နေတတ်သူ။ အရက်သမား လူရိုင်းအကြောင်း အပြစ်တင်ဝေဖန်ပွဲများတွင် ပါဝင်ဆွေးနွေးဖို့ အမြဲလို ငြင်းဆန် တတ်သည်။ ယခု ဖဲဝိုင်းတွင် ရက်ရက်စက်စက် ဝေဖန်ပြောဆို နေတော့လည်း သူက ခပ်မဆိတ်နေသည်။ ဘာသိဘာသာ နေ သည်။ ထိုအနိုက် ပေါင်ဖွာပေါင်ဖွာ မိန်းမတစ်ယောက်က သူ့ကိုပြောသည်။ "ဘရက်ဒလီ၊ ငါတို့ အဲဒီလူရိုင်းအကြောင်း မကောင်းပြောတိုင်း နင် တစ်ခွန်းမှ ဝင်ပြောဖော်မရဘူး။ ဒီတော့



နင်က သူ့ကို သဘောကျလက်ခံတဲ့သဘောလား"

"အားတော့နာပါရဲ့ အစ်မရယ်၊ ဟုတ်ကဲ့ ... သူ့ကို လက်သင့်ခံတဲ့သဘောပါပဲ။ ယုတ်စွအဆုံး ဒီနှစ်တွေအတွင်းမှာ ကျွန်တော်တို့ သူ့ကို ရစရာမရှိအောင် ဝိုင်းပြီး အပြစ်တင်ကဲ့ရဲ့ခဲ့ သလောက်အထိတော့ သူ့အပေါ် အမြင်မစောင်းဘူး ခင်ဗျ။ ဒီလူ အဲဒီလိုပြုမူနေထိုင်တာ ဘာကြောင့်လဲ၊ ဘာအကြောင်းတွေများ ရှိမလဲလို့ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့် ခဲ့ကြဖူးသလား။ သူ့ဘဝအကြောင်း ကျွန်တော်တို့ ဘာများ ဟုတ်တိပတ်တိ သိခဲ့ကြလို့လဲ"

သူတို့အားလုံး တညီတညွတ်တည်း မလိုတမာ ဝိုင်း ပြောကြသည်ကတော့ သည်လူအကြောင်း သူတို့ 'အများကြီး' သိထားကြသည်ဟူ၏။ ရှေ့နေကလေး၏ သဘောထားကို မကျေမနပ် ဖြစ်ကြသည်။

ရှေ့နေကလေးက သူတို့၏ အာဃာတမီးလျှံတွေ အရှိန်လျော့သွားချိန်ထိ စောင့်သည်။ ပြီးမှ သူက အေးဆေးစွာ ပြောသည်။

"ဥပဒေကျောင်းတက်တုန်းက ကျွန်တော် သင်ယူခဲ့ရ ဘာက ကိုယ့်မှာ အချက်အလက်တွေ ပြည့်ပြည့်စုံစုံ မရသေးဘဲ ဆုံးဖြတ်ချက်တွေချဖို့ မပြင်ဆင်ပါနဲ့တဲ့ဗျ။ ဒီလူ့ကိစ္စမှာလည်း အချက်အလက်တွေရအောင် ကျွန်တော် အချိန်အကြာကြီး အား ထုတ်ခဲ့ရတယ်။ ရလာတဲ့ အချက်အလက်တွေကိုလည်း ဒီည... ခုချိန်ထိ ကိုယ့်စိတ်ထဲမှာပဲ ထားခဲ့တယ်။ ခုတော့ ဒီလူ လင်မယား သည်း အဝေးကို ပြောင်းသွားပြီဆိုတော့ ကျွန်တော် သိထားတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောပြတော့မယ်ဗျာ။ အဲဒီအချက်အလက်တွေကလည်း ဘော့စတွန်ထောက်လှမ်းရေးအဖွဲ့မှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်မိတ်ဆွေ ရှေ့နေတစ်ဦးဆီက ရခဲ့တဲ့ အချက်အလက်တွေပါ”

“ကျွန်တော်တို့ကြားမှာ ရေပန်းစားတဲ့ ဒီလူရဲ့ ချစ်စရာ ဇနီးမယားကလေးဟာ ခြေဆော့လက်ဆော့တတ်တဲ့ စိတ်ဝေဒနာ ဖြစ်နေသူဗျ။ တစ်နည်းပြောပြရင် စောရနက္ခတ်နဲ့ ယှဉ်မွေးလာသူပေါ့ဗျာ။ မြို့ထဲက စတိုးဆိုင်ကြီးတွေမှာ အလစ်သုတ်ဖို့ လက်ပူးလက်ကြပ်မိတာ အကြိမ်ကြိမ်အခါခါပဲလေ။ ဒီမိန်းမ ထောင်မကျအောင် ကယ်ထုတ်ပေးနေတာက သူမရဲ့ ယောက်ျားလေ။ ထုံးစံအတိုင်း တနင့်တပိုး ငွေကုန်ကြေးကျခံပြီး ကယ်ထုတ်ရတာပဲပေါ့။

“အဲ ... တစ်ချို့မှာတော့ သူ့ကိုပါ မသင်္ကာဖြစ်ပြီး သူကိုယ်တိုင်တောင် ထောင်ထဲဝင်ရလုနီးပါး ဖြစ်ခဲ့ရတယ်။ ဒီလူက သူ့အိမ်မှာ ဧည့်ခံပွဲတွေ ပျော်ပွဲရွှင်ပွဲတွေ မလုပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လာတဲ့ဧည့်သည်တွေရဲ့ ပစ္စည်းတွေကို သူ့မိန်းမက ခိုးလေ့ရှိနေတာကိုး”

(သူတို့အုပ်စုထဲမှ မိန်းမနှစ်ယောက်သည် သူတို့၏ ခင်ပွန်းသည်များနှင့် အကြည့်ချင်း ဖလှယ်လိုက်ကြ၏။)

“ဒီတော့ ကျွန်တော်တို့ရဲ့ ဧည့်ခံပွဲတွေကိုလည်း သူ့မိန်းမ မလာအောင် တတ်နိုင်သလောက် ထိန်းထားတော့တယ်။ ဘာကြောင့်လဲဆိုတော့ တခြားဧည့်သည်တွေရဲ့ လက်ကိုင်အိတ်တွေထဲက ပစ္စည်းတွေကို သူ့မိန်းမ အလစ်သုတ်တတ်တာ သူက



သိနေတာကိုး”

သူတို့အုပ်စု တစ်စုလုံး ပင့်သက်ရှိုက်မိကြသည်။

စိတ်ရှည်သည်းခံရေးသင်ခန်းစာကို ကျွန်တော့်အား ထိထိမိမိ သင်ကြားပေးလိုက်သည်မှာ အထက်ပါ ဖြစ်ရပ်က ဖြစ်၏။ ကိုယ့်မှာ အချက်အလက်တွေ ပြည့်ပြည့်စုံစုံ မရမချင်း ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ထိန်းထားဖို့။ ထိုအချိန် ထိုကာလအတွင်း အဆိုပါ ကာယကံရှင်များကို ခင်မင်နှစ်လိုနေနိုင်အောင် ကြိုးစားဖို့။

တစ်ခါက ဆီးအော့လူနီမျိုးနွယ်များ၏ ဝတ်ပြုဆုတောင်းစာတစ်ပိုဒ်ကို ကျွန်တော် ဖတ်ခဲ့ရ၏။ သူတို့၏ ဆုတောင်းကိုလည်း ကျွန်တော် ရင်ထဲအသည်းထဲက အထင်ကြီးလေးစားသွား၏။ သူတို့၏ ဆုတောင်းမှာ

“ဝိညာဉ်များရဲ့သခင် အရှင်နတ်မင်းကြီး ... တပည့်တော် အခြားသူတစ်ဦးအကြောင်း အကဲဖြတ်ရတော့မယ်ဆိုရင် အဲဒီလူရဲ့နေရာမှာ သီတင်းပတ်နှစ်ပတ်မျှ ဝင်ရောက်နေထိုင်ခွင့်ပေးပြီးမှ အကဲဖြတ်လို့ရအောင် တပည့်တော်အား ကူညီဆောင်ရွက်တော်မူပါ” ဟူ၏။

• • •

ယောက်ျားတစ်ဦး သို့မဟုတ် မိန်းမတစ်ဦး ပိုင်ဆိုင်ခွင့်ရသည့် အရာတွေထဲတွင် အဖိုးထိုက်အဖိုးတန် အဖြစ်ဆုံး အရာသည် 'နာမည်ကောင်း' တစ်ခု ဖြစ်နိုင်ပါသည်။ နာမည်ကောင်းတစ်ခု ပိုင်ဆိုင်ခြင်း၏ စိတ်ဝင်စားစရာ အပိုင်းတစ်ခုမှာ သင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အခြားသူတစ်ဦးဦးအား နာမည်ကောင်းရအောင် ဖန်တီးပေးခြင်း ဖြစ်၏။ ထိုသို့ ဖန်တီးပေးလို့ရသည့် အခွင့်အလမ်းတွေ မကြုံရသည့်နေ့ဆိုလို့ တစ်နေ့တလေမျှပင် သင်ကြုံဖူးမည် မဟုတ်ပါချေ။

သင့်မိတ်ဆွေ၊ သို့မဟုတ် သင့်အိမ်နီးနားချင်း၊ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တစ်ဦးအကြောင်း အုပ်စုဖွဲ့ပြီး ပြောနေသည့်စကားဝိုင်းမျိုး သင် အချိန်မရွေး ကြုံရနိုင်၏။ ထိုသို့ စကားဝိုင်းတွင် တစ်စုံတစ်ယောက်က သင်နှင့်ပတ်သက်နေသူအကြောင်း မတရား မှိုချိုးမှျစ်ချိုး ပြောလာပြီဆိုလျှင် သင်က ထောက်ထားစာနာစကားကလေး ဝင်ပြောလို့ရ၏။ သို့မဟုတ် စိတ်ရှည်သည်းခံဖို့အကြောင်း လွယ်လွယ်ကလေး ပြောလို့ရ၏။

ထိုအခါ မူလအတင်းပြောနေသူ ကိုယ်တိုင်က သင့်လေသံအတိုင်း လိုက်ပြောပြီး သင့်စကားကိုပင် ဖြည့်စွက်ပြီး ကောင်းသတင်းကလေးတွေ လွှင့်လာကြောင်း မကြာမကြာ အံ့ညြဖွယ် ကြုံရတတ်၏။ ဖြစ်လေ့ဖြစ်ထရှိသည်မှာ သင့်ကျေးဇူးကြောင့် အဖတ်ဆည်မရအောင် အပြောခံနေရသူကို စကားဝိုင်းတစ်ဝိုင်းလုံးက လူတော်လူကောင်းကြီးအဖြစ် ချီးကျူးခြင်းဖြင့် စကားဝိုင်း သိမ်းသွားတတ်ခြင်း ဖြစ်၏။ ထိုသို့ဖြစ်လာလျှင် စကားဝိုင်းထဲ ပါဝင်သူအားလုံး စိတ်လက်ပေါ့ပါး ကြည်လင်လာကြခြင်းပင် ဖြစ်ပါသည်။

# ၁၂
# သုံးဆင့်တန် လက်ဆောင်မွန်

သင်၏ ပေးအပ်ခြင်းဝါသနာအလုပ်ကို လက်တွေ့အကောင်အထည်ဖော်ဖို့ သင့်အိတ်ထဲမှ သုံးဆင့်မျှသာ စိုက်ထုတ် အကုန်အကျခံရပါမည်။ သင့်၏လုပ်ဆောင်မှုကို စာတိုက်ကြီး သို့မဟုတ် စာပို့ဌာနက စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်ပါလိမ့်မည်။

သင် လုပ်ဆောင်ရမည်မှာ စာတိုကလေးတစ်စောင် ရေးရုံမျှသာ။ သင့်မိတ်ဆွေ သို့မဟုတ် အသိအကျွမ်း (သို့မဟုတ် သူဌေးမင်း) တစ်ဦးထံသို့ပင် ရေးလို့ရ၏။ စာထဲတွင် ထည့်ရေး ရသည်မှာ သင့်စိတ်ဝင်စားမှုကို ဖော်ပြခြင်း၊ ခင်မင်ရင်းနှီးမှု၊ စာနာ ဝိုင်းပင်းမှု၊ ဂုဏ်ယူဝမ်းမြောက်မှု၊ ထောက်ခံတင်ပြမှု၊ ဆုမွန်ကောင်းတောင်းမှု စသည်ဖြင့် တစ်မျိုးမျိုးပေါ့။ ထိုသို့ တိုတို တုတ်တုတ် စာကလေးတစ်စောင်ရေးပြီး စာအိတ်တစ်အိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထည့်၊ လိပ်စာရေး၊ သုံးဆင့်တန်တံဆိပ်ခေါင်းတစ်လုံးကပ်၊ ပြီးတော့ အနီးဆုံးစာတိုက်ပုံးတစ်ပုံးထဲ ထည့်လိုက်ရုံပင်။

ဤသို့ အစိုးရဌာနတစ်ခုနှင့် ပူးပေါင်းပြီး ပူးတွဲပေးအပ်ခြင်း ပြုလုပ်ဖို့ကို ကျွန်တော်တို့ ဂရုမမူမိကြ။ ထိုသို့ မေ့လျော့နေကြခြင်းမှာ ဂရုမစိုက်လို့မဟုတ်၊ ကျွန်တော်တို့ ဆင်ခြင်တုံတရားမဲ့ကြသောကြောင့်သာ ဖြစ်၏။ မိတ်ဆွေအပေါင်းအသင်းများထံမှ ချီးကျူးဂုဏ်ပြုလွှာကလေး တစ်စောင်တလေ ရောက်လာလျှင် ဘယ်လောက် ဝမ်းသာကြည်နူးရကြောင်း ကျွန်တော်တို့အားလုံး သိကြပါသည်။ သို့သော် ကျွန်တော်တို့က အပေါင်းအသင်း မိတ်ဆွေများထံ စာတိုကလေးတစ်စောင် ရေးပို့ပေးဖို့ကျတော့ မေ့မော့လျော့လျော့ နေကြ၏။ အမှုမဲ့အမှတ်မဲ့ နေကြ၏။

ဥပမာ၊ ပို့စကတ်ကလေးတစ်စောင် ပို့ပေးခြင်းသည် ငွေကုန်ကြေးကျနည်းလှသော်လည်း ၎င်းကဒ်ပြားကလေးက သယ်ဆောင်သွားသည့် နွေးထွေးလိုက်လှဲမှုမှာမူ တိုင်းတာ၍မရလောက်အောင် တာသွားပါသည်။ သို့သော် ကျွန်တော်တို့ ထိုသို့ မလုပ်ဖြစ်ကျ။

သို့မဟုတ် အလုပ်အကိုင် ဖင့်နွှေးရွှေ့ဆိုင်းကျင့်ကြောင်းလည်း ဖြစ်နိုင်သည်။ အခြားသူများထံ စာရေးဦးမှ သို့မဟုတ် သူ့အောင်မြင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း လှမ်းပြောဦးမှ စသည်ဖြင့် ကိုယ့်ဘာသာကိုယ် ပြော၏။ ကတိတွေပြု၏။ သို့မဟုတ် သူတို့၏ ကြေကွဲစရာတစ်ခုအတွက် စာနာထောက်ထားကြောင်း ဖော်ပြသည့် စာကလေးတစ်စောင် ပို့ပေးဖို့ပေါ့။



သို့ပေမဲ့ ကျွန်တော်တို့ နေ့ရွှေ့ညရွှေ့ လုပ်ကြ၏။ ဖင့်လှည့်ခေါင်းလှည့် လုပ်ကြ၏။ နောက်ဆုံးတစ်နေ့တွင် "အင်း ... ခုတော့ နောက်အကျကြီး နောက်ကျသွားပြီ။ ပထမဦးဆုံးစတွေးမိကတည်းက ချက်ချင်းလက်ငင်း ကောက်မလုပ်မိတာ စိတ်မကောင်းစရာတွေ ဖြစ်ကုန်တာပေါ့" ဟုသာ ညည်းတွားနိုင်တော့၏။

ဤကား စိတ်ထဲ ဖျိုးခနဲဖျပ်ခနဲ ပေါ်လာသည့် စေ့ဆော်မှုကို ကောက်ကာကင်ကာ လုပ်ဆောင်ဖို့ တိုက်တွန်းခြင်းအတွက် နောက်ထပ် နှိုးဆော်မှုတစ်မျိုး ဖြစ်ပါတော့သည်။

● ● ●

သင်ရေးလိုက်သည့် စာ သို့မဟုတ် စာကြောင်းကလေးတွင် သင် ရှိနေသည်။ စာထဲမှာ ရှိနေသည့် သင်က ပြောနေသည်မှာ "ခင်ဗျားနဲ့ပတ်သက်လို့ ကျွန်တော် ဘယ်လိုခံစားရဘယ်ဆိုတာကို စကားလုံးတွေနဲ့ ဖော်ပြဖို့ စာရေးစားပွဲမှာ ထိုင်ပြီးရေးဖြစ်လောက်အောင် ခင်ဗျားကို ကျွန်တော် သတိရနေပါတယ်ဗျာ" ဟူ၍ ဖြစ်ပါသည်။

သင့်ရင်ထဲမှ ခံစားချက်တွေ ပေါ်လွင်အောင် စာရေးကောင်းခြင်း မကောင်းခြင်းက အကြောင်းမဟုတ်ပါ။ သင့်နှလုံးသားထဲမှာ ဘာတွေ ရှိနေကြောင်းသာ ထုတ်ပြောလိုက်ပါ။ စကားလုံးများက အဓိက မဟုတ်ပါ။ တစ်ခုရှိတာက ဘယ်သူ့ကိုပြောလို့ ရမည်လဲ။ သင့်စာသည် တစ်ဖက်သား အခက်အခဲအကျပ်အတည်း ကြုံနေတုန်း ရောက်ချင်ရောက်သွားမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ရှေ့က စာတိုက်ပုံးထဲ ရောက်လာသည့် စာတစ်စောင်ကြောင့် ဘဝတစ်ခုလုံးအပြောင်းအလဲ ဖြစ်သွားသူများအကြောင်းတွေ ကျွန်တော်တို့ အများကြီး ကြားဖူးပါသည်။

စင်စစ် ...

အကြွေစေ့ကလေး သုံးစေ့မျှသည် မဖြစ်စလောက်သော ရင်းနှီးမြှုပ်နှံမှုကလေးတစ်ခုပါ။ ဤရင်းနှီးမြှုပ်နှံမှုကလေးဖြင့် ချိုးကျူးထိုက်သော၊ ကျေးဇူးတင်ထိုက်သော ကျွန်တော်တို့၏ မိတ်ဆွေများအား ပေးအပ်ခြင်းအမှု ပြုကြ၏။ သို့မဟုတ် သူစိမ်းတစ်ရုံဆံများ၏ ခင်မင်မှုကို ရယူကြ၏။

သုံးဆင့်မျှသော အကြွေစကလေးဖြင့် အခြားသူတွေ ကြည်နူးဝမ်းသာအောင် ကျွန်တော်တို့ ပေးဆပ်ခြင်းအမှု ပြုလို့ရ၏။ ထိုသို့ပေးအပ်ခြင်းအမှုပြုခြင်းကြောင့် ကျွန်တော်တို့ကိုယ်တိုင်လည်း ဝမ်းသာကြည်နူးမှု ရောင်ပြန်များ ရိုက်ခတ် ခံစားကြရပါလိမ့်မည်။

# ၁၃

# ပျမ်းမျှ ဆယ်ယောက် – တစ်ယောက်နှုန်းကို တိုးမြှင့်ဖို့ အားထုတ်စို့

'ကျေးဇူးပြုခြင်း' ဆိုသည့် အသုံးအနှုန်းကို ကျွန်တော်တို့ သုံးနှုန်းခဲ့သည်မှာ ရာစုနှစ်တွေ တော်တော်များခဲ့ပြီ။ သို့ဖြစ်သော်လည်း ကျေးဇူးကို လက်ဆောင်တစ်ခုအဖြစ်တော့ ယူဆခဲ့ပုံ ရပါ။ သို့သော် ကျေးဇူးသည် လက်ဆောင်တစ်ခုပင် ဖြစ်၏။ ဘာ့ကြောင့်ဆို သင် ကျေးဇူးပြုလိုက်တိုင်း သင့်နှလုံးသား၏ နွေးထွေးလှိုက်လှဲမှုကို ပေးအပ်နေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်၏ သိဟတ်မှုကလေးများကြောင့် ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း ပြောသူတွေရှိ၏။ ကျေးဇူးတင်ကြောင်း ခဲ့သည့် သူတို့လေသံတွင် အမှန်တကယ် ကျေးဇူးတင်မှုများ ထင်ဟပ်နေသည်။ ထိုသို့ အလိုက်သည်းလိုက် ပြောသော

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကားမျိုး ကြားရသောအခါ ကျွန်တော့်ရင်ထဲ နက်နက်ရှိုင်းရှိုင်း နွေးထွေးမှုတွေ ခံစားရ၏။ အတိုင်းအဆမရှိ ဝမ်းသာပီတိ ဖြစ်ရ၏။

သင့်တွင် ထိုသို့သော အတွေ့အကြုံတွေ ရှိမှာ သေချာပါသည်။ သို့ဖြစ်သည့်တိုင် အခြားသူများ၏ ကြည့်ရှုမှုကြောင့် ကျွန်တော်တို့ ခံစားရသည့် ပျော်ရွှင်မှုများအတွက် ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ရင်ထဲအသည်းထဲမှ ထွက်လာသည့် ကျေးဇူးတင်စကားမျိုး ဘယ်နှကြိမ်လောက် ပြောဖူးကြပါသလဲ။

ထို့အတူ ကျွန်တော်တို့က အခြားသူများအား ကျေးဇူးပြုလိုက်သည်။ ကျွန်တော်တို့ ကျေးဇူးပြုလိုက်သူများထံမှ ရင်ထဲကပြောသော ကျေးဇူးတင်စကားကို ကြားရလိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော် မကြားခဲ့ရ။ ထိုသို့ မျှော်လင့်သည့်အတိုင်း ဖြစ်မလာသောအကြိမ်တွေ ဘယ်လောက်များပြီလဲ။ သို့ဆိုလျှင် သင့်ကိုယ်သင်ရော ပြန်လည်ဆန်းစစ်ကြည့်ရဲ့လား။ နှလုံးသားထဲက ယိုစီးထွက်လာသည့် ကျေးဇူးတင်စကားမျိုး ပြောသင့်ပါလျက် မပြောဖြစ်ဘဲ သင့်ဘက်က ပျက်ကွက်ခဲ့တာတွေရော ဘယ်လောက်များနေပြီလဲ။

ကျွန်တော်တို့ ထိုသို့ ထောက်ထားစာနာစွာ မတွေးတတ်သည်မှာ ပြေးလွှားလှုပ်ရှားအလုပ်များလှသော ဤခေတ် ဤစနစ်ကြောင့်ဟု ဆင်ခြေကန်လို့ မရပါ။ ဤသို့ကျေးဇူးစကားပြောဖို့ ပျက်ကွက်ခြင်းသည် ခုမှဖြစ်ပေါ်ခြင်း မဟုတ်။ လောကတွင် လူတွေရယ်လို့ စဖြစ်လာကတည်းက ပျက်ကွက်ခဲ့သည့် အကျင့်ပါ။



ပြောရမည်ဆိုလျှင် ဟိုးယခင် ယေရှုခရစ်လက်ထက်ကတည်းက ကျေးဇူးပြုခံရသူ ဆယ်ယောက်မှာ တစ်ယောက်သာ ကျေးဇူးတင်စကား ပြောဖြစ်ကြသည် ဆို၏။ ယနေ့ စာရင်းကောက်ကြည့်လျှင်လည်း ယင်းပျမ်းမျှနှုန်းထက် ပိုမိုတိုးတက်လာမည် မဟုတ်ပါ။ သည်တော့ ဤပျမ်းမျှနှုန်း ပိုမို တိုးမြင့်လာအောင် ကျွန်တော်တို့ တစ်ဦးချင်းက စွမ်းဆောင်နိုင်မှာ သေချာပါသည်။

ကျွန်တော်တို့ အိမ်နီးနားချင်းတစ်ဦး၏ ရင်သွေးငယ်ကလေး ကွယ်လွန်သွားသည်။ သူတို့ခမျာ တော်တော် ပူဆွေးသောက ရောက်ရသည်။ သူတို့ လှမ်းဆက်သွယ်သည့် နာရေးတာဝန်ခံက ကာယကံရှင်များအား ထောက်ထားညှာတာစွာဖြင့် လိုလေသေးမရှိ အသေးစိတ် စီစဉ်ဆောင်ရွက်ပေးသည်။

သူ၏ဝန်ဆောင်မှုအတွက် ဝန်ဆောင်စရိတ် တောင်းခံလွှာ ရောက်လာသောအခါ ကျွန်တော့်မိတ်ဆွေ ဇနီးမောင်နှံက နာရေးတာဝန်ခံထံ တယ်လီဖုန်းဆက်ပြီး သူ၏ စာနာထောက်ထားမှုများအတွက် ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောသည်။ ပြီးမှ နာရေးတာဝန်ခံ တောင်းဆိုသည့် ဝန်ဆောင်စရိတ် ပြည့်စုံလုံလောက်မှု ရှိပါရဲ့လား ဟုမေးသည်။ ဘာကြောင့် တာဝန်ခံပေးခဲ့ရသည့် အချိန်နှင့် ဆောင်ရွက်ခဲ့ရသည့် ကိစ္စများမှာ နည်းနည်းနောနောမှ မဟုတ်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတောင်းခံခဲ့သည့် ဝန်ဆောင်စရိတ်သည် ပြည့်စုံလုံလောက်ကြောင်း နာရေးတာဝန်ခံက အတည်ပြုသည်။ သူက ဆက်ပြီး ပြောပြသည်မှာ သူသည်ငယ်စဉ်က ဆရာဝန်ဖြစ်ဖို့ အားသန်ခဲ့ကြောင်း။ သို့သော် ဆေးကျောင်းတက်သည့် နှစ်များအတွက် လိုအပ်သည့် ကျောင်းစရိတ် မလောက်ငသောကြောင့် ဆရာဝန် မဖြစ်ခဲ့ကြောင်း။

"ဒီတော့ လက်ရှိလုပ်နေတဲ့ နာရေးတာဝန်ခံအလုပ်ပဲ လုပ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ လူသားတွေအပေါ် အမှန်တကယ် ချစ်ခင်မြတ်နိုးစိတ်နဲ့ ဆေးကုသပေးနေတဲ့ ကြီးမြတ်တဲ့ သမားတော်ကြီးတစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်းပြီး ကျွန်တော့်တာဝန်ကို စိတ်ရောကိုယ်ပါ နှစ်မြုပ်အလုပ်လုပ်ခဲ့တယ်။ အဲဒါကတော့ ကျွန်တော် နှစ်ပေါင်းနှစ်ဆယ်ကျော် စွဲကိုင်ကျင့်သုံးလာတဲ့ ကျွန်တော့်ခံယူချက်ပေါ့ဗျာ။

"တစ်ခုတော့ ရှိတယ်ဗျ။ အဲဒီလို အင်ပြည့်အားပြည့် စေတနာအပြည့်နဲ့ တာဝန်ထမ်းခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်းမှာ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း တကူးတကတယ်လီဖုန်းဆက် ပြောဖော်ရတာ ထောက်ထားညှာတာစိတ်အပြည့်ရှိတဲ့ ခင်ဗျားတို့ ဇနီးမောင်နှံနှစ်ယောက်ပဲ ရှိသေးတယ်ခင်ဗျ။ ဒီတော့ဗျာ ... ခင်ဗျားတို့ရဲ့ အကြင်နာစကားကလေးပြောဖော်ရတာဟာ ကျွန်တော် တောင်းတဲ့ ဝန်ဆောင်စရိတ်ကိုနှစ်ဆ ပေးချေရာ ရောက်နေပြီဆိုတာ ပြောဖို့ မလိုတော့ပါဘူးဗျာ"

'ကျေးဇူးတင်ပါတယ်' ဆိုသော စကားကလေးတစ်ခွန်းကို ကျွန်တော်က လက်ဆောင် အထိမ်းအမှတ်ကလေးအဖြစ်



သဘောထားချင်သည်။ ဤအထိမ်းအမှတ်သင်္ကေတကလေးကို အသွား–အပြန်ရှိသည့် နှစ်လမ်းသွား အပေးအယူကလေးအဖြစ် အသုံးပြုလို့ ရသည်။ ကျေးဇူးပြုသူရော ကျေးဇူးအပြုခံရသူပါ စိတ်ချမ်းသာမှုရစေသည့် အပြုအမူကလေးပါ။

ပြောင်မြောက်စွာ ဆောင်ရွက်ထားသည့် အလုပ်တစ်ခုသို့မဟုတ် စွမ်းဆောင်ရည်ပြည့်စွာ ဆောင်ရွက်ထားသော ဝန်ဆောင်မှုတစ်ခုကို ငွေကြေးတစ်မျိုးတည်းဖြင့် ဝယ်ယူလို့ မရနိုင်ကြောင်းကိုလည်း ကျွန်တော် ကြိုးစားနှလုံးသွင်းထားပါသည်။

လူတစ်ယောက်သည် သူ့လုပ်ငန်း လိုအပ်ချက်ထက်သာလွန်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးခြင်းသည် သူ့နှလုံးသားကို ပေးအပ်ရာ ရောက်ပါသည်။ ထိုအခါ ထိုသူနှင့်ဗာရင်းရှင်းအောင် ကိုက်ညီသောအားဖြင့် ကျွန်တော်တို့ဘက်ကသည်း အကောင်းဆုံးဖြစ်အောင် အစွမ်းကုန် တုံ့ပြန်ဆောင်ရွက်ဆးရပါလိမ့်မည်။

• • •

စကားကလေးတစ်ခွန်း နှုတ်ဖျားမှ ထုတ်မပြောနိုင်[illegible]ဘက်အောင် မအားမလပ်ဖြစ်နေသူဟူ၍ ကျွန်တော်တို့ထဲတွင်[illegible]ည်သူမျှ မရှိပါ။ 'ကျေးဇူးတင်ပါတယ်' ဆိုသော ကြည်နူး[illegible]ပ်ဖွယ်စကားလေးတစ်ခွန်းပြောဖို့ စက္ကန့်ပိုင်း အနည်းငယ်[illegible] လိုအပ်ပါသည်။ ယနေ့ခေတ်တွင် အမေရိကန်များသည်[illegible]ဘ်ကရက်ဖြင့် ပြေးလွှားလှုပ်ရှားရသော ဘဝများတွင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်နေထိုင်ကြရ၏။

ပြောရမည်ဆိုလျှင် သူတို့ထဲက ဘယ်သူမျှ သမ္မတကြီး သီအိုဒိုရုစဗဲ့လောက် အလုပ်များလိမ့်မည် မထင်ပါ။ သို့ဖြစ်သည့်တိုင် ပြေးလွှားလှုပ်ရှား နိုင်ငံရေးမဲဆွယ်ပွဲများ ဟောပြောနေရသည့်ကြားမှပင် အခြားသူများအကြောင်း ဦးစားပေး စဉ်းစားလေ့ရှိသေးသည်။ သမ္မတကြီး မဲဆွယ်ခရီးထွက်ဖို့ စီစဉ်ထားသည့် သီးသန့်ရထားကြီး ခရီးဆုံး၍ ရပ်ပြီဆိုလျှင် မီးရထားစက်ခေါင်း မီးထိုးသူနှင့် အင်ဂျင်နီယာအား ကျေးဇူးတင်စကားပြောဖို့ ဘယ်တော့မျှ ပျက်ကွက်လေ့မရှိကြောင်း သိရသည်။ ဘေးအန္တရာယ်ကင်းပြီး သက်သောင့်သက်သာ ရထားစီးနင်းခဲ့ရသည့်အတွက် လိုက်လှဲဝမ်းသာ ကျေးဇူးတင်မဆုံးကြောင်း ပြောတတ်သည်မှာ သမ္မတကြီး၏အကျင့် ဖြစ်နေသည်။

ထိုသို့သော ကျေးဇူးတင်စကားကလေးပြောဖို့ သူ့အလုပ်ချိန်ထဲမှ တစ်မိနစ်၏ အစိတ်အပိုင်းကလေး တစ်စိတ်မျှသာ အချိန်ပေးရ၏။ သို့ပေမဲ့ သူ့ဘဝ၏ ကျန်သက်တမ်းတစ်လျှောက်လုံးအတွက် သူ့အား လေးစားကြည်ညို ချစ်ခင်လိုလားသော မိတ်ဆွေနှစ်ယောက် တိုးပွားလာတော့၏။

'လိမ္မာပါးနပ်မှုတစ်ခုပဲ' ဟု သင်ပြောကောင်း ပြောလိမ့်မည်။ သို့ပေမဲ့ လိမ္မာပါးနပ်သော ဘဝနေနည်းတစ်မျိုးလည်း ဖြစ်ပါသည်။ နောက်ဆုံးတော့ ပျော်ရွှင်သော ဘဝတစ်ခု တည်ထောင်ရေး၏ အခြေခံအဖြစ် နိုင်ငံရေးအရအောင်မြင်မှု ရှိဖို့လိုသည့်နည်းတူ မိတ်ဆွေစစ်မိတ်ဆွေမှန်များ ရှိဖို့လည်း လိုသည်မဟုတ်ပါလား။



ကျေးဇူးတင်ကြောင်း တစ်ဖက်သားသိအောင် အချက်ပြလို့ မရလောက်အောင် ကျပ်တည်းသည့် အနေအထားမျိုးလည်း ကျွန်တော့်ဘဝတွင် မတွေ့ဖူး မကြုံဖူးပါ။ အလုအယက်တွန်းထိုး ပြေးလွှားနေကြသည့် လမ်းတွေပေါ်မှာ၊ ဟိုယိမ်းသည်ယိုင် ခရီးသွားနေသည့် မီးရထားပေါ်မှာ၊ ဓာတ်ရှံထဲမှာ၊ တိတ်ဆိတ် ငြိမ်သက်စွာ ဝတ်ပြုနေသည့် ဘုရားကျောင်းထဲမှာ၊ ကုန်ကုန်ပြော ရလျှင် ဘယ်နေရာ ဘယ်ဌာနမျိုးမှာမဆို ကျေးဇူးတင်သည့် အထိမ်းအမှတ်ကလေးတစ်ခု လုပ်ပြလို့ရ၏။ အရေးကြီးသည်မှာ 'ကျေးဇူးတင်ပါတယ်' ဆိုသည့် စကားကို သင့်နှလုံးသားက ပြောဖို့ပဲ ဖြစ်၏။

ထိုသို့စကားတစ်ခွန်း ထုတ်ပြောရလောက်အောင် အခြေအနေ မပေးလျှင် သူ့စိမ်းတစ်ရံဆံများကိုပင် ခေါင်းကလေး တစ်ဆက် ညိတ်ပြလို့ရ၏။ လက်ကလေးတစ်ဖက် မြှောက်ပြလို့ရ၏။ ကျေးဇူးတင်သော အကြည့်ကလေးတစ်ချက် စွေကြည့်လိုက်လို့ရ၏။ အရေးကြီးသည်မှာ သင်က ကျေးဇူးတင်ကြောင်း တစ်ဖက်သား သိသွားဖို့ပင်။

သည်တော့ ကျေးဇူးတင်ကြောင်း မလွှဲသာ မရှောင်သာ ပြန်အသိအမှတ်ပြုတတ်သူ ပျမ်းမျှ ဆယ်ယောက်–တစ်ယောက်နှုန်းကို ပြုပြင်တိုးမြှင့်ဖို့ တစ်စုံတစ်ခုလုပ်ဖို့ အချိန်တန်ပါပြီ။ ထိုသို့ တစ်စုံတစ်ခု လုပ်ဆောင်သူတွေထဲတွင် သင် [illegible] တစ်ဦးအပါအဝင် မဖြစ်ချင်ဘူးလား။

www.burmeseclassic.com

## ၁၄

# ကျေးဇူးတင် အသိအမှတ်ပြုခြင်း အမှတ်သညာကလေးများ

ကျွန်တော်တို့ လျှောက်လှမ်းနေသည့် ဘဝခရီးလမ်း တစ်လျှောက်တွင် 'ကျေးဇူးတင်အသိအမှတ်ပြုခြင်း အမှတ်သညာကလေးတွေ' ကိုယ်စီထားခဲ့ကြလျှင် ဘဝသည် ပိုမိုရွှင်မြူး တက်ကြွဖွယ် ကောင်းလာပေမည်။

သင့်ဇနီးသည်က လျှာရင်းမြက်လောက်သည့် ကြက်ဥမွှေကြော်တစ်ပွဲ ပြင်ဆင်ပေး၏။ သင်စားလိုက်ရသည့် ကြက်ဥမွှေကြော် ဘယ်လောက်အရသာရှိကြောင်း သင့်ဇနီးကို ပြောဖူးပါသလား။ သူမသည် ကြက်ဥမွှေကြော်တွေ ကြော်ရလွန်းသည့်အတွက် ငြီးငွေ့ကောင်း ငြီးငွေ့နေပါမည်။ သို့ပေမဲ့ သူမ ဟင်းချက်ကောင်းကြောင်း စိတ်ပါလက်ပါပြောသော ချီးမွမ်းစကားများ နားထောင်ဖို့ကိုတော့ ငြီးငွေ့လိမ့်မည် မဟုတ်ပါ။ ဒီမျှမက သေးပါ။ သူမသည် နောက်ထပ် ကြက်ဥမွှေကြော်

www.burmeseclassic.com

www.burmeseclassic.com



များကို ကြည်နူးပျော်ရွှင်စွာ ပြင်ဆင်ပေးပါလိမ့်မည်။

သင့်ကလေးတွေထဲမှ တစ်ယောက်က စာမေးပွဲတွင် သချာဘာသာ အမှတ်တစ်ရာ ရလာသည်။ သင့်ကလေး တော်ကြောင်း သင့်နှုတ်ဖျားမှ ထုတ်ဖော်ချီးကျူးပါသလား။ သင့်ကလေးနှင့်အတူထိုင်ပြီး ဘယ်ပုစ္ဆာကို ဘယ်လိုတွက်ပြီး ဘယ်လို အဖြေမှန်ရအောင် တွက်ချက်ခဲ့ကြောင်း စိတ်ပါလက်ပါ မေးမြန်းစစ်ဆေးကြည့်ဖူးပါသလား။ မိဘက စိတ်ဝင်တစား မေးမြန်းစုံစမ်းပြီး ကျေကျေနပ်နပ် အသိအမှတ်ပြုခြင်းလောက် ကလေးသူငယ်များအား နှစ်ထောင်းအားရဖြစ်စေသည့် အပြုအမူမျိုး မရှိပါချေ။

စားသောက်ဆိုင်တစ်ဆိုင်တွင် သင် ညစာစားသည်။ ဟင်းလျာတွေက အရသာရှိသည်။ သင် ခံတွင်းတွေ့သည်။ ထိုအကြောင်းကို စားပွဲထိုးဖြစ်သူအား သင် ပြောပြပါသလား။ စားပွဲထိုးက တစ်နေ့လုံး ညည်းခံနေရသည့်အတွက် ပင်ပန်းငြီးငွေ့နေပြီ။ လာရောက်စားသောက်သူတွေကလည်း သူတို့ဆိုင်က ဟင်းလျာများကို အထူးတလည် ကြိုက်နှစ်သက်ပုံမရ။ ချီးကျူးအသိအမှတ်ပြုသည့် စကားကလေးတစ်ခွန်းက စားပွဲထိုးကလေးအား သူ့အလုပ်သူ ဂုဏ်ယူစိတ်ကလေး ပေါ်လာစေပါလိမ့်မည်။

အရောင်းစာရေးမကလေးတစ်ဦး သင့်အား အထူးတလည် ဖော်ရွေပျူငှာစွာ ဆက်ဆံသည်။ သင့်အား တမူခြားစွာ စိတ်ရှည်လက်ရှည် ဝန်ဆောင်မှုပေးသည်။ သူမ၏ တာဝန်ကျေမှုအတွက် သင် ကျေးဇူးတင်ကြောင်း ပြောပါသလား။ သူမ ခများ



တစ်နေ့လုံး မတ်တတ်ရပ်နေရသည့်အတွက် ခြေထောက်နာနေပြီ။ စိတ်ဓာတ်ကျကောင်း ကျနေမည်။ သူမအား စတိုးဆိုင်မှ ပစ္စည်းကိရိယာတစ်ခုလို သဘောထားသည့် ဈေးဝယ်သူများအား ဝန်ဆောင်မှုပေးနေရတာ စိတ်ပျက်ကောင်း စိတ်ပျက်နေမှာပေါ့။

သင်၏ သင်းအုပ်ဆရာက တရားဒေသနာတော်ကို နှစ်လိုဖွယ် ဟောကြားသည်။ တရားဟောကြားပြီးသွားသော အခါ ဆရာတော် ဟောကြားသည့် တရားတော်သည် ဘယ်လောက် စိတ်ဝင်စားစရာကောင်းကြောင်း၊ သင့်အတွက် ဘယ်လောက် အကျိုးရှိကြောင်း၊ ဆရာတော်အား ပြောဖူးပါသလား။ တရားဟောဆရာ၊ ဟောပြောပို့ချသူတို့၏ ကိုယ်တွေ့ အတွေ့အကြုံတွေ ရှိပါသည်။ မိမိက စိတ်ပါလက်ပါ အင်တိုက်အားတိုက် ဟောပြောပို့ချမှုတွေ ပြုလုပ်သည်။ သို့သော် တရားနာပရိသတ်ဆီမှ တန်ဖိုးထား အသိအမှတ်ပြုသည့် အရိပ်လက္ခဏာကလေးကို တစ်ချက်တလေမျှပင် မမြင်ရ။ ပရိသတ်၏ အားပေးချီးမြှောက်မှုကို မမြင်ရ မကြားရ။ ကဲ … သည်လောက် စိတ်ပျက်စရာ အနေအထားမျိုး ရှိပါသေးသလား။ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့သော ပရိသတ်ကို တရားပြဟောပြောနေရသည့်အဖြစ်။

ထိုသို့သော ပရိသတ်ထဲမှ နှစ်လိုအားရဖြင့် တန်ဖိုးထား အသိအမှတ်ပြုသည့် မျက်နှာတစ်မျက်နှာလောက်ပဲ တွေ့ကြိုက်ရပါစေ၊ စိတ်ရောကိုယ်ပါ ဟောပြောပို့ချသူ အနေဖြင့် ဘယ်လောက် ကြည်နူးဝမ်းသာ ဟောပြောအားတွေ တက်လာထိုက်ပါမည်လဲ။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျောင်းပညာရှင်များအတွက် အသုံးတည့်သော ကျင့်စဉ်များသည် ရုံးများ၊ စတိုးဆိုင်များ၊ စက်ရုံများ သို့မဟုတ် စတူဒီယိုများတွင် အလုပ်လုပ်နေသည့် ဝန်ထမ်းများအတွက် နှစ်ဆပို၍ အသုံးတည့်တတ်ပါသည်။

ကျွန်တော်တို့၏ လုပ်ငန်းခွင်တွင် ကျွန်တော်တို့နှင့် ဆက်နွယ်ပတ်သက်နေသူတွေ များစွာရှိ၏။ ပြောရမည်ဆိုလျှင် ဟိုဘက်ကောင်တာမှ ကောင်မလေး၊ ဟိုဘက်ခုံမှ လူ၊ ဟိုဘက် ရုံးခန်းမှ ပုဂ္ဂိုလ်၊ ... သူတို့သူတို့တွေ အားလုံးသည် လူသားများ ဖြစ်ကြောင်း ကျွန်တော်တို့ မမေ့မလျော့ နှလုံးသွင်းထားရပါမည်။ ထိုသို့ ဦးစွာသိမှတ်ထားပြီးမှ ထိုသူသည် အရောင်းသမားလား၊ စက်ဆရာလား၊ တန်ဖိုးတွက် စာရင်းကိုင်လား သို့မဟုတ် ကြီးကြပ်ရေးမှူးလား ဆိုတာ ခွဲခြားအသိအမှတ်ပြုရပါမည်။

ကျွန်တော်တို့အားလုံး နှလုံးသွင်း သတိရနေသင့်သည်မှာ လူသားအားလုံးသည် ကျေးဇူးတင် အသိအမှတ်ပြုခြင်းကို မက်မောတမ်းတကြသည် ဆိုသည့်အချက် ဖြစ်၏။

တစ်နေ့တာ ကာလအတွင်း မိမိကြုံရသည့် ပျော်စရာ ကြည်နူးစရာကလေးများအတွက် ကျေးဇူးတင် အသိအမှတ်ပြုကြောင်း သင့်ဝန်းကျင်မှ လူများအား အသိပေး ဖော်ပြခြင်းသည် နွေးထွေးလိုက်လှဲသော အမူအကျင့် ဖြစ်၏။ ယဉ်ကျေးရည်မွန်သော ကျင့်စဉ်လည်း ဖြစ်ပါသည်။

# ၁၅

# ကျေးဇူးစကား လေးလေးနက်နက် ပြောခြင်း

တချို့လူတွေ ကျေးဇူးတင်ကြောင်း ဖော်ပြပြောဆိုသော အခါ သူတို့စကားထဲတွင် ထူးခြားသော အရည်အသွေးတစ်ရပ် ပါရှိနေသည်ဟု ကျွန်တော် ထင်မိ၏။ ခုတော့ တဖြည်းဖြည်း သိလာသည်မှာ လေးနက်ခြင်း ဖြစ်မည် ထင်၏။

လေးနက်ခြင်းဆိုသည်မှာ ဟန်ဆောင်မှုကင်းမဲ့ခြင်းနှင့် လိုက်လှဲပျူငှာရှိခြင်းဟု ဦးစွာထင်မှတ်ခဲ့၏။ သို့ပေမဲ့ အအောင်မြင်ဆုံး ကျေးဇူးစကားပြောသူများအကြောင်း များများလေ့လာလေ ပို၍ ပိုင်ပိုင်နိုင်နိုင် သိလာလေမှာ လေးနက်ခြင်းသည် အထက်ဖော်ပြပါ အရည်အသွေးနှစ်ရပ် မဟုတ်ခြင်းပင်။ ၎င်းအရည်အသွေးနှစ်ရပ် မဟုတ်သလို ၎င်းအရည်အသွေးနှစ်မျိုး ပေါင်းစပ်ထားခြင်းကလည်း လေးနက်ခြင်း၏ အတိုင်းအတာကို မီအောင် မဖော်ပြနိုင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် တစ်နေ့တွင်မှ လေးနက်ခြင်းအကြောင်း ပီပီ ပြင်ပြင် သိမြင်လာသည်။ သူတို့သူတို့တစ်တွေပြောသည့် ကျေးဇူးတင်စကားသည် ဘယ်တော့မဆို တိကျသော စကားများ ဖြစ်နေခြင်းပင်။

"ခင်ဗျားတို့ရဲ့ ဂီတဖျော်ဖြေပွဲကို ကျွန်တော် ကြိုက်တယ်ဗျာ" ဟူသော မည်ကာမတ္တ ချီးကျူးစကားမျိုးကို သူတို့က မပြော၊ သူတို့က "ခင်ဗျားတို့ ဖျော်ဖြေသွားတဲ့ တေးသီချင်းတိုင်းကို ကြိုက်တယ်။ ဒါပေမဲ့ အထူးသဖြင့် ရှိုပင်ရဲ့ သီချင်းကို ကြိုက်တယ်ဗျ" ဟုပြောတတ်သည်။

"ခင်ဗျားစာအုပ်ကို ကျွန်တော် သိပ်ကြိုက်တာပဲ" ဟူသော စကားမျိုးကို သူတို့က ဝတ်ကျေတမ်းကျေ ပြောခြင်း မပြု။ "ခင်ဗျာ့စာအုပ်က စိတ်လှုပ်ရှားစရာကောင်းလွန်းလို့ ဇာတ်လမ်း မပြီးမချင်း လက်ကကို မချနိုင်ဘူးဗျို့။ သန်းခေါင်ယံကျော်ပြီး ဇာတ်လမ်းဆုံးသွားမှပဲ လက်ကချနိုင်တော့တာကလား" ပြောပြီး ဆိုလျှင် သူတို့က ထိုသို့ ပြောတတ်ကြ၏။

"ဒီမုန့်က အရသာရှိလိုက်တာ" ဆိုသော ဝတ္တရားကျေ စကားမျိုးကို သူတို့က မပြော။ သူတို့က "ဟောဒီ သစ်သီးဌာပနာ မုန့်ကလေးက စားလို့ကောင်းလိုက်တာ၊ အပေါ်က ကြွပ်ကြွပ်ရွရွ အကာပါးကလေးတွေက မွှနေတာပဲ" ဆိုသောစကားမျိုး ပြောတတ်သည်။

"ရှင်ပို့ပေးလိုက်တဲ့ ပန်းတွေအတွက် အရမ်း ကျေးဇူးတင်ပါတယ်နော်" ဆိုသည့် ကျေးဇူးတင်စကားမျိုးကို သူတို့ မပြော။ သူတို့က "ရှင်ပို့ပေးလိုက်တဲ့ ပန်းလှလှကလေးတွေက



ကျွန်မရဲ့ စားပွဲအပြင်အဆင်နဲ့ အရမ်း လိုက်ဖက်သွားတာကိုး။ လာတဲ့ဧည့်သည်တွေကတောင် သဘောတကျ ချီးကျူးနေကြ ဘာရှင့်" ဆိုသည့် စကားမျိုးကိုသာ ပြောတတ်၏။

ကျေးဇူးတင်ကြောင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ယေဘုယျ ပြောဆိုချက်များက အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် လောကဝတ်စကားများ ပြောရာရောက်၏။ သို့ပေမဲ့ ထိုစကားများက တစ်ဖက်သား၏ ရင်ထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်လှုပ်ခတ်အောင် မစွမ်းဆောင်နိုင်။ ထိုသို့သော လောကဝတ်စကားများတွင် ထောက်ထားစာနာမှု သိပ်မပါ။ ထိုစကားများတွင် ကွဲပြားခြားနားမှုကို ဖော်ပြခြင်း မရှိ။

ဤတွေ့ရှိချက်ကို မဖော်ထုတ်နိုင်မချင်း ကျွန်တော်၏ အသိအမှတ်ပြုစကားများသည် ပြည့်စုံလုံလောက်သည်ဟု အထင်ရောက်ခဲ့၏။ ထို့နောက်တွင်မှ ကျွန်တော့်စကားတွေ ဘယ်လောက်တိမ်ကြောင်း သိမြင်လာသည်။ ထိုအခါတွင်မှ ထိုသို့သော စကားအပြောခံရသူများ စိတ်ထဲတွင် ဘယ်လောက် ဇတင်မကျ ခံစားရကြောင်း သဘောပေါက်လာသည်။

သင်သည် နဂိုကတည်းက ကျေးဇူးစကား လေးလေး နက်နက် ပြောတတ်သူ ဖြစ်ကောင်းဖြစ်မည်။ အကယ်၍ ထိုသို့ မဟုတ်ဘူးဆိုလျှင် ကျွန်တော် အကြံပေးပါရစေ။ လေးနက်သော ကျေးဇူးတင်စကားပြောတတ်သူ ဖြစ်လာအောင်၊ တိကျသော စကားများပြောတတ်သူ ဖြစ်လာအောင် အားထုတ်ပါ။ ထိုအခါ သင်၏ ကျေးဇူးစကားများကို လက်ခံရသူသည် ပိုမိုကြီးမားသော

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ကြည်နူးမှုကို ခံစားရပါလိမ့်မည်။ ကျေးဇူးတင်ခံရသူ ပျော်ရွှင်သည့်နည်းတူ ကျေးဇူးတင်ကြောင်းပြောသည့် သင်လည်း ဝမ်းသာလှိုက်လှဲ ဖြစ်ရမှာမလွဲပါ။ အဘယ်ကြောင့်ဆိုသော် သင်သည် ခွဲခြားပိုင်းဖြတ်မှုတွေ ပိုမိုကျွမ်းကျင်နိုင်နင်းလာပြီး ဒိစစ်စိတ်ဖြာသုံးသပ်သည့်အလုပ်ကို ပတ်ပတ်နပ်နပ် လုပ်တတ်လာသောကြောင့် ဖြစ်ပါသည်။

နောက်ဆုံးတော့ ကျွန်တော်တို့ တစ်စုံတစ်ခုကို အသိအမှတ်ပြု ချီးကျူးပြီဆိုလျှင် ထိုသို့ချီးကျူးသည်မှာ တိကျရေရာသော အကြောင်းတစ်ခုကြောင့် ဖြစ်၏။ ၎င်းအကြောင်းရင်းကို စိတ်ဖြာစိစစ်တတ်အောင် ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ပြီဆိုလျှင်တော့ ကျွန်တော်တို့တွင် ကျေးဇူးစကား လေးလေးနက်နက် ပြောခြင်း၏ အခြေခံစနစ်တစ်ရပ် ရှိနေပြီ ဖြစ်ပါသည်။

● ● ●

တိကျခြင်း၏ ကောင်းကွက်၊ သက်သေထူနိုင်စွမ်း ရှိသည့် နောက်ထပ် သာဓကတစ်ခု ရှိပါသေးသည်။ ယခုအခါ အောင်မြင်ကျော်ကြားနေပြီဖြစ်သည့် စာရေးဆရာမတစ်ဦး၏ အတွေ့အကြုံ ဖြစ်ပါသည်။

တစ်နံနက်တွင် သူမထံသို့ စာတစ်စောင် ရောက်လာသည်။ သူမနှင့် လုံးဝ မသိကျွမ်းသူတစ်ဦးထံမှ ပေးပို့လိုက်ခြင်း။ ယခုလထုတ် မဂ္ဂဇင်းတစ်စောင်တွင် ပါလာသည့် စာရေးဆရာမ၏ ဝတ္ထုကို အလွန်သဘောကျကြောင်း၊ အထူးသဖြင့် ဘယ်



အပိုင်းများက စွဲဆောင်မှုအရှိဆုံးဖြစ်ကြောင်း ထောက်ပြထားသည်။

၎င်းစာသည် ၎င်းစာရေးဆရာမ၏ ဝတ္ထုတစ်ပုဒ်ကို အခြားမဂ္ဂဇင်းတစ်စောင်က ပယ်ကြောင်း အကြောင်းကြားသည့် အနေအတူ ရောက်သည်။ ဝတ္ထုအပယ်ခံရသောကြောင့် စိတ်ပျက်သွားသည့် စာရေးဆရာမက စိတ်ဖြေဆေးကလေးအဖြစ် ဆောဓက ဖတ်လိုက်သည့် ချီးကျူးစာကို တစ်ခေါက်ထပ်ဖတ်မိသည်။ သူမသည် ရုတ်တရက် သိမြင်သဘောပေါက်လာသည်မှာ ချီးကျူးစာထဲတွင် ရွေးထုတ်တင်ပြထားသည့် ကောင်းကွက်မျိုးတွေ အပယ်ခံရသည့် ဝတ္ထုထဲတွင် ပါဝင်ခြင်းမရှိသည့်အချက်ဖြစ်၏။

စာရေးဆရာမသည် ချက်ချင်းပင် စာရေးစားပွဲတွင် ထိုင်သည်။ အပယ်ခံထားရသည့် ဝတ္ထုကို ပြန်ပြင်ရေးသည်။ နောက်သီတင်းပတ် အနည်ငယ်အကြာတွင် ဝမ်းသာစရာသတင်းကို ကြားရသည်။ သူမ ပြန်ပြင်ရေးပြီး ပို့လိုက်သည့် ဝတ္ထုကို ၎င်းဝတ္ထုအား ပယ်ခဲ့သည့် မဂ္ဂဇင်းတိုက်ကပင် ဝယ်ယူလိုက်ခြင်း။

● ● ●

သေချာတိကျခြင်းက ထိုအပေါ် အခြေခံပြီး လူတွေ အလုပ်လုပ်စရာများ ဖော်ဆောင်ပေး၏။ သို့ပေမဲ့ တစ်ခုတော့ သတိထားပါ။ အသိအမှတ်ပြုခြင်းကို လက်သင့်ခံနိုင်အောင် သင်

www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် ကျေးဇူးစကားသည် ဟန်ဆောင်မှု ကင်းရပါမည်။ တစ်နည်းဆိုသော် ပကတိစိတ်ရင်းဖြင့် လှိုက်လှိုက်လှဲလှဲ ပြောသောစကား ဖြစ်ရပါမည်။

ကျွန်တော်တို့၏ ဆောင်ရွက်မှုတစ်ခုခုသည် ချီးကျူးလောက်သည့်၊ အသိအမှတ်ပြုလောက်သည့် ဆောင်ရွက်ချက်ဟုတ်မဟုတ်ကို ကျွန်တော်တို့ သိနေလေ့ရှိပါသည်။ ကျွန်တော်တို့အား ထိုက်ထိုက်တန်တန် မဟုတ်သည့် ချီးပစကားများကြားရလျှင်တော့ ကျွန်တော်တို့ သံသယဝင်တတ်သည်မှာ ဓမ္မတာ။

ရေရာတိကျသည့် ထောက်ပြချက်ကတော့ ကျွန်တော်တို့ ပြောသမျှကို တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန် ပြောခြင်းဖြစ်ကြောင်း ကာယကံရှင် သိမြင်စေသည်။ ထိုနည်းတူစွာပင် ကျွန်တော်တို့၏ စကားသည် ရိုးသားဖြောင့်မတ်မှု မရှိလျှင်လည်း သိသာပေါ်လွင်နေမည် ဖြစ်ပါသည်။

## ၁၆

## သင်သည် 'သတိပြုတတ်သူ' လား

ကျေးဇူးတင် အသိအမှတ်ပြုခြင်း အနုပညာတွင် [illegible]ဆိုးရွားရွား ဥပေက္ခာပြုထားသည့် သွင်ပြင်လက္ခဏာတစ်ခုမှာ *သတိပြုခြင်း* အလေ့အထ ဖြစ်၏။

ကျွန်တော်တို့ ဓိဇာကြောင်ပြီး အလေးအနက် သဘောထား ချိန်ဆတာတွေ ရှိ၏။ ဝတ်ဆင်ဖို့ အဝတ်အစားရွေးခြင်း၊ ကျွန်တော်တို့၏ ပန်းဥယျာဉ်များကို ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ကျွန်တော်တို့၏ အိမ်များကို အလှဆင်ခြင်း၊ အိမ်ထောင်ပရိဘောဂများ ဖြည့်စွက်ခြင်း၊ ကလေးများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ဟင်းလျာများ အစီအစဉ်ဆွဲခြင်း၊ မော်တော်ကားများ အရောင်တင်ခြင်းနှင့် အခြားအခြားသော နိစ္စဓူဝလုပ်ငန်းများ၊ ဘဝ၏ စိတ်ဆင်းရဲစရာ အသေးစားကလေးတွေထဲ[illegible]ခုမှာ ကျွန်တော်တို့၏ မိသားစု၊ မိတ်ဆွေများနှင့် အိမ်နီး

www.burmeseclassic.com

www.burmeseclassic.com



နားချင်းများက ကျွန်တော်တို့၏ အတွေးနှင့် ဝေဒနာများကို အလေးမမူ ဂရုမစိုက်ကြခြင်း ဖြစ်၏။ သူတို့သည် ကျွန်တော်တို့၏ အတွေးနှင့် ဝေဒနာများကို သတိပြုမိခဲ့ပါသည်။

တစ်စုံတစ်ယောက်က ကျွန်တော်တို့၏ အားထုတ်ကြိုးပမ်းများကို သတိပြုမိပြီး လေးစားအားကျစွာ ထုတ်ဖော်ချီးကျူးလာသောအခါ ကျွန်တော်တို့ အလွန့်အလွန် ပျော်ရွှင်ကြည်နူးဖြစ်ကြ၏။ အဆိုပါ အလွန့်အလွန် ပျော်ရွှင် ကြည်နူးရခြင်းသည်ပင် အလွန့်အလွန် မက်မောစရာကောင်းသော လက်ဆောင်မွန်တစ်ခု မဟုတ်ပါလား။

• • •

ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် အများပြည်သူအတွက် သူတို့ ထုတ်လုပ်ရောင်းချသော ရောင်းကုန်များနှင့်ပတ်သက်၍ လွန်စွာ သတိထား ဂရုစိုက်ကြ၏။ သူတို့၏ ကြော်ငြာကို အကြီးအကျယ် အလေးထား ဂရုစိုက် စီစဉ်သည်။ သူတို့၏ ဆိုင်အခင်းအကျင်း၊ သူတို့၏ ထုပ်ပိုးပုံများ၊ သူတို့၏ ကတ်တလောက်များနှင့် အညွှန်းစာများ၊ သူတို့၏ ရုံးခန်းများ ဖွဲ့စည်းပုံများ၊ သူတို့၏ စက်ရုံများ မီးအလင်းအမှောင်နှင့် ရေဆိုးစွန့်ပစ်စနစ်များ စသည်ဖြင့်။

သူတို့အနေဖြင့် စိတ်ပျက်စရာကောင်းသည်မှာ သူတို့ဘယ်လောက်ပဲ အားထုတ်ကြိုးပမ်းသည်ဖြစ်စေ သူတို့၏ အားစိုက်မှုများကို ချီးကျူးအသိအမှတ်ပြုဖို့ နေနေသာသာ၊ အများပြည်သူ တစ်ရာလျှင် ကိုးဆယ့်ရှစ်ယောက်လောက်က အမှုမဲ့



အမှတ်မဲ့နေကြသည်။ သတိမပြုမိကြ။

ထိုသို့သော အလေးထား ဂရုစိုက်မှုများ ရှိသည်ပဲထားဦး။ ကျွန်တော်တို့သည် ကျွန်တော်တို့အား အလုပ်အကျွေးပြုနေသည့် ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ထိုက်ထိုက်တန်တန် အသိအမှတ်မပြုရာ ရောက်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်းအတော်ကြာက တစ်ညတွင် ရထားတစ်စီးပေါ်ရှိ အိပ်စင်ပေါ်သို့ ကျွန်တော် တက်လိုက်သည်။ ထိုအချိန်တွင် ကျွန်တော် သတိပြုလိုက်မိသည်မှာ နူးညံ့ပျော့ပျောင်းသော နှင်းဆီရောင်စောင်တွေ။ ကျွန်တော့်အိမ်မှာသုံးသည့် စောင်မျိုးနှင့် ခပ်ဆင်ဆင်။

“ဒီစီမံချက်မျိုးကတော့ ချီးကျူးအသိအမှတ်ပြုဖို့ လိုကိုလိုအပ်တယ်” ဟု ကျွန်တော်တစ်ကိုယ်တည်းပြောမိ၏။ အိမ်သို့ပြန်ရောက်သည်နှင့် ပူးလ်မင်းကုမ္ပဏီဥက္ကဋ္ဌထံသို့ စာတစ်စောင်ရေးပို့လိုက်သည်။

*လူကြီးမင်းတို့၏ အိပ်ခန်းတွဲများတွင် ယခုအသုံးပြုနေသည့် နူးညံ့ပျော့ပျောင်းသော စောင်အသစ်များနှင့် ပတ်သက်၍ ကျေးဇူးတင်ကြောင်း ထုတ်ပြောဖို့ စိတ်အားထက်သန်မိပါသည်။ လွန်ခဲ့သည့်နှစ်များအတွင်း ပူးလ်မင်းအိပ်စင်များတွင် အသုံးပြုခဲ့သည့် မာခေါက်ခေါက် စောင်များအစား ယခုစောင်[illegible]များ အသုံးပြုခြင်းကို လှိုက်လှဲစွာ ကြိုဆိုပါသည်။*

ကျွန်တော်က တစ်လလျှင် ရက်သတ္တတစ်ပတ်လောက်ခန်း ဍွက်ရသည်ဖြစ်ရာ ရထားပေါ် အိပ်ရချိန်များတွင် ယခုလို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်မှာ အိပ်ရသကဲ့သို့ အိပ်ခွင့်ရသည့်အတွက် ကျွန်တော် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိပါသည်။

ရက်အနည်းငယ်ကြာသောအခါ ပူးလ်မင်းကုမ္ပဏီ ဉက္ကဋ္ဌက ခင်မင်ရင်းနှီးစွာရေးလိုက်သည့် စာတစ်စောင် ကျွန်တော့် ထံရောက်လာသည်။ ကျွန်တော်ပေးပို့လိုက်သော ချီးကျူးဂုဏ် ပြုစာကလေးအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ဝမ်းမြောက် ကြောင်းရေးထားသည်။ ထို့ပြင် ပူးလ်မင်းကုမ္ပဏီက စီစဉ်ထား သည့် အစီအစဉ်သစ်များအကြောင်း စာပိုဒ်သုံးပိုဒ်စာမျှ ဆက် ရှင်းပြထားသည်။ ဤကား ကြည်နူးပျော်ရွှင်ဖွယ်ကောင်းလှသည့် စာခြင်းဖလှယ်မှုတစ်ခုပါတည်း။

ပြောရမည်ဆိုလျှင် အသေးအဖွဲကိစ္စကလေးများအား လုံးကို သတိပြုတတ်သည့်အလေ့အထကို မွေးထားမည်ဆိုလျှင် သင်၏ ပေးအပ်မှုပေါ်မှ အကျိုးအမြတ်များ နှစ်ဆမျှ ပြန်လည် ခံစားရပါလိမ့်မည်။ နောက်ပြီး သင့်ဝန်းကျင်တွင် လည်ပတ် လှုပ်ရှားနေသည့် ဘဝများကို သတိပြုမိလာပါလိမ့်မည်။ လူ့ လောကကြီးကို မြင်ဖို့ရှုဖို့ နိုးနိုးကြားကြား ဖြစ်လာပါလိမ့်မည်။ တစ်ချိန်တည်းတွင် လူ့လောကကြီး၏ အရောင်အသွေးစုံနှင့် မြင် ကွင်းအစုံကို တစ်စိမ့်စိမ့် အရသာခံစားနေသယောင် ဖြစ်လာပါ လိမ့်မည်။ ထိုမျှသာမဟုတ်သေး၊ သင်သည် ခွဲခြားသိမြင်ခံစား တတ်သူတစ်ဦးအဖြစ် နာမည်တစ်လုံးနှင့် ထင်ရှားကျော်ကြား လာပါလိမ့်မည်။ ထိုသို့ ခွဲခြားသိမြင် ခံစားလာတတ်ခြင်းမှာ သင်၏ အကဲခတ်လေ့လာအားနှင့် အသိအမှတ်ပြုအားကို အစဉ် တစိုက် အသုံးချ လေ့ကျင့်နေသောကြောင့် ဖြစ်၏။



တကယ်တော့ ထက်ထက်မြက်မြက် သတိပြုတတ်သူ ဘစ်ဦးသည် ကြည်နူးမှု ဖော်ဆောင်ပေးသူတစ်ဦးပင် ဖြစ်ပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

# စိတ်ဝင်စားမှုပေးအပ်ခြင်း လက်တွေ့စမ်းသပ်ချက်များ

အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မကုန်သည့် စွန့်လွှတ်ဆေးအပ်နည်းများကို ကျွန်တော် စူးစမ်းလေ့လာခဲ့၏။ လက်တွေ့စမ်းသပ်လုပ်ကိုင်ကြည့်ခဲ့၏။ တစ်ညနေတွင်တော့ နည်းတစ်နည်းကို စမ်းသပ်လုပ်ကိုင်ကြည့်ခဲ့ပါသည်။

တံဆိပ်ခေါင်းများ စုဆောင်းဖို့ ဝါသနာပါသူတစ်ဦးက သူ့အိမ်တွင် ညစာစားဖို့ ကျွန်တော်တို့ ဇနီးမောင်နှံကို ဖိတ်ကြားသည်။ ကျွန်တော်က တံဆိပ်ခေါင်းစုတာ ဝါသနာမပါ။ ၎င်းဝါသနာအလုပ်ကို ပျင်းရိငြီးငွေ့စရာအလုပ်ဟု သဘောထားသည်။ သူ့အိမ်ရောက်လို့ ညစာစားပြီးသည်နှင့် ထိုလူက “ကျွန်တော် စုဆောင်းထားတဲ့ တံဆိပ်ခေါင်းတွေကြည့်ဖို့ ခင်ဗျား စိတ်ဝင်စားလားဗျ” ဆိုသောစကားမျိုး ပြောလာမည်ကို ကျွန်တော် အစိုးရိမ်ကြီး စိုးရိမ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့ အံ့တွေးတစ်ခု ခေါင်းထဲ ဖျပ်ခနဲ ပေါ်လာသည်။ "အင်း ... ဘယ်နည်းနဲ့မဆို သူ့တံဆိပ်ခေါင်းတွေကို ငါ ကြည့်ရတော့မှာပဲ။ ဒီတော့ တကယ်စိတ်ဝင်တစား နားထောင်ပြီး သူ့ကို ကြည်နူးပျော်ရွှင်မှုပေးလိုက်ရင် မကောင်းပေဘူးလား" ဟု။

သည့်တော့ အိမ်ရှင်မဖြစ်သူက ဖဲကစားဖို့ လာခေါ်ပါစေဟု ကျိတ်ပြီး ဆုတောင်းရင်း ထိုငနဲပြောသည့် တံဆိပ်ခေါင်းများ ရာဇဝင်ကို နားထောင်ရတော့၏။ နားထောင်ရာ၌ မရိုင်းရုံ နားထောင်ခြင်းမျိုး မဟုတ်ဘဲ စိတ်ဝင်စားမှု အပြည့်ပေးပြီး နားထောင်သည်။ သူ့ဝါသနာအလုပ်ထဲတွင် ကျွန်တော် စိတ်ရောကိုယ်ပါ နစ်မြုပ်ထားလိုက်သည်။

သိပ်အချိန်အကြာကြီး မစောင့်လိုက်ရပါ။ ကျွန်တော့် မျက်လုံးအကြည့်များနှင့် မေးသည့်မေးခွန်းများကို အကဲခတ်ကြည့်လျှင် ကျွန်တော် "အမှန်တကယ် စိတ်ဝင်စားနေပြီဖြစ်ကြောင်း သိသာနေ၏။ တံဆိပ်ခေါင်းများနှင့် ပတ်သက်သည့် သူ၏ ကြွယ်ဝသော ဗဟုသုတများကို ကျွန်တော် တစ်စချင်း ဆွဲထုတ်၏။ တံဆိပ်ခေါင်းများ၏ သမိုင်းကြောင်းနှင့် ပထဝီအနေအထားများ၊ သူ့ရှင်းပြချက်များထဲတွင် ကျွန်တော် တစ်နာရီကျော်ကျော် နစ်မျောနေခဲ့၏။ သူ့ဇနီးဖြစ်သူက ဖဲကစားကြမလားဟု လာမေးချိန်တွင် ကျွန်တော့်စိတ်သည် ဖဲကစားဖို့ အဆင်သင့် မဖြစ်သေး။ တံဆိပ်ခေါင်းများအကြောင်း စပ်စုချင်နေသေးသည်။

သူစုဆောင်းထားသည့် တံဆိပ်ခေါင်းတွေ ထုတ်ပြ



သည့်အတွက် ကျွန်တော် ကြည်နူးကျေနပ်ဖြစ်ရကြောင်း သူသိအောင် ထုတ်ပြခဲ့သည်။ ထို့ကြောင့် လပေါင်းများစွာအတွင်း ကျွန်တော် ကြည်နူးကျေနပ်မှုအရှိဆုံး အချိန်တစ်နာရီကျော်ကို သူက တုံ့ပြန်ပေးအပ်ခဲ့၏။

ထိုညက ကျွန်တော် အသိဉာဏ်တစ်ချက် ပြိုးပြက်လင်းလက်ခဲ့၏။ ကမ္ဘာလောကကြီး ပျင်းရိငြီးငွေ့စရာ ကောင်းနေခြင်း၊ စိတ်ခါတ်တက်ကြွ ရွှင်လန်းစရာ ကင်းနေခြင်း အကြောင်းရင်းကို ရှာဖွေတွေ့ရှိလိုက်ခြင်း။ ၎င်းအကြောင်းရင်းမှာ လူတွေသည် မိမိတို့၏ ကျဉ်းမြောင်းသော စိတ်ဝင်စားမှုများနှင့် အစွဲကြီးမှုများထဲတွင် နစ်မြုပ်နေကြ၏။ ထိုသို့ ကိုယ့်အစွဲထဲမှ ရုန်းမထွက်နိုင်သည့်အတွက် အခြားသူများက သူတို့ကမ္ဘာထဲ ဝင်လာဖို့ လက်ကမ်းဖိတ်ခေါ်သောအခါ ကျွန်တော်တို့က ဆန့်ကျင်ကြ၏။ ငြင်းပယ်ကြ၏။ ကြာတော့ ကျွန်တော်တို့ ကျင်လည်သည့် ကမ္ဘာသည် ကျဉ်းလာတော့၏။ ပျင်းရိငြီးငွေ့ဖွယ် ဖြစ်လာတော့၏။

အကယ်၍ ကျွန်တော်တို့၏ စိတ်ဝင်စားမှုကို အခြားသူများအား ပေးအပ်နိုင်စွမ်းရှိခဲ့လျှင် သူတို့က သူတို့၏ လောကကို တံခါးဖွင့်ပေးလိမ့်မည်။ ကျွန်တော်တို့အား ဖိတ်ခေါ်ကြလိမ့်မည်။ ထိုအခါ စိတ်ဝင်စားစွဲမက်ဖွယ် အခြားလောကများကို ကျွန်တော်တို့ တွေ့မြင်သိရှိလာမည် ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားသူများ၏ ဝါသနာအလုပ်များနှင့် အတွေ့အကြုံများအကြောင်း စိတ်ဝင်တစား ရှုးစိုက်နားထောင်ခြင်းသည် သူတို့အား မြတ်နိုးဖွယ် လက်ဆောင်မွန်တစ်ခု ပေးဆက်ရာရောက်၏။ သင်ပေးအပ်သည့် လက်ဆောင်သည် ဘယ်လောက်ထိ မြတ်နိုးစရာ ကောင်းသလဲဆိုတာ သဘောပေါက်လိုလျှင် ကျွန်တော်တို့၏ အတွေ့အကြုံကို ပြန်လည်သတိရအောင် တွေးကြည့်လိုက်ရုံ ဖြစ်၏။

ကျွန်တော်တို့ သွားခဲ့သော ခရီးများ၊ ကျွန်တော်တို့၏ ပန်းဥယျာဉ်များ၊ ကျွန်တော်တို့၏ စာကြည့်တိုက်အကြောင်းတွေ။ သို့မဟုတ် ကျွန်တော်တို့ စုဆောင်းထားသည့် တံဆိပ်ခေါင်းတွေ၊ သို့မဟုတ် သေနတ်တွေ၊ သို့မဟုတ် လိပ်ပြာကလေးတွေ၊ သို့မဟုတ် တခြားဘာပဲ စုထားထားပေါ့။ ထိုအကြောင်းများ ကျွန်တော်တို့ ပြောတော့ တစ်ဖက်သားက စိတ်ဝင်တစား နားထောင်သောအခါ ကျွန်တော့်ရင်ထဲမှာ ဖြစ်ပေါ်လာသည့် ကြည်နူးကျေနပ်မှုများအကြောင်း ပြန်စဉ်းစားကြည့်ရုံသာဖြစ်၏။

ထိုသို့ စိတ်ဝင်တစား နားထောင်သူသည် ကျွန်တော်တို့၏ ဘဝကို ပြန်လည်အသက်ဝင်စေသူ ဖြစ်၏။ ကျွန်တော်တို့၏ ဘဝကို နေပျော်သောဘဝ ဖြစ်လာအောင် ဖန်တီးပေးသူဖြစ်၏။ ထိုအခါ ထိုသူကို ကျွန်တော်တို့ ခင်သည်၊ တွယ်တာသည်။ ထိုသူကို စစ်မှန်သော မိတ်ဆွေအဖြစ် သဘောထားတော့၏။

အခြားသူများကလည်း ထိုအတိုင်း သဘောထားကြမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။ သူတို့၏ ကမ္ဘာများ



ထဲသို့ ဝတ်ကျေတမ်းကျေ ဝင်ကြည့်ပြီး အခါအခွင့်သင့်သည်နှင့် ပြန်ထွက်ဖို့ ခြေတစ်လှမ်းပြင်ထားသည့် နည်းမျိုးဖြင့် စိတ်ဝင်စားမှုပေးမည့်အစား စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲ စိတ်ဝင်စားမှုပေးအပ်လျှင် ထိုသူများက ကျွန်တော်တို့အား ခင်ခင်မင်မင် တွယ်တွယ်တာတာဖြင့် မိတ်ဆွေစစ်မိတ်ဆွေမှန်အဖြစ် သတ်မှတ်ကြပါလိမ့်မည်။

• • •

တံဆိပ်ခေါင်း စုဆောင်းခြင်းဖြစ်ရပ် နောက်ပိုင်းတွင် စိတ်ဝင်စားမှုပေးအပ်ခြင်းနှင့် ပတ်သက်၍ ကျွန်တော် လက်တွေ့စမ်းသပ်မှုတွေ တော်တော်များများ ပြုလုပ်ခဲ့၏။

ချီကာဂိုမှ ဘတ်ဖလိုးသို့အသွား တစ်ညတွင် ပူးလ်မင်းရထားတွဲ နားနေခန်းထဲ၌ ထိုင်ပြီး ဝတ္ထုတစ်အုပ် ဖတ်နေ၏။ နားနေခန်းထဲတွင် ကျွန်တော့်အပြင် အခြားခရီးသည် တစ်ဦးပဲရှိသည်။ ထိုလူက ရထားပြတင်းပေါက်မှနေ၍ ညအမှောင်ထဲသို့ ငေးကြည့်နေ၏။ ကျွန်တော့်အမြင်အရ ပြောရလျှင် သူ့ပုံစံက မှိုင်မှိုင်တွေတွေ ငေးငေးငိုင်ငိုင်။ စိတ်ဓာတ်ကျနေသည့်ပုံ။

"ငါ လောလောဆယ် ဖတ်နေတဲ့ ဝတ္ထုထက် ဒီလူကပြီး စိတ်ဝင်စားစရာ ကောင်းနေမယ် ထင်ပါရဲ့" ဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြောမိ၏။

သို့ဖြင့် ဖတ်လက်စ စာအုပ်ကို ပိတ်သည်။ "ခင်ဗျားကြည့်ရတာ ဒီခရီးမှာ သိပ်ပျော်ပျော်ရွှင်ရွှင် ရှိပုံမရဘူးဗျ" ဟု ကျွန်တော် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မပျော်ဘူး" ပြောသာပြောသည်။ ကျွန်တော့်ဘက်ကို စွေစောင်း၍ပင် ကြည့်ဖော်မရ။ "ခရီးသွားရတာ စိတ်ကုန်နေပြီဗျာ" သူ့စကား အဆုံးသတ်သွားပြီ ဟုထင်လိုက်မိ၏။ သူ ကျွန်တော့်ကို တံခါးပိတ်လိုက်ပြီ။ သို့ပေမဲ့ စက္ကန့်အနည်းငယ် အကြာတွင် စကားဆက်လာသည်။ "ကျွန်တော်က နယ်လှည့် အင်ဂျင်နီယာလေ"

"နယ်လှည့်အင်ဂျင်နီယာ ဆိုတာ ဘာတွေ လုပ်ရသလဲဗျ"

"အရေးပေါ်ပြဿနာ ဖြေရှင်းပေးရသူ တစ်မျိုးပါပဲဗျာ။ လမ်းမှာ အရေးပေါ်ပြဿနာတစ်ခုခုပေါ်ရင် ရထားအင်ဂျင်နီယာကို ကူညီဖို့ ကျွန်တော့်ကို ရထားတွဲတစ်တွဲပေါ် တင်လွှတ်လိုက်တာပါပဲ။ ဒါ့မဟုတ် ရထားအသစ်တစ်စီးဆွဲဖို့ ပြေးဆွဲချိန် သတ်မှတ်ရတော့မယ်ဆိုရင် ကျွန်တော် လိုက်ရတာပဲ။ ပြောရရင်တော့ ကျွန်တော်က တစ်ချိန်လုံး ပြေးလွှားသွားလာနေရတာပါပဲဗျာ"

"ကျွန်တော် အရမ်းစိတ်ဝင်စားသွားပြီဗျ။ ထပ်ပြောပြပါဦးဗျာ" ဟု ကျွန်တော် တောင်းဆိုလိုက်၏။

သူ ကျွန်တော့်ဘက် လှည့်လာသည်။ ခြေတစ်ဖက်ကို သားရေကူရှင်ပေါ် တင်လျက်။ နောက်ပြီး နှစ်နာရီကျော်မျှ သူ့အတွေ့အကြုံများကို ပြောပြတော့၏။

သူ သွားပြင်ရသည့် အပျက်အစီးတွေအကြောင်း။ မီးရထားများ စမ်းသပ်ပြေးဆွဲလျှင် လိုက်ရသည့် ခရီးတွေ။



မယုံနိုင်လောက်အောင် မြန်လွန်းသည့် အမြန်နှုန်းတွေ။ အပြေးအလွှား ... အပြေးအလာ။ တစ်ချိန်လုံး အပြေးအလွှား သွားလာနေရသည့် ခရီးရှည်ကြီးတွေ။

ညဉ့်သန်းခေါင်ယံအချိန်လောက် ကျွန်တော်တို့ လူချင်းခွဲကြသောအခါ သူ့မျက်နှာ ကြည်နူးမှုကြောင့် ဝင်းပနေသည်။ ကျွန်တော့်မျက်နှာလည်း ထို့အတူပါပဲ။ ကျွန်တော်တို့ နှစ်ဦးစလုံး ကြည်နူးမွေ့လျော်ဖွယ်ကောင်းသော ညချမ်းကို ဖြတ်သန်းခဲ့ကြသည်လေ။ ယခင်က ကျွန်တော် မသိသေးတာတွေ အတော်များများအကြောင်း ယခုသိလာသည်။ မီးရထားလမ်းတွေအကြောင်း သည်လိုသိလာတော့ မီးရထားဖြင့် ခရီးသွားရတာကို ယခင်ကထက် ပိုပြီး နှစ်သက်သဘောကျလာသည်။

ထိုညကစပြီး သည်လူလည်း သူ့အလုပ်တွင် ပိုမိုပျော်ရွှင် ကြည်နူးလာလိမ့်မည်ဟု စိတ်ထဲထင်နေသည်။ ဘဝတူလူသားတစ်ဦးအား စိတ်ဝင်စားမှု လတ်လတ်ဆတ်ဆတ်ကလေးပေးအပ်ပြီး သူ့အလုပ်အကိုင်၏ အရေးပါအရာရောက်မှုကို အသိအမှတ်ပြုပေးသည်ဆိုလျှင် ထိုလူအား နှစ်လိုဖွယ်လက်ဆောင်မွန်တစ်ခု ပေးအပ်လိုက်ရာ မရောက်ပေဘူးလား။

ထိုညက ကျွန်တော် ဖတ်လက်စ ဝတ္ထုကို ပြီးဆုံးအောင် မဖတ်ဖြစ်လိုက်ပါ။ ပြီးဆုံးအောင် ဖတ်ဖြစ်မည်လည်း မဟုတ်တော့။ ကျွန်တော်၏ ဖော်ထုတ်သိမြင်လာသည့် အချက်တစ်ချက်မှာ ကျွန်တော့်တို့ ဝန်းကျင်ရှိ လူများ၏ ဝါသနာအလုပ်များနှင့် အတွေ့အကြုံများကို သည်းခံပြီး လေ့လာနားထောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် လွန်စွာ စိတ်ဝင်စားစရာ ကောင်းကြောင်း တွေ့ရပါလိမ့်မည်။ ကမ္ဘာပေါ်ရှိ လက်ရာအမြောက်ဆုံး ဝတ္ထုများသည်သာ ထိုသို့သော စိတ်ဝင်စားမှုမျိုး ဖန်တီးပေးနိုင်စွမ်းရှိသည် ဆိုသည့်အချက် ဖြစ်ပါသည်။

# ၁၈

# သူကြွယ်၏ ဆင်းရဲမှုနှင့် ထိပ်တန်းရောက်၏ အထီးကျန်မှု

ငွေကြေးနှင့် ထင်ပေါ်ကျော်ကြားမှုသည် တစ်နည်းတစ်ဖုံအားဖြင့် ဆင်းရဲမွဲတေမှုကို ကိုယ်စားပြုနေ၏။ ငွေကြေးနှင့် ထင်ပေါ်ကျော်ကြားမှုကို သူ့အတိုင်း ပစ်ထားလျှင် စိတ်ပိုင်းအရ ဆင်းရဲမွဲတေမှု ဖြစ်ပေါ်စေပါသည်။ လူတွေ အာသာငမ်းငမ်းဖြင့် အသည်းအသန် လိုချင်တပ်မက်နေသော ယင်းဆုလာဘ်နှစ်မျိုးသည် လူတစ်ဦးတစ်ယောက်အတွက် စဉ်းငယ်မျှသာ တန်ဖိုးရှိသည့် အရာတွေ ဖြစ်လာနိုင်၏။ ၎င်းလူတစ်ဦးတစ်ယောက်သည် သမုဒ္ဒရာအလယ်ရှိ လူမနေသည့် ကျွန်းတစ်ကျွန်းပေါ်တွင် ထောင်တင်နေလျှင် သို့မဟုတ် ကြီးမားကျယ်ပြန့်သော သဲကန္တာရ ... ပြင်ကြီးအလယ်တွင် ရောက်နေလျှင် သူ၏ ပေါကြွယ်ဝ

www.burmeseclassic.com

www.burmeseclassic.com



သည့် ငွေကြေးတွေ အသုံးကျမည် မဟုတ်။ ထို့အတူ ထင်ပေါ်ကျော်ကြားသည့် သူ၏ ဂုဏ်သတင်းကို အသိအမှတ်ပြုသူ တစ်ဦးတလေပင် တွေ့ရမည် မဟုတ်။

ငွေကြေးနှင့် ထင်ပေါ်ကျော်ကြားမှုသည် လူတွေနှင့် ဆက်နွယ်ပတ်သက်မှသာ ပြည့်စုံကုံလုံမှုရှိခြင်း ဖြစ်၏။ သို့နှင့် တိုင် ခွတီးခွကျနိုင်သည်မှာ ၎င်းပြည့်စုံကုံလုံမှုများက ပိုင်ရှင်အား အခြားဘဝတူလူသားများနှင့် ကင်းကွာအောင် ကာဆီးထားတတ်ခြင်းပင် ဖြစ်၏။

အလွန်မတန် ချမ်းသာကြွယ်ဝသူတစ်ဦး အနေးနှင့် အမြန် သိမြင်သဘောပေါက်လာမည်မှာ သူ့ဝန်းကျင်မှ လူအများသည် သူ့ငွေများထဲမှ အချို့ကို အရယူဖို့ စီမံကိန်းဆွဲနေကြောင်းပင်။ ထိုသို့ စီမံကိန်းဆွဲကြခြင်းမှာ သူတို့အတွက် ဖြစ်ချင်ဖြစ်မည်၊ သို့မဟုတ် အခြားစီမံကိန်းတစ်ခုခုကြောင့် ဖြစ်ချင်ဖြစ်မည်။ သည်လို အဖြစ်မျိုး တွေ့ကြုံရဖန်များလာတော့ သူ အံ့ဩလာသည်။ သံသယဝင်လာသည်။ သူ့မှာ မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာမှ ရှိသေးရဲ့လားဟု။ သူ့အား စိတ်ရင်းမှန်ဖြင့် စိတ်ဝင်စားသူ၊ ခင်မင်သူ ရှိသေးရဲ့လားဟု။ အံ့ဩစရာကောင်းသည်မှာ သည်အတွေးတွေ ဝင်လာတော့ သူ့တွင် အထီးကျန်ဝေဒနာကို ရလာခြင်းပါတည်း။

သူက စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ကျေနပ်မှုရအောင် သူ့ငွေတွေ သုံး၏။ ဝယ်တန်တာတွေ ဝယ်၏။ သို့ပေမဲ့ စနစ်ငွေကြေးက စိတ်ပျော်ရွှင်စရာဆိုလို့ အနည်းအကျဉ်းလောက်သာ ဝယ်ယူလို့ရကြောင်း သူတွေ့ရ၏။ ထိုသို့ဖြစ်ရသည်မှာ စိတ်ပျော်



ရွှင်မှုသည် ရုပ်ဝတ္ထုများပိုင်ဆိုင်ရခြင်းမှ ဖြစ်ပေါ်လာခြင်း မဟုတ်သောကြောင့်ပင်။ ထိုနည်းတူစွာပင် ခမ်းနားထည်ဝါစွာ နေထိုင်နိုင်ခြင်းမှ ဖြစ်ထွန်းလာခြင်းလည်း မဟုတ်ပါချေ။ တကယ်တော့ စိတ်ပျော်ရွှင်မှု ဖြစ်ပေါ်စေသည်မှာ ခင်မင်ရင်းနှီးသော လူသားအတွေ့အကြုံများသာ ဖြစ်၏။ သည်တော့ ထိုသို့သော အတွေ့အကြုံတွေရလာအောင် မိမိက *ပေးအပ်* ရပါမည်။ ၎င်းအတွေ့အကြုံများကို *ဝယ်ယူ*လို့ ရနိုင်ခဲ့ပါသည်။

တစ်ညနေတွင် အလွန်ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်တစ်ဦးနှင့်အတူ ကျွန်တော် ဖလော်ရီဒါအပန်းဖြေစခန်းတစ်ခု၌ အပျော်စီးကားကလေး လျှောက်စီးကြသည်။ ငွေမချမ်းသာသော်လည်း လူ့သဘာဝအကြောင်း နောကျေအောင် သိနေသူတစ်ဦးက အပျော်ကစားစရာ ကိရိယာလေးတစ်ခု သူ့အားပေးလိုက်၏။ ၎င်းကိရိယာကလေးမှ ကြိုးတစ်ချောင်းကို ဆွဲလိုက်လျှင် ရွတ်နောက်နောက် ငှက်အော်သံကလေးပေါ်ထွက်လာ၏။ ထိုကြိုးကလေးကို သူဆွဲလိုက်တိုင်း ကျွန်တော်တို့ရှေ့ လမ်းပေါ်ရှိ လမ်းလျှောက်နေသူအားလုံး ဟိုပြေးသည်ပြေး ပြေးတတ်ကြသည်။ ထိုသို့သော် ငှက်အော်သံက ရယ်စရာကောင်းလွန်းသည်။ ပြီးတော့ ကျွန်တော့်မိတ်ဆွေ သန်းကြွယ်သူဌေး၏ မျက်နှာက အပျော်ကြီးမှာ ပြုံးလွန်းနေသည်။ သည်တော့ လမ်းတစ်လျှောက်လုံး လှမ်း တွေ့ရသည့် လူများက ကျွန်တော်တို့ကို လှည့်ကြည့်ပြီး ပြုံးရယ်ရွှင်ပျ လက်ပြနှုတ်ဆက်ကြသည်ချည်း။ ကျွန်တော်တို့ ရယ်ကြသည်။ သူတို့တစ်တွေကို ပြန်လည်လက်ပြ ကျွန်တော်တို့အားလုံး မိတ်ဆွေတွေဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိရိယာကလေး၏ အံ့ဖွယ်အစွမ်းကား ထိုပုဂ္ဂိုလ်၏ သန်းပေါင်းများစွာသော ဒေါ်လာများနှင့် သာမန်အညတရ လူသားများအကြား တားဆီးထားသည့် မဟာရံတံတိုင်းကြီးကို ဖြိုချလိုက်နိုင်ခြင်းပင် ဖြစ်တော့၏။

• • •

ထိပ်တန်းရောက်သူများ၊ ကြီးမြင့်သူများ၊ ငွေကြယ်ပွင့်များ … ကြိုက်သလိုခေါ်လို့ရ၏။ သူတို့သည် ထင်ရှားကျော်ကြားသည့် ပြဇာတ်မင်းသားမင်းသမီးတွေ ဖြစ်ချင်ဖြစ်မည်၊ ရုပ်ရှင်လောက၏ ဘုရင်မတွေ၊ လျှမ်းလျှမ်းတောက် အောင်မြင်သည့် စာရေးဆရာတွေ သို့မဟုတ် ဟာသသရုပ်ဆောင်တွေ၊ စူးစမ်းရှာဖွေ သုတေသနပြုသူတွေ သို့မဟုတ် သိပ္ပံပညာရှင်တွေ၊ … တစ်မျိုးမဟုတ် တစ်မျိုးမျိုးဖြင့် အောင်မြင်ကျော်ကြားနေသူတွေသည် သူတို့၏ အောင်မြင်မှု အကာအရံများနောက်ကွယ်တွင် ပျောက်ကွယ်နေတတ်ကြ၏။ သူတို့သည် အောင်မြင်မှု ဥခွံထဲမှ ဖောက်မထွက်နိုင်ကြပေ။ သူတို့ကြည့်ရတာ ကိုယ့်ဘဝနှင့်ကိုယ် ကျေနပ်ပျော်နေပုံ၊ အရာရာ ပြည့်စုံကုံလုံနေပုံ။ တချို့ဆိုလျှင် သူတို့အား လေးစားအားပေးသည့် ပရိသတ်များ၏ စာများကိုပင် မသိကျိုးကျွန် လုပ်နေသယောင်ရှိ၏။ တကယ်တော့ သူတို့ ထိုသို့မဟုတ်ပါ။ ဂရုစိုက်ပါသည်။ အလေးထားပါသည်။ သူတို့၏ ရင်ထဲအသည်းထဲမှာတော့ ပရိသတ်၏ အားပေးမှု ချစ်ခင်လေးစားမှုကို တောင့်တနေပါသည်။ သဘောကျနှစ်ခြိုက်နေပါသည်။



သူတို့ အာသာငမ်းငမ်း မက်မောတမ်းတသည်မှာ အလိုအလျောက် ဖြစ်ပေါ်လာသည့် လူသားဆန်သော အားပေးချီးကျူးမှုများ ဖြစ်ပါသည်။ သူတို့၏ အောင်မြင်မှုကို တည်ဆောက်ဖို့ ထုတ်လုပ်လိုက်သော ပြန်ကြားရေးသတင်းများနှင့် ကြော်ငြာများက သူတို့အား ကြည်နူးပျော်ရွှင်မှု မပေးနိုင်ပါချေ။

ကျွန်တော်တို့တစ်တွေ ဘယ်သူမျှ ငါဟူသော အတ္တဥခွံထဲတွင် ရှင်သန်မနေနိုင်ကြပါ။ ကျွန်တော်တို့ အမှန်တကယ် စိတ်ချမ်းသာမှု ရယူလိုသည်ဆိုလျှင် ကမ္ဘာလောကကြီးက ကျွန်တော်တို့ကို နှစ်သက်မြတ်နိုးသည်၊ ကျွန်တော်တို့၏ အားထုတ်မှုများကို တန်ဖိုးထားသည်ဟု မှတ်ယူယုံကြည်ထားရပါမည်။

ကြီးကျယ်ခမ်းနားထည်ဝါသော ကော်ပိုရေးရှင်းကြီးများ၏ ဥက္ကဋ္ဌများ၊ ဘဏ်အရာရှိများ၊ ရှေ့နေများ၊ အလုပ်သမားခေါင်းဆောင်များသည် မတောင်းခံဘဲ ဖွင့်ဟပြောဆိုလာသည့် ချီးကျူးစကားများကို အလေးပေး တန်ဖိုးထားကြ၏။

ထင်ရှားကျော်ကြားသည့် စီးပွားရေးသမားအချို့ကို ကျွန်တော် သိသည်။ သူတို့၏ မိန့်ခွန်းများတွင် အတွေးသစ် စိတ်ကူးသစ်များ ထည့်သွင်းပြောခဲ့၏။ သူတို့၏ ကုမ္ပဏီ ကြော်ငြာများတွင် ကုမ္ပဏီ၏ မူဝါဒများ ထည့်သွင်းဖော်ပြခဲ့၏။ ထိုအချက်များကို သာမန်အညတရ သူစိမ်းတစ်ရံဆံများက လိုလိုလားလား ထောက်ခံသည့်စာများ ရေးပို့တတ်ကြ၏။ အဆိုပါ အရင့်မကြီး စီးပွားရေးသမားကြီးများသည် ထိုသို့သော ချီးကျူးစာများကို သူတို့၏ အင်္ကျီအိတ်တွေထဲတွင် သိတင်းပတ်

www.burmeseclassic.com



ပေါင်းများစွာ ဆောင်ထားတတ်ကြ၏။ ၎င်းစာများကို ထုတ်ကြည့်လွန်း၊ ထုတ်ဖတ်လွန်း၊ ထုတ်ပြလွန်းသည့်အတွက် စက္ကူထောင့်များပင် တွန့်လိပ်နေသည့်အထိ ဖြစ်ရသည်ကို ကျွန်တော်တွေ့ဖူးကြုံဖူးပါသည်။

• • •

နိုင်ငံရေးလောကတွင် ကျွန်တော်တို့ ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်တွေ ရှိ၏။ နောက်ပြီး မြို့ပြအုပ်ချုပ်ရေးဘက်တွင် ပြည်သူ့ဝန်ထမ်းများ ရှိ၏။ သူတို့၏ လုပ်ရပ်များကို ကျွန်တော်တို့ မနှစ်မြို့လျှင် ကျွန်တော်တို့ ရေရေလည်လည် ပုတ်ခတ်ဝေဖန်အပြစ်တင်တတ်ကြ၏။ သို့သော် ကျွန်တော်တို့ သဘောကျနှစ်သက်သည့်ဆောင်ရွက်ချက်များကျတော့ နှစ်ထောင်းအားရ ထောက်ခံအသိအမှတ်ပြုဖို့ ပျက်ကွက်တတ်ကြပါသည်။

အများပြည်သူနှင့် ပတ်သက်နေရသူတစ်ဦးထံ ချီးကျူးစာ၊ ကျေးဇူးတင်ဝမ်းမြောက်စာ စသည်တို့ ရေးပို့လျှင် ကျွန်တော်တို့ အနေဖြင့် ပြန်စာကို မမျှော်လင့်သင့်။ သူတို့လို ပြည်သူ့အချစ်တော် တော်တော်များများတွင် အတွင်းရေးမှူးရယ်လို့ မရှိတတ်ကြ။ ရှိပြန်လျှင်လည်း သူတို့ လက်ခံရရှိသည့် စာအားလုံးကို ပြန်ကြားဖို့ အတွင်းရေးမှူးအား နှုတ်တိုက်ချပေးနေနိုင်မည် မဟုတ်။ မည်သို့ဖြစ်စေ၊ အများပြည်သူထံမှ ချီးကျူးသံ ဂုဏ်ပြုသံများကိုတော့ သူတို့ ကြားချင်ကြသည်သာ။ ထိုသို့ ကြားရလျှင် ကြည်နူးဝမ်းသာကြသည်သာ။



လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေဆိုသည့် ဆိုရိုးရှိ၏။ အောင်မြင်ထင်ရှားသော ပြည်သူ့အချစ်တော်များသည်လည်း လူထဲက လူတွေပင်ဖြစ်ရာ သူတို့မှာလည်း ပူမှုတွေရှိမှာ သေချာသည်။ စိတ်ပျက်ဝမ်းနည်း ကြေကွဲစရာအချိန်တွေ ရှိမှာ မြေကြီးလက်ခတ်မလွဲပါ။ သို့ဆိုလျှင် သင်ရေးပို့လိုက်သည့် ချီးကျူးစာ၊ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုစာသည် သူတို့စိတ်ဓာတ်ကျနေချိန်၊ စိတ်ပျက်ဝမ်းနည်းနေချိန်မျိုးတွင် ရောက်မသွားဟု ဘယ်သူပြောနိုင်ပါမည်လဲ။ ထိုသို့ စိတ်ပျက်အားငယ်နေချိန်မျိုးတွင် ရောက်သွားသည့် သင့်စာသည် သူ့အတွက် အားဆေးတစ်ခွက် ဖြစ်မနေနိုင်ဘူးလား။ သူ့ကို အားသစ်လောင်းပေးလိုက်သည့် စာတစ်စောင် ဖြစ်မနေနိုင်ဘူးလား။

သမ္မတကြီး အေဘရာဟင်လင်ကွန်းသည် ဂက်တီဘတ်တွင် သမိုင်းတွင်မည့် မိန့်ခွန်းကို ပြောခဲ့၏။ ပြီးတော့ စစ်မြေပြင်မှ ထွက်ခွာခဲ့၏။ ထိုအချိန်တွင် သမ္မတကြီး ဘယ်လောက် အထီးကျန် အဖော်မဲ့ဝေဒနာကို ခံစားလိုက်ရမည်လဲဟု ကျွန်တော် မကြာမကြာ စဉ်းစားမိ၏။ အကယ်၍ မေရီ ရေမန် ရှစ်မင် အင်ဒရူး(Mary Raymond Shipman Andrew)လုလုပ ရေးဖွဲ့ထားသည့် *ပြီးပြည့်စုံသော ချီးကျူးဂုဏ်ပြုမှု* (The Perfect Tribute)ဆိုသည့် ဝတ္ထု (နောင်နှစ်ပေါင်း တော်တော်ကြာမှ ရေးခဲ့သည်။) ကို ဝါရှင်တန်သို့ အပြန်ရထားပေါ်မှာ ဖတ်ရလျှင် ဘယ်လောက် ကောင်းလိုက်မည်လဲ။

သူ့စကားလုံးများသည် လူတွေ၏ နှလုံးသားတွင် ရှင်သန်နေမည်ဆိုတာ သမ္မတလင်ကွန်း သိမြင်ခဲ့လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်တို့ ယနေ့ ထင်မှတ်နေကြ၏။ သို့ပေမဲ့ ထိုအချိန် ထိုအခါတုန်းက ထိုသို့ဖြစ်လိမ့်မည်ဆိုတာ သမ္မတလင်ကွန်း ဘယ်လိုလုပ် သိနိုင်ပါမည်လဲ။ ထိုခေတ်ထိုအခါက လျှမ်းလျှမ်း တောက် အောင်မြင်သော တရားဟောဆရာ အက်ဒဝပ်အဲဗရက် အာဝဇ္ဇန်းရွှင်ရွှင် ဟောပြောပြီးသောအခါ ပရိသတ်ကြီး၏ လက်ခုပ် ဩဘာသံသည် ခြိမ့်ခြိမ့်သဲသဲ ထွက်ပေါ်လာ၏။ သို့သော် သမ္မတလင်ကွန်း၏ မိန့်ခွန်းကိုမူ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ခဲ့ကြ၏။ တကယ်တော့ သူ့အာဘော်ကို ဟောပြောပွဲလာရောက် နားထောင်သူအားလုံး အမိဖမ်းနိုင်ကြသည်။ သူတို့၏ လက်ခုပ်ဩဘာသံက သမ္မတကြီး၏ လေးနက်ပြင်းထန်သော စကားလုံးများကို ပေါ့တန်သွားမှာ စိုးသောကြောင့် ဩဘာမပေးကြခြင်း ဖြစ်ကြောင်း သူ ဘယ်လိုလုပ်ပြီး သိနိုင်ပါမည်လဲ။ သူ၏ ပြောင်မြောက်သော စကားလုံးများကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကြေးပြားထက် အက္ခရာတင်ပြီး ထိန်းသိမ်းထားကြမည်။ အမေရိကန်ကျောင်းတိုင်းတွင် ကလေးသူငယ်များအား သင်ကြားပို့ချပေးကြလိမ့်မည်ဆိုတာ လင်ကွန်းကိုယ်တိုင်သိမြင်နိုင်စွမ်းမည် မဟုတ်ပါချေ။ သူ ဘယ်လိုမျှ သိနိုင်စွမ်းမည် မဟုတ်ပါ။ ဘာ့ကြောင့်ဆို သူ့အား ဘယ်သူကမျှ ထိုအကြောင်း ပြောမပြခဲ့သောကြောင့်ပါ။

သူမိန့်ခွန်းပြောအပြီး စင်ပေါ်မှဆင်းကာ လူအုပ်ထဲတိုးဝင်ပြီး သူ့ရထားဆီသို့အသွားတွင် မိခင်တစ်ဦးဦးက သူ့အင်္ကျီ လက်မောင်းကို ဆွဲမည်၊ "မစ္စတာလင်ကွန်း ဒီစစ်ပွဲကြီးမှာ ကျွန်မရဲ့ သားတစ်ယောက် ပေးလှူခဲ့ရပါတယ်။ ဒါပေမဲ့



သမ္မတကြီးရဲ့ စကားလုံးတွေက ကျွန်မရဲ့ အသည်းကွဲဝေဒနာကို သက်သာပျောက်ကင်းစေခဲ့ပါတယ်" ဟူသောစကားမျိုး ပြောမည်ဆိုလျှင်တော့ သူ့မိန့်ခွန်း၏ အောင်မြင်မှု အတိုင်းအတာကို သူ သိသွားမည် ဖြစ်ပါသည်။

●　●　●

ထိပ်တန်းရောက်သူများနှင့် လျှမ်းလျှမ်းတောက် အောင်မြင်သူများအား အားကျမနာလို ဖြစ်နေမည့်အစား ချီးကျူးဂုဏ်ပြုနိုင်စွမ်းရှိဖို့၊ သဘောထားကြီးကြီးထားနိုင်ဖို့ လိုအပ်ပါသည်။

ဂျော့မက်သယူး အဒမ် (George Matthew Adams) ပြောခဲ့သည့် စကားတစ်ခွန်း ရှိ၏။

"အခြားသူတစ်ဦးတစ်ယောက်အား ချီးကျူးအမွှမ်းတင်ခြင်းသည် ချီးကျူးခံရသူအား ဂုဏ်တက်စေခြင်းထက် ချီးကျူးသူကို ပိုမို ဂုဏ်တက်စေ၏။ ချီးကျူးအမွှမ်းတင်ခြင်းသည် ဆွံ့ရွှင်မှုများ ဖြစ်ပေါ်လာစေရန် ရင်းနှီးမြှုပ်နှံမှုပြုခြင်းပင် ဖြစ်၏။ — လောကတွင် အချမ်းသာဆုံးပုဂ္ဂိုလ်ဝယ်ယူလို့ မရနိုင်သည့် ဘဝ်ခံတစ်ခုကို အဆင်းရဲဆုံးလူသားတစ်ဦးက ပေးဆက်လို့ ရ၏"

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

## ကမ္ဘာပေါ်မှာ အစွမ်းအထက်ဆုံး နှလုံးအားတိုးဆေး

စွန့်လွှတ်ပေးအပ်ခြင်းကို ကျွန်တော် ဝါသနာအလုပ် တစ်ခုအဖြစ် စွဲစွဲနှစ်နှစ် ဖြစ်ပြီး များမကြာမီ အတွင်းမှာပင် အရေးပါ အရာရောက်သော ဒုတိယဖော်ထုတ်တွေ့ရှိချက်ကို တွေ့ရ ပြန်၏။

အခြားသူတွေပြောပြောနေတာ ကျွန်တော် ကြားဖူးနားဝ ရှိနေတာ တော်တော်များပြီ။ သူတို့တစ်တွေ စိတ်မာတ်ကျနေချိန် မျိုးတွင် သို့မဟုတ် တစ်စုံတစ်ခုအတွက် စိတ်မအေးနိုင်လောက် အောင် ပူပင်သောက ဖြစ်နေပြီဆိုလျှင် သူတို့ ဂေါက်ရိုက်ကွင်းသို့ ဖြသာလေး လျှို့ထွက်သွားတတ်ကြသည်။ ပြီးတော့ ဂေါက်ရိုက် လေ့ကျင့်ခန်း ဆင်းပစ်လိုက်သည်။ သို့မဟုတ် ငါးဖမ်းကိရိယာ တွေ စုစည်းယူပြီး တစ်ညနေလုံး ငါးဖမ်းနေလိုက်၏။ သို့မဟုတ် ကာလည်း မိမိစုဆောင်းထားသည့် သေနတ်အို သေနတ်

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းများကို ရေးကြီးခွင့်ကျယ်လုပ်ပြီး ဖင်လှန်ခေါင်းလှန် လုပ်နေတတ်၏။ ထိုအခါ သူတို့စိတ်ဓာတ်တွေ ပြန်လည်မြင့်မားတက်ကြွလာသည် ဆို၏။

ဟုတ်ကဲ့၊ ကျွန်တော်လည်း ထိုသို့ စိတ်ပိန်နေပြီဆိုလျှင် ကျွန်တော့်အာရုံကို ကျွန်တော့်ဝါသနာအသစ်ဘက်သို့ ဦးတည်ပေးကြည့်သည်။ ထိုအခါ စိတ်တွေ ပြန်ရှင်လန်းလာသည်။ အဓိစိသို့ ရောက်နေသည့် စိတ်ဓာတ်တွေ ဘဝဂ်သို့တိုင် ပြန်လည်တိုးမြင့်လာတော့၏။ ဘာကြောင့်လဲ။ အကြောင်းရင်းမှာ ထိုသို့ ပြုမူခြင်းက ကျွန်တော့်ကို ကျွန်တော်၏ အတ္တဥဒ္ဓွတွင်းမှ ခေါ် ထုတ်သွားသောကြောင့်ဖြစ်ပါသည်။

သင့်ကိုယ်သင် သနားစိတ်တွေ ဖြစ်ပေါ်နေတတ်ပါသလား။ သနားစရာကောင်းလိုက်တဲ့ငါဟု အတွေးပေါက်နေချိန်မျိုး၊ ငါကိုက ကံဆိုးပါတယ်ဟု ကိုယ့်ကိုယ်ကိုယ် သနားနေချိန်မျိုးဆိုလျှင် သင့်ကိုယ်သင် တစ်နည်းတစ်ဖုံ ပေးအပ်လို့ရအောင် သင့်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ပါ။ ပြီးတော့ ပေးအပ်ခြင်းအမှုကို သိမှတ်စွာ အားထုတ်ပြုလုပ်ပါ။ သင် ပျော်ရွှင်လန်းဆန်းပြီး စေတနာသဒ္ဓါတရား ထက်သန်နေချိန်တွေတုန်းကထက် ပိုပြီးရက်ရက်ရောရော စွန့်လွှတ်ပေးအပ်ပစ်လိုက်ပါ။ သင့်လုပ်ရပ်က သင့်အား မျက်လှည့်ပြလိုက်သလို အစွမ်းပြပါလိမ့်မည်။

ဆိုပါစို့၊ သင် နံနက်မိုးလင်း အိပ်ရာမှထကတည်းက စိတ်တိုနေသည်။ ရန်လိုနေသည်။ လုံးဝ စိတ်မရွှင်။ ဒါမျိုးကဖြစ်တတ်ပါသည်။ လူတိုင်းလည်း ကြုံဖူးပါသည်။ သင့်စိတ်တွေ



လန်းဆန်းတက်ကြွလာအောင် ဘယ်သူမျှ လုပ်နိုင်လိမ့်မည်မဟုတ်ဆိုတာ သင် ကံသေကံမ ပြောနိုင်နေသည်။ ကဲ ... သည်နေ့ကတော့ 'ဘူ' ပိတ်သည့်နေ့ပေါ့။ 'ဘူ' ပိတ်သည့်နေ့တစ်နေ့နှင့် ကြုံနေရပြီပေါ့။

ထိုနေ့သည်ကား အချိန်တကာ့ အချိန်အားလုံးထက် သင့်ကိုယ်သင့် တစ်နည်းတစ်ဖုံ ပေးအပ်ရေးကို စတင်နည်းလမ်းရှာရမည့်နေ့ ဖြစ်တော့၏။ ထိုသို့ ပေးအပ်ခြင်းမှာ သင့်အား စေတနာသဒ္ဓါတရား ထက်သန်သည့် သူတော်ကောင်းသူတော်မြတ်လောင်းကြီးအဖြစ် အများက သတ်မှတ်မြင်စေလိုသောကြောင့် မဟုတ်။ သင် စိတ်မချမ်းသာဘဲ မနေနိုင်လောက်သည့် အနေအထားသို့ ရောက်အောင် သင့်ကိုယ်သင် တွန်းပို့ဖို့သာ ဖြစ်၏။

မှတ်မိနေပါသေးသည်။ ဘော့စတွန်မြို့၊ တောင်ဘူတာရုံသို့ ရောက်ခါနီးတွင် စားသောက်ခန်းထဲတွင် နံနက်ခဲာစာစားဖို့ ကျွန်တော်တို့ ထိုင်နေကြသည်။ ကောင်တာတစ်ခုရှေ့တွင် တန်းစီထိုင်နေသည့် ကျွန်တော်တို့အားလုံး ရထားပေါ်မှာ ညအိပ်ခဲ့သူတွေ။ တိတိကျကျ ပြောရလျှင် အိပ်ကောင်းခြင်း မအိပ်ခဲ့ရသူတွေ။ ကျွန်တော်ဆိုလျှင် တစ်ညလုံး ရထားပေါ်မှာ လူးကာလိမ့်ကာ အိပ်ခဲ့ရပြီး နံနက်မိုးလင်းချိန်တွင် နံနက်စောစောစားဖို့ စားသောက်ခန်းထဲရှိ ကောင်တာရှေ့မှာ ထိုင်နေသည့် သူကောင်းသား ဒေးဗစ်ဒန်းဆိုသည့် ငနဲကို ဘော်တော်ကလေး သနားနေမိ၏။ (ဒေးဗစ်ဒန်းသည် ဤစာအုပ် ရေးသူ ဖြစ်၏။ *မြန်မာပြန်သူ*)

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနက် မအီမလည် ဖြစ်နေတာကြောင့် မင်း ဒီနေ့ ဘော့စတွန်မှာ အောင်မြင်အောင် ဆောင်ရွက်ရမယ့်ကိစ္စ ပျက်သွားမယ်ဆိုရင်တော့ နှမြောစရာ ကောင်းလွန်းတယ် ဟေ့ကောင်" ကျွန်တော့်ကိုယ်ကျွန်တော် မာမာတင်းတင်း သတိပေးမိသည်။ "မင်း ပေးအပ်ခြင်းအမှုကို စလုပ်တော့မှ ကောင်းမယ်။ ဒါပေမဲ့ မနက် ခုနစ်နာရီမထိုးမီ စားသောက်ခန်း ကောင်တာရှေ့မှာ မအီမလည် တန်းစီထိုင်နေတဲ့ လူတွေကြားမှာ ထိုင်နေတဲ့ ငါက ဘယ်လိုလုပ်ပြီး ပေးအပ်ခြင်းအမှုကို ပြုနိုင်မှာလဲ" ကျွန်တော့်ကိုယ်ကျွန်တော် ဆင်ခြေကန်သည်။

ထို့နောက်မှာတော့ ကျွန်တော် ဖျပ်ခနဲ စဉ်းစားလိုက်မိ၏။ ဆားပုလင်းနှင့် ငရုတ်ကောင်းပုလင်း။ အမျိုးသမီးတစ်ဦး ရေးထားသည့် ဆောင်းပါးကို ကျွန်တော် အမှတ်ရမိသည်။ သူ့ခင်ပွန်းသည် သူမအား အချစ်ကြီးချစ်မည်ဆိုတာ သူမ ကျိန်းသေပြောနိုင်သည်။ သို့ပေမဲ့ ခင်ပွန်းဖြစ်သူက သူမအား *တစ်ကြိမ်တစ်ခါမျှ* ဆားနှင့်ငရုတ်ကောင်း ကမ်းမပေးခဲ့စဖူးဟု သူမက ညည်းထားသည်လေ။ ကျွန်တော်တို့ အစားစားလျှင် ခံတွင်းတွေ့ဖို့၊ အရသာရှိဖို့ ဆားနှင့်ငရုတ်ကောင်း ဘယ်လောက် အရေးပါကြောင်း ကျွန်တော် သိထား၏။ သို့ပေမဲ့ လူတစ်ယောက် ခံတွင်းမြိန်မြိန် ထမင်းစားနိုင်ရေးအတွက် ဆားနှင့် ငရုတ်ကောင်း ပုလင်းကလေးတွေကို တခုတ်တရ ကမ်းပေးသူ ဘယ်နှဦး သင်တွေ့ဖူးပါသလဲ။

ကောင်တာတစ်နံတစ်လျားကို ကျွန်တော် အကဲခတ်ကြည့်လိုက်၏။ ဆားနှင့်ငရုတ်ကောင်း ပုလင်းတွဲကလေးသည်



ကျွန်တော့်ရှေ့တည့်တည့်မှာပဲ ရှိနေသည်။ ကျွန်တော်က ကျွန်တော်စားမည့် ကြက်ဥကြော်များကို ဆားနှင့်ငရုတ်ကောင်းမှုန့် ဖြူးထားပြီ။ မိမိနှင့်အတူ နံနက်စာစာ စားမည့်သူများ အတွက်တော့ ကျွန်တော် စိုးစဉ်းမျှ သတိမရ။ သူတို့အကြောင်း အတွေးထဲ မထည့်မိ။ သို့ဖြင့် ပုလင်းနှစ်လုံးတွဲကလေးကို ကောက်ယူသည်။ ကျွန်တော့်ညာဘက်မှ လူကို ကမ်းပေးသည်။

"ခင်ဗျားဖြစ်ဖြစ် တန်းစီထိုင်နေသူတွေထဲက ဘယ်သူဖြစ်ဖြစ် ဆားနဲ့ ငရုတ်ကောင်း ဖြူးလို့ရတယ်လေ" ဟု ကျွန်တော် ပြောလိုက်၏။

ထိုလူက ကျေးဇူးစကားပြောသည်။ သူ ကြက်ဥကြော်များကို ဆားနှင့် ငရုတ်ကောင်းမှုန့် ဖြူးသည်။ ပြီးတော့ ပုလင်းကလေးများကို လက်ဆင့်ကမ်းပေးလိုက်၏။ ကောင်တာမှာ ထိုင်နေသူအားလုံး ဆားနှင့်ငရုတ်ကောင်းမှုန့် ဖြူးကြသည်။

သို့ဖြင့် ပြောစရာ စကားအစကလေးတွေ ရလာသည်။ ကျွန်တော့်နံဘေးမှ လူနှင့်စကားစမြည် ပြောကြတော့ သူ့နံဘေးမှ လူကပါ ဝင်ပြောလာသည်။ ကျွန်တော် သတိမထားလိုက်မိမီ အတွင်း ကောင်တာရှေ့တွင် ထိုင်နေသူအားလုံး စကားတွေ ဆောင်ဖွဲ့နေကြပြီ။ မကြာမီအတွင်း ရယ်ရယ်မောမော သောသော ညံညံဖြင့် ရယ်စရာတွေ ပြော၊ နံနက်စာကို စား။ ကျွန်တော်တို့ စားသည့် နံနက်စာစာသည် ဆား၊ ငရုတ်ကောင်းမှုန့်နှင့် ဟာသ စကားများ ဖြူးလိုက်သည့်အတွက် အလွန် ခံတွင်းမြိန်သည့် နံနက်စာစာ ဖြစ်သွားတော့၏။ စားသုံးသူတွေ ခံတွင်းမြိန်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းခတ်အမွှေးအကြိုင်တွေ ပေးလိုက်သူမှာ ဒေးဗစ်ဒန်းဆိုသည့် ငနဲပင် မဟုတ်ပါလား။

နံနက်စောစာ စားပြီးချိန်တွင် ကျွန်တော့်စိတ်တွေ တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း ဖြစ်နေပါပြီ။ ဘော့စတွန်တွင် ဆောင်ရွက်ရမည့် ကျွန်တော့်အလုပ်သည် အကြီးအကျယ် အောင်မြင်သည်။ ကျွန်တော် မျှော်မှန်းထားသည်ထက်ပင် မှတ်မှတ်ရရကြီး အောင်မြင်နေပါသေးသည်။

• • •

နံနက်ခင်းတစ်ခုတွင် ကိစ္စတစ်ခုဖြင့် မြို့ထဲသို့ လမ်းလျှောက်သွားသည်။ ထိုသို့လျှောက်သွားရင်း ဘာမဟုတ် ညာမဟုတ် အကြောင်းတချို့ကြောင့် ကျွန်တော် စိတ်မအီမသာ ဖြစ်လာသည်။ စိတ်ထဲ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ မရှိ။

သည်တော့ "ဘာဖြစ်လို့ ပေးအပ်ဖို့ ကြိုးစားမကြည့်ရမှာလဲ" ဟု ကိုယ့်ကိုယ်ကိုယ်မေးသည်။ ပြီးတော့ ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် လျှောက်ကြည့်မိသည်။ ဘယ်သူကို ဘာပေးအပ်ရမည်လဲ။ ပေးအပ်ခြင်းခံရဖို့ 'အလားအလာရှိသူ'မှာ ကလေးမလေးတစ်ဦးပဲ ရှိသည်။ ကျွန်တော် ဖြတ်လျှောက်သွားသည့် အိမ်ရှေ့တံခါး လှေကားထစ်တွင် ထိုင်နေသည်။ သူလည်း ကျွန်တော့်လိုပင် အထီးကျန် အဖော်မဲ့ဝေဒနာကို ခံစားနေရပုံ။

"သမီးလေး၊ သမီးလေးဝတ်ထားတဲ့ ဂါဝန်အနီကလေးက အရမ်းလှတာပဲကွယ်"

"ဩော် ... ကျေးဇူးတင်ပါတယ်ရှင်"



ကလေးမက သူမ၏ ဂါဝန်ကို ငုံ့ကြည့်ရင်း ပြောသည်။ သူမ မျှော်လင့်မထားသည့် မှတ်ချက်ကို သူစိမ်းတစ်ဦးထံမှ ကြားရသည့်အတွက် မျက်နှာကလေး ဝင်းပနေသည်။ နောက်ပြီး ချီးကျူးစကားပြောသည့် သူစိမ်းကလည်း ယောကျ်ားတစ်ဦး ဖြစ်နေသည်လေ။

ကျွန်တော့်ကိစ္စ ဆောင်ရွက်ပြီး ထိုလမ်းအတိုင်း ပြန်လျှောက်အလာ နောက်နာရီဝက်အကြာတွင် ကလေးမကလေးကို ထိုနေရာမှာပင် တွေ့ရ၏။ သူမ၏ မျက်နှာကလေး ကြည်လင်ဝင်းပနေဆဲ။

"ဟော ... ဦးလေးကြီး" ချာတိတ်မ လှမ်းနှုတ်ဆက်သည်။ ကျွန်တော် မိတ်ဆွေအသစ်တစ်ဦး ရလိုက်ပြီ။ ကျွန်တော်၏ ချီးကျူးစကားလက်ဆောင်မွန်ကလေးက ကျွန်တော်တို့နှစ်ယောက်စလုံး၏ စိတ်ဓာတ်ကို ဟိုးချောက်ထဲမှ ဆွဲတင်လိုက်နိုင်ပါကလား။

• • •

ယခု ကျွန်တော် တင်ပြသည့်အချက်ကို သိပ္ပံပညာအခြေခံသဘောတရားများဖြင့်တော့ အထောက်အထား မပြနိုင်[illegible]၊ သို့ပေမဲ့ ခိုင်လုံသည်ဟု ကျွန်တော် ယုံကြည်သည်။ နှင်း[illegible]ပေးအပ်ခြင်းသည် စိတ်ဓာတ်ရေးရာအတွက် ကောင်းမွန်[illegible]သည်သာ မဟုတ်။ ပေးအပ်သည်ခြင်းသည် ရင်ကို လှုပ်ခတ်[illegible]အောင်လည်း စွမ်းဆောင်နိုင်ပါသည်။

လူတစ်ယောက်၏ ကျန်းမာရေးကို ပြုပြင်ဖန်တီး

www.burmeseclassic.com

www.burmeseclassic.com



နေသည်မှာ၊ ထိန်းချုပ်နေသည်မှာ ဟုပင်ပြောလို့ရသည်မှာ သွေးလည်ပတ်မှု ဖြစ်သည်ဟု ကျွန်တော် ယုံကြည်သည်။ ရင်ဘတ်၏ ဘယ်ဘက်ခြမ်းရှိ သွေးကို လည်ပတ်စေသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို နှလုံး ဟုခေါ်၏။ ၎င်းနှလုံးနှင့် ပတ်သက်၍ ကျွန်တော်တို့ သိနားလည်ထားသည့် အဓိပ္ပာယ် အပြင် အခြားအဓိပ္ပာယ်တစ်မျိုးကိုလည်း ဝေါဟာရအဘိဓာန် ထဲ၌ အနက်ဖွင့်ထားသေးသည်။ 'ချစ်ခြင်းမေတ္တာတရားများ၏ ရိပ်မြုံ၊ စိတ်ခံစားမှုနှင့် ပတ်သက်သော သဘာဝတရား' ဟူ၏။

သင်၏ စိတ်ခံစားချက်နှင့် ပတ်သက်သော သဘာဝ တရားသည် သင်၏ ပြုမူချက်တစ်ခုခုကြောင့် လှုပ်ခတ်လာသည် ဆိုလျှင် ထိုအခြင်းအရာသည် သင့်နှလုံးသား လှုပ်ခတ်နိုးကြွ လာခြင်းပင် မဟုတ်ပါလား။ ထိုအခါ နှလုံးသားက သွေး လည်ပတ်နှုန်းကို မြန်စေ၏။ သင့်ကို အသက်ဝင်လှုပ်ရှားနိုးကြား လာစေပြီး ဒေါင်ဒေါင်မြည် ကျန်းမာရေးကို ဖြစ်ပေါ်စေ၏။

စွန့်လွှတ်ပေးအပ်ခြင်းအမှုမှ ထုတ်ယူရရှိသော ပျော်ရွှင်မှု လှိုင်းတံပိုးကလေးများက ကျွန်တော့်အား ယာယီ ရွှင်လန်း အားရမှုများဖြင့် ဖျန်းပက်ပေး၏။ သို့ဖြစ်ရာ ပျော်ရွှင်ကြည်နူးမှု များ ဆောင်ကြဉ်းပေးသည့် ပေးအပ်ခြင်းမည်သော ကျွန်တော့် ဝါသနာအလုပ်သည် ကမ္ဘာပေါ်တွင် အစွမ်းအထက်ဆုံး နှလုံးအားတိုးဆေး ဖြစ်သည်ဟု ကျွန်တော် စွဲမြဲယုံကြည်လာ ပါတော့သည်။

# ၂၀

# သင့်ကိုယ်သင် လူတစ်စုသို့ ပေးအပ်ခြင်း

ကျွန်တော့်မိတ်ဆွေတစ်ဦးသည် လူအုပ်စုတစ်စုထဲသို့ ...ာက်သွားပြီဆိုလျှင် စိတ်ပျက်စရာကောင်းလောက်အောင်ပင် ...ိုးရှုန့်တန့်၊ ရှက်ကိုးရှက်ကန်း ဖြစ်နေလေ့ရှိ၏။ လူတွေ ခန်း ...းပြည့် ရှိနေလျှင် သူ မဝင်ရဲတော့။

တစ်နေ့တွင်တော့ အဆိုပါ မဝံ့မရဲ ပွဲမတိုးသည့်စိတ်ကို ...င်လွှားနိုင်သည့် နည်းတစ်နည်းကို ဖော်ထုတ်တွေ့ရှိပြီဟု ...ဆိုသည်။ သူ့စကားလုံးအတိုင်းပြောရလျှင် "ကိုယ့်ကိုယ် ...ယ် လူတစ်စုသို့ ပေးအပ်ခြင်း" ကျင့်စဉ်ဟူ၏။

သူ၏ နည်းထူးမှာ ဤသို့ဖြစ်၏။ လူတွေ တော်တော် ...ားရှိနေသည့် အခန်းတစ်ခန်းထဲသို့ လှမ်းဝင်လိုက်မိသည်နှင့် ... ပတ်ဝန်းကျင်ကို လှည့်ပတ်မျက်စိကစားသည်။ အခန်းထဲ ...ရှိနေသူတစ်ဦးတစ်ယောက် ပို၍ သက်သောင့်သက်သာ

www.burmeseclassic.com

www.burmeseclassic.com



နေလို့ရအောင်၊ သို့မဟုတ် ပို၍စိတ်ချမ်းသာသွားအောင် ကြံဆောင်လို့ရတာ တစ်ခုတလေရှိမည်လားဟု ရှာကြည့်ခြင်း။

ပမာဆိုရသော် တစ်စုံတစ်ယောက်၏ မျက်စိတည့်တည့်ပေါ်သို့ နေရောင်တိုက်ရိုက် ကျနေခြင်း၊ သို့မဟုတ် ဆေးလိပ်သောက်နေသူတစ်ဦးအနီးတွင် ဆေးလိပ်ပြာခံခွက်ရှိမနေခြင်း၊ သို့မဟုတ် စာဖတ်နေသူတစ်ဦး၊ သို့မဟုတ် ကစားပွဲတစ်ပွဲ ကစားနေသူတစ်ဦး၏ ပခုံးပေါ်မှ ကျော်ကျနေသည့် မီးရောင်ကို ပြုပြင်ပေးခြင်း၊ သို့မဟုတ် ယမကာစုံစပ်ထားသည့် ကြက်မြီးအရက်ခွက်တစ်ခွက်ကို စားပွဲစွန်းတွင် တင်ထားသည့်အတွက် မတော်တဆတိုက်မိလျှင် ကျကွဲဖို့ သေချာနေခြင်း၊ သို့မဟုတ် ပြာခံခွက်အစွန်းပေါ်တွင် တင်ထားသည့် စီးကရက်တိုသည် အောက်သို့ပြုတ်ကျပြီး စားပွဲခင်းကို မီးလောင်နိုင်သည့် အလားအလာ ရှိနေခြင်း။ သို့မဟုတ် ကန့်လန့်ကြီးခံနေသည့် ကုလားထိုင်တစ်လုံးကို ဖြတ်သွားဖြတ်လာအားလုံး ဝင်တိုက်မိဖို့ သေချာနေခြင်း။

ယင်းအနေအထားများကို ကမူးရှူးထိုးပြုပြင်သည့် အမှားမျိုးကိုတော့ ထိုလူ မပြုလုပ်။ သူက သူပြုပြင်လို့ရမည့် အခွင့်အလမ်းကို တိတ်တဆိတ်ရှာဖွေသည်။ လူတစ်ယောက်၏ မျက်စိပေါ် တန်းတန်းမတ်မတ်ကျနေသည့် နေခြည်တန်း ပျောက်သွားအောင် လိုက်ကာကို ပြုပြင်ပေးသည်။ တစ်နေရာရာသို့ ရောက်နေသည့် ဆေးလိပ်ပြာခံခွက်ကိုယူပြီး စီးကရက် သောက်နေသူအနီးတွင် ချပေးသည်။ ပါးစပ်က ဘာမျှပြောမနေ။ စားပွဲစွန်းတွင် တင်ထားသည့် ယမကာခွက်ကို ကျမကွဲနိုင်သည့် နေရာသို့ ရွှေ့ထားသည်။ စားပွဲခင်းမီးလောင်ဖို့ ခြိမ်းခြောက်နေ



သည့် စီးကရက်ကို မီးငြိမ်းပစ်သည်။ လူသွားလမ်းမှာ ကန့်လန့်ဖြစ်နေသည့် ကုလားထိုင်ကို လွတ်လွတ်ကင်းကင်း ဖြစ်အောင် ရွှေ့ပေးသည်။ ဤအလုပ်အကျွေးပြုမှုကလေးများ အားလုံးကို သူက သွားရင်းလာရင်း စကားပြောရင်း ခရီးသွားဟန်လွှဲ လုပ်သွားသည်။ မဏ္ဍပ်တိုင်ပေါ် တက်မပြ။

လူတစ်စု နေရထိုင်ရ ပိုပြီး သက်တောင့်သက်သာ ဖြစ်လာအောင် မိမိဘက်က လုပ်ကိုင်ပေးလို့ရသည့်နည်းလမ်းပေါင်း နှစ်ဆယ်ထိ ရှိသည်ဟု ကျွန်တော့်မိတ်ဆွေက ပြောသည်။ ဒန်ဆောင်မှု အများစုကို ဘယ်သူတစ်ဦးတစ်ယောက်မျှ သတိထားမိဘဲ လုပ်ဆောင်လို့ရသည်ဟုလည်း ပြောသည်။ နောက်ပြီး သူ တိတိကျကျ ထိန်းသိမ်းထားတာ တစ်ခုတော့ရှိသည်။ သူ့ကို ဟိုနေရာစပ်စပ် သည်နေရာစပ်စပ်ဖြင့် နေရာတကာ ပါတတ်သူတစ်ဦးအဖြစ် အများသူငါက မမြင်စေရဟူ၏။

"ကျေးဇူးတင် အသိအမှတ်ပြုတဲ့ အပြုံးကလေးတစ်ချက်တစ်လေတော့ မကြာမကြာ တွေ့ရတယ်ဗျ။ ဒါပေမဲ့ ကျွန်တော်ရတဲ့ ဆုလာဘ်အစစ်အမှန်က ကျွန်တော့်ရဲ့ ရှိုးတိုးရှန့်တန့်ဖြစ်နေမှုတွေ ပျောက်သွားတာပါ။ အဲဒီလို ပျောက်ကွယ်ရခြင်းရဲ့ အကြောင်းရင်းကတော့ ကျွန်တော် ကိုယ့်အကြောင်းပဲ ကိုယ် စဉ်းစားမနေတော့လို့ပဲပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

# ၂၁

# နိုင်ငံသားအဖြစ်ပေးအပ်ခြင်း

နိုင်ငံသားတစ်ဦးအနေဖြင့် သူ၏ နီးနားဝန်းကျင် သို့မဟုတ် သူ့အသိုင်းအဝန်းကို အချိန်မကုန် လူမပန်းဘဲ အလုပ်အကျွေးပြုလို့ရသည့်နည်းတွေ တော်တော်များများ ရှိကြောင်း ကျွန်တော် တွေ့ရှိခဲ့၏။

ဥပမာ ကျွန်တော်တို့ နီးနားဝန်းကျင်ရှိ တောင်ကုန်းကလေးထိပ်တွင် ယာဉ်ထိန်းအချက်ပြမီးပွိုင့်ရှိသည်။ ၎င်းအချက်ပြမီးများ ပြောင်းချိန်က မြန်လွန်းနေသည်။ မီးအစိမ်းကို စောင့်နေသည့် မော်တော်ကား လေးစီးမျှ မဖြတ်ရသေးမီ မီးက ငြိမ်းသွားသည်။ ကားမောင်းလာသူတိုင်းက အချက်ပြမီးကို ကျိန်ဆဲကြသည်။ သို့ပေမဲ့ သည်မီးနှင့် ပတ်သက်ပြီး ဘာမှတော့ မလုပ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် နိုင်ငံသားကောင်းအဖြစ် ပေးအပ်လို့ရသည့်အခွင့်အလမ်းတစ်ရပ်ရှိနေသည်။ ကျွန်တော်က ၎င်းအချက်ပြမီးပွိုင့်အကြောင်း ယာဉ်ထိန်းရဲဌာနသို့ စာရေးအကြောင်းကြားလိုက်၏။ နောက်နေ့ညနေကျတော့ အစိမ်းရောင်မီးလင်းချိန် လုံလုံလောက်လောက် ကြာသွားပြီဖြစ်ကြောင်း တွေ့ရပါသည်။

နောက်ဥပမာတစ်ခု ရှိသေးသည်။ ညစာစားပွဲတစ်ခုတွင် တစ်စုံတစ်ယောက် မိန်းမတစ်ဦးအကြောင်း ပြောပြသည်။ ထိုမိန်းမသည် မော်တော်ကား အသွားအလာ ထူထပ်သည့် လမ်းမကြီးပေါ်တွင် နေထိုင်သူ။ နောက်ပြီး သူမသည် ကင်ဆာရောဂါ ခံစားနေရသူ။ ဖြစ်ချင်တော့ သူ့အိမ်ရှေ့တည့်တည့်ရှိ ကျောက်ခင်းလမ်းပေါ်တွင် ကျောက်ပြားကြီးတစ်ချပ် ကွာနေသည်။ ၎င်းကျောက်ပြားပေါ်တွင် ထရပ်ကားကြီးတစ်စီး၊ သို့မဟုတ် ဘတ်စ်ကားတစ်စီး ဖြတ်သွားတိုင်း ဖြစ်ပေါ်လာသည့် တုန်ခါမှုက ဝေဒနာရှင် အမျိုးသမီး၏ ခုတင်ကို လှုပ်ယမ်းသွားစေ၏။ နောက်ဆက်တွဲ အကျိုးဆက်ကတော့ ဝေဒနာရှင် အမျိုးသမီးခမျာ နာကျင်မှုကို မချိမဆံ့ ခံစားရခြင်း။

နောက်နေ့နံနက်ကျတော့ စည်ပင်သာယာရေးရုံး၊ လမ်းဌာနသို့ ကျွန်တော် တယ်လီဖုန်းဆက်သည်။ အမျိုးသမီး တွေ့ကြုံနေရသည့် အခြေအနေကို ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်သည်။ ညနေမစောင်းမီမှာပင် လမ်းပြုပြင်ရေး အဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ လမ်းကို လိုအပ်သလို ပြင်ဆင်ပေးသွားသည်။ ကင်ဆာရောဂါရှင်သာမဟုတ်။ သူမ၏ အိမ်နီးနားချင်းများရော မိတ်ဆွေအပေါင်းအသင်းများပါ စိတ်သက်သာရာ ရသွားကြ



သည်။ အကြောင်းမှာ သူတို့အားလုံးက ရောဂါရှင်အမျိုးသမီးအတွက် ကိုယ်ချင်းစာ ခံစားနေကြသောကြောင့်ပင်။

ယင်းအတွေ့အကြုံနှစ်ရပ်က အသိုက်အဝန်း အရေးကိစ္စများနှင့် ပတ်သက်သည့် အရေးကြီးသော သင်ခန်းစာကို သင်ကြားပေးသွားပါသည်။ လူတိုင်းနှင့်ဆိုင်သော အလုပ်သည် ဘယ်သူ့အလုပ်မျှမဟုတ်ဟူသော ဆိုရိုးစကားတစ်ရပ်ရှိ၏။ သည်တော့ လူတိုင်းနှင့်ဆိုင်သော အလုပ်တစ်ခုခုကို သတိထားမိပြီဆိုသည်နှင့် ကျွန်တော် တတ်နိုင်သလောက် ဆောင်ရွက်ခဲ့သည်ချည်းဖြစ်၏။ ထိုအခါ ထိုသို့ လုပ်ဆောင်ဖို့ အခွင့်အလမ်းတွေ မိုးမဆုံးမြေမဆုံး တွေ့ရပါတော့သည်။

• • •

ရုံးသို့ ကားမောင်းအသွား တစ်နံနက်ခင်းတွင် လမ်းအလယ်၌ သံကွင်းကြီးတစ်ကွင်း ကျနေသည်ကို တွေ့လိုက်ရ၏။ ၎င်းသံကွင်းကို ကွေ့ရှောင်မောင်းသွားဖို့ ဟန်ပြင်လိုက်သည်။ ထို့နောက် ရုတ်တရက်ဖြစ်ပေါ်လာသည့် စေ့ဆော်မှုက ကျွန်တော့်ကို နှိုးဆွတော့၏။ လမ်းဘေး ကားရပ်သည့်နေရာတွင် ကားထိုးရပ်သည်။ ပြီးတော့ သံကွင်းကြီးကို ကောက်ယူပြီး အန္တရာယ်ကင်းသည့်နေရာသို့ သွားပစ်သည်။ မဟုတ်လျှင် သံကွင်း၏ ဒုန်ထက်သော အသွားများက မော်တော်ကားတစ်စီးစီး၏ ဘာယာကို ထိုးခွဲတော့မည်။

နောက်နာရီဝက်အကြာတွင် စာပို့တိုက်ထဲရောက်နေသည့် ကျွန်တော့်ထံ လူတစ်ယောက် ချဉ်းကပ်လာသည်။ နောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလို ထောက်ထားစာနာတတ်တဲ့ နိုင်ငံသားတွေ ခုထက်ပိုပြီး များများရှိရင် ကောင်းမှာပဲလို့ ကျွန်တော် တွေးမိတဲ့အကြောင်း ပြောပါရစေခင်ဗျာ။ ဟိုသံကွင်းကြီးကို နောင်ကြီး ကောက်ယူလိုက်တာ ကျွန်တော် တွေ့ခဲ့တယ်လေ။ အဲဒီ တာဝန်ကျေမှုမျိုး တွေ့ပြီးတဲ့နောက်မှာတော့ အဲဒီလို အန္တရာယ်မကင်းတဲ့ အနေအထားမျိုးတွေ တွေ့ရင် ဘယ်တော့မှ ကွေ့ရှောင်မသွားတော့ဘူးလို့ စိတ်ပိုင်းဖြတ်မိပါတယ်။ ခုလို ကျွန်တော့်အသိကို လှုပ်နှိုးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ”

ဤကား သင်ကိုယ်သင် ပေးအပ်ခြင်းနှင့်ပတ်သက်သည့် နောက်ထပ် ကောင်းကွက်ကလေးတစ်ကွက်ပါတည်း။ သည်လိုပေးအပ်ခြင်းအမှုတွေ သံကွင်းဆက်သလို သင် စတင်ပြုလုပ်ကောင်း ပြုလုပ်ဖြစ်ပါလိမ့်မည်။

● ● ●

တနင်္ဂနွေ နံနက်ခင်းတစ်ခုတွင် မိတ်ဆွေတစ်ဦးနှင့်အတူ နယူးအင်္ဂလန်ကျေးလက်လမ်းမကြီးအတိုင်း လမ်းလျှောက်ထွက်ကြသည်။ လမ်းလျှောက်သွားရင်း လမ်းပေါ်တွင် အမြင်မတော်သည့် စက္ကူတစ်စ၊ ကပ်ထူဘူးတစ်ဘူး၊ သို့မဟုတ် ပုလင်းတစ်လုံး တွေ့ရမြင်ရလျှင် ကောက်ယူပြီး ကျောက်နံရံ အကျော်မမြင်ကွယ်ရာသို့ လွှင့်ပစ်ကြမည်ဟု ကျွန်တော် အကြံပြုသည်။

“လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကတည်းက အဖွဲ့ဝင်တစ်ဦးတည်းရှိတဲ့ လမ်းဘေးအမှိုက်ကောက် ကော်မီတီကို ဖွဲ့ထားတာ



ဗျ။ ဘာပဲဖြစ်ဖြစ် တော်တော် စိတ်ကြည်နူးစရာ ကောင်းတဲ့အလုပ်ပေပဲ” ဟု ကျွန်တော့်မိတ်ဆွေက ပြောပြသည်။

များမကြာမီအတွင်း ကျွန်တော်က လမ်းတစ်ဖက်ခြမ်းတွင် အမှိုက်ကောက်သန့်ရှင်းရေးလုပ်ပြီး သူက ကျန်လမ်းတစ်ဖက်ခြမ်းကို တာဝန်ယူ ရှင်းလင်းတော့၏။ ကျန်ရှိနေသေးသည့် နေ့ကာလတစ်လျှောက်လုံး ၎င်းလမ်းတစ်လျှောက် ကျွန်တော် လမ်းလျှောက်တိုင်း တွေ့ရမြင်ရသည့် သန့်ရှင်းသပ်ယပ်မှုက ကျွန်တော့်ရင်ကို ကြည်နူးချမ်းမြေ့စေပါသည်။

ကျေးလက်ဒေသတွင် လမ်းလျှောက်ထွက်တိုင်း မြင်မြင်သမျှ အမှိုက်များကို ကောက်ပစ်သည့် အကျင့်ရနေပြီ။ သည်အတွက် ကျွန်တော်၏ အညောင်းပြေ အညာပြေ လမ်းလျှောက်ထွက်ခြင်းများသည် ပိုမိုနှစ်လို ကြည်နူးဖွယ်ကောင်းလာပါသည်။

● ● ●

အထက်ပါ သာဓကတွေက အားလုံး အပျက်ပြင် သာဓကတွေချည်း။ သို့ပေမဲ့ နိုင်ငံသားတစ်ဦးက သူ့မြို့ သို့မဟုတ် သူ့ကျေးရွာအပေါ် စေတနာဖြင့် ပေးအပ်နိုင်သည့် အပြုသဘောဆောင်လုပ်နည်းတွေလည်း အများကြီးရှိပါသည်။

အနောက်ပိုင်း မြို့ကလေးတစ်မြို့ရှိ ပုံနှိပ်တိုက်ပိုင်ရှင်တစ်ဦးသည် စိတ်ကသိကအောက် ဖြစ်နေသည်။ သူတို့မြို့ရှိ ကလီအရောင်းဆိုင် တော်တော်များများ၏ ပြတင်းပေါက်များတွင် လက်ရေးဖြင့်ရေးပြီး ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်များကို သူ ကြည့်မရ။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းများတွင် ဆိုင်ပိတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြေညာသည့် ဆိုင်းဘုတ်များ။ လက်ရေးတွေက အမျိုးမျိုးအဖုံဖုံ။ မသပ်မရပ် မလှမပဖြင့် ဖြစ်သလို ခြစ်ထားသည့်လက်ရေးတွေ။

"အဲဒီ ဖြစ်သလိုရေးထားတဲ့ ဆိုင်းဘုတ်တွေက ငါတို့မြို့ရဲ့အလှကို ဖျက်ဆီးနေတယ်ကွ" ဟု သူ့ဇနီးကို ပြောပြသည်။

"အင်းလေ၊ အဲဒီတော့ သေသေသပ်သပ် ပုံနှိပ်ထားတဲ့ ဆိုင်းဘုတ်တွေရိုက်ပြီး ဆိုင်ရှင်တွေကို မေတ္တာရှိ ပေးဝေပါလား။ အဲဒါဟာ ရှင့်လုပ်ငန်းအတွက် ကောင်းကောင်းကြော်ငြာပြီးသားလည်း ဖြစ်သွားနိုင်တယ်လေ"

"အင်း ... အဲဒါ သိပ်ကောင်းတဲ့ အကြံပေါ့ကွာ" ဟု သူပြောပြီး နောက်တစ်နေ့မှပင် "ဗုဒ္ဓဟူးနေ့ ညနေပိုင်း ဆိုင်ပိတ်သည်" ဆိုသည့် စာတန်းများကို အရွယ်အစား သုံးမျိုးဖြင့် ရိုက်နှိပ်သည်။ ပြီးတော့ ဆိုင်ရှင်တစ်ဦးထံသို့ စာတန်းတစ်စုံစီ ပို့ပေးသည်။ ၎င်းစာတန်းများ ပုံနှိပ်ခ တစ်ပြားတစ်ချပ်မျှမယူ။ နောက်ထပ်လိုအပ်သေးလျှင် ပေးဦးမည် ဟုကမ်းလှမ်းသည်။

ပုံနှိပ်စာတန်းများပေါ်တွင် သူ့ပုံနှိပ်တိုက်နာမည်ကိုပင် ကြော်ငြာအဖြစ် ဖော်ပြထားခြင်းမပြု။ "ဒီဆိုင်းဘုတ်တွေ ငါ ပုံနှိပ်ပေးတယ်ဆိုတာ ဘယ်သူမှ သတိမရလည်း ငါ ဂရုမစိုက်ပါဘူးကွာ။ ငါတို့ မြို့ရဲ့ စတိုးဆိုင်တွေရဲ့ အသွင်အပြင်တွေ ဘယ်လောက် တိုးတက်လှပလာတယ်ဆိုတာ တွေ့ရတိုင်း ငါ့ရင်မှာ ကြည်နူးပီတိဖြစ်ရတယ်လေ" ဟု သူက သူ့ဇနီးအား ရှင်းပြလေသည်။

သူ့အကြောင်း နောက်ဆုံးသတင်းကြားရသည်မှာ သူသည် ပုံနှိပ်စက်ပိုင်ရှင်တစ်ဦးအနေဖြင့် သူ့မြို့ကလေး ပိုမိုသပ်ရပ်



တင့်တယ်လာအောင် လုပ်လို့ရမည့် အခြားနည်းလမ်းတွေ ကြံဆနေသည်ဆို၏။ ထိုသို့ ကိုယ့်မြို့ကလေး ကိုယ်အလှဆင်ရင်း ပုံနှိပ်စက်ပိုင်ရှင်တစ်ဦး အနေဖြင့် ဂုဏ်ယူဝင့်ကြွားလိုသည်ဆို၏။

နည်းကောင်းလမ်းကောင်းများကို ထိုလူ တွေ့လိမ့်မည်ဟု ကျွန်တော်ထင်သည်။ ဘာကြောင့်ဆို သင့်အသိုက်အဝန်းအတွက် သင့်ကိုယ်သင် ပေးအပ်ခြင်း ဝါသနာအလုပ်ကို စွဲကိုင်ပြီဆိုသည်နှင့် ထိုသို့ ပြုလုပ်လို့ရသည့် အခွင့်အလမ်းများကို သင် သွားရင်းလာရင်း ခလုတ်တိုက်မိသလို တွေ့နေရမည် ဖြစ်သောကြောင့်ပါ။

• • •

တောင်ပိုင်းမြို့တစ်မြို့ရှိ စာရေးဆရာမတစ်ဦးက ညည်းတွားထားသည်မှာ သူတို့မြို့သို့ လူသစ်များ ပြောင်းရွှေ့လာသည့်အခါ မြို့ခံအသိုက်အဝန်းက ၎င်းလူသစ်များအကြောင်း ထဲထဲဝင်ဝင် သိခွင့်ရဖို့ အချိန်အကြာကြီးယူရကြောင်း၊ လူသစ်တွေက ထိုမြို့တွင် ကိုယ့်အိမ်ကိုယ့်ရာလို နေသားကျလာဖို့ ပို၍ပင် အချိန်ကြာကြောင်း စသည်ဖြင့်။

"မင်းက ဘာ ဖြစ်လို့ အဲဒီလူတွေကို မြို့နဲ့ မိတ်ဆက်မပေးတာလဲ" ဟု သူမ၏ခင်ပွန်းက မေးသည်။

"ဘယ်လို မိတ်ဆက်ပေးရမလဲဆိုတဲ့နည်းကိုသိရင် ကျွန်မ မိတ်ဆက်ပေးမှာပေါ့ရှင်" ဟု သူမက ပြန်ပြောသည်။

သီတင်းတစ်ပတ်မျှ ကြာသောအခါ စိတ်ကူးတစ်ခု ပေါ်လာသည်။ သူမတို့မြို့က ထုတ်ဝေသည့် သတင်းစာတိုက်သို့

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားဟန်လွှဲဝင်သည်။ သူတို့မြို့သို့ အသစ်ပြောင်းရွှေ့လာသူများအား ဆက်သွယ်မေးမြန်းပြီး သတင်းစာတွင် ကဏ္ဍတစ်ခု ဖွင့်ကာ မြို့ခံလူထုနှင့် မိတ်ဆက်ပေးဖို့ကို သူမ စေတနာ့ဝန်ထမ်း တာဝန်ယူမည်ဟု စာရေးဆရာမက ကမ်းလှမ်းသည်။

တာဝန်ခံအယ်ဒီတာက အားတက်သရော သဘောတူလက်ခံသည်။ စာရေးဆရာမက ပြောင်းရွှေ့လာသည့် မိသားစု အသစ်တိုင်းဆီသို့ သွားလည်သည်။ သူတို့ ဘယ်က ပြောင်းလာသလဲ၊ သူတို့ သားသမီးများ၏ နာမည်များနှင့် အသက်အရွယ်များ၊ ယောကျ်ားက ဘာအလုပ်လုပ်သလဲ၊ သူတို့ တက်ခဲ့သည့် ကောလိပ်၊ သူတို့တက်သည့် ဘုရားရှိခိုးကျောင်း၊ သူတို့၏ ဝါသနာအလုပ်များ၊ ... ကာယကံရှင်များ သိစေချင်သည့် အကြောင်းအရာ မှန်သမျှ အကုန်အစင် ဖော်ပြပေးသည်။ စနေနေ့ထုတ် သတင်းစာပါ ဆောင်းပါးများတွင် သူမ၏ ဆောင်းပါးလောက် လူကြိုက်များသည့် ဆောင်းပါး မရှိပါချေ။

● ● ●

ချီကာဂိုမြို့ ဆင်ခြေဖုံးရပ်ကွက်တွင် နေထိုင်ပြီး ရထားဖြင့် ရုံးတက်သူတစ်ဦးကို ကျွန်တော် သတိထားမိသည်။ သူ့ကြည့်ရတာ ဘူတာရုံ ပလက်ဖောင်းတွင် တွေ့သမျှလူတိုင်းကို သူ သိကျွမ်းနေသည့်ပုံ။ တစ်နံနက်ခင်းတွင် သူနှင့် စကားစမြည် ပြောဖြစ်ရာ ကျွန်တော်တို့မြို့ကလေးတွင် နေထိုင်သူ လူတိုင်းကို သူ သိသည်ဆို၏။



"ရထားစီးမယ့် ခရီးသည်တွေထဲမှာ မျက်နှာစိမ်းသူတွေကို ရွေးပြီး "မင်္ဂလာရှိတဲ့ နံနက်ခင်းပါ" လို့ နှုတ်ဆက်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဗျ။ ဒီတော့ သူတို့နေတဲ့ မြို့သစ်မှာ သူတို့ တစ်စုံတစ်ယောက်နဲ့တော့ သိတယ်ဆိုတဲ့ ခံစားချက်မျိုး ခံစားရတာပေါ့ဗျာ။ အဲဒီလို ပြုမူတဲ့အတွက် ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်အတွက် မိတ်ဆွေကောင်းတွေ အများကြီးရလာတယ်လေ"

"မိတ်ဆွေတစ်ဦးဆိုသည်မှာ သင့်အတွက် သင်ကိုယ်တိုင်ကပေးသော လက်ဆောင်မွန်တစ်ခုပါတည်း" ဆိုသည့် ရောဘတ်လူးဝစ်စတီဗင်ဆင်၏ အဆိုအမိန့်ကို ကျွန်တော် သတိရမိပါ သည်။

● ● ●

အသိုက်အဝန်းကို ပေးအပ်ခြင်းအမှုပြုရာ၌ အိမ်နီးနားချင်းပုံစံဖြင့် ပေးအပ်နည်းလည်း ရှိပါသည်။

နယူးယောက်မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ကျွန်တော်တို့ နေထိုင်စဉ်တစ်ညသ၌ ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည်တို့သည် အထီးကျန်ဖြစ်ပြီး ပျင်းရိငြီးငွေ့နေသည်။ ကျွန်တော်တို့ လမ်းထဲမှ အိမ်နီးနားချင်း တစ်ယောက်ယောက်ဆီ တယ်လီဖုန်းဆက်ကြည့်လျှင် ကောင်းမည်လားဟု ကျွန်တော်က ဇနီးသည်ကို တိုင်ပင်ကြည့်သည်။

"အမယ်လေး ... သူတို့မိတ်ဆွေတွေနဲ့အတူ အစုပ်စုပ်နေကြမှာပေါ့ရှင်။ ကျွန်မတို့လို အထီးကျန် အဖော်မဲ့တွေက

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုလာပြီး နှောင့်ယှက်တာ ကြိုက်မှာမဟုတ်ပါဘူး” ဟု သူမက ကန့်ကွက်စကားဆိုသည်။

“အင်းလေ … စမ်းကြည့်ကြတာပေါ့ကွာ”

ကျွန်တော် ပြောရင်း တယ်လီဖုန်းဆီသို့ သွားသည်။

“ဟေး … ခင်ဗျားတို့ ဒီည ဘာအထူးအစဉ်တွေများ ရှိလဲဗျ” ဟု ကျွန်တော် မေးလိုက်၏။

“ဂျော့နဲ့ ကျွန်မက ဒီမှာထိုင်ရင်း ပျင်းလွန်းလို့ တွန့်လိမ်နေတာရှင့်။ ကျွန်မတို့နဲ့အတူ ဖဲစကားမယ့်လူတစ်ယောက် ယောက် ရှိရင် ကောင်းမှာပဲလို့ တွေးနေတာရှင့်” အိမ်ရှင်မဖြစ်သူက ဖြေသည်။

“ဟာ … ရှိတာပေါ့ဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ အိမ်ကိုလာမှာလား၊ ဒါမှမဟုတ် ကျွန်တော်တို့က ခင်ဗျားတို့ဆီကို လာခဲ့ရမလား”

အထီးကျန်အဖော်မဲ့ဖြစ်နေသော စုံတွဲနှစ်တွဲ သည့်ထက် ပျော်ရွှင်ကြည်နူးအူမြူးသည့် ညမျိုး ကျွန်တော် မကြုံဖူးခဲ့ပါချေ။

ထိုညက အဖော်မဲ့အထီးကျန် ဖြစ်နေသည့် ကျွန်တော်တို့ စုံတွဲနှစ်တွဲကဲ့သို့သော စုံတွဲတွေ ရပ်ကွက်တိုင်း၊ လမ်းတိုင်း၊ တိုက်ခန်းတွဲတိုင်းတွင် ရှိနေမည်မှာ သေချာပါသည်။ ကျွန်တော်တို့အိမ်နီးနားချင်း အသွင်ဖြင့် မိမိကိုယ်မိမိ ပေးအပ်ကြဖို့ပဲ လိုပါသည်။

● ● ●



ကွယ်လွန်သူ ဟယ်ရီ ဘီ ဟော့စတက်တာသည် သူ၏ နိုင်ငံသားအဖြစ် ပေးအပ်ခြင်း ဝါသနာအလုပ်ကို နာမည်ကျော် ဂျော်နီအက်ပယ်ဆိ၏ ဝါသနာအလုပ်မှ ပွားယူခဲ့၏။ ဂျော်နီ အက်ပယ်ဆိက လွန်ခဲ့သည့် နှစ်ပေါင်း တော်တော်ကြာကြာတုန်း က များပြားလှသော နယ်မြေများတွင် ပန်းသီးပင်များ စိုက်ပျိုးခဲ့ သူဖြစ်၏။ ဟော့စတက်တာကတော့ သူနှင့်မတူ တစ်မူခြားပြီး ဝက်သစ်ချပင်များ စိုက်ပျိုးခဲ့သည်။

သူက လမ်းလျှောက်ထွက်ပြီဆိုလျှင် သူ့အကျီအိတ်ထဲ တွင် ဝက်သစ်ချသီးများ ထည့်သွားသည်။ ဝက်သစ်ချပင်တစ်ပင် ရှင်သန်နိုင်သည်၊ ကြီးထွားနိုင်သည်ဟု ထင်မြင်ယူဆသည့် နေရာ တစ်နေရာတွေ့သည်နှင့် သူ့အိတ်ထဲအသင့်ပါလာသည့် ဝက် သစ်ချသီးကို စိုက်ပျိုးတော့၏။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်လောက်တုန်းက သူ စိုက်ပျိုးခဲ့သည့် ဝက်သစ်ချသီးများမှ ပေါက်နေသည့် ဝက်သစ် ချပင် ရာပေါင်းများစွာကိုကြည့်ပြီး သူ့ရင်ထဲမှာ ကြည်နူး ကျေနပ် မှုကို ခံစားရ၏။ လွန်ခဲ့သည့် နှစ် နှစ်ဆယ်လောက်က စိုက်ခဲ့ သည့် ဝက်သစ်ချပင်တချို့သည် ယခုဆိုလျှင် လုံးပတ်ခြောက် လက်မရှိပြီး ပေလေးဆယ်လောက် မြင့်မားနေပြီ မဟုတ်လား။

သည် ပုဂ္ဂိုလ်ကြီးက ပေးအပ်ခဲ့သည်မှာ သူ့မျိုးဆက်ကို သာမဟုတ်။ အနာဂတ်၏ မျိုးဆက်သစ်များအတွက်ပါ ပေးအပ် သမှုပြုခဲ့ပါသည်။ ကျွန်တော်တို့ မော်ကြည့်ပြီး ကြည်နူးကျေနပ် ရသည့် ဝက်သစ်ချပင်ကြီးများကို ကျွန်တော်တို့ အမွေရခဲ့သည် သည်တော့ ကျွန်တော်တို့၏ ဘိုးဘွားများကို ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးမဆပ်ဘဲ နေကြမည်လဲ။ ကျွန်တော်တို့၏ မြေးများ မြစ်များ နေထိုင်သည့် ကမ္ဘာကြီး စိမ်းလန်းစိုပြည်ပြီး လှပသာယာ နေချင့် စဖွယ် ကမ္ဘာကြီးဖြစ်အောင် ဖန်တီးခြင်းဖြင့် ကျွန်တော်တို့ ကလည်း ထပ်ဆင့် အမွေပေးခဲ့လို့ရနိုင်သည်ပဲ။

ထိုအခါ ကမ္ဘာကြီးသည် ပိုမိုသန့်ရှင်းသော ပိုမို အန္တရာယ်ကင်းသော ပိုမိုပျော်စရာကောင်းသော ပိုမိုလှပသော ကမ္ဘာကြီးဖြစ်လာပေမည်။ ထိုသို့အမွေပေးလို့ရအောင် ကျွန်တော် တို့ တစ်ဦးချင်းစီသည် နိုင်ငံသားအဖြစ် ပေးအပ်နည်းအချို့ကို ကျင့်သုံးကြရပါမည်။ ထိုသို့ ကျင့်သုံးရန် အခွင့်အလမ်းပေါင်း များစွာကို တွေ့ပါလိမ့်မည်။ တွေ့အောင်လည်း ရှာရပါမည်။ သို့မှ တစ်မြို့ တစ်နယ် တစ်ရွာမကသော ကမ္ဘာကြီးသည် နေချင့် စဖွယ် သို့မဟုတ် လှပသော ကမ္ဘာကြီး ဖြစ်လာပေမည်။

# ၂၂

# သင် ချီးကျူးစကား ပေးအပ်သူလား

ကျွန်တော့် အသိမိတ်ဆွေတွေထဲတွင် လူချစ်လူချင် အများဆုံးနှင့် အအောင်မြင်ဆုံး ပုဂ္ဂိုလ်များရှိ၏။ သူတို့၏ ထူး ခြားချက်မှာ သူတို့၏ ထူးခြားစွမ်းရည်ကိုပေးအပ်ခြင်းဖြစ်၏။ သူတို့၏ ထူးခြားစွမ်းရည်ဆိုသည်မှာ ချီးကျူးစကားပြောတတ် ခြင်း ဖြစ်ပါသည်။

သူ့လုပ်ငန်းခွင်တွင် သူက ချီးကျူးစကားကို လိုက်လိုက် လှဲလှဲပြောတတ်၏။ စွမ်းရည်ပြည့် လုပ်ဆောင်ထားသော အလုပ် ကိုင်းအတွက် အကြံပေးတင်လာသော အကြံကောင်းဉာဏ် ကောင်းတိုင်းအတွက် သေချာတိကျသော ဝန်ဆောင်မှုတစ်ခု အတွက် ပြေပြစ်စွာရေးထားသော စာတစ်စောင်အတွက်၊ အနေ အသားတစ်ရပ်ကို ဉာဏ်ရည်ထက်မြက်စွာ ကိုင်တွယ်ထိန်းသိမ်း ခြင်းအတွက် ... ။ ထိုသို့ အလိုက်သည်းလိုက် ချီးကျူးစကား

www.burmeseclassic.com

www.burmeseclassic.com



ကို ကာယကံရှင်အား တိုက်ရိုက်ပြောရုံမဟုတ်၊ အခါအခွင့်သင့်လျှင် သင့်သလို အများသူငါရှေ့မှောက်မှာလည်း ပြော၏။

သူက သူ့ဇနီးအား ချီးကျူးစကားပြော၏။ ဇနီးဖြစ်သူ၏ ထောက်ထားစာနာသော လုပ်ဆောင်ချက်များအတွက် သားသမီးများရှေ့မှောက်တွင် ချီးကျူးစကားပြော၏။ သို့မှ ချီးကျူးစကားပြောကျင့်ကို ဖအေကြီးထံမှ အတုယူကြမည် မဟုတ်လား။ ဖအေကြီးက သားတွေသမီးတွေကိုလည်း သူတို့အချင်းချင်းရှေ့တွင် ချီးကျူးစကားပြောကြ၏။ သူတို့ ဂရုတစိုက် သို့မဟုတ် ချင့်ချင့်ချိန်ချိန် တွေးတွေးဆဆ ပြုလုပ်ခဲ့သော လုပ်ဆောင်ချက်များအတွက် ပြောခြင်း။

ခံတွင်းတွေ့သော ဟင်းလျာများ ချက်ပြုတ်ပေးသည့်အတွက် အိမ်ဖော်အမျိုးသမီးကို သူက ချီးကျူးစကားပြော၏။

သူ့အသိုက်အဝန်းရှိ မြို့ပြအုပ်ချုပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို သဘောကျလျှင် သူက ချီးကျူးကျေးဇူးတင်စာများ မပျက်မကွက် ရေးပို့စမြဲ။ နောက်ပြီး အိမ်နီးနားချင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများ သိအောင်လည်း တကူးတကပြောပြတတ်၏။

သူတို့ သွားနေကျ ဘုရားရှိခိုးကျောင်းတွင် ဘုရားကျောင်းကော်မီတီဝင်တစ်ဦး၏ ချီးကျူးစကားဆိုလောက်သည့် လုပ်ရပ်တစ်ခုခုကို အမြဲစောင့်ကြည့်ရှာဖွေနေတတ်သည်မှာ သူပင်ဖြစ်၏။ အဆင်သင့်လျှင် တစ်စုံတစ်ဦး၏ ထူးခြားပြောင်မြောက်သော စွမ်းဆောင်ချက်ကို လူအများရှေ့တွင် ချီးကျူးဂုဏ်ပြုစကားပြောတတ်စမြဲ။



သူ့လောက် ချီးကျူးစကား လှိုင်လှိုင်မပြောတတ်သည့် သူ့လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူ့ကိုမေးဖူးသည်။ ချီးကျူးစကားပြောခြင်းသည် တစ်ဦးတစ်ယောက်အား သွေးနားထင်ရောက် မသွားစေဘူးလား ဟူ၍။ ထိုအခါ သူက ရယ်ရယ်မောမောပင် ပြန်ဖြေခဲ့သည်မှာ "သေချာတာပေါ့ဗျာ၊ ငါးဆယ်မှာ တစ်ယောက်လောက်ကတော့ ဘဝင်မြင့်သွားနိုင်တယ်။ ဒါပေမဲ့ အဲဒီလိုလူစားတွေက ဘယ်နည်းနဲ့မဆို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှာပဲ။ အဲဒီလို ဘဝင်မြင့်တတ်သူတွေကို ဘဝက ထိထိရောက်ရောက် ပညာပေးသွားမှာပါ။ ကျွန်တော်ကတော့ တခြားလေးဆယ့်ကိုးယောက်ကိုပဲ စိတ်ဝင်စားတယ်ဗျ" ဟူ၏။

ကျွန်တော် ပေးအပ်ခြင်းဝါသနာအလုပ်တွင် ချီးကျူးစကားပေးအပ်ခြင်းကို ထပ်ဖြည့်ခဲ့သည်။

ချီးကျူးစကား လက်ဆောင်မွန်များကို လူတိုင်းနှစ်သက် မက်မောကြောင်း ကျွန်တော်သိမြင်ခဲ့ရသည်။ ချီးကျူးခံရသူသည် အသက် ဘယ်လောက်ကြီးကြီး၊ အသက် ဘယ်လောက်ငယ်ငယ်၊ ရာထူးဂုဏ်ရှိန် ဘယ်လောက်မြင့်မြင့် ဘယ်လောက်နိမ့်နိမ့် ချီးကျူးစကား အပြောခံရခြင်းကို နှစ်သက်မက်မောကြသည်သာ။

သို့ဖြစ်သည့်တိုင် ကျွန်တော်တို့ အများစုက ချီးကျူးစကားပြောဖို့ အခွင့်အလမ်းများကို လျစ်လျူရှုထားတတ်ကြ၏။ သူတို့၏ စွမ်းဆောင်ရည် ပြည့်ဝမှုကို အသိအမှတ်ပြု ချီးကျူးစကားပြောခြင်းဖြင့် သူတို့တစ်တွေ ကြည်နူးဝမ်းသာပီတိဖြာစေမည့် အခွင့်အလမ်းများ။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာလည်း အလေးမမူ၊ ဂရုမထားဘဲ ပေါ့ပေါ့ဆဆ နေတတ်ခြင်းကို ဖော်ပြသည့် နောက်ထပ်သာဓကတစ်ခု ပင်ဖြစ်တော့၏။

# ၂၃

# ပိုလျှံပစ္စည်းများ ပေးဝေခြင်း

ယခုအချိန်ထိ ကျွန်တော် ဆွေးနွေးတင်ပြခဲ့သည့် စွန့်လွှတ်ပေးအပ်ခြင်းအမှုများတွင် စာတစ်ရွက်၊ တံဆိပ်ခေါင်းတစ်လုံး၊ တယ်လီဖုန်းတစ်ချက်ဆက်ခြင်း၊ သို့မဟုတ် ငွေကြေး မဖြစ်စလောက် ကုန်ကျသည့် လုပ်ဆောင်မှုများသာ ဖြစ်၏။ ထို့ထက် ပိုမိုများပြားသည့် ငွေကြေးနှင့်ပစ္စည်းဥစ္စာများ သုံးစွဲဖို့မပါသေး။

မည်သို့ဆိုစေ ဤဥပဒေအတွက် ခြွင်းချက် နှစ်ခု၊ သုံးခုတော့ရှိပါသည်။ ဥပမာ ပိုလျှံပစ္စည်းပေါင်းစုံကို ဝေမျှသုံးစွဲခြင်း။ သင့်တွင် လက်ရှိအသုံးလိုသည်ထက် ပိုလျှံနေသော ပစ္စည်းတစ်မျိုးမျိုးရှိနေလျှင် ... ၎င်းပိုလျှံသည့် ပစ္စည်းသည် ပန်းသီးတစ်သေတ္တာ၊ သို့မဟုတ် လိမ္မော်သီးတစ်သေတ္တာပဲဖြစ်ဖြစ်၊ သင့်အတွက် လိုသည်ထက် ပိုနေသည့် ဦးထုပ်တွေပဲဖြစ်ဖြစ်၊ သင် ဘယ်တော့မှ ပြန်သုံးမည် မဟုတ်သည့် ကားဟောင်း

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတွေပဲဖြစ်ဖြစ်၊ သင့်ပန်းခြံထဲမှာ လိုသည်ထက် ပိုနေသော ပန်းများပဲဖြစ်ဖြစ်၊ ... ၎င်းပိုလျှံပစ္စည်းများကို သိုလှောင်သိမ်းဆည်းထားမည့်အစား အခြားသူများအား မျှဝေပေးသင့်၏။ ဤသို့ စေတနာသုံးတန်ပြဋ္ဌာန်းပြီး ပေးအပ်ခြင်းအားဖြင့် သင့်စိတ်တွေ များစွာများစွာ ပိုပြီးပျော်ရွှင်ကြည်နူးလာပါလိမ့်မည်။

• • •

လွန်ခဲ့သည့် နှစ်ပေါင်းတော်တော်ကြာကြာတုန်းက မက်ဆာချူးဆက်ပြည်နယ်၊ ကင်းဘရစ်မြို့ရှိ ကျွန်တော့်သူငယ်ချင်း လူပျိုကြီး၏အခန်းတွင် ခရစ်စမတ်ပွဲကို နွှဲခဲ့သည်။ သူ့ထံရောက်လာသည့် ခရစ်စမတ်လက်ဆောင်တွေထဲတွင် ငွေဇွန်းတစ်ဒါဇင်ထည့်ထားသည့် ဘူးတစ်ဘူးလည်းပါဝင်သည်။ သည်လက်ဆောင်ကို သူ့ညီမက ပေးပို့လိုက်ခြင်း။ အစ်ကိုဖြစ်သူသည် နံနက်စောစော စာကို သူ့ဘာသာသူ ပြင်ဆင်စားသောက်တတ်ကြောင်းနှင့် သူ့သူငယ်ချင်း လူပျိုကြီးများကို ရံဖန်ရံခါ ထမင်းဖိတ်ကျွေးလေ့ရှိကြောင်း သူ့ညီမက သိထားသည်လေ။

ဇွန်းတွေပါသည့် လက်ဆောင်ဘူးကို ဖွင့်ပြီး ချက်ချင်းလိုပင် စားဖိုဆောင်ထဲရှိ ကြောင်အိမ်ဆီသို့ သူသွားသည်။ ပြီးတော့ ကြောင်အိမ်ထဲမှ ငွေရည်စိမ်ဇွန်းတစ်ဒါဇင်ကို ထုတ်ယူလာသည်။ ထို့နောက် တိုက်စောင့်၏ဇနီးကို လှမ်းခေါ်သည်။ သူ့အခန်းသို့ တက်လာဖို့ ပြောသည်။ အမျိုးသမီးရောက်လာသောအခါ သူက ငွေရည်စိမ်ဇွန်းတစ်ဒါဇင်ကို လက်ဆောင်



အဖြစ် ပေးလိုက်၏။ အမျိုးသမီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

"ကျွန်တော် ဒီဇွန်းတွေကို လိုအပ်ကောင်း လိုအပ်လာမှာပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာပေါ့" ဟု သူက ကျွန်တော့်ကို ရှင်းပြသည်။ "ဒါပေမဲ့ ဒီဇွန်းတွေကို ကျွန်တော်လောလောဆယ် မလိုဘူးလေ။ ဒီအမျိုးသမီးလို မိသားစုအများကြီးရှိတဲ့ အိမ်ထောင်စုအတွက်တော့ ဒါတွေ လိုမှာပေါ့ဗျာ"

ဤကောက်ကာငင်ကာ လုပ်ဆောင်မှုကလေးက ကျွန်တော့်ကို အသိအမြင်တစ်ခု ဖွင့်ပေးလိုက်၏။ "ကျွန်တော်တို့၏ စိတ်ချမ်းသာမှုနှင့် ပတ်သက်ပြီး ပြောရလျှင် ကျွန်တော်တို့သည် ပစ္စုပ္ပန်ကာလတွင် ရှင်သန်နေထိုင်ကြခြင်း ဖြစ်၏။ မနက်ဖြန်သို့မဟုတ်၊ နောက်တစ်ပတ်၊ သို့မဟုတ် နောက်နှစ်တွင် ရှင်သန်နေထိုင်ကြခြင်းမဟုတ်" ဆိုသည့် အသိအမြင်ပါတည်း။

အကယ်၍ ကျွန်တော်တို့၏ လက်ရှိပိုလျှံပစ္စည်းများကို မျှဝေသုံးစွဲကြသည်ဆိုလျှင် ကျွန်တော်တို့၏ အနာဂတ်ကာလလိုအပ်ချက်များကို အချိန်မီ ဖြေရှင်းပြီးသားဖြစ်နေသည်ကို တွေ့မြင်ကောင်း တွေ့မြင်ရပါလိမ့်မည်။

• • •

ကမ္ဘာပေါ်ရှိ အထပ်ခိုးများ၊ မြေအောက်ခန်းများ၊ ကြောင်အိမ်များနှင့် ဗီရိုအံဆွဲများထဲတွင် ဒေါ်လာသန်းပေါင်းများစွာတန်သည့် အဖိုးထိုက်အဖိုးတန် ပစ္စည်းတွေရှိ၏။ အိမ်ထောင်ပရိဘောဂ၊ အဝတ်အထည်၊ ပိုးထည်များ၊ ကန့်လန့်ကာများ၊

www.burmeseclassic.com

www.burmeseclassic.com



ကိရိယာတန်ဆာပလာများ၊ ကလေးကစားစရာများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ လက်ဆွဲအိတ်များ၊ လျှပ်စစ်ကိရိယာများ၊ အိုးခွက်များ၊ ဆင်ဝင်နှင့် ဥယျာဉ်သုံးပရိဘောဂများ၊ ... ထိုအရာတွေဖြင့် အခန်းပြည့်နေသည်။ တစ်နှစ်ပြီးတစ်နှစ် ဖုန်ခါရသည်မှာ အလုပ်ကြီးတစ်ခု။ ထိုပစ္စည်းများသည် ကျွန်တော်တို့အတွက် လောလောဆယ် အသုံးမဝင်။ ကျွန်တော်တို့ကို အလုပ်အကျွေးပြုနေခြင်း မရှိ။ သည်တော့ ၎င်းပစ္စည်းအများစုကို လောလောဆယ် အသုံးတည့်သူတစ်ဦးဦးကို ပေးအပ်လိုက်ခြင်းက ပို၍ မကောင်းပေဘူးလား။ ပေးဆို ယခုပဲပေးမှ တန်ကာကျပါမည်။

ကျွန်တော့်အိမ်နီးချင်း မုဆိုးမတစ်ဦး၏အိမ်မှာ ပစ္စည်းပစ္စတွေ ပြည့်ကျပ်နေလောက်အောင် ခင်းကျင်းပြင်ဆင်ထား၏။ ယခင်တလောကတော့ အမျိုးသမီးသည် သူမ လောလာဆယ် အသုံးမပြုသည့် ပစ္စည်းတိုင်းကို စတင် စွန့်လွှတ်ပေးအပ်သည်။ အမှန်တကယ် လိုအပ်နေသူများကို ထိုသို့ပေးအပ်ခွင့်ရသည့်အတွက် သူမမှာ ကြည်နူးဝမ်းသာပီတိဖြာရသည့်ဖြစ်ခြင်း။ သူ ပစ္စည်းတွေ ပေးအပ်လိုက်သူများထဲတွင် တစ်အိုးတစ်အိမ် ထူထောင်ဖို့ ကြိုးစားနေသည့် ငယ်ငယ်ရွယ်ရွယ် စုံတွဲများ၊ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် အိမ်နီးနားချင်းများပါဝင်သည်။

တစ်ရက်တွင် သူမ၏အိမ်နီးနားချင်းတစ်ဦးအား ဥယျာဉ်သုံး ရေပိုက်တစ်ခွေပေးနေသည်ကို ကျွန်တော် ကြည့်နေမိ၏။ အမျိုးသမီးသည် သူမကိုယ်သူမ မဟာကရုဏာရှင်ကြီးဂိုက်ဖမ်းသည့် အမှားမျိုးကိုတော့ ကျူးလွန်ခြင်းမရှိ။



"ဒီရေပိုက်တစ်ဖြတ်ကို ရှင် အသုံးတည့်ပါ့မလားလို့ ကျွန်မ တွေးနေမိတာရှင့်။ ကျွန်မမှာက အသုံးလိုတာထက် ပိုနေတယ်လေ။ ဒီပိုက်ကြီး ကားဂိုဒေါင်ထဲမှာ ပုံထားတဲ့အခါ အခွေကြီးက ကြီးလွန်းတော့ သွားလမ်းလာလမ်း ပိတ်နေရော။ ဟင့်အင်း ... ဒီပိုက်အတွက် ကျွန်မ ဘာဆိုဘာမှ ပြန်မယူဘူးနော်။ အသုံးတည့်တဲ့လူ တစ်ယောက်ယောက်ရဲ့လက်ထဲ ဒီပိုက်ကြီး ရောက်သွားတာကိုပဲ မြင်ချင်တာပါ"

ကျွန်တော့်ဦးလေး အက်ဒ်တွင် နှုတ်ခမ်းမွေးရိတ်ရာတွင် သုံးသည့် ပန်းကန်လုံးနှင့် အောက်ခံပန်းကန်ပြားတစ်ချပ်ရှိသည်။ သို့ပေမဲ့ ဘယ်သန်များသာ သုံးစွဲလို့ရအောင် ပုံဖော်ထားသည့် ကိရိယာ။

ဦးလေးအက်ဒ်က နှုတ်ခမ်းမွေးရိတ်ရာတွင် သုံးသည့် ပန်းကန်လုံးနှင့် အောက်ခံပန်းကန်ပြားတစ်ချပ် ရှိသည်။ သို့ပေမဲ့ ဘယ်သန်များသာ သုံးစွဲလို့ရအောင် ပုံဖော်ထားသည့် ကိရိယာ။ ဦးလေးအက်ဒ်က နှုတ်ခမ်းမွေးရိတ် ပန်းကန်လုံးများ စုဆောင်းဖို့ ဝါသနာပါသူ မဟုတ်။ သည်တော့ သူ့လက်ထဲက ပန်းကန်လုံးကို အထပ်ခိုးပေါ်ရှိ ဘူးတစ်ဘူးထဲ ထည့်သိမ်းထားသည်။

ထိုခွက်ကလေးကို ထိုခွက်မျိုးတွေ စုဆောင်းသူတစ်ဦးကို ရောင်းဖို့ ဈေးစကားပြောခဲ့တာ နှစ်ပေါင်းတော်တော်ကြာနေပြီ။ သို့ပေမဲ့ ဝင်ငွေ တော်ရုံသင့်ရုံသာရှိသည့် စုဆောင်းသူက သည်း မတတ်နိုင်။

"ဦးလေး အဲဒီခွက်ကို ဘာဖြစ်လို့ အဲဒီလူကို ပေးပစ်လိုက်တာလဲ။ ဦးလေးရဲ့ ခွက်ကလေးဟာ သူ စုဆောင်းထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ခွက်တွေထဲမှာ ခံ့ခံ့ထည်ထည် နေရာယူထားတာကြည့်ပြီး ပီတိဖြာလိုက်စမ်းပါ ဦးလေးရာ” ဟု ကျွန်တော် တစ်ခါ ပြောဖူး၏။

“သူ့ကို ပေးပစ်ရမယ်၊ ဟုတ်လား။ ဒီခွက်ကလေးကို လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်တုန်းက ငါ့ဝယ်တာ ခြောက်ဒေါ်လာ ပေးခဲ့ရတာကွ။ ခုဆို အများကြီး ပိုတန်နေပြီပေါ့” ဟု ဦးလေးက ဘုမှတ်သည်။

ဦးလေး အက်ဒ်၏ နောက်ဆုံး နေ့ဝင်ချိန်များအရောက်တွင် သူက ပန်းကန်လုံးများ စုဆောင်းသူကို လူလွှတ်ခေါ်ခိုင်းသည်။ ပြီးတော့ သူ့ပန်းကန်လုံးကလေးကို ပေးအပ်လိုက်၏။

“ခုလို နှစ်ပေါင်းများစွာကြာအောင် ဈေးကိုင်ပြီး ဒီခွက်ကလေးကို ထိန်းထားခဲ့မိတဲ့အတွက် ငါ့ကိုယ်ငါ မုန်းတီးစက်ဆုပ်မိတယ်ကွ။ ငါဟာ ငါ့ကိုယ်ငါရော၊ မောင်ရင့်ကိုပါ လိမ်ညာနေမိပါကလားဆိုတာ ခုမှ သဘောပေါက်လာတယ်ကွယ်”

ဤဖြစ်ရပ်က ငွေကြေးတွေ ရုပ်ဝတ္ထုတွေနှင့်ပတ်သက်ပြီး အမြော်အမြင်ကြီးစွာ ရှုမြင်သုံးသပ်သွားသည့် အက်ဆယ်လ်မန်သီ၏ သုံးသပ်ချက်ကို သတိရမိစေ၏။

“သင် တစ်ကိုယ်တည်း ထိန်းသိမ်းထားသည့်အရာကို သင်ဆုံးရှုံးရပြီး သင် စွန့်လွှတ်ပေးအပ်ပစ်သည့် အရာကို သင် ထာဝရ ထိန်းသိမ်းထားရာရောက်၏”

• • •



ပိုလျှံပစ္စည်းများ မျှဝေသုံးစွဲခြင်းနှင့်ပတ်သက်၍ ကျွန်တော် ကြုံဖူးသမျှထဲတွင် စံထားစရာအကောင်းဆုံး ဥပမာ တစ်ခုရှိပါသည်။

တစ်နေ့တွင် နယူးယောက်လမ်းမကြီး တစ်လမ်းပေါ်တွင် နာမည်ကြီး စာရေးဆရာတစ်ဦးနှင့်ဆုံမိသည်။ သို့ဖြင့် ကျွန်တော်က မေးကြည့်သည်။

“ခု ဘာတွေ ရေးနေလဲဗျ”

“ကျွန်တော့်အစ်မ အပျိုကြီးအတွက် စာတစ်အုပ်ရေးနေတယ်။ ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်စားဝတ်နေရေးအတွက် ဉာဏ်ပူဇော်ခငွေ ခိုင်နှုန်းတွေ လုံလုံလောက်လောက် ရနေပါတယ်။ ဒီတော့ ခုရေးနေတဲ့ စာအုပ်ပေါ်ကရတဲ့ ခိုင်နှုန်းကို နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ကျွန်တော့်အစ်မကို ပေးဖို့ လျာထားတယ်လေ။ ဒါပေမဲ့ လောလောဆယ် သူ့ကိုတော့ မပြောရသေးဘူး။ အစ်မကြီး အံ့အားတသင့် ဖြစ်သွားစေမယ့် စာအုပ်ကို ရေးနေရတာ ကျွန်တော်ဖြင့် ကြည်နူးလို့မဆုံးဘူး”

• • •

စာအုပ်တွေအကြောင်းပြောတော့ ငွေကုန်ကြေးကျမရှိသည့် ပေးအပ်နည်းများထဲမှ ခြွင်းချက်ကလေးတစ်ခုကို ပြောရဦးမည်။ ၎င်းခြွင်းချက်မှာ ကျွန်တော့်မိတ်ဆွေများထံသို့ မကြာမကြာဆိုသလို စာအုပ်များပို့ပေးခြင်း။ ဤသို့ ပို့ပေးခြင်းသည် မိမိကိုယ်မိမိ ပေးအပ်ခြင်းဆိုသည့် ကျွန်တော့်ခံယူချက်ကို ချိုးဖောက်ရာမရောက်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်နိုးနိုး သိမ်းဆည်းထားသည့် စာအုပ်များသည် တကယ်တော့ ကျွန်တော့်ကိုယ် တစ်စိတ်တစ်ပိုင်း ဖြစ်နေသောကြောင့်ပါ။

ကျွန်တော်က အခြားသူ တစ်ဦးတစ်ယောက် ထံမှ စာတစ်အုပ်ကို ဘယ်တော့မှ မငှားချင်။ ဘာကြောင့်ဆို ထိုစာအုပ်သည် ကျွန်တော့်အတွက် အသုံးတည့်နေပြီဆိုလျှင် ထိုစာအုပ်ကို အချိန်မရွေး ပြန်ကြည့်လို့ရအောင် ကျွန်တော့်အနီးအနားမှာပဲ ထားလိုသောကြောင့် ဖြစ်၏။ နောက်ပြီး စာတစ်အုပ်ကို ဖတ်ပြီး စိတ်ဓာတ်အားမာန် တက်ကြွရသည်ဆိုလျှင် ထိုစာအုပ်ကို ကျွန်တော် သိမ်းဆည်းထားချင်သည်။ ကျွန်တော့်စိတ်ဓာတ်တွေ ပြန်လည် နိုးကြားတက်ကြွလာရေးအတွက် လိုအပ်လျှင် ထိုစာအုပ်ကို ပြန်ဖတ်ဖို့။

အခြားသူများတွင်လည်း ထိုခံစားချက်မျိုးရှိမည်ဆိုတာ ကျွန်တော်သိနေသည်။ ထို့ကြောင့် ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းများကို ကျွန်တော့်စာအုပ်များ မငှားချင်။ သူတို့သိမ်းထားဖို့ စာအုပ်များကို ကျွန်တော် အမြဲလို ပေးပစ်လေ့ရှိသည်။

တစ်ခါတစ်ခါဆို သူစိမ်း ဟုဆိုရလောက်သူများထံသို့ပင် ကျွန်တော် စာအုပ်တွေ ပို့ပေး၏။ ကျွန်တော်၏ 'တွေ့ရှိချက်' တချို့ကို သူတို့ စိတ်ဝင်စားလိမ့်မည်ဆိုတာ ကျွန်တော် သေချာပေါက် သိနေသည်လေ။ ဤနည်းဤပုံဖြင့် ပျော်ရွှင်ဝမ်းမြောက်ဖွယ် ကောင်းသော ခင်မင်ရင်းနှီးမှုများ သန္ဓေတည်ခဲ့ပါသည်။

● ● ●



ကျွန်တော်တို့ အများစုတွင် မျှဝေအသုံးပြုလို့ရသည့် ပိုလျှံပစ္စည်းများ တစ်မျိုးမဟုတ်တစ်မျိုး ရှိနေစမြဲပါ။ နောက်ဆုံးတော့ နော်မာ အက်စ် ရိုးလ် ရေးခဲ့သည့် စကားကိုပင် ပြန်ပြောရပါတော့မည်။

"ကျွန်မတို့ဆီမှာရှိတဲ့ အရာအားလုံးဟာ တကယ်တော့ ကျွန်မတို့ကို ခေတ္တ ချေးငှားထားတဲ့ အရာတွေပါပဲ။ ကျွန်မတို့ ခွဲခွာသွားတဲ့အခါ ကျွန်မတို့ ဘာကိုမှ ယူသွားလို့ မရဘူးလေ။ တကယ်လို့ အရာဝတ္ထုတစ်ခုဟာ ကျွန်မတို့အတွက် အသုံးမဝင်ဘူးဆိုရင် အသုံးတည့်သူတစ်ယောက်ယောက်ဆီကို ချက်ချင်းလက်ငင်း လက်ဆင့်ကမ်းပေးလိုက်သင့်တယ်"

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

# ယဉ်ကျေးသိမ်မွေ့စွာ လက်ခံယူခြင်း အနုပညာ

ရီးဒါးစ်ဒိုင်ဂျက် မဂ္ဂဇင်း မမေ့တဲ့နိုင် ကဏ္ဍတွင် အက် ဒဝပ် ရှယ်လ်ဒန်အကြောင်း ဖော်ပြရာ၌ အင်နီ မော်ရီး လင်းဘာ့ဂ်က ရေးသားထားသည်မှာ "သူက လက်ဆောင်မွန်ကို ဘယ်လို လက်ခံရယူရမည်ဆိုတာ သိသည်။ သူလက်ခံယူပုံမှာ ယဉ်ကျေး သိမ်မွေ့လွန်းသည့်အတွက် သူလက်ခံယူပုံကြောင့် လက်ဆောင် မွန်၏ တန်ဖိုးသည် မြင့်တက်သွားသည်။ သူ့ထံသို့ အရာဝတ္ထု တွေ ယူလာပေးရသည်မှာ ကြံ့တောင့်ကြံ့ခဲ ကြံ့ရသည့် ကြည်နူးမှု ဖြစ်၏။ သူ၏ နွေးထွေးလှိုက်လှဲသော ကြိုဆိုမှုကြောင့် သူ့ထံ ယူလာသည့် အရာဝတ္ထုများသည် အတိုင်းထက်အလွန် ပိုမိုလှပ သွားလေသည်" ဟူ၏။

အောင်မြင်သော စွန့်လွှတ်ပေးအပ်သူတစ်ဦး ဖြစ်ရော ရေးသည့် အမှန်တကယ် လိုအပ်၏။ ထိုနည်းတူ အမှန်တကယ်

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်မှာ ယဉ်ကျေးသိမ်မွေ့စွာနှင့် စိတ်ရောကိုယ်ပါ လက်ခံယူသည့် အနုပညာကို လေ့လာတတ်ကျွမ်းဖို့ ဖြစ်၏။

"လက်ဆောင်တစ်ခုကို ကြော့ကြော့မော့မော့ စိတ်နေစိတ်ထားမှန်မှန်ဖြင့် လက်ခံယူတတ်ခြင်းသည် ကိုယ့်မှာ ပြန်လည်ပေးအပ်စရာ လက်ဆောင်မရှိသည့်ကိုင် လက်ဆောင်တစ်ခု ပြန်လည်ပေးအပ်ရာရောက်၏" ဟု လေးဟန့်က လွန်ခဲ့သည့် ရာစုနှစ်တစ်စုလောက်တုန်းက ရေးသားခဲ့၏။

ပေးအပ်ခြင်းကြောင့် သင့်ရင်ထဲမှာ ပျော်ရွှင်ကြည်နူးရသည်ဆိုလျှင် အခြားသူများလည်း သင့်လိုပင် ခံစားရပါလိမ့်မည်။ သင့်အနေဖြင့် တစ်ချက်စဉ်းစားရမည်မှာ သင်ပေးအပ်သည့်လက်ဆောင်ကို တစ်ဖက်က ခါးခါးသီးသီး ငြင်းဆန်လိုက်လျှင်၊ သို့မဟုတ် မယုံသင်္ကာစွာကြည့်လျှင် သို့မဟုတ် လက်ခံယူဖို့ လက်နှေးနေလျှင် သင့်ရင်ထဲ ဘယ်လိုခံစားရသလဲဆိုတာ ဖြစ်၏။ နောက်ပြီး အခြားသူများက သင့်အပေါ် သိတတ်စွာ ထောက်ထားစွာ သဘောထားခြင်းကို ယဉ်ကျေးသိမ်မွေ့စွာ အသိအမှတ်ပြုတတ်ဖို့နှင့် သွက်သွက်လက်လက် လက်ခံယူဖို့ ဘယ်လောက်အရေးကြီးကြောင်း သိမြင်သဘောပေါက်နေရေး ဖြစ်၏။

ပေးအပ်ခြင်းအပြုအမူက သေးငယ်သော မီးတောက်ကလေးတစ်ခုဖြစ်ပေါ်လာအောင် မီးမွှေးပေး၏။ လက်ခံယူသူက လျင်မြန်သွက်လက်စွာ တုံ့ပြန်လက်ခံလျှင်မူ မီးတောက်ကြီးတစ်ခု ဖြစ်ပေါ်စေတော့၏။ ၎င်းမီးတောက်ကြီးသည် နှလုံးသားနှစ်ခုထဲတွင် တောက်လောင်နေပေတော့မည်။ သေးငယ်သော



မီးတောက်ကလေး ငြိမ်းသွားခွင့်ပြုလိုက်သည်ဆိုလျှင်တော့ နှစ်ဦးနှစ်ဖက်စလုံး၏ နှလုံးသားတွင် မီးတောက်ကြီး တောက်ခွင့်ရတော့မည် မဟုတ်ချေ။

ရိုးသားစစ်မှန်ပြီး စိတ်ပါလက်ပါ ပြောသော ချီးမွမ်းစကားများသည် ကမ္ဘာပေါ်ရှိ အကောင်းဆုံး လက်ဆောင်တွေထဲတွင် တစ်မျိုးအပါအဝင် ဖြစ်ပါသည်။ ထိုသို့ပြောသော စကားမျိုးကို ကြားရဖို့ ကျွန်တော်တို့အားလုံးနီးပါးက အလိုချင် အတပ်မက်ဆုံး ဖြစ်၏။ ထိုသို့သော စကားမျိုးပြောလာလျှင် ကျွန်တော်တို့အားလုံးနီးပါးက ကျေးဇူးအတင်ဆုံး ဝမ်းအမြောက်ဆုံး ခံစားကြရ၏။

သို့ဖြစ်သည့်တိုင် ချီးမွမ်းစကားတစ်ခွန်းကို ယဉ်ကျေးသိမ်မွေ့စွာ လက်ခံယူဖို့ကို လေ့လာသင်ယူသူ ဘယ်လောက်နည်းပါးလိုက်ပါသလဲ။ ထိုသို့ လေ့လာသင်ယူမည့်အစား ကျွန်တော်တို့နှင့် မသက်ဆိုင်ကြောင်း လိမ္မာပါးနပ်မှု ကင်းစွာ ငြင်းပယ်သည်ကို မကြာမကြာ တွေ့ရ၏။ ထိုသို့ အချိုးမပြေပြမှုခြင်းသည် နှစ်ဦးနှစ်ဖက်စလုံး၏ ပျော်ရွှင်ကြည်နူးမှုကို ချေဖျက်ပစ်ရာရောက်ပါသည်။

ကျွန်တော် သိကျွမ်းသည့် လူပေါင်းမြောက်မြားစွာထဲတွင် အိမ်ထောင်ရှင် ကျွန်တော့်တူမကလေးတစ်ဦးကတော့ ချီးမွမ်းစကားများကို ခံယူရာ၌ အထူးချွန် အပြောင်မြောက်ဆုံး ဖြစ်ကြောင်း တွေ့ရ၏။ သူမအား ချီးမွမ်းပြောဆိုကြသည်မှာ သူမ၏ လှပချောမောမှုအကြောင်း၊ သူမ၏ ထူးခြားစွမ်းရည်များ အကြောင်း၊ သူမ၏ အဝတ်အစားများအကြောင်း၊ သူမ၏

www.burmeseclassic.com

www.burmeseclassic.com



ကလေးများနှင့် သူမ၏ ရိပ်မြုံအကြောင်း ... စုံတကာစေ့နေသည်။ ထိုသို့ ပြောဆိုချီးမွမ်းလာပြီဆိုလျှင် သူမက မိမိကိုယ်မိမိ အားရကျေနပ်သည့် သွင်ပြင်လက္ခဏာ အနည်းဆုံးဖြင့် လက်ခံယူလေ့ရှိသည်။ သူမအား ချီးကျူးစကား ပြောရခြင်းသည် ဘယ်တော့မဆို ကြည်နူးဝမ်းမြောက်စရာ အတွေ့အကြုံတစ်ရပ် ဖြစ်နေလေသည်။

သူမ ကျင့်သုံးသည့်နည်းထူးကို လေ့လာကြည့်တော့လည်း တော်တော်ကြီး ရိုးရိုးစင်းစင်း ဖြစ်နေသည်ကို တွေ့ရ၏။

ပထမဦးစွာ ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဖော်ပြသည့် သွက်လက်သော အပြုံး။ ထို့နောက် အပြုံးကဲ့သို့ပင် လျင်မြန်သွက်လက်သည့် "ကျေးဇူးတင်ပါတယ်" ဆိုသောစကား။ ထိုစကား၏ နောက်တွင်မှ သူမအပေါ် မီးမောင်းထိုးထားမှုများကို ဖယ်ရှားသည့် စကားစုကလေးများ လိုက်လာသည်။ ဥပမာ "ဟုတ်ကဲ့၊ ဒီအကျီကလေးက လှတယ်နော်၊ ကျွန်မဝတ်ဖို့ဆိုပြီး မေမေ ပို့ပေးလိုက်တာလေ" ဆိုသောစကားမျိုး။ သို့မဟုတ် "ဒီအခန်း အပြင်အဆင်ကို ပြန်ပြီးစီစဉ်ဖို့ စိတ်ကူးရလာတာ ဆရာ ... ရေးထားတဲ့ အိမ်တွင်းအလှဆင် စာအုပ်သစ်ကို ဖတ်လိုက် ရလို့ပေါ့" ဟူသောစကားမျိုး။

ချီးမွမ်းစကားများကို လိုချင်မက်မောကြောင်း သူမက ဝန်ခံစကားပြောသော်လည်း ထိုသို့ပြောလာသော စကားများကို ဘယ်တော့မျှ သူမ တစ်ဦးတည်း မောင်ပိုင်စီးထားလေ့မရှိကြောင်း သိရသည်။ ချီးမွမ်းစကားများကို ခဏတစ်ဖြုတ်မျှသာ ခံယူပြီး



နောက် အခြားသူများထံသို့ လက်ဆင့်ကမ်းပေးလိုက်သည် ဆို၏။ ဤကား သူမ၏ လျှို့ဝှက်ချက်ပါတည်း။

ကျွန်တော်တို့တစ်တွေ ချီးမွမ်းစကားများပြောသည် ဖြစ်စေ၊ ပိုလ့်ပစ္စည်းများ မျှဝေပေးသည်ဖြစ်စေ ကျွန်တော်တို့၏ လက်ဆောင်များကို ယဉ်ကျေးသိမ်မွေ့စွာ လက်ခံယူစေလိုကြသည်မှာ ဓမ္မတာ။ သို့သော် အတ္တကြီးစွာ လက်ခံရယူခြင်းမျိုးကိုတော့ မနှစ်မြို့ကြပါ။

ကျွန်တော့်တူမချောကတော့ ပုံစံတစ်ခု ဖော်ဆောင်ထားသည်။ သည်ကလေးမက ချီးမွမ်းစကားများကို ခံယူရာ၌ ယဉ်ယဉ်ကျေးကျေး ကြော့ကြော့မော့မော့ရှိသလို ချီးကျူးစကားများ ပြောရာ၌လည်း စိတ်ပါလက်ပါ ရှိသည်။ ရက်ရက်ရောရော ရှိသည်။

သို့သော် ဆန်ပေးမှဆေးရ ဆိုသည့်မူကို ကိုင်ဆွဲပြီး ချီးကျူးစကား ပြောလာသူကို ချက်ချင်းလက်ငင်း ချီးကျူးစကား တုံ့ပြန်ပြောသည့် အမှားမျိုးကိုတော့ သူမ မကျူးလွန်။ သူမက ကုန်ပစ္စည်းချင်း အလဲအလှယ်လုပ်ရာ မရောက်သည့်အချိန်မျိုးကို စောင့်၏။ နောင်တစ်ချိန်တွင် ပေါ်လာမည့် အခွင့်အလမ်းကို စောင့်ပြီး ပြောတတ်သည်။ သူမက ချီးမွမ်းစကားစာရင်းကို ဟန်ချက်ညီနေအောင် ညှိထားရမည် ဆိုတာကို ယုံကြည်သည်။

ပေးအပ်ခြင်းကဲ့သို့ပင် လက်ခံယူခြင်းကိုလည်း လတ်ဆတ်နေအောင် ထိန်းထားရပါမည်။ တစ်ဦးတစ်ယောက်က ပေးအပ်သည့်လက်ဆောင်ကို အလေးမမူ ဂရုမစိုက်လျှင် ပေးအပ်သူ၏ ကြည်နူးမှုကို ချေဖျက်ပစ်ရာ ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ရသည့် လက်ဆောင်မျိုး ယခင်ကလည်း အခြားတစ်ဦးတစ်ယောက်က ပေးခဲ့ဖူးသည့်အတွက် ယခုတစ်ကြိမ်ရသောအခါ ကျေးဇူးစကားဆိုနေဖို့ မလိုတော့ဟု ယူမှတ်ထားလို့မရပါ။ လက်ဆောင်ပေးလျှင် ကျေးဇူးတင်မည်မှာ လူတိုင်းအသိ ဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတင်စကား တကူးတကပြောနေဖို့မလိုဟု စွဲမှတ်မထားသင့်ပါ။ ကျွန်တော်တို့ မိသားစုဝင်များက ကျွန်တော်တို့အတွက် တစ်စုံတစ်ရာ ဆောင်ရွက်ပေးလျှင် ဘယ်နှကြိမ်ပင် ထပ်နေသည်ဖြစ်စေ ကျေးဇူးတင်စကားဆို အသိအမှတ်ပြုသင့်သည်ဟု ကျွန်တော် ယူဆသည်။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ပေးအပ်ခြင်းအမှုပြုကြောင်း အသိအမှတ်ပြုကျေးဇူးတင်စကားပြောသံကို ကျွန်တော်တို့အားလုံးကြားလိုကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။

• • •

ပေးအပ်ခြင်း၊ လက်ခံယူခြင်းနှင့် ပတ်သက်လာလျှင် လက်ဆောင်သည် ဘယ်လောက်ပဲ ရိုးစင်းနေသည်ဖြစ်စေ၊ သို့မဟုတ် လက်ဆောင်ရလိမ့်မည်ဟု ဘယ်လောက်ပဲ ကြိုတွက်ထားသည်ဖြစ်စေ မှတ်မှတ်ရရ ခမ်းခမ်းနားနားကလေး ပေးအပ်ခြင်းသည် ဘယ်တော့မျှ မမှားပါ။

ကျွန်တော်နှင့် သိကျွမ်းသည့် သက်ကြီးရွယ်အို လူကြီးတစ်ယောက်သည် နွေရာသီရောက်ပြီဆိုလျှင် နံနက်ခင်းတိုင်း ပန်းခြံသို့သွားသည်။ နံနက်ခင်းတွင် ငွားငွားစွင့်စွင့် ပွင့်နေသည့် ပန်းတစ်ပွင့်၊ ဘာပန်းရယ်လို့ ရွေးမနေဘဲ ခူးသည်။ ပြီးတော့



အိမ်သို့ ပြန်ပြီး ဒုက္ခိတလူမမာဇနီးဖြစ်သူကို ပေးသည်။ သူထိုသို့ ပန်းလက်ဆောင် ပေးအပ်ချိန်တွင် ဇနီးသည်မျက်နှာပေါ်ဖူးပွင့်လာသည့် အပြုံးနှင့် ဝမ်းသာကြည်နူးစွာ ရေရွတ်လိုက်သောအသံတို့သည် အူလှိုက်သည်းလှိုက် ရှိလွန်းလှသည်။ အဘွားကြီး၏သွင်ပြင် ဘယ်လောက်ထိ အူလှိုက်သည်း လှိုက်ရှိသလဲဆိုသူတို့နှစ်ယောက်ကို အပြင်လူတစ်ဦးက တွေ့မြင်သွားလျှင် အဘိုးကြီးက အဘွားကြီးကို ပထမဦးဆုံးအကြိမ် တယုတယ ပန်းလက်ဆောင်ပေးခြင်းဖြစ်မည်ဟု ထင်မှာသေချာပေါက်ဖြစ်၏။

• • •

ယဉ်ကျေးသိမ်မွေ့စွာ လက်ခံယူခြင်း အနုပညာတွင် 'ဒုတိယအကြိမ် ကျေးဇူးတင်စကားပြောခြင်း' သည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြောင်း လွန်ခဲ့သည့်နှစ်တော်တော်ကြာတုန်းက ကျွန်တော် လေ့လာသိရှိခဲ့ရ၏။

ဆိုပါစို့။ လူတစ်ယောက်က ကျွန်တော့်ထံ စာအုပ်တစ်အုပ် ပို့ပေးလိုက်သည်။ ထိုစာအုပ်ကို ကျွန်တော်လောလောဆယ် မဖတ်နိုင်သေး။ သို့သော် စာအုပ်ပို့ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း စာတစ်စောင်ရေးပြီး ပြန်ပို့လိုက်သည်။ နောင်တစ်ချိန် လပေါင်းများစွာ ကြာချင်လည်းကြာမည်၊ စာအုပ်ကို ဖတ်ပြီးချိန်တွင်တော့ ကျွန်တော် ဒုတိယစာတိုကလေးတစ်စောင်ထပ်ရေးသည်။ စာအုပ်ကိုဖတ်ပြီး အားရကျေနပ် ဖြစ်ရကြောင်း၊ ယခုတစ်ကြိမ်တော့ တိကျရေရာစွာ ထောက်ပြရေးသားသည်။

www.burmeseclassic.com

www.burmeseclassic.com



များမကြာသေးမီက ကျွန်တော်ကိုယ်တိုင် ဒုတိယအကြိမ်ကျေးဇူးတင်စကား အပြောခံရသူ ဖြစ်ခဲ့၏။

လွန်ခဲ့သည့် လေးနှစ်တာကာလတုန်းက ကျွန်တော့်တူတော်မောင်တစ်ယောက်အား မွေးနေ့လက်ဆောင်အဖြစ် သတ္တုဗေဒနှင့် ပတ်သက်သည့် လက်စွဲစာအုပ်တစ်အုပ် ပေးခဲ့၏။ သူကလည်း ထိုစဉ်ကပင် မွေးနေ့လက်ဆောင်အတွက် ကျေးဇူးတင်ကြောင်း စာတစ်စောင် ရေးပို့ခဲ့သည်။

မကြာသေးမီကတော့ တူတော်မောင်ထံမှ စာတစ်စောင်ရသည်။ စာထဲတွင် သူ အလုပ်အကိုင် ပြောင်းထားပြီဖြစ်ကြောင်း၊ အလုပ်အကိုင်အသစ်တွင် ကျွန်တော်ပေးခဲ့သည့် လက်စွဲစာအုပ်ကလေးကို နေ့စဉ် အကိုးအကားပြုဖို့ အကြောင်းကြုံနေကြောင်း ရေးထားသည်။ ကျွန်တော် ပေးသည့် စာအုပ်က သူ့အတွက် ဘယ်လောက် အသုံးဝင်နေကြောင်း သိစေလိုသဖြင့် ယခုလို စာရေးလိုက်ရခြင်း ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

သူ့စာကို ဖတ်ရပြီး ကျွန်တော် ကြည်နူးဝမ်းသာပီတိဖြာလွှန်းသည့်အတွက် ယခုအခါ ကျေးဇူးသိတတ်သော တူတော်မောင်ထံ ပို့ပေးလို့ရမည့် စာအုပ်များကို ရောက်လေရာတိုင်းတွင် သတိထားရှာဖွေနေမိပါတော့သည်။

• • •

'ဒုတိယအကြိမ် ကျေးဇူးတင်စကားပြောခြင်း' သည် စာအုပ်လက်ဆောင်များနှင့်သာ သက်ဆိုင်သည် မဟုတ်ပါ။ ဤကျင့်ဝတ်သည် ပေးအပ်ခြင်းနှင့်ရော လက်ခံယူခြင်းနှင့်ပါ



ဆိုင်လောက်အောင် ကျယ်ပြန့်ပါသည်။ သည်နေရာတွင် နောက်တစ်ကြိမ် ထပ်ပြောပါရစေဦး။ စိတ်ထဲ ဖျိုးခနဲ ဖျပ်ခနဲ ပေါ်လာသည့် စေ့ဆော်မှုအတိုင်း ဆောင်ရွက်ခြင်းသည် သင့်ဘဝကို များစွာများစွာ ပိုပြီး စိတ်ဝင်စားစရာ ကောင်းစေပါလိမ့်မည် ဟူ၍။

လွန်ခဲ့သည့် နှစ်နှစ်တုန်းက ကျွန်တော့်မိတ်ဆွေတစ်ဦးက လှလှပပ တီထွင်ထားသည့် အလူမီနီယံ သံပရာရည် ညှစ်စက်တစ်လုံး ပို့ပေးခဲ့၏။ လွန်ခဲ့သည့် နွေကာလ ညနေခင်းတစ်ခုမှာတော့ ကျွန်တော့်မိသားစုတွေ အဝေးတစ်နေရာသို့ ရောက်နေခိုက် ကျွန်တော်တစ်ယောက်တည်း အအေးဖျော်သောက်သည်။ လေသာဆောင်တွင် တစ်ကိုယ်တည်း သံပရာရည်ကို တစိမ့်စိမ့်သောက်ရင်း သံပရာရည်ညှစ်စက်ကလေး လက်ဆောင်ပေးဖော်ရသည့် မိတ်ဆွေကို ကျေးဇူးတင်စိတ်တွေ တဖွားဖွားပေါ်လာသည်။

"အင်းလေ၊ ကျေးဇူးတင်ကြောင်း ဘာဖြစ်လို့ သူ့ကို မပြောဘဲ နေရမလဲ" ဟု ကျွန်တော့်ကိုယ်ကျွန်တော် မေးသည်။ တယ်လီဖုန်းရှိရာသို့သွားပြီး သူ့ထံဆက်သည်။

"ခင်ဗျား ကျွန်တော့်ကိုပေးခဲ့တဲ့ သံပရာရည်ညှစ်စက်ကို ခုကလေးပဲ အသုံးချပြီး အအေးဖျော်သောက်လိုက်တယ်ဗျ။ အဲဒီတော့ ... ခင်ဗျားပေးတဲ့ စက်ကလေးကိုသုံးပြီး ကျွန်တော် ဘယ်လောက်ထိ ဘဝင်ခွေ့နေကြောင်း ခင်ဗျားကို ပြောပြဦးမှလို့ စဉ်းစားမိတာနဲ့ ဖုန်းဆက်လိုက်တာဗျ။ ဟုတ်တယ်၊ ကျွန်တော့်မိသားစု အဝေးရောက်နေတယ်။ ဟော ခင်ဗျားမိသားစုလည်း အဝေးမှာပဲလား။ ဒါဆို ကျွန်တော့်ဆီလာခဲ့ဦးလေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



နောက် ဆယ်မိနစ်အကြာတွင် ပွဲပြန် ရောက်လာသည်။ အထီးကျန်စွာ အစပြုခဲ့သည့် ညနေခင်းသည် ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် ရေရေလည်လည် ပျော်စရာကောင်းသည့် ညချမ်းဖြစ်သွားပါတော့သည်။

သည်တော့ ...

သင့်အား အခြားသူများက ပေးထားသည့် လက်ဆောင်မွန်ကလေးတွေ သို့မဟုတ် ပြုလုပ်ပေးထားသည့် လုပ်ဆောင်ချက်ကလေးတွေကို ပြန်စဉ်းစားကြည့်ပါ။ ထိုသို့သော အပြုအမူအတွက် ကျေးဇူးတင်ကြောင်း သင်က တစ်ကြိမ် ပြောဆိုခဲ့ပြီး ဖြစ်ပါလိမ့်မည်။ ထိုအထဲက တချို့လက်ဆောင်မွန်များသည် သင့်ရင်ကို ကြည်နူးမှုပေးနေဆဲ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သင်သည် 'ဒုတိယအကြိမ် ကျေးဇူးတင်စကား ပြောလေ့ရှိသူ' တစ်ဦး မဟုတ်သေးလျှင် ဘာကြောင့် ပေးအပ်သူများကို နောက်တစ်ကြိမ် ကျေးဇူးစကား မဆိုရမည်လဲ။ သင့်ကြည်နူးကျေနပ်မှုကို ဘာကြောင့် နောက်တစ်ကြိမ် ထပ်မပြောရမည်လဲ။

သင် ထိုသို့ ပြောလာခြင်းကို သူတို့ သဘောကျဝမ်းသာကြမှာပါ။ တစ်ချိန်တည်းတွင် သင့်စိတ်ဓာတ်တွေလည်း ထပ်မံ လတ်ဆတ်ရွှင်လန်းလာပါလိမ့်မည်။

## ၂၅
## ဩဇာလွှမ်းမိုးမှု ရင်းနှီးမြှုပ်နှံခြင်း

လွန်ခဲ့သည့်နှစ်အတန်ကြာက ဘရွတ်ကလင်းမြို့နယ်ရှိ ပလိုင်းမောက်ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ သင်းအုပ်ဆရာဖြစ်သူ နီဝဲလ် ဒွိုက် ဟီးလစ်သည် *ဩဇာလွှမ်းမိုးမှု ရင်းနှီးမြှုပ်နှံခြင်း* ခေါင်းစဉ်ဖြင့် စာတစ်အုပ် ရေးသားပြုစုခဲ့၏။ စာအုပ်အရောင်းဆိုင်များတွင် ထိုစာအုပ် ကုန်နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သို့ပေမဲ့ ထိုစာအုပ်သည် ကျွန်တော့်ရင်ထဲတွင် ယနေ့ထက် တိုင်စွဲထင်နေဆဲ။ စာအုပ်၏ အဓိကဆိုလိုရင်းမှာ ကျွန်တော်တို့ တစ်ဦးတစ်ယောက်တိုင်းသည် ကျွန်တော်တို့ထင်နေသည်ထက် ပို၍ချမ်းသာပြီး ပို၍ဩဇာတိက္ကမရှိသည် ဟူ၏။

ကျွန်တော်တို့ တစ်ဦးချင်းစီ၏ စိတ်အခြေအနေသည် ဘယ်လောက်အောက်တန်းကျပြီး၊ ဘယ်လောက်အညတရ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဖြစ်စေ အနိမ့်ဆုံးအားဖြင့် မိတ်ဆွေအပေါင်းအသင်းနှင့် အသိအကျွမ်းများ ပါဝင်သည့် အသိုင်းအဝိုင်းကျဉ်းကျဉ်းကလေး တစ်ခုတော့ ရှိကြသည်။ ၎င်းအသိုင်းအဝိုင်းထဲမှ လူများသည် ကျွန်တော်တို့၏ စိတ်ကူးများ၊ ကျွန်တော်တို့၏ နမူနာ၊ ကျွန်တော်တို့၏ အကျင့်စရိုက်များ၏ ဩဇာလွှမ်းမှုကို သိမှတ်စွာဖြစ်စေ၊ သိမှတ်မှုမပါဘဲဖြစ်စေ ခံကြရသည်။ သူတို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရာ၌ ကျွန်တော်တို့ သိမြင်သည်ဖြစ်စေ၊ မသိမြင်ဘဲဖြစ်စေ ကျွန်တော်တို့က သူတို့အား ကိုယ့်ကိုယ်ကိုယ် ပေးအပ်နေကြပါသည်။

ကျွန်တော်တို့ဘက်က အချိန်နှင့် အားထုတ်မှု မဖြစ်စလောက်ကလေးသာ ပေးအပ်ရသည့် အပြုအမူကလေးတစ်ခုက ဤအုပ်စုထဲမှ လူတစ်ဦးအတွက် အတိုင်းထက်အလွန် ပျော်ရွှင်သည့် နေ့တစ်နေ့ကို ဖြစ်ပေါ်စေနိုင်၏။ မိတ်ဆွေတစ်ဦး သို့မဟုတ် အိမ်နီးနားချင်းတစ်ဦးကို စိတ်ရှည်သည်းခံခြင်းအားဖြင့်လည်းကောင်း၊ သစ္စာရှိစွာ ပူပေါင်းခြင်းအားဖြင့်လည်းကောင်း၊ မရည်ရွယ်ဘဲ သင့်ကိုယ်သင် ပေးအပ်ခြင်းအမူ ပြုကောင်းပြုမိလိမ့်မည်။ သင်က တမင်တကာဖန်တီးခြင်း မဟုတ်သော်လည်း သင်၏ ပြုမူချက်က ၎င်းကာယကံရှင်အား အကျပ်အတည်းတစ်ခုမှ လွတ်မြောက်ကောင်းလွတ်မြောက်သွားစေပါလိမ့်မည်။ သင့်မြတ်မှန်ကန်သော အချိန်တွင် ကျွန်တော်တို့ ပြောလိုက်သည့် အားပေးစကားကလေးတစ်ခွန်းက ကျွန်တော်တို့ သတိမထားမိသော်လည်း ကျွန်တော်တို့အား အတိုင်းအတာတစ်ခုထိ မော်



ကြည့်နေသူတစ်ဦးတစ်ယောက်၏ ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်ပါသည်။

ထိုနောက်မှာတော့ ကျွန်တော်တို့၏ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များ 'ထူထောင်ရေး' ကိစ္စပေါ်လာ၏။

လွန်ခဲ့သည့်နှစ်တော်တော်ကြာကြာတုန်းက အဲလိဟုရ ရေးသားခဲ့သည်မှာ

"ကျွန်ုပ် လေ့လာတွေ့ရှိရသလောက် ပြောရလျှင် ဤကမ္ဘာကြီးပေါ်တွင် အောင်မြင်ဖြစ်ထွန်းစွာ နေထိုင်နိုင်ဖို့ လူတွေကိုင်စွဲကျင့်သုံးသည့် သဘောတရားနှစ်မျိုး ရှိသည်။ ၎င်းသဘောတရားနှစ်မျိုးသည် တစ်မျိုးနှင့်တစ်မျိုး လုံးလုံးလျားလျား မတူခြားနားကြောင်း တွေ့ရ၏။

၁။ သဘောတရားတစ်မျိုးက လူတစ်ယောက် သူ့ပတ်ဝန်းကျင်ရှိ လူတိုင်း၏ ခေါင်းကိုနင်းပြီး အမြင့်သို့တက်နိုင်ရန် တွေ့ သမျှလူတိုင်းကို အောက်သို့ဆွဲချဖို့ ကြိုးစားစေ၏။

၂။ အခြားသဘောတရား တစ်မျိုးကတော့ လူတစ်ဦး အမြင့် တစ်နေရာသို့ အခြားသူများနှင့် တူညီလက်တွဲ တက်လှမ်းနိုင်ရန် သူ့ဝန်းကျင်ရှိ တွေ့သမျှ လူတိုင်းကို ကူညီဖေးမစေ၏။

မိမိဝန်းကျင်ရှိ လူတွေ နိမ့်ပါးသွားအောင် ဆွဲချရေးအတွက် မိမိ၏ ဩဇာအရှိန်အဝါကို အသုံးပြုဖို့ အလွန်လွယ်ကူပါသည်။ သူတို့တစ်တွေ၏ ပေါက်မြောက်အောင်မြင်မှုများကို သေးသိမ်အောင် ကြံဆောင်လို့ရ၏။ သူတို့တစ်တွေ၏ ပျော့ညံ့ချက်များကို ထောက်ပြလို့ရ၏။ (သူတို့၏ ပျော့ညံ့ချက်မျိုးတွေ ကျွန်တော်တို့ထဲက ဘယ်သူ့မှာရောမရှိဘဲ နေပါမည်လဲ။)

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သူတို့၏ ဂုဏ်သိက္ခာတွေ လျော့ပါးပျက်စီးအောင် အတင်းအဖျင်းတွေ ပြောလို့ရ၏။ ထိုသို့ပြုလုပ်ဖို့ အားထုတ်သောအခါ ကျွန်တော်တို့ မိမိကိုယ်မိမိလည်း သေးသိမ်အောင် ပြုလုပ်နေမိတော့၏။ ထိုအခါ မိမိသိက္ခာချလို့ မရလောက်အောင် ကြီးမြင့်သူများ၏ ယုံကြည်လေးစားမှုကို မိမိလက်လွှတ်ဆုံးရှုံးရတော့၏။

သို့ဖြစ်စေကာမူ အခြားသူများ တိုးတက်မြင့်မားရေးအတွက် မိမိတို့၏ အရှိန်အဝါသုံးပြီး အစစအရာရာ ဆောင်ရွက်ပေးသောအခါ မိမိကိုယ်မိမိ ထူထောင်ရာလည်း ရောက်နေတော့၏။ ထိုသို့ကြိုးစားအားထုတ်ရင်း မိမိအကျင့်စရိုက်၊ ဂုဏ်သတင်းနှင့် ကိုယ့်သိက္ခာကိုယ်ထိန်းသိမ်းမှုတွေ အလိုလိုမြင့်မားလာတော့၏။

• • •

သင်နှင့် ကျွန်တော်သည် ကျွန်တော်တို့ ကျင်လည်နေထိုင်သည့် နီးနားဝန်းကျင်ကို အနည်းအကျဉ်းပိုင်ဆိုင်၏။ ထို့အတူ ကျွန်တော်တို့ နေထိုင်သည့် မြို့နှင့် ပြည်နယ်ကို အနည်းအကျဉ်း ပိုင်ဆိုင်၏။ ထို့အတူ ကျွန်တော်တို့ နေထိုင်သည့် တိုင်းပြည်ကို အနည်းအကျဉ်းပိုင်ဆိုင်၏။ နောက်ပြီး အနိမ့်ဆုံးအားဖြင့် လူသားမျိုးနွယ်အားလုံးကိုလည်း မဆိုစလောက်ကလေး ပိုင်ဆိုင်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏ စွန့်လွှတ်ပေးအပ်ခြင်းအမှုကို ဆောင်ကျဉ်းလွန်းစွာ အာရုံစိုက်ပြုလုပ်ခြင်းသည် မသင့်လျော်



မမှန်ကန်ပါ။ ဥပမာ ပေးအပ်ခြင်းအမှု ပြုလုပ်ဖို့ အာရုံစိုက်ထားသည်မှာ မိမိ မိသားစုနှင့် ရင်းနှီးသော မိတ်ဆွေများအပေါ်တွင်သာ ဖြစ်နေသည်ဆိုလျှင် ကျွန်တော်တို့သည် ကမ္ဘာလောကကြီးအား ထိုက်သင့်သလောက် တာဝန်မကျေရာ ရောက်ပါသည်။ ထို့မျှမကသေး၊ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ပေးအပ်ခြင်းစွမ်းအား၏ သေးငယ်သော အစိတ်အပိုင်းကလေးကိုသာ အသုံးပြုနေရာရောက်၏။ နောက်ပြီး လောကဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့် မျှဝေသုံးစွဲခြင်းကြောင့် ရရှိလာသည့် ပျော်ရွှင်ကြည်နူးမှုများကိုလည်း လက်လွှတ်ဆုံးရှုံးရပါသည်။

သို့ပေမဲ့ လူနည်းစုတစ်စုကိုသာ ပေးအပ်ဖို့ အာရုံမစိုက်သင့်ခြင်းအတွက် အရေးအကြီးဆုံး အကြောင်းရင်းမှာ ထိုလူနည်းစုကို အတ္တကြီးသူများဖြစ်အောင် ပုံသွင်းပေးရာရောက်မှာ စိုးရသောကြောင့် ဖြစ်၏။ ၎င်းပြစ်မှုသည် လူသားတစ်ဦးက အခြားသူများ အကျိုးမဲ့အောင် ပြုကျင့်သည့် ပြစ်မှုလိုပင် အပြစ်ကြီးပါသည်။ လူနည်းစုတစ်စုကိုသာ ကွက်ကွက်ကလေး ပေးအပ်နေသည့်အတွက် ၎င်းလူနည်းစုကလေးသည် ပေးအပ်မှုကို မျှော်လင့်သူများ ဖြစ်လာတတ်၏။ လက်ခံရယူသူများအဖြစ် နာတာရှည်ရောဂါ စွဲကပ်သူများ ဖြစ်လာတတ်၏။ ထိုသို့ဖြစ်လာသောအခါ သူတို့သည် ကိုယ့်သိက္ခာကိုယ် လေးစားသူများအဖြစ်မှ လျော့ပါးနိမ့်ဆင်းသွားတော့၏။

သို့ဖြစ်ရာ သင်ပေးအပ်သည့် လက်ဆောင်များကို မျှော်လင့်တတ်လာပြီး သူတို့ကိုပဲ ပေးဖို့ တောင်းဆိုတတ်လာပြီဆိုလျှင်တော့ သင်၏ပေးအပ်ခြင်းအမှုကို ထိုသူများအား မပေး

www.burmeseclassic.com

www.burmeseclassic.com



ပါနှင့်တော့။ ရပ်တန်းက ရပ်လိုက်ပါတော့။ ဤသို့ပြုလုပ်ခြင်းသည် သူတို့၏ တစ်ကိုယ်ကောင်းဆန်မှုကို သိမြင်သွားစေနိုင်၏။ ထိုသို့ တစ်ကိုယ်ကောင်းဆန်ခြင်း အမိုက်မှောင်ထဲမှ လန့်နိုးလာစေခြင်းကပင် တန်ဖိုးကြီးသော လက်ဆောင်မွန်တစ်ခု ပေးအပ်ရာရောက်နေပါသည်။

သည်တော့ ဉာဏ်သုံးပါ။ အမြော်အမြင်ရှိပါ။ သင့်မှာ အသိုင်းအဝိုင်းအသီးသီး ရှိ၏။ မိတ်ဆွေများအသိုင်းအဝိုင်း၊ ဆွေမျိုးများအသိုင်းအဝိုင်း၊ ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာအသိုင်းအဝိုင်း၊ အသိအကျွမ်းများ၊ အိမ်နီးနားချင်းများစသည့် အသိုင်းအဝိုင်းများ။ ဟုတ်ကဲ့၊ နောက်ပြီး သူစိမ်းအသိုင်းအဝိုင်းများ။ ၎င်းအသိုင်းအဝိုင်းများကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ချဲ့ထွင်ရပါမည်။ ထိုနည်းတူ သင်၏ ပေးအပ်ခြင်းအမှုကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရပါမည်။

ထိုသို့ ပြုလုပ်ခြင်းအားဖြင့် သင်၏ ဩဇာအရှိန်အဝါသည် ကြီးမားသည်ထက် ကြီးမားလာပါမည်။ ထိုအခါများသည့်ထက်များသော လူများ၏ ဘဝများကို သာယာဝပြောအောင် ဖြည့်ဆည်းပေးရာရောက်ပါသည်။

⸻

# ၂၆
# အရေးမထား ငြင်းပယ်ခြင်းနှင့် ပတ်သက်၍

“စွန့်လွှတ်ပေးအပ်ခြင်းအမှု ပြုတဲ့နေရာမှာ ခင်ဗျားရဲ့ စေတနာကို အရေးမထားဘဲ ခါးခါးသီးသီး ငြင်းပယ်ခံရတာမျိုး တစ်ခါမှ မကြုံဖူးဘူးလား” ဟု လူတွေက ကျွန်တော့်ကို မေးကြသည်။

ဟုတ်ကဲ့၊ တစ်စုံတစ်ဦး၏ အရေးမထား ပမာမခန့်ပြုမှုကို မကြာမကြာ တွေ့ကြုံရပါသည်။ ရံဖန်ရံခါဆိုသလို သံသယဝါဒီတစ်ဦးက မသင်္ကာသည့် မျက်စိများဖြင့် ကြည့်ခြင်းကိုလည်း ခံရဖူး၏။ သို့မဟုတ် ကျွန်တော်၏ ပေးအပ်ခြင်းအမှုကို လုံးလုံးလျားလျား ငြင်းပယ်လိုက်ခြင်းမျိုးကိုလည်း ခံရဖူးပါသည်။

သည်တော့ ဘာဖြစ်သေးလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရယူခြင်း သံသရာတွင် ခါးခါးသီး ငြင်းပယ်မှုပေါင်းများစွာ တွေ့ကြုံခံစားရပါသည်။ သို့ပေမဲ့ ထိုသို့ ငြင်းပယ်ခံရသောကြောင့်ဆိုပြီး ကျွန်တော်တို့၏ ဝမ်းရေးအတွက် ရှာဖွေခြင်းကို ရပ်တန့်မပစ်ကြပါ။ တစ်ခါတစ်ခါဆို ကျွန်တော်တို့၏ မာနတရားတွေကိုပင် ချိုးနှိမ်မျိုချခဲ့ကြသည်။ သည်တော့ ပေးအပ်ခြင်း အမှုဖြင့် ပျော်ရွှင်မှု ရှာဖွေရာတွင်ကော ဘာကြောင့် ဂုဏ်သိက္ခာတွေ မာနတရားတွေကို မချိုးနှိမ်ဘဲ နေရမည်လဲ။ နောက်ဆုံးတော့ ရယူဖို့ ကြိုးပမ်းသည်ဖြစ်စေ၊ ပေးအပ်ဖို့ အားထုတ်သည်ဖြစ်စေ ရည်မှန်းချက်က အတူတူပါပဲ။ လူ့ဘဝတွင် ရှင်သန်နေထိုင်ရင်း ပျော်ရွှင်ကြည်နူးမှုကိုရှာဖို့။

လောကတွင် လူအမျိုးမျိုး စိတ်အထွေထွေ ရှိပါသည်။ တချို့က သူတို့ကိုယ်သူတို့ ပေးအပ်လိုသည့်ဆန္ဒရှိသည်။ စိတ်ရင်းစေတနာကောင်းသည်။ ရက်ရက်ရောရော ပေးအပ်ဖို့ အသင့်ရှိသည်။ တချို့ကတော့ အလွန်တစ်ကိုယ်ကောင်းဆန်သည်။ သာမန်လောကဝတ်ကလေးပင် မပြုတတ်ကြ။ ထိုမျှမကဘဲ ထောက်ထားစာနာမှုအပြည့်ဖြင့် ရက်ရက်ရောရော ပေးအပ်တတ်သူများကိုပင် မကျေမချမ်း မနှစ်မမြို့ ပြုမူဆက်ဆံကြသေးသည်။

လူတစ်ယောက်က ကျွန်တော့်ထံ စာရေးဖူးသည်။

"အစပထမတုန်းက ခင်ဗျား ကျွန်တော့်ကို စေတနာသန့်သန့်နဲ့ ကူညီခဲ့တယ်ဆိုတာ မယုံနိုင်ခဲ့ဘူး။ ကျွန်တော်က ဖုံးကွယ်ထားတဲ့ ရည်ရွယ်ချက်ကို လိုက်ရှာကြည့်နေခဲ့တယ်လေ။ ဒါပေမဲ့ ခင်ဗျားဟာ လုံးဝအတ္တမဆန်ဘူးဆိုတာ သိမြင်သဘောပေါက်လာတယ်။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ရိုင်းစိုင်းတဲ့



သဘောထားအတွက် အရှက်ကြီးရှက်မိပါရဲ့။ ဒါကြောင့် ခင်ဗျားရဲ့ လောကအမြင်အတိုင်း ကျွန်တော်ကိုယ်တိုင် ကျင့်ကြံကြည့်ဖို့ ဆုံးဖြတ်ထားပါပြီ။ ကျွန်တော် နှစ်ပေါင်းများစွာ ရှာဖွေနေခဲ့တဲ့ အရာဟာ ခင်ဗျားဆီမှာ ရှိနေတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ နေရာမှားပြီး ရှာနေခဲ့မိတာကိုး။ ခုတော့ တွေ့ပါပြီလေ"

အချို့အချို့သော ငြင်းပယ်မှုများကို ရှောင်လွှဲလို့ မရနိုင်ပါ။ ၎င်းငြင်းပယ်မှုများက အသုံးပင်ကျနေပါသေးသည်။ ထိုသို့ ငြင်းပယ်စော်ကားမှုများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်နှင့် သင်၏ တွန့်ဆုတ်ဆုတ် ရှုံးတိုးရှန့်တန့် စိတ်များနှင့် အထိမခံ အရေပါးမှုများ ပပျောက်သွားပါလိမ့်မည်။ သင်၏ စွန့်လွှတ်ပေးအပ်ခြင်းကို သံသယဖြင့် သို့မဟုတ် ရိုင်းပြမှုဖြင့် ဆက်ဆံခြင်းခံရသည့်အခါများတွင် သင် အပြုံးမပျက် ရင်ဆိုင်နိုင်ကြောင်း သင့်ကိုယ်သင် တွေ့ရပါလိမ့်မည်။ ထိုအဆင့်သို့ ရောက်ပြီဆိုလျှင် သင်သည် အပျော်တမ်းအဆင့်မှ တစ်ဆင့် တက်နိုင်ပြီ ဖြစ်၏။

စာအုပ်တစ်အုပ်ဖတ်ပြီး ရင်ထဲ လှိုက်လှိုက်လှဲလှဲ ခံစားရသော အိုဟိုင်းအိုမှ မိန်းမတစ်ဦးက သက်ဆိုင်ရာ စာရေးဆရာထံသို့ ချီးကျူးစာတစ်စောင် ရေးသားပေးပို့ခဲ့၏။ သို့သော် သူ့ထံ ပြန်စာမရခဲ့။ ထို့ကြောင့် သူမ တော်တော်မကျေမနပ် ဖြစ်မိသည်။ သင့်ကိုယ်သင်ပေးအပ်ဖို့ *ကြိုးစားပါ* စာအုပ်ကိုဖတ်ပြီး သူမက စာရေးခဲ့သည်မှာ

*ဒီလိုစာမျိုး ဘယ်တော့မှ မရေးတော့ဘူးလို့* ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပိုင်းဖြတ်ထားတာပါ။ ကျွန်မရဲ့ အားထုတ်မှု အများစုကို ဥပေက္ခာ အပြုခံရတယ်။ ဟားတိုက်ရယ်မောခံရတယ်။ "အချဉ် တစ်ယောက် လာပြန်ပြီဟေ့ "ဆိုတဲ့ သဘောမျိုးပါတဲ့ စကားနဲ့ ပြက်ရယ်ပြုတတ်ကြတယ်။

ခက်နေသည်မှာ ထိုအမျိုးသမီးက သူမ၏ ပေးအပ်ခြင်း အမှုကို ပစ္စည်းချင်းဖလှယ်သည့်သဘောဖြင့် ပြုလုပ်နေခြင်းပင်။ ဟုတ်ပါသည်။ သက်ဆိုင်ရာမှ ပြန်စာကလေးတစ်စောင်ရခြင်းကတော့ ကြည်နူးကျေနပ်စရာဖြစ်ကြောင်း ဝန်ခံရပါမည်။ သို့ပေမဲ့ ပြန်စာမရလည်း ကျွန်တော်ကတော့ အရေးမထား ဥပေက္ခာပြုသည် ဟုမယူဆ။

တကယ်တော့ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ဂီတပညာရှင်များနှင့် ဇာတ်စင်ပေါ်မှ အောင်မြင်ကျော်ကြားသူများသည် ပါရမီရှင်များ ဖြစ်၏။ သူတို့၏ အတ္တမာနက ချီးကျူးဂုဏ်ပြုမှုများ၊ ဩဘာပေးမှုများကို မြတ်နိုးတွယ်တာကြ၏။ သည်တော့ ကျွန်တော်ကလည်း သူတို့၏ ပါရမီမီးတောက်ကို လောင်စာဆီ နည်းနည်းဖြည့်ပေးချင်သည်။ သို့မှ စိတ်ဓာတ်အားမာန်တွေ တက်ကြွလာပြီး သူတို့ကိုယ်သူတို့ ကမ္ဘာကြီးအားသည့်ထက်ပို၍ ပေးအပ်နိုင်ကြမည်။ ဥပမာ သူတို့ရေးသည့် စာအုပ်များကြောင့် ကျွန်တော် ပျော်ရွှင်ကြည်နူးရသည်ဆိုလျှင် သူတို့ နောက်ထပ်စာအုပ်တွေ ရေးသားထုတ်ဝေစေချင်သည်။ သို့မှ သူတို့၏ အနုပညာကို ကျွန်တော် ဆက်လက် စားသုံးခံစားနိုင်မည် မဟုတ်ပါလား။ ဘဝကို သာယာချမ်းမြေ့အောင် စွမ်းဆောင်သူအားလုံးကို အားပေးအားမြှောက်ပြုရပါမည်။



ကျွန်တော်၏ စီးပွားရေးလုပ်ငန်း ဘဝတစ်လျှောက်လုံးတွင် စိတ်ကူးများ၊ အကြံဉာဏ်များဖြင့် နပန်းလုံးနေခဲ့ရ၏။ သို့ဖြစ်ရာ တစ်ခါတစ်ရံတွင် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများနှင့် ကုန်သည်များအား ကျွန်တော့်စိတ်ကူးများ ပေးအပ်လေ့ရှိသည်။ သူတို့၏ ကြော်ငြာများ၊ ထုတ်ကုန်အသစ်များ၊ သူတို့၏ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးနှင့် ပတ်သက်သည့် စိတ်ကူးများ။ ထိုသို့ပေးအပ်တိုင်း ကျွန်တော်က ဘယ်တော့မျှ အနှောင်အဖွဲ့ မထား။ မေတ္တာရိ ကူညီခဲ့သည်ချည်း။

နှောင်ကြိုးမဲ့ကူညီခဲ့သည့် ကျွန်တော့်ပေးအပ်မှုများကို နှောင်ကြိုးမဲ့လက်ခံယူသူ တော်တော်နည်းပါသည်။ သို့ပေမဲ့ ငြင်းပယ်သည့် စာတစ်စောင်သာ အရများပါသည်။ ထိုသို့သော စာကို ပထမဆုံးအကြိမ် လက်ခံရရှိစဉ်ကတော့ မျက်နှာကို ဖြတ်ရိုက်သလို ခံစားခဲ့ရ၏။ သို့သော် ကုန်ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီကြီးတစ်ခု၏ ဥပဒေအတိုင်ပင်ခံက ရှင်းပြမှ သဘောပေါက်ခဲ့ရ၏။ သူက ရှင်းပြသည်မှာ သူတို့ကုမ္ပဏီသို့ ထုတ်ကုန်အသစ်များနှင့်ပတ်သက်၍ သို့မဟုတ် ထုတ်ကုန်အဟောင်းများကို ပိုမိုကောင်းမွန်ကောင် ပြုပြင်ခြင်းနှင့်ပတ်သက်၍ သို့မဟုတ် ကြော်ငြာစိတ်ကူးများနှင့်ပတ်သက်၍ စာတွေအများကြီး လက်ခံရရှိခဲ့သည်ဆို၏။

"အဲဒီစိတ်ကူးတွေဟာ ကျွန်တော်တို့ကုမ္ပဏီက တစ်ယောက်ယောက် ခေါင်းထဲမှာ ပေါ်ပေါက်ပြီးသား အတွေးမျိုး မဟုတ်တာ အလွန်ရှားပါတယ်။ အဲဒီစိတ်ကူးတွေဟာ ကောင်းတဲ့စိတ်ကူးတွေဖြစ်နေရင် ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေတာများပါတယ်။ တကယ်လို့ အဲဒီစိတ်ကူးကို စိတ်ဝင်စားတဲ့ အရိပ်အယောင်ပြလိုက်ရင် အဲဒီလူကို ကျွန်တော်တို့ လည်စင်းပေးလိုက်သလို ဖြစ်သွားတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့စိတ်ကူးကို ကျွန်တော်တို့ 'ခိုး' ပါတယ်လို့ အစွပ်စွဲခံရလို့ပဲ။ များသောအားဖြင့် ကျွန်တော်တို့ တရားစွဲခံရတာ များတယ်ဗျ။ ဒီတော့ အဲဒီလို အကြံပေးစာတွေ ရောက်လာရင် ကျွန်တော်တို့ ယဉ်ကျေးချိုသာစွာနဲ့၊ ဒါပေမဲ့ ခိုင်ခိုင်မာမာကြီး ငြင်းဆန်လိုက်ဖို့ ဖြစ်လာတယ်။ အဲဒီလိုလုပ်တာ ကျေးဇူးမသိတတ်ရာတော့ ရောက်တာပေါ့ဗျာ။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ"

သူ့ဆိုလိုရင်းကို ကျွန်တော်သဘောပေါက်သည်။ သို့ဖြစ်သည့်တိုင် ကျွန်တော်ကတော့ အခါအခွင့်ကြုံတိုင်း စီးပွားရေးလုပ်ငန်းဆိုင်ရာ အကြံဉာဏ်များ၊ စိတ်ကူးစိတ်သန်းများ ပေးအပ်ဖို့ ကြိုးစားနေဆဲပါ။ ကျွန်တော့်အကြံပြုချက်ကို သူတို့ဆယ်ခါမှာတစ်ခါတော့ အသုံးပြုကြသည်ကို တွေ့ရပါသည်။ ဘာပဲဖြစ်ဖြစ် သူတို့ ထိုသို့အသုံးပြုသည်ကို တွေ့ရတော့ ကျွန်တော့်မှာ ကျေနပ်ဝမ်းမြောက်ရသည်သာ။

• • •

အရေးမထား ပါးပါးတစ်မျိုး ထူထူတစ်မျိုး အငြင်းပယ်ခံရတတ်သည်မှာ စိတ်ကူးများ နယ်ပယ်တစ်ခုတည်းတွင်သာ မဟုတ်ပါ။ သင့်ကိုယ်သင် ပေးအပ်ခြင်း လက်ဆောင်တချို့ကို နှစ်လိုခြင်းမရှိဘဲ ငြင်းပယ်ခံရနိုင်သည်ဆိုတာ သင့်စိတ်ထဲ စွဲမှတ်ထားပါ။



ထိုနည်းတူစွာပင် ဝါရင့်သမ္မာရင့် ပျော်တော်ဆက်ကြီးများဖြစ်သည့် ဖရက်အယ်လင်၊ အက်ဂါဘာဂျင်နှင့် ဘော့ဟုပ်တို့၏ ဟာသစကားများကိုပင် မတုန်မလှုပ် ကျောက်ရုပ်လို တုံ့ပြန်မှုများဖြင့် ကြုံရတတ်၏။ သူတို့ပြက်လုံးများကို ထိုသို့ တုံ့ပြန်သည့်အတွက် သူတို့၏ ဝမ်းကျောင်းအလုပ်များကို စွန့်ပစ်ခဲ့ကြပါသလား။ လုံးဝမစွန့်လွှတ်ခဲ့ကြပါ။ ထို့အတူ သူတို့က ပွဲကြည့်ပရိသတ်ကိုလည်း အပြစ်မတင်။ သူတို့သည် လူတွေကို ဖျော်ဖြေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေသူတွေ။ သည်တော့ သူတို့၏ ပြက်လုံးတွေ ထိမိအောင် ကြံဆောင်ရေးမှာ သူတို့အလုပ် ဖြစ်သည်။ ဤကား သူတို့တစ်တွေ၏ ခံယူချက်သဘောထား။ သူတို့ဟာ သံနေသံထား၊ အသံအလေးအပေါ် အချိန်ကိုက်မှုအပြင် သုံးနှုန်းသည့်စကားလုံးများကိုပါ လက်တွေ့ စမ်းသပ်ကြည့်ကြသည်။

တစ်ညတွင် အလွန်အောင်မြင်သော ဟာသပြဇာတ်တစ်ခု စင်တင်ကပြနေသည့် ဘရော့ဒ်ဝေးဇာတ်ရုံ၏ ဇာတ်စင်နောက်ခြမ်းတွင် ကျွန်တော် ရောက်နေသည်။ တစ်ချိတွင် ကိုယ့်အခန်း သရုပ်ဆောင်ပြီးသွားသည့် ဇာတ်အဖွဲ့ဝင်များသည် ဇာတ်ခုံ ပုဏ္ဏားကွယ် နှစ်ဖက်တွင် စုပေးစောင့်ကြည့်နေကြ၏။ ရုတ်တရက်ကြီးဆိုသလို ပရိသတ်က အားရပါးရ ဝါးလုံးကွဲ ရယ်ချလိုက်ကြသည်။ စုကြည့်နေသည့် ဇာတ်အဖွဲ့သားများ တစ်ဦးကိုတစ်ဦး ကြည်နူးစွာ အကြည့်ချင်းဖလှယ်လိုက်ကြ၏။

ဇာတ်စင်မန်နေဂျာက ကျွန်တော့်အားရှင်းပြသည်မှာ ယင်းပြက်လုံးတသားကို လူတွေ 'ပွဲမကျ'ခဲ့ကြောင်း၊ သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောအောင် မစွမ်းဆောင်နိုင်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ရသည်မှာ ဇာတ်ဆောင်ဖြစ်သူက အသံအနိမ့်အမြင့်ကို အမှတ်တမဲ့ပြောင်းလိုက်မိခြင်းကြောင့်ဖြစ်ကြောင်း ဇာတ်အဖွဲ့က ဝေဖန်သုံးသပ်ထားသည်ဆို၏။ သည်ညတော့ ၎င်းဇာတ်ဆောင်က အသံအနိမ့်အမြင့်ကို ကြိုးစားပြီး ပြန်လည်ပြုပြင်လိုက်ကြောင်း၊ ထို့ကြောင့် ပရိသတ် သည်လောက်ထိ 'ပွဲကျ'သွားခြင်းဖြစ်ကြောင်း၊ သူတို့ ကောက်ချက်ချခဲ့သည့် သဘောတရားလည်း မှန်သွားကြောင်း ရှင်းပြပါသည်။

"ဇာတ်သဘင်ပညာ စိတ်ဝင်စားစရာကောင်းနေတာ အဲဒါကြောင့်ပေါ့ဗျာ။ တကယ်လို့ ပရိသတ်ကို ဖျော်ဖြေရတာ ငှက်ပျောသီး အခွံနွှာစားရသလို လွယ်လွန်းနေရင် ကျွန်တော်တို့ အားလုံး ပျင်းရိငြီးငွေ့လာကြတော့မှာပေါ့" ဟု ဇာတ်အဖွဲ့မန်နေဂျာက ရှင်းပြပါသည်။

လေ့ကျင့်မှု၊ မဆုတ်မနစ်ကြိုးပမ်းမှု၊ လက်တွေ့စမ်းသပ်မှုတို့သည် ဘယ်အနုပညာတွင်မဆို လိုအပ်၏။ စွန့်လွှတ်ပေးအပ်ခြင်း အနုပညာသည်လည်း ထိုနည်း၎င်း ဖြစ်၏။ ကျွန်တော်တို့၏ စွန့်လွှတ်ပေးအပ်ခြင်းသည် အခြေအနေတိုင်း လူတိုင်းနှင့် အဆင်ပြေနေသည်ဆိုလျှင် လုပ်ဆောင်ရတာ လွယ်လွန်းနေမည်။ လွယ်လွန်းနေသည့်အတွက် ပျော်မြူးစရာ ကောင်းမည် မဟုတ်တော့။

အနှစ်ချုပ်သတိပေးစကားတစ်ခွန်း ပြောပါရစေ။ သင်၏ စွန့်လွှတ်ပေးအပ်ခြင်းအမှုကို သိပ်နှင့်နှင့်နဲ့နဲ့ လေးလေးနက်နက်ကြီး သဘောမထားပါနှင့်။



သင်၏ ဟာသဓာတ်ကို အချိန်မရွေး ထုတ်သုံးလို့ရလောက်အောင် သစ်လွင်လတ်ဆတ်နေပါစေ။ ငြင်းပယ်ခံရတော့ မည်ထင်သည်နှင့် သင့်စကားတွေ တစ်မျိုးတစ်ဘာသာဖြစ်နေသော်လည်း စွဲမက်စရာကလေး ဖြစ်နေအောင် အားထုတ်လိုက်ပါ။ မဆိုစလောက်ကလေး ရှိုးတိုးရှန့်တန့် ခံစားရသည်ဆိုလျှင် ပျော်ရွှင်မြူးတူးသံကလေး စွက်လိုက်ပါ။ ဘယ်လိုအခြေအနေမျိုးမှာမဆို သဘောကောင်းမနောကောင်း ရယ်မောလိုက်ခြင်းသည် အဖိုးအနဂ္ဃထိုက်သည့် လက်ဆောင်မွန်တစ်ခုဖြစ်ပါသည်။

သင်သည် ကမ္ဘာလောကကြီးကို ပိုမိုသာယာသော၊ ပိုမိုပျော်ရွှင်စရာကောင်းသော၊ ပိုမို စိတ်လှုပ်ရှားတက်ကြွဖွယ်ကောင်းသော လူ့ရွာကြီးဖြစ်လာအောင် ကြိုးစားအားထုတ်နေခြင်းဖြစ်ကြောင်း နှလုံးသွင်းထားပါလေ။ သူတော်ကောင်းကြီးအသွင် ဟိတ်တစ်လုံး ဟန်တစ်လုံး လုပ်နေသည့်ခေတ် မရှိတော့တာ မြေကြီးလက်ခတ်မလွဲပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၇

# အပျော်သည် ရင်တွင်းမှလာသည်

လုံးဝဥဿုံ ဖြောင့်မတ်မှန်ကန်သော စကားတစ်ခွန်း ကျွန်တော့်ကို ပြောခွင့်ပြုပါ။ စွန့်လွှတ်ပေးအပ်ခြင်းကို ဝါသနာ အလုပ်တစ်ခုအဖြစ် ခံယူကျင့်သုံးသော်လည်း ပိုမိုကြီးမားသော ပျော်ရွှင်မှု ရလိမ့်မည်မဟုတ် သည့် လူတချို့ ဤကမ္ဘာလောက ကြီးတွင် ရှိသည်ဆိုသည့်အချက် ဖြစ်၏။ ပြောရမည်ဆိုလျှင် စွန့်လွှတ်ပေးအပ်ခြင်းစိတ်ကူးကို သူတို့က သရော်လှောင်ပြောင် ကြလိမ့်မည်။ ဤစာအုပ်ကို ရယ်စရာလုပ်ပစ်ကြလိမ့်မည်။

သူတို့ ထိုသို့လုပ်လည်း ကျွန်တော်က စိုးစဉ်းမျှ ဂရုစိုက် လိမ့်မည်မဟုတ်။ တကယ်တော့ ကျွန်တော်တို့ စုဆောင်းသူများ ၏ ပျော်ရွှင်မှုသည် ကျွန်တော်တို့ ရင်တွင်းမှာရှိ၏။ ကျွန်တော် တို့သည် အပြင်လူများ၏ သဘောကျထောက်ခံမှုအပေါ် အမှီပြု ပြီး အပျော်ရှာနေသူများ မဟုတ်။

သရော်လှောင်ပြောင်သူ အများစုသည် ငါ့မြင်းငါဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းရောက်ရောက်ဆိုသည့် ယောကျ်ားများ မိန်းမများ ဖြစ်၏။ အပေးအယူကိစ္စတိုင်းမှ အကောင်းဆုံးကို ရယူလိုသူများ၊ သူတို့လုပ်ဆောင်သည့်အရာတိုင်းအတွက် ချီးကျူးစကား အပြောခံရလိုသူများ၊ အခြားသူများ၏စရိတ်ဖြင့် နာတစ်ဖျားသာလိုသူများဖြစ်၏။ အတိုချုံးပြောရလျှင် သူတို့က 'သူတို့လိုတာ ရနေခြင်း' သည်သာ အဓိပ္ပာယ်ရှိသောဘဝ ဖြစ်လေသည်။

သူတို့သည် သင်ပြောသော ချီးကျူးစကားအားလုံးကို သိမ်းပိုက်ခံစားသူများ ဖြစ်၏။ သို့ပေမဲ့ ဘယ်လိုအရာမျိုးကိုမှ တုံ့ပြန်ပေးအပ်သူများ မဟုတ်။ သူတို့က သင့်ကိုသာ ပိုက်ဆံအိတ် နှိုက်ခိုင်းသူတွေ။ သူတို့က အခြားသူများကို ဝေဖန်သည်။ သို့ပေမဲ့ သူတို့ကို ဝေဖန်လျှင်မူ ဘယ်လိုဝေဖန်ချက်မျိုးကိုမဆို နင့်နင့်နဲနဲ မနှစ်မြို့သူများ။ မိမိအတွက်ဆိုလျှင် အခြားသူများ သူတို့အလုပ်သူတို့ ဖျက်ပြီး လုပ်ပေးစေချင်ကြသူများ။ သို့သော် အခြားသူများကို လုပ်ဆောင်ပေးဖို့ကိုတော့ ဘယ်တော့မှ မကမ်းလှမ်းတတ်သူများ ဖြစ်၏။

သူတို့သည် ကမ္ဘာ 'စုပ်ယူခံစားသူများ' ဖြစ်၏။ သူတို့၏ ဘဝအမြင်တစ်ခုလုံးမှာ ယူ ... ယူ ... ယူ ဟူ၍ ဖြစ်၏။ သူတို့သည် ပေး ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို မသိ နားမလည်ကြချေ။

ထိုသို့သော သူများသည် ရယူခြင်းဖြင့်သာ ပြီးသောဘဝသည် တစ်ဝက်ရှင်သန်နေခြင်းသာဖြစ်ကြောင်း အချိန်သိပ်နှောင်းမှ သိရဖို့ အလားအလာ ရှိပါသည်။



ဝီလျံ ဟက်ဇလစ် ရေးသားခဲ့သည့် ရသစာတန်းတစ်ပုဒ်တွင် ဖော်ပြထားသည့် လူတစ်မျိုး ရှိသေးသည်။

လောကတွင် မိတ်ဆွေအပေါင်းအသင်းဖွဲ့နိုင်စွမ်း မရှိသူတွေ ရှိ၏။ သူတို့သည် ဘယ်သူတွေလဲ၊ ဘယ်လိုလူစားတွေလဲ။ သူတို့သည် သူတို့ကိုယ်တိုင်က မိတ်ဆွေမဖြစ်နိုင်သူများပါတည်း။ ထိုသို့ဖြစ်ရသည်မှာ သူတို့သည် လူတွေအကြောင်း နားမလည်သဘောမပေါက်၍ မဟုတ်သလို စိတ်ကောင်းနှလုံးကောင်းမရှိလို့လည်း မဟုတ်။ သို့မဟုတ် သူတို့တွင် စိတ်ဝင်စားစရာ အရည်အသွေးများ မရှိလို့မဟုတ်။ ထိုအစား သူတို့တွင် ဆွဲဆောင်အားများ ရှိကောင်းရှိပါမည်။ သို့ပေမဲ့ ထိုထိုသော အရည်အချင်းများ အားလုံးပျက်ပြယ်သွားစေမည့်အားနည်းချက်တစ်ချက် ရှိ၏။ ၎င်းအားနည်းချက်မှာ အခြားသူတစ်ပါးများကို အရေးမစိုက်ခြင်း ဖြစ်၏။ နောက်ပြီး အခြားတစ်ပါးသူများက သူ့အပေါ် အကောင်းမြင်သည်ဖြစ်စေ၊ အဆိုးမြင်သည်ဖြစ်စေ၊... မြင်ချင်သလိုမြင် သူတို့က အရေးမစိုက်ကြခြင်းပါတည်း။

သင်က သူတို့နှင့် ရင်းနှီးအောင် ကြိုးစားလည်း သူတို့က ကြည်နူးမှုမပြ။ သင်က သူတို့ကို စွန့်ခွာထားခဲ့လည်း သင်မရှိလို့ သေမသွားနိုင်ပါဘူး ဟုသဘောထားကြသည်။ ဤကား စိတ်ပုပ်ခြင်းမဟုတ်၊ စိတ်မဝင်စားခြင်းမဟုတ်၊ အမှုမဲ့အမှတ်မဲ့ ဖြစ်ခြင်းလည်း မဟုတ်၊ အဖြစ်မှန်မှာ သူတို့သည် သူတို့၏ ကိုယ်ပိုင် အတွေးများပေါ်တွင်သာ အာရုံစူးစိုက်တတ်ကြခြင်း ဖြစ်၏။ နောက်ပြီး သူတို့၏ ကိုယ်ပိုင်အတွေးများကို အကောင်အထည်ဖော်ရာ၌ သင့်အား အစမ်းသပ်ခံပစ္စည်းတစ်ခုအဖြစ်သာ

www.burmeseclassic.com

www.burmeseclassic.com



သဘောထားကြလေသည်။ သူတို့သည် လူ့အဖွဲ့အစည်းထဲတွင် အထီးတည်းနေသူများဖြစ်၏။ သူတို့၏ ဦးနှောက်က ဘယ်ပုံဘယ်နည်း အလုပ်လုပ်နေသည်ဖြစ်စေ၊ လောကခံ၏ ရိုက်ပုတ်ချက်များကြောင့် သူတို့ ရင်ခုန်သံ မြန်မလာသလို နှေးလည်းနှေးမသွား။

ထိုသို့သော လူများသည် စွန့်လွှတ်ပေးအပ်ခြင်းအမှုကို ဝါသနာအလုပ်အဖြစ် စိတ်ဝင်စားလိမ့်မည်မဟုတ်။ သူတို့တွင် ပီတိဖြာနိုင်စွမ်းမရှိ။ အပျော်ကြီးပျော်ခြင်းဆိုတာ သူတို့တွင် ဖြစ်ပေါ်လာလိမ့်မည်ဟု ဘယ်လိုမျှ အာမခံလို့မရ။

နောက်ဆုံးတစ်မျိုးကတော့ ဘဝအကြောင်း သူတို့ သိတာတွေကို ယုံကြည်ဖို့ နှေးကွေးသူများ ဖြစ်၏။ သူတို့က ပေးအပ်နိုင်စွမ်းရှိခြင်းသည် ရယူနိုင်စွမ်းရှိခြင်းထက် ပို၍ ကံထူးရာရောက်သည် ဆိုသည်ကို သူတို့သိသည်။ သို့ပေမဲ့ ထိုအသိကို ယုံကြည်ဖို့ လက်နှေးကြသည်။ အဘယ်ကြောင့်ဆိုသော် သည်လူစုတွင် မျှော်လင့်ချက်ဆိုတာရှိသည်။ သူတို့ကို အချိန်ပေးမည်၊ လက်တွေ့စမ်းသပ်ခွင့်လည်းပြုမည်ဆိုလျှင် သူတို့ တော်တော်များများ၏ ယုံကြည်မှုကင်းမဲ့ခြင်းတွေ ပျောက်ပျက်သွားလိမ့်မည်။

အဓိက ဆိုလိုရင်းမှာ ပေးအပ်ခြင်းကြောင့် စိတ်ပျော်ရွှင်ကြည်နူးမှုရသည်ဆိုသည့် အချက်ကို တွေ့မြင်သိရှိလောက်သည်အထိ လက်တွေ့စမ်းသပ်ကြည့်ဖို့ ပြင်ဆင်မထားသူဆိုလျှင် ဘယ်သူ့ကိုမျှ စွန့်လွှတ်ပေးအပ်ခြင်းကို ဝါသနာအလုပ်အဖြစ် လုပ်ကြည့်ပါဟု မတိုက်တွန်းကြောင်းပင်ဖြစ်၏။ ထို့အတူ ပေးအပ်ခြင်းကြောင့် ပေါ်ထွက်လာသည့် အကျိုးအမြတ်သည် ရင်တွင်းတွင်သာ ပီတိအဖြစ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်းလည်း ရှင်းပြနေမည် မဟုတ်တော့။



ပမာပြုရလျှင် လူတစ်ဦးတစ်ယောက်အား နှင်းလွှာလျှောစီးဖို့ တိုက်တွန်းသကဲ့သို့ဖြစ်၏။ လူတစ်ဦးသည် နှစ်ကြိမ်သုံးကြိမ် လဲပြိုရုံဖြင့် စိတ်ပျက်လက်လျှော့ပြီး နှင်းလျှောမစီးတော့ပါဟု ဆုံးဖြတ်သူမျိုးကို ကျွန်တော် ဘယ်လိုလုပ် တိုက်တွန်းရမည်လဲ။ နှင်းလျှောစီးခြင်း၏ အစစ်အမှန်ကို သိရသည့် အချိန်အထိ ဖွဲ့ခတ်ပြီး မတတ်တတ်အောင် ကြိုးစားသင်ယူမည်ဖြစ်၏။ ထိုအခါတွင်တော့ သူသည် ရေခဲတောင်စောင်း တစ်လျှောက် တလွှားလွှား လျှပ်တိုက်ပြေးဆင်းရသည့် အရသာကို ရင်ဖို လိုက်မောခံစားရမည် ဖြစ်၏။

သို့ပေမဲ့ ကျွန်တော် ကျိန်းသေသိနေတာ တစ်ခုတော့ရှိသည်။ လူတစ်ယောက်သည် ရိုးသားဖြောင့်မတ်သည်၊ စိတ်ရင်းစေတနာမှန်သည်၊ မိမိကိုယ်မိမိ ပေးအပ်ခြင်းအမှုကို မဆုတ်မနစ်အားထုတ်လုပ်ကိုင်မည်ဆိုလျှင် ထိုလိုလူမျိုး ဘယ်သူဖြစ်စေ နှလုံးစိတ်ဝမ်း ချမ်းသာမှုကို ရပါလိမ့်မည်။ ထိုသို့ လုပ်ကိုင်မည်ဟု ဆုံးဖြတ်ချိန်မှစပြီး များစွာပိုမိုပျော်ရွှင်သော ဘဝတစ်ခု ရလိမ့်မည်ဖြစ်ကြောင်း ကျွန်တော်ရဲရဲကြီး အာမခံဝံ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

## ပိုမိုထူးကဲသော ပျော်ရွှင်မှုကို ယခုပဲ ခံစားပါ

တစ်စုံတစ်ယောက်သော ပညာရှိက ရေးသားမိန့်ဆိုခဲ့သည်။

"အောင်မြင်မှုသည် ခရီးရှည်တစ်ခု ဖြစ်သည်။ ခရီးပန်းတိုင်တစ်ခု မဟုတ်။ ပျော်ရွှင်မှုဟူသည် ခရီးလမ်းတစ်လျှောက် ရှာဖွေရမည့်အရာ ဖြစ်သည်။ ခရီးလမ်းဆုံးတွင်မှ ရှာဖွေရမည့်အရာ မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ခရီးလမ်းကဆုံးနေပြီး အချိန်နှောင်းလွန်းမက နှောင်းလွန်းနေပြီ ဖြစ်သောကြောင့်ပင်။ ပျော်ရွှင်မှု ခံစားရမည့်အချိန်သည် ယနေ့ဖြစ်၏။ မနက်ဖြန်မဟုတ်"

ကျွန်တော်တို့ ပျော်ရွှင်မှုဆီသို့ ဆိုက်ရောက်သည်အထိ စောင့်နေလျှင် ကျွန်တော်တို့ ဘဝတွင် စိတ်ပျက်လက်ပျက်ဖြစ်မှုကို ကြုံရမည်ဖြစ်၏။ ကျွန်တော်တို့ ပျော်ရွှင်မှုကို ခရီးသွား

www.burmeseclassic.com

www.burmeseclassic.com



ရင်း တွေ့ကြုံခံစားရပါမည်။ သည်နေရာမှာ တစ်မိနစ်စာ၊ ဟို နေရာမှာ တစ်နာရီစာ အလျဉ်းသင့်လျှင်သင့်သလို တစ်ရက်စာ၊ ရံဖန်ရံခါတွင် သီတင်းတစ်ပတ်စာ သို့မဟုတ် ရက်အနည်း ငယ်စာ ပျော်ရွှင်ပစ်လိုက်ပါ။

သို့သော် ...

သီတင်းပတ်တွေ၊ ရက်တွေနှင့် နာရီတွေအားလုံးသည် မိနစ်များဖြင့် ဖွဲ့စည်းထား၏။ သည်တော့ ကျွန်တော်တို့ မိနစ် တိုင်းမိနစ်တိုင်းကို ပျော်ရွှင်စွာ နေထိုင်သွားသည်ဆိုလျှင် ပျော် ရွှင်သော နာရီတွေ၊ ပျော်ရွှင်သော နေ့တွေနှင့် ပျော်ရွှင်သော သီတင်းပတ်တွေ သူ့အလိုလို ဖြစ်လာပါလိမ့်မည်။ ကျွန်တော် တို့၏ ဘဝခရီးတစ်လျှောက် လျှောက်သောလမ်းသည် ပျော်ရွှင် ကြည်နူးဖွယ် လမ်းကြောင်းဖြစ်နေသည်ကို တွေ့ရပါမည်။ နောက်ပြီး အလှမ်းဝေးသော ခရီးပန်းတိုင်အတွက် ပူပင်သော က ဖြစ်နေချိန်တွင် နည်းပါးလာသည်ကိုလည်း ကြုံရပါမည်။

ပျော်ရွှင်ဖို့ အခွင့်အလမ်းများသည် ကျွန်တော်တို့ကို ဖြတ်ကျော်ပြီး တသွင်သွင်စီးဆင်းနေ၏။ အိမ်မှာနေသည့် အချိန် များတွင်၊ လုပ်ငန်းခွင်မှာနေသည့် အချိန်များတွင်၊ လမ်းမကြီး တစ်လျှောက် လမ်းလျှောက်သွားသည့်အချိန်များတွင်၊ ရထား ဖြင့် သို့မဟုတ် လေယာဉ်ဖြင့် သို့မဟုတ် ဘတ်စ်ကားဖြင့် ခရီး သွားသည့် အချိန်များတွင် ... တိုတိုပြောရလျှင် ဘယ်နေရာ ရောက်နေရောက်နေ၊ ဘာတွေပဲ လုပ်နေလုပ်နေ ပျော်ရွှင်စရာ အခွင့်အလမ်းများကို ကျွန်တော်တို့ မပြတ်တမ်း တွေ့ကြုံနေရ မည်သာ။



လွန်ခဲ့သည့် ရာစုနှစ်တစ်ခုက စတီဖင်ဂရဲလက်ဆိုသည့် ပညာရှိသုခမိန်ကြီး ရေးသားမိန့်ကြားခဲ့သည့် ဩဝါဒကို လိုက်နာ ကျင့်သုံးနိုင်လျှင် ကျွန်တော်တို့ လူ့ဘဝတွင် လူဖြစ်ကျိုးနပ်မည် ဖြစ်ပါသည်။

"ဤကမ္ဘာလောကကြီးတွင် ကျွန်ုပ် တစ်ကြိမ်တစ်ခါ သာ ဖြတ်သန်းသွားလိုပါသည်။ သည်တော့ ဘယ်သူ့ကိုမဆို ကျွန်ုပ် ကူညီနိုင်တာ ကူညီလို့ ရမည်။ သို့မဟုတ် လူသားချင်း ကြင်နာမှုပြနိုင်မည်။ ၎င်းလုပ်ဆောင်ခွင့်ကို ကျွန်ုပ်အား ယခု ပင် လုပ်ဆောင်ခွင့်ပေးပါ။ ၎င်းလုပ်ဆောင်ခွင့်ကို ကျွန်ုပ် မရွှေ့ ဆိုင်းပါရစေနှင့်။ သို့မဟုတ် ဥပေက္ခာမပြုပါရစေနှင့်။ ဘာကြောင့် ဆို သည်အခွင့်အလမ်းမျိုး ကျွန်ုပ် နောက်တစ်ကြိမ် ရတော့မည် မဟုတ်သောကြောင့်ပါ"

• • •

ပျော်ရွှင်မှုရဖို့ အခွင့်အလမ်းပေါင်းများစွာကို ကျွန်တော် တို့ လက်လွှတ်ဆုံးရှုံးနေကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်တော်တို့ သည် ယုံမှားလွန်ရောဂါ ခံစားနေရသောကြောင့်ဖြစ်၏။ ယုံမှား လွန်ရောဂါသည် အဓိကအားဖြင့် နှစ်မျိုးရှိ၏။

နှစ်မျိုးထဲမှ တစ်မျိုးမှာ ကျွန်တော်တို့ ပျော်ရွှင်မှုရလိမ့် မည်ဟု ထင်ယောင်ထင်မှား ဖြစ်နေချိန် ဖြစ်၏။

ခရီးပန်းတိုင်တစ်ခုခုသို့ ဆိုက်ရောက်မည့်အချိန်၊
လူတစ်ယောက်နှင့် အတူရှိနေမည့်အချိန်၊ သို့မဟုတ်
တစ်နေရာရာတွင် ရှိနေမည့်ချိန်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းပြီးသွားသည့်အချိန်၊

ကျွန်တော်တို့ ပိုကောင်းသော အလုပ်အကိုင်တစ်ခု ရသည့်အချိန်၊

ကျွန်တော်တို့ ဝင်ငွေ တစ်စုံတစ်ရာ အတိုင်းအတာကို ရသည့်အချိန်၊

ကျွန်တော်တို့ လက်ထပ်ပြီးသည့်အချိန်၊

ကျွန်တော်တို့ ကလေးရပြီးသည့်အချိန်၊

ကျွန်တော်တို့ ရောဂါဝေဒနာပျောက်ကင်းသည့်အချိန်၊

ကျွန်တော်တို့ အကြွေးတွေ ဆပ်ပြီးသည့်အချိန်၊

ကျွန်တော်တို့ မော်တော်ကားအသစ်တစ်စီး ပိုင်ဆိုင်သည့်အချိန်၊

ကျွန်တော်တို့ အိမ်အသစ်သို့ ပြောင်းရွှေ့ပြီးသည့်အချိန်၊

စိတ်ပျက်စရာ တာဝန်ကြီးတစ်ရပ် ထမ်းဆောင်ပြီးသည့်အချိန်၊

တစ်ခုသော ဝန်ထုပ်ဝန်ပိုးကြီးနှင့် လွတ်ကင်းသည့်အချိန်၊

ထိုအချိန် ...

သေချာပါသည်။ ထိုအချိန်သို့ ရောက်လျှင် ကျွန်တော်တို့ တစ်နည်းတစ်ဖုံ ပိုပြီး ပျော်ရွှင်မှု ရှိလာမှာပါ။ သို့ပေမဲ့ ကျွန်တော်တို့ ထင်ထားသလောက် ပျော်ရွှင်လိမ့်မည် မဟုတ်ပါ။ ဘာကြောင့်ဆို ကျွန်တော်တို့ ရှုပ်ထွေးမှုအသစ်များဖြင့် ရင်ဆိုင်ရဦးမည်ဖြစ်သောကြောင့်။ အလိုရမ္မက်အသစ်များ မျက်လှည့်



ပြသလို ပေါ်လာဦးမည် ဖြစ်သောကြောင့်။ ဆန္ဒဟောင်းများ ပြည့်ဝကျေနပ်သွားသည်နှင့် ထိုသို့သော တပ်မက်မှုအသစ်များ၊ ဆန္ဒအသစ် များ ပဉ္စလက်ပြသလို ကျွန်တော်တို့ရင်ထဲ တဖွားဖွား ပေါ်လာ မည်လေ။ ဘဝဆိုသည်မှာ သည်လိုပါပဲ။

ယုံမှားလွန်ရောဂါ ဒုတိယတစ်မျိုးမှာ ပျော်ရွှင်မှု ရိပ်မြုံကြီးထဲ ခြေချနိုင်အောင် ကျွန်တော်တို့ ဝင်ကြေးပေးလျှင် ရသည်၊ သို့မဟုတ် ဝင်ခွင့်လက်မှတ်ဝယ်ယူလျှင် ရနိုင်သည်ဟု ထင် ယောင်ထင်မှား ဖြစ်နေကြခြင်း။

ကျွန်တော်တို့ ဘယ်နေရာ ဘယ်ဌာနသို့သွားသည် ဖြစ်စေ ကျွန်တော်တို့နှင့်အတူ ပျော်ရွှင်မှုကိုပါ ခေါ်သွားလို့ရသည် ဆိုသည့်အချက်ကို ကျွန်တော်တို့ ဘယ်တော့မှ သင်ယူ ဆည်းပူးလို့ရမည့်ပုံမပေါ်။ နောက်ပြီး ကျွန်တော်တို့ ဘာတွေပဲ လုပ်လုပ် ထိုအလုပ်ထဲသို့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ဘယ်လောက်ထည့်ဝင်နှစ်မြှုပ်ကြသလဲဆိုတာ ဘယ်တော့မှ သတိမမူခဲ့ကြ။ အကြောင်းမှာ ကျွန်တော်တို့၏ ပျော်ရွှင်မှုကို အလုပ်ထဲတွင် ကျွန်တော်တို့၏ နှစ်မြှုပ်ထည့်ဝင်မှု အတိုင်း အတာက ပြဋ္ဌာန်းသောကြောင့်ပင်။

ပျော်ရွှင်မှု သေချာပေါက်ရစေနိုင်သည့် တစ်ခုတည်း သော နည်းလမ်းမှာ လောကဓံတရားက မည်သို့ပင် ရိုက်ပုတ် ထုထောင်းသော်လည်း ပြုံးပြုံးကလေး ရင်ဆိုင်ပြီး ပျော်ပျော်နေ နိုင်အောင် ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ထားခြင်း ဖြစ်၏။ လော ကဓံတရားက မျက်နှာသာပေးသောကြောင့် ပျော်ရွှင်ခြင်းမျိုး မဖြစ်စေသင့်။ ဤကျင့်စဉ်ကို အောင်အောင်မြင်မြင် ကျင့်သုံး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီဆိုလျှင် ကျွန်တော်တို့ လူကြီးဖြစ်လာပြီ၊ ရင့်ကျက်လာပြီ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ပျော်ရွှင်မှုအသေးစားကလေးများကို လက်ရှိနေရာ တွင် လောလောဆယ် ခံစားဖို့ သတိမရကြ။ ထိုသို့ ခံစားမည့်အစား ပျော်ရွှင်မှု ရရေးအတွက် ရှေ့သို့ လှမ်းမျှော်ကြည့်ကြ၏။ အဝေးတစ်နေရာသို့ လှမ်းမျှော်တမ်းတကြ၏။ ထိုသို့ဖြစ်နေကြခြင်းမှာ အထက်တွင် တင်ပြခဲ့သည့် ယုံမှားလွှန်ရောဂါနှစ်မျိုးကြောင့် ဖြစ်ပါသည်။

ကျွန်တော့်မိတ်ဆွေ ဟင်မသိ ခရော်လီသည် သူ့ကလေးဘဝတုန်းက သူ့မိခင် သင်ကြားပေးခဲ့သည့် ဩဝါဒကို အမြဲဘမ်းရည်ညွှန်းကိုးကားလေ့ရှိ၏။ သူ့မိခင်ကြီး၏ အဆိုအမိန့်မှာ "ပျော်ရွှင်မှုကို ရှာဖွေဖို့ သင် ရှေ့သို့ သွားချင်သွားလို့ရ၏။ သို့ပေမဲ့ ပျော်ရွှင်မှုကို တွေ့ဖို့ မူလနေရာသို့ ပြန်လာရမည်သာ" ဟူ၏။

နွေဦးအကြိုပွင့်သော ပန်းကလေးများ တွေ့လိုတွေ့ငြားဆိုပြီး ကျွန်တော်တို့ ကားတစ်စီးဖြင့် အသည်းအသန် အရှာထွက်ကြ၏။ နှစ်နာရီလောက်ကြာသွားသည်။ မကြာမကြာ ဆိုသလို မျက်နှာချင်းဆိုင် မောင်းလာသည့် ကားတစ်စီးတလေထဲတွင် ကြောင်မြီးတူပန်းတွေ အခိုင်လိုက် အခိုင်လိုက် တွေ့နေရသည်။ ကျွန်တော်တို့ သဲကြီးမဲကြီး ရှာသာရှာသည်၊ တွေ့ကားမတွေ့။

နောက်ဆုံး နေဝင်ဆည်းဆာချိန်တွင် လမ်းသွယ်ကလေးတစ်ခုထဲမှ ထွက်လာသည့် လူတစ်ယောက် တစ်ပွေ့တစ်ပိုက်ကြီး ပွေ့ပိုက်လာသည်မှာ ကြောင်မြီးတူပန်းတွေ။



ကျွန်တော်တို့ ကားကိုရပ်သည်။ ထိုလူကို မေးကြည့်ရသည်။

သူက ဟိုးအနောက်ဘက်သို့ ညွှန်ပြသည်။ "မြစ်ကမ်းနံဘေးက တောထဲကို နှစ်မိုင်လောက်ဝင်သွားတော့မှ ကျုပ် ဒီပန်းတွေ တွေ့လာတာ" တဲ့လေ။ "ဒါပေမဲ့ အဲဒီနေရာကို မောင်ရင်တို့ ကားနဲ့သွားလို့မရဘူးကွယ့်" ဟုဆက်ပြောပြန်သည်။

အချိန်က နှောင်းနေပြီ။ ညဥ့်အမှောင်က ချဉ်းနင်းနေပြီဖြစ်၏။ သို့ဖြင့် ကျွန်တော်တို့ ဘာမျှမပါ လက်ချည်းဗလာဖြင့် အိမ်ပြန်ခဲ့ရသည်။

နောက်နေ့နံနက်ကျတော့ အိမ်အပေါ်ထပ်မှ လှမ်းကြည့်မိသော ကျွန်တော့်ဇနီးသည်က ကြောင်မြီးတူပန်းတွေ ပွေ့ပိုက်ပြန်လာသည့် ကလေးတွေ တွေ့ရသည်ဆို၏။ သူတို့ ထိုပန်းတွေ ခူးလာသည့်နေရာမှာ ကျွန်တော်တို့အိမ်နှင့် အိမ်နီးချင်း၏အိမ် အကြားမှာရှိသည့် ကွက်လပ်ကြီး၏ ဟိုဘက်ထောင့်စွန်းဆီမှ ဖြစ်သည်ဆို၏။ ကျွန်တော်တို့ နွေဦးပန်းကလေးတွေ ရှာဖွေကြည့်ဖို့ ဘယ်လိုမှ စိတ်ကူးထဲ မထည့်မိသည့်နေရာပါကလား။

ထိုအကြောင်းကို ကျွန်တော့်ဇနီးက ညနေဘက်တွင် ပြန်ပြောပြတော့ မေမေခရော်လီ၏ ဩဝါဒကို ပြန်လည်သတိရမိ၏။

"ပျော်ရွှင်မှုကို ရှာဖွေဖို့ သင် ရှေ့သို့သွားချင် သွားလို့ရ၏။ သို့ပေမဲ့ ပျော်ရွှင်မှုကိုတွေ့ဖို့ မူလနေရာသို့ ပြန်လာရမည်သာ။"

စွန့်လွှတ်ပေးအပ်ခြင်းကို ဝါသနာအလုပ်တစ်ခုအဖြစ်ခဲ့ကိုင်ဖို့ သိပ်နောက်ကျသွားပြီဆိုတာ မရှိပါ။ သိပ်အသက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လွန်းနေပြီ ဆိုတာလည်း မရှိပါ။ သည်စာအုပ်ထဲမှာ ဖော်ပြထားတာ အများစုကိုရော၊ ကျွန်တော် မတွေးမိသည့် ပေးအပ်နည်းတော်တော်များများကိုပါ သင် ကျင့်သုံးကောင်း ကျင့်သုံးပြီးဖြစ်နေလိမ့်မည်။

ပိုမိုရင်ဖိုကြည်နူးစရာကောင်းသော ဘဝဖြင့် နေထိုင်နိုင်ရေးအတွက် သင့်မှာ အသေးစားစွန့်စားမှုကလေးတွေ ရှိနေရမည်။ ကျေနပ်နှစ်သိမ့်မှုတွေ ပြည့်လျှံကြွယ်ဝနေရမည်။ ထိုသို့သော ဘဝမျိုးရလာအောင် သင့်အနေဖြင့် သင့်ကိုယ်သင် ပေးအပ်ဖို့ ပိုမိုများပြားသော အခွင့်အလမ်းများကို ရှာဖွေရမည်။ ပိုမိုများပြားသော လူတွေကို ပေးအပ်ခွင့်ရဖို့ ပိုမိုများပြားသောနည်းလမ်းများ ရှာဖွေကြံဆရပါမည်။ ယုတ်စွအဆုံး ဤကား ကျွန်တော့်အတွေ့အကြုံပင်ဖြစ်၏။

ကမ္ဘာလောကကြီး မဆိုစလောက်ကလေး ငြီးငွေ့ထိုင်းမှိုင်းစရာကောင်းလာပြီဆိုလျှင်၊ သို့မဟုတ် ကျွန်တော် စိတ်ဓာတ်ကျမှုခံစားနေရပြီဆိုလျှင် ကျွန်တော် ဘာဖြစ်နေပြီလဲဆိုတာ ချက်ချင်းသိ၏။ ချက်ချင်းအထာပေါက်သည်။ *ကျွန်တော့်ကိုယ်ကျွန်တော် ပေးအပ်ခြင်းအမှု ပြုလုပ်ဖို့ ရပ်တန့်နေပါပြီကော* ဟု။

ထိုအခါ ကျွန်တော့်ကိုယ်ကျွန်တော် ပေးအပ်ဖို့ အခွင့်အလမ်း တစ်ခုတလေကို ဓာတ်အသိစိတ်ဖြင့် ရှာဖွေတော့၏။ အခွင့်အလမ်းတစ်ခု တွေ့ဖို့ ကြာရှည်ကြာမြင့် ရှာဖွေနေရသည် ဟူ၍ မရှိပါ။ ထိုအခါ ကျွန်တော် ပြန်လည် အသက်ဝင်လှုပ်ရှားလာတော့၏။ ပျော်ရွှင်မှု စီးကြောင်းဖြင့် ပီတိဖြာရခြင်း။



ဤစာအုပ်ကို ရေးသားပြုစုရင်း ကျွန်တော် ပထမဆုံး အကြိမ်အဖြစ် ကြည်လင်ပြတ်သားစွာ သိမြင်လာသည်မှာ **ပျော်ရွှင်မှုဟူသည်** တကယ်တော့ **စီးကြောင်းတစ်ခု** ပါကလားဟူ၍။ နှိုင်းယှဉ်တင်စားပြောရလျှင် ကျွန်တော်တို့တစ်တွေသည် လျှပ်စစ်မီးလုံးတစ်လုံးနှင့် တူ၏။ တချို့က ဝပ်အားနိမ့်ပြီး တချို့က ဝပ်အားမြင့်၏။ သို့ပေမဲ့ ကျွန်တော်တို့အားလုံးပင် ကမ္ဘာလောကကြီး၏ မကုန်နိုင် မခန်းနိုင်သော ပျော်ရွှင်မှုစီးကြောင်းကြီးမှ ပျော်ရွှင်မှုများကို လွတ်လွတ်လပ်လပ် ထုတ်ယူခံစားလို့ရ၏။ ကျွန်တော်တို့အားလုံးသည် အလင်းရောင်နှင့် အနွေးဓာတ် ထုတ်လွှတ်နိုင်စွမ်းရှိသူများ ဖြစ်တော့၏။

စဉ်ဆက်မပြတ် ပျော်ရွှင်ခြင်း၏ လျှို့ဝှက်ချက်ကို ကျွန်တော်တို့ ဘယ်သူမျှ သင်ယူဆည်းပူးတတ်သိကြဟန်မတူ။ သူတို့တစ်တွေ ကြာရှည်မခံစားနိုင်ကြခြင်းလည်း ဖြစ်နိုင်၏။ မီးကျွမ်းသွားသည့် လျှပ်စစ်မီးသီးတစ်လုံးလို ကျွန်တော်တို့တစ်တွေ အားကုန်သွားတာ ဖြစ်ချင်ဖြစ်မည်။ သို့သော် ကျွန်တော်တို့အားလုံး ပျော်ရွှင်မှုအပေါင်းကို နောက်ထပ် ခံစားနိုင်စွမ်းရှိသည်ဆိုတာ ကျွန်တော် ရဲရဲဝံ့ဝံ့ ပြောနိုင်သည်။ မီးကျွမ်း လျှပ်စစ်မီးသီးလို အားကုန်သွားမှာလည်း မစိုးရိမ်ရပါ။

မိတ်ဆွေတစ်ယောက်ကတော့ ကပ်သီးကပ်သပ် မေးခွန်းတစ်ခုမေး၏။

“ဆိုပါစို့ကွာ၊ ငါတို့အားလုံး မင်းဝါသနာအလုပ်ကို ရုတ်တရက်ဝိုင်းလုပ်ပြီး ငါတို့ကိုယ်ငါတို့ ပေးအပ်မှုကို စလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြမယ်ဆိုရင် ငါတို့တွေအချင်းချင်း တိုက်မိဆောင့်မိကုန်ရင် ဘယ့်နှယ်လုပ်ကြမလဲ" တဲ့လေ။

ထိုမေးခွန်းအတိုင်းပင် ကျွန်တော့်ကိုယ်ကျွန်တော် မေးကြည့်ခဲ့၏။ အလေးအနက် ဆင်ခြင်ခဲ့ခြင်းပါ။ နောက်တော့ ခိုင်မာတိကျသော ကောက်ချက်တစ်ခု ဆွဲနိုင်ခဲ့၏။ ကျွန်တော်တို့ ကိုယ်ကျွန်တော်တို့ ရုတ်တရက် ပြန်လည်တွေ့ရှိလိုက်ရသည်မှာ ကမ္ဘာ့သမိုင်းကြောင်းတွင် ယဉ်ကျေးသိမ်မွေ့မှုအရှိဆုံး ခေတ်တစ်ခေတ်တွင် နေထိုင်နေကြရပါကလား ဟူ၍။ ၎င်းအပျော်ခေတ်ကြီးထဲတွင် ကျွန်တော်တို့ဘဝများသည် ပျော်ရွှင်ကြည်နူးဖွယ် စွန့်စားခန်းကလေးများ ပြည့်နေမည်။ ကျွန်တော်တို့ ဖြတ်သန်းရသည့် နေ့ရက်များသည် ပျော်စရာကောင်းလွန်းပြီး နေ့တာ ညတာတွေ တိုတောင်းလွန်းနေမည်။ နောက်ပြီး ကျွန်တော်တို့ ရှူရှိုက်သည့် လေထဲတွင် ခင်မင်ရင်းနှီးမှုနှင့် စိတ်စေတနာကောင်းမှုများဖြင့် ထုံမွှမ်းနေမည်။

ထိုသို့သော အပျော်ခေတ်ကြီးထဲတွင် သင်ရော ရှင်သန်နေထိုင်ခြင်း မပြုလိုဘူးလား။

ထိုသို့သော စိတ်ဓာတ်က သင့်အား စိတ်ရှည်သည်းခံနိုင်စွမ်း၊ စာနာနားလည်နိုင်စွမ်းနှင့် စိတ်ကောင်းစေတနာထားနိုင်စွမ်းများ ထုတ်လုပ်ပေးပါလိမ့်မည်။ ၎င်းအရည်အချင်းများက ကမ္ဘာလောကကြီးတွင် ငြိမ်းချမ်းရေးနှင့် ဆင်ခြင်တုံတရားကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရမည်ဆိုသော ယုံကြည်မှုကို မွေးဖွားပေးပါလိမ့်မည်။



သည်တော့ ...

ထိုအခြင်းအရာသည် သင်နှင့် ကျွန်တော်တို့ ယနေ့ပင် စတင်ပြီး လုပ်ဆောင်လို့ရသည့် အခြင်းအရာ မဟုတ်ပေဘူးလား။ ကျွန်တော်တို့ လူသားမျိုးနွယ်ပေါ်တွင် ပိတ်ဆီးဖုံးအုပ်နေသည့် စိတ်ဓာတ်ကျခြင်းနှင့် သံသယကြီးခြင်း ကမ္ဗလာကြီးကို ယနေ့ယခုပဲ ဆွဲခွာပစ်ကြပါစို့။ ထိုသို့ ကြိုးစားအားထုတ်ရင်း ကျွန်တော်တို့ကိုယ်တိုင်အတွက်လည်း ပိုမိုထူးကဲသော ပျော်ရွှင်မှုကို ယခုပင် ခံစားကြပါစို့လား။

စာချစ်သူများအား လေးစားလျက်

မြတ်ငြိမ်း

၃-၁၂-၂၀၀၇

BURMESE CLASSIC .com

www.burmeseclassic.com